www.burmeseclassic.com

တက္ကသိုလ်

# သိဟအောင်

## ဝိညာဉ်သွေးကြွေး

ကောင်းဖုံး၏ဝါးစီးကျန့်လုံ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၂၁၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၄၆၀၅၁၂

၂၀၁၂ ခုနှစ်
ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးခင်ကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်ရန်ကုန်မြို့။



## မိုးသည်းသောည

"ဂျိန်း"

မိုးခြိမ်းသံ ထွက်ပေါ်လာလေသည်။

တောလမ်းကလေးအတိုင်း ဖြတ်သန်းခရီးနှင်လာသော ကျင်းရှောင်က မိုးခြိမ်းသံကြောင့် မိုးကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်မိလေသည်။

မိုးသားတိမ်လိပ်များက အလိပ်လိုက် အလိပ်လိုက်တက်လာနေကြသည်။

အေးစိမ့်သောလေများကလည်း တဟူးဟူး တိုက်ခတ်လာသည်။

လျှစ်နွယ်လျှပ်ပန်းများ ဝင်းခနဲ ဝင်းခနဲ လင်းလက်သွားကာ မိုးမှုန်မိုးမွှားလေးများသည် တိုက်ခတ်လာသောလေအေးများနှင့်အတူ စတင်ကျဆင်းလာလေသည်။

တိမ်ညိုတိမ်မည်းများကား မိုးလုံးပြည့်နေရာယူထားလိုက်

www.burmeseclassic.com



ခြင်းကြောင့် အလင်းရောင်အားပျော့ကာ ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်လွှမ်းသွားသည်။

အခြေအနေကို ကြည့်ရသည်မှာ မကြာမီ မိုးသက်လေပြင်း ကျရောက်လာတော့မည်ဖြစ်ကြောင်း ကျင်းရှောင် အကဲခတ်မိလိုက်လေသည်။

သူနှင့်အတူ လိုက်ပါလာသည့် ထင်းစန်းကို လှမ်းပြောလိုက်လေသည်။

"ထင်းစန်းရေ..မကြာခင် မိုးသက်မုန်တိုင်းဆင်တော့မှာ သေချာနေပြီ၊ တို့တတွေ နားခိုစရာနေရာကို အချိန်မီ အရောက်သွားနိုင်မှဖြစ်တော့မယ်ကွ"

ဖျင်ကြမ်းအင်္ကျီဝတ်ကာ ဝန်စည်စလွယ်များ တင်ထားသည့် မြင်းညိုကြီးကို စီးနင်းထားသည့် ထင်းစန်းလည်း အခြေအနေကို နားလည်နေပါသည်။

"ဟုတ်ပါတယ် သခင်လေး၊ ဒါပေမယ့် ကျွန်တော်တို့က တောထဲတောင်ထဲ ရောက်နေတာဆိုတော့ နားခိုစရာနေရာ တွေ့ရဖို့ သိပ်မလွယ်ဘူး၊ 'ထိုက်ယင်မြို့'ကိုရောက်ဖို့ တစ်ညအိပ်လောက် သွားရဦးမှာ"

ထင်းစန်း၏စကားကြောင့် ကျင်းရှောင် ပင့်သက်ရှိုက်လိုက်မိလေတော့သည်။

သူတို့သည် ထိုက်ယင်မြို့သို့သွားမည့် ခရီးသည်များ ဖြစ်ပါသည်။



ထိုက်ယင်မြို့သို့သွားသော လမ်းမကြီးကို အသုံးမပြုဘဲ တောလမ်းမှ ဖြတ်သန်းလာခဲ့ကြသည်မှာ ကျင်းရှောင်က တောတောင်ရေမြေ သဘာဝ အလှအပများကို ရှုမြင်ခံစားလိုသည့် ဆန္ဒကြောင့်ဖြစ်လေသည်။

ထိုက်ယင်မြို့သို့သွားသည့် လမ်းတလျှောက်မှ တောတောင်ရေမြေ သဘာဝအလှအပများကား ဆေးရေးမမီအောင် သာယာလှပနေပေသည်။

တောလမ်းမှ ဖြတ်သန်းမလာမီ ကျင်းရှောင်က ထင်းစန်းကို မေးခဲ့လေသည်။

"ထင်းစန်း..တို့က ထိုက်ယင်မြို့ကို လမ်းမကြီးအတိုင်း မသွားဘဲ တောလမ်းက ဖြတ်သွားလို့ မရဘူးလားကွ"

ထင်းစန်းက...

"ရပါတယ် သခင်လေး၊ မုဆိုးတွေ၊ ထင်းခုတ်သမားတွေဟာ သည်တောတောင်ထဲကပဲ ဖြတ်သန်းသွားလာနေကြတာပါ။ လမ်းက နည်းနည်းကြမ်းပေမယ့် သွားလို့ရပါတယ်၊ ခရီးတောင်တွင်ပါသေးတယ်"

ကျင်းရှောင်က...

"ကောင်းတာပေါ့၊ တောတောင်ရေမြေ သဘာဝအလှအပတွေကို ကြည့်ရခဲတယ်၊ အခွင့်အရေးပေးတုန်း ငါက သည်အခွင့်အရေးကို လက်လွှတ်မခံချင်ဘူး၊ တို့နှစ်ယောက် တောလမ်းအတိုင်း သွားကြတာပေါ့"

www.burmeseclassic.com



“ဟုတ်ကဲ့ သခင်လေး”

သို့ဖြင့် ကျောင်းရောင်နှင့်ထင်းစန်းတို့သည် တောလမ်းအတိုင်း ဖြတ်သန်းလာခဲ့ကြခြင်း ဖြစ်လေသည်။

ယခုတော့...

ရာသီဥတု ရုတ်တရက် ဖောက်ပြန်ကာ မိုးသက်လေပြင်း ကျရောက်လာပြီ ဖြစ်လေသည်။

“ဂျိန်း...ဂျလိန်း”

“ဟူး...ဟူး...ဟူး”

“ဝေါ..ဝေါ..ဝေါ”

ကျောင်းရောင်နှင့်ထင်းစန်းတို့ စကားကောင်းနေစဉ်မှာပင် ရုတ်တရက် လေကြမ်းများ တိုက်ခတ်ကာ မိုးက ဝေါခနဲ ရွာချလိုက်လေသည်။

“ထင်းစန်း...မြန်မြန်လာ”

ကျောင်းရောင်က ထင်းစန်းကိုခေါ်ကာ မြင်းကို ခပ်သွက်သွက် နှင်လိုက်လေသည်။

ထင်းစန်းလည်း မြင်းကိုဝေါက်ကာ လိုက်သွားလေသည်။

နှစ်ယောက်သား မိုးခိုစရာနေရာ ရလိုရငြား ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ရင်း တောလမ်းအတိုင်း မြင်းဒုန်းစိုင်း နှင်သွားကြခြင်း ဖြစ်လေသည်။

“ခွပ်ခွပ်...ခွပ်ခွပ်”

“ခွပ်ခွပ်...ခွပ်ခွပ်”



တောလမ်းတလျှောက် မြင်းခွာသံများ ဆူညံမြည်ဟီးထွက်ပေါ်လာလေတော့သည်။

မိုးသက်လေပြင်း တိုက်ခတ်မှုသည်လည်း စတင်ဖြစ်ပေါ်လာသည်နှင့် လျော့ကျမသွားတော့ဘဲ ပို၍ပို၍ အရှိန်အဟုန်ကောင်းကာ ပြင်းထန်လာလေတော့သည်။

သစ်ပင်ချုံနွယ်များ သွက်သွက်ခါအောင် လှုပ်ယမ်းသွားလေသည်။

သစ်ကိုင်းများလည်း တဖျောင်းဖျောင်းမြည်ကာ ကျိုးကျကုန်သည်။

မြေပေါ်၌လည်း ရေအိုင်များ၊ ရွှံ့ဗွက်အိုင်များ တခဏအတွင်း ဖြစ်ပေါ်လာလေတော့သည်။

ကျောင်းရောင်နှင့်ထင်းစန်းတို့ မြင်းကို ဒုန်းစိုင်းနှင်လိုက်သော်လည်း မိုးသက်လေပြင်းကြောင့် ထင်တိုင်းခရီးမပေါက်တော့ချေ။

သည်းထန်စွာ ရွာချလိုက်သော မိုးရေစက်များက ဝန်းကျင်တစ်ခုလုံးကို မဝိုးမဝါးဖြစ်သွားစေသည်။

ကျောင်းရောင်တို့ ရှေ့ခရီးဆက်ရန်ပင် ခက်ခဲသွားလေတော့သည်။ နှစ်ယောက်သား မိုးရွှဲရွှဲစိုကာ ကြွက်စုတ်ကလေးများပမာ ဖြစ်သွားကြလေတော့သည်။

ကျောင်းရောင်လည်း စိတ်လျှော့လိုက်တော့သည်။

“သည်အချိန်မှာ ခရီးပြင်းနှင်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ တို့တတွေ တစ်နေရာရာမှာ ခဏနားကြတာ ကောင်းမယ်”

www.burmeseclassic.com

www.burmeseclassic.com



ထင်းစန်းကြားအောင် အော်ပြောလိုက်ပြီး အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်အောက်၌ မြင်းကို ရပ်တန့်လိုက်လေသည်။

ကျင်းရှောင်တို့ မိုးခိုနေသော သစ်ပင်ကြီးကား နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်ရကား သစ်ကိုင်းသစ်ခက်များ ဝေဝေဆာဆာ အုံ့အုံ့ဆိုင်းဆိုင်းရှိနေပါတော့သည်။

ထို့ကြောင့်လည်း ကျင်းရှောင်နှင့်ထင်းစန်းတို့အတွက် အနည်းငယ်တော့ သက်သာရာရသွားခဲ့ကြလေသည်။ သို့သော်...

နှစ်ယောက်စလုံး မိုးရေစိုရွှဲနေခြင်းကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းနေကြသကဲ့သို့ သူတို့စီးနင်းလာသော မြင်းနှစ်ကောင်လည်း ချမ်းနေရှာပြီဖြစ်သည်။

ထင်းစန်းက...

"သည်အရပ်ဒေသက ရာဦဥတု အပြောင်းအလဲမြန်တယ်၊ ဖောက်ပြန်တယ်၊ အခု နေသာနေပေမယ့် အခုပဲ မိုးသားတိမ်လိပ်တွေတက်လာပြီး မိုးသက်လေပြင်းကျရောက်တတ်တယ်၊ တစ်ချို့ကတော့ သည်အရပ်ဟာ ကျိန်စာသင့်နေတဲ့အရပ်လို့ ပြောကြတယ်သခင်လေး"

သူကြားဖူးနားဝရှိထားသော စကားများကို ပြောပြလေသည်။ ကျင်းရှောင်က...

"အဓိပ္ပါယ်မရှိတာကွာ၊ အယူသည်းမနေနဲ့၊ မိုးတိတ်တာနဲ့သွားကြမယ်"

ဟု ချမ်းကာချမ်း၊ စိတ်ပျက်ညည်းညူနေချိန်ဖြစ်၍ ထင်းစန်းကို ငေါက်လိုက်လေသည်။ ထင်းစန်းလည်း ဆက်မပြောဝံ့တော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။



မိုးသက်လေပြင်းက အရှိန်အဟုန်ပြင်းစွာ ကျရောက်ခဲ့ပြီး တဖြည်းဖြည်းနှင့် အရှိန်လျော့ကျသွားလေသည်။

လေငြိမ်သွားသည်။ မိုးက တဖွဲဖွဲသာ ရွာတော့သည်။

သို့တိုင် ကောင်းကင်ပေါ်၌ တိမ်ညိုတိမ်မည်းများ အုံ့ဆိုင်းနေခြင်းကြောင့် အလင်းရောင် အားပျော့ကာ ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်သန်းနေပါတော့သည်။

ထင်းစန်း ပြောသည့်အတိုင်း မိုးသက်လေပြင်း ရုတ်ခြည်းကျရောက်လာပြီး ရုတ်ခြည်း ငြိမ်သက်သွားခြင်း ဖြစ်ပါတော့သည်။

ထင်းစန်း လွှတ်ခနဲ ပြောလိုက်သည်။

"ကဲ ကြည့်ပါဦး၊ ခုပဲ လောကကြီးတစ်ခုလုံး ပျက်စီးသွားမယ် ထင်ရအောင် မိုးသက်မုန်တိုင်းကျရောက်ခဲ့ပြီး ခုပဲ ငြိမ်ကျသွားတယ်၊ ဒါကြောင့် ကျိန်စာသင့်နေတဲ့ အရပ်ဒေသလို့..."

"တိတ်စမ်း"

ကျင်းရှောင်က အော်ငေါက်လိုက်ခြင်းကြောင့် ထင်းစန်းကပျာကယာ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။ကျင်းရှောင်က

"လာ...သွားကြမယ်"

မြင်းကို မောင်းထွက်သွားရာ ထင်းစန်းလည်း အသာငြိမ်ကာ လိုက်ပါသွားရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောအိမ်

မိုးတိတ်သွားပြီ ဖြစ်သည်။

လေပြင်းများလည်း တိုက်ခတ်ခြင်း မရှိတော့ပါ။

သို့သော် ကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များ ရှိနေခြင်းကြောင့် အလင်းရောင် အားပျော့ကာ မှောင်ရီပိုးတဝါးဖြစ်နေပါတော့သည်။

ကျင်းရှောင်နှင့်ထင်းစန်းတို့သည် တောလမ်းအတိုင်း ရှေ့ဆက်ခရီးနှင်လာခဲ့ကြလေသည်။

သူတို့က ထိုက်ယင်မြို့သို့ ဦးတည်နေကြခြင်း ဖြစ်သည်။

သွားရင်းသွားရင်း လမ်းက တဖြည်းဖြည်းကျဉ်းမြောင်းလာသည်။

လမ်းဘေးဝဲယာ၌ သစ်ပင်များ၊ ချုံပုတ်များက ထူထပ်စွာ နေရာယူ လွှမ်းမိုးထားကြလေသည်။



လမ်းကကျဉ်းမြောင်းပြီး ချုံပုတ်များ၊ မြက်ပင်ရှည်ကြီးများကြောင့် ကျင်းရှောင်တို့ ခရီးမတွင်တော့ပါ။

ဝန်းကျင်တစ်ခုလုံး မိုးရေစိုစွတ်နေပြီး မြေပေါ်၌လည်း ရွှံ့နွံများ ဖြစ်ပေါ်နေသဖြင့် ကျင်းရှောင် အကြီးအကျယ် စိတ်ပျက်နေပါတော့သည်။

မည်သို့ဆိုစေ...

တောလမ်းမှသွားကြဖို့ သူက ဆုံးဖြတ်ခဲ့သည် မဟုတ်ပါလား။

ကိုယ့်အဖြစ်နှင့်ကိုယ်မို့ ဘာမှမပြောသာဘဲ ကြိတ်မှိတ် ခရီးဆက်နေရတော့သည်။

ခရီးကလည်း မတွင်သဖြင့် အချိန်အတန်ကြာသွားသည့်တိုင်အောင် တောအုပ်အပြင်ဘက်သို့ ရောက်မသွားနိုင်သေးချေ။

အလင်းရောင်က ပို၍အားပျော့သွားသည်။

အမှောင်ရိပ်များက ပို၍အားကောင်းလာသည်။

ထင်းစန်းက ပတ်ဝန်းကျင်ကို အကဲခတ်ပြီး လွတ်ခနဲ ညည်းတွားလိုက်လေသည်။

“ဟင်...မိုးတောင်ချုပ်တော့မှာပါလား”

ကျင်းရှောင် စိတ်တိုနေကြောင်း နားလည်ထားသည့်အလျောက် ထင်းစန်းက ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ကျင်းရှောင်က...

www.burmeseclassic.com

www.burmeseclassic.com



"ငါက ထိုက်ယင်မြို့ကို ရောက်အောင်သွားမှာ၊ မင်းမလိုက်ချင်ရင်နေခဲ့၊ ငါတစ်ယောက်ထဲ..."

သူ၏စကားသံ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ...

မလှမ်းမကမ်း တစ်နေရာမှ မီးရောင်များထွက်ပေါ်လာသည်ကို မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ကျင်းရှောင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"မီးရောင်ပါလား"

ထင်းစန်းလည်း မီးရောင်ကို တွေ့မြင်သွား၏။

"ဟုတ်တယ် သခင်လေး၊ မီးရောင်ရှိရင် လူရှိမှာပဲ"

တောတောင်ထဲ၌ မီးရောင်ကို တွေ့မြင်ရသည်မှာ ထူးခြားနေပါတော့သည်။

နှစ်ယောက်သား မီးရောင်ထွက်ပေါ်နေသောနေရာသို့ ငေးမောကြည့်နေမိကြလေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။

အတော်ကလေးကြာမှ နှစ်ယောက်သား သတိဝင်လာကြလေသည်။

ပတ်ဝန်းကျင်၌ အလင်းရောင်က ပျောက်ကွယ်သွားပြီး အမှောင်ထု ဖုံးလွှမ်းထားလိုက်ပြီဖြစ်သည်။

မှောင်နှင့်မည်းမည်း ဖြစ်သွားခြင်းကြောင့် ကျင်းရှောင်တို့ ရှေ့ဆက်သွားဖို့ မဖြစ်နိုင်တော့ပါ။



ထိုက်ယင်မြို့မှာ မည်မျှဝေးကွာသေးကြောင်း မတွက်ဆတတ်တော့ပါ။

မည်သည့်အချိန် ရောက်မည်ကို မခန့်မှန်းနိုင်ပါ။

မိုးရေစိုစွတ်ကာ ရွှံ့ဗွက်များ၊ သစ်ပင်ချုံနွယ်များကြားမှ ခရီးသွားနေရခြင်းကို မနှစ်မြို့တော့ပါ။

ထို့ကြောင့် ကျင်းရှောင်က ထိုက်ယင်မြို့သို့ အရောက်သွားမည်ဆိုသော ဆုံးဖြတ်ချက်ကို စွန့်ပယ်လိုက်ရတော့သည်။

ထင်းစန်း၏စကားကို သံယောင်လိုက်ကာ ပြောလိုက်၏။

"ဟုတ်တယ်၊ မီးရောင်ရှိရင် လူရှိမှာပဲ၊ တို့ ရှေ့ခရီးဆက်ဖို့လည်း မလွယ်တော့ဘူးဆိုတော့ မီးရောင်ရှိတဲ့နေရာကိုသွားပြီး တစ်ညတာ တည်းခိုခွင့်တောင်းတာ အကောင်းဆုံးဖြစ်မှာပဲ"

ထင်းစန်း ဝမ်းသာသွားလေသည်။

ညအမှောင်ထဲ တောအုပ်ထဲမှ ဖြတ်သန်းခရီးသွားရသည်မှာ အန္တရာယ်များလှသည် မဟုတ်ပါလား။

မြွေဆိုးများနှင့် သားရဲတိရစ္ဆာန်များ၏ အန္တရာယ်ကို စိုးရွံ့မိလေသည်။

ထို့ကြောင့်...

"ကောင်းတာပေါ့ သခင်လေးရာ ညအမှောင်ထဲ ခရီးဆက်နေဦးမယ်ဆိုရင် လိုရာခရီးမရောက်ဘဲ မျက်စိလည်လမ်းမှားနေမှာသေချာတယ်"

ချက်ချင်းထောက်ခံ ပြောဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ..သွားကြမယ်"

ကျင်းရှောင်က ရှေ့မှဦးဆောင်ကာ သွားလေသည်။

ထင်းစန်းလည်း ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။

သစ်ပင်ချုံနွယ်များအား ကွေ့ပတ်ရှောင်ကွင်းကာ သွားလိုက်ကြရာ ထမင်းတစ်အိုးချက်ခန့်အကြာတွင် ရှေ့၌မီးရောင်များ ထွက်ပေါ်နေသော အိမ်ကြီးတစ်လုံးကို တွေ့မြင်လိုက်ကြရလေတော့သည်။

♠ ♠ ♠

သစ်ပင်ချုံနွယ်များကြား၌ ရှေးလက်ရာများဖြင့် ဆောက်လုပ်ထားသော နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံး ရှိနေ၏။

ထိုအိမ်ကြီးမှ မီးရောင်များ ထွက်ပေါ်နေခြင်းဖြစ်သည်။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ်ရှောင်ကွင်းကာ လာခဲ့ကြသော ကျင်းရှောင်တို့မှာ မီးရောင်ထွက်ပေါ်နေသော အိမ်ကြီးကို ဘွားခနဲ တွေ့မြင်လိုက်ကြရခြင်းဖြစ်ရာ ရုတ်တရက် ထိတ်လန့်သလို ဖြစ်သွားလေသည်။

ရှေးလက်ရာများဖြင့် အလှဆင်ကာ ဆောက်လုပ်ထားသော်လည်း နှစ်ပရိစ္ဆေဒကြာဖြင့်ပြီဖြစ်ရကား အချို့နေရာများ၌ ယိုယွင်းပျက်စီးနေရကား လူပခန့်ညားမှုမရှိတော့ဘဲ ရုပ်ဆိုးအကျည်းတန်နေပြီး ရုတ်တရက်ဆိုလျှင် မကောင်းဆိုးဝါးကြီးတစ်ကောင်ကို



ဘွားခနဲ တွေ့မြင်လိုက်ရသကဲ့သို့ ထိတ်လန့်စရာကောင်းနေပါတော့သည်။

ရှေးဟောင်းအဆောက်အဦးကြီးကို ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေမိကြလေတော့သည်။

အတော်ကလေးကြာသွားပြီး မြင်းနှာမှုတ်သံ ထွက်ပေါ်လာတော့မှ သတိဝင်လာကြလေသည်။

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"တောထဲတောင်ထဲမှာ လူနေအိမ်ခြေတစ်လုံးရှိနေတာ အံ့သြစရာပဲ၊ ဘာပဲဖြစ်ဖြစ် သည်အိမ်ပိုင်ရှင်ဟာ တစ်ချိန်က ချမ်းသာကြွယ်ဝတဲ့လူတစ်ယောက် ဖြစ်ခဲ့မှာ သေချာတယ်"

ဟုလည်း မှတ်ချက်ချလိုက်လေသည်။

ထင်းစန်းက...

"အိမ်ကြီးကိုကြည့်ရတာ ကြက်သီးမွေးညှင်းထစရာကောင်းလိုက်တာ၊ ကျွန်တော်တို့ သည်အိမ်ကြီးမှာ တည်းခိုလို့ဖြစ်ပါ့မလား သခင်လေး"

စိုးရိမ်တကြီး မေးလေသည်။

ဤတွင် ကျင်းရှောင်က...

"အို..ဘာကြောက်စရာရှိသလဲ၊ သည်မှာ တစ်ညတည်းခိုခွင့်တောင်းရမှာပဲ၊ ဒါမှမဟုတ်ရင် ချုံပုတ်နဲ့မြေကြီးပေါ်မှာ တစ်ညအိပ်ရလိမ့်မယ်"

ဟုပြောပြီး အိမ်ကြီးဆီသို့ လှမ်းသွားလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းစန်း မနေရစ်ခဲ့ဝံ့သဖြင့် ကပျာကယာ လိုက်သွားရ၏။

နှစ်ယောက်သား အိမ်ကြီးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြလေသည်။

အိမ်ရှေ့၌ ကျောက်လှေကားထစ်များ ရှိနေ၏။

ထိုကျောက်လှေကားထစ်များအဆုံး၌ အလွန်ကြီးမားထူထဲသော တံခါးမကြီးရှိနေ၏။

ကျောက်လှေကားထစ်အဆုံး ဝဲယာတစ်ဘက်တစ်ချက်တွင် ရှေ့သို့တက်နေပြီဖြစ်သော ကျောက်ခြင်္သေ့ရုပ်ထု နှစ်ခုရှိနေ၏။

ကျင်းရောင်က ကျောက်လှေကားထစ်များကို ဖြတ်သန်းကာ တံခါးမကြီးရှေ့သို့ အရောက်သွားလိုက်လေသည်။

တံခါးမကြီးပေါ်၌ ကြေးညိုတက်ကာ အစိမ်းရောင်သန်းနေပြီဖြစ်သော ကြေးကွင်းကြီးတစ်ခု ရှိနေ၏။

ကျင်းရောင်က ထိုကြေးကွင်းကို အသုံးပြုကာ တံခါးခေါက်လိုက်လေသည်။

"ခေါက်ခေါက်...ခေါက်ခေါက်"

"အိမ်ရှင်တို့...အိမ်ရှင်တို့"

ကြေးကွင်းနှင့် တံခါးထုနက်ခေါ်သံများမှာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ဟု ထင်ရလေသည်။

ထင်းစန်းက ဟိုဟိုသည်သည် အကဲခတ်နေ၏။

ကျင်းရောင်၏ တံခါးခေါက်သံနှင့် မရှေးမနှောင်းတွင်...



"ဘယ်သူလဲ"

အတွင်းဘက်မှ အသံသြသြကြီး ထွက်ပေါ်လာလေသည်။

ကျင်းရောင်က...

"ကျွန်တော်တို့ ခရီးသည်တွေပါ။ တောလမ်းကဖြတ်လာရင်း၊ မျက်စိလည်လမ်းမှားပြီး သည်ကို ရောက်လာတာပါ။ ကျေးဇူးပြုပြီး တစ်ညတာ တည်းခိုခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

အလွန်ယဉ်ကျေးသိမ်မွေ့သော လေသံဖြင့် ပြောလိုက်လေသည်။ သူ၏စကားသံအဆုံး၌ ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အိမ်ထဲမှ တုန့်ပြန်စကားသံ ထွက်ပေါ်လာခြင်းမရှိချေ။

ကျင်းရောင်နှင့်ထင်းစန်းတို့ အချင်းချင်းကြည့်လိုက်ကြ၏။

ထင်းစန်းက...

"ကျွန်တော်တို့က အချိန်မတော်ကြီး ရောက်လာကြတော့ အိမ်ရှင်က လက်မခံချင်ဘူးထင်တယ်"

ဟု တီးတိုးပြောလေသည်။

ထိုအချိန်မှာပင်...

"ကျွီ"

တံခါးပတ္တာမြည်သံရှည်နှင့်အတူ ကျွန်းတံခါးကြီး ဖြည်းဖြည်းချင်း ပွင့်သွားလေသည်။

ခါးကုန်းကြီးတစ်ယောက်က ဖယောင်းတိုင်တစ်တိုင်ကိုင်ကာ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

ရုပ်ဆိုးလှသည့် ခါးကုန်းကြီးကြောင့် မကောင်းဆိုးဝါးတစ်ကောင်အား တွေ့မြင်လိုက်ရသည့်အလား ကျောင်းရှောင်နှင့်ထင်းစန်းတို့ ရင်ထိတ်ကာ နောက်ဆုတ်လိုက်ကြလေသည်။

ခါးကုန်းကြီး၏မျက်လုံးတစ်ဘက်က ဟောက်ပက်ဖြစ်နေပြီး သွားခေါကြီးများက ငေါထွက်နေ၏။

အရပ်ပုပြီး ခါးကုန်းနေသော်လည်း သူ၏လက်နှစ်ဘက်မှာ မှောက်ဝံကြီးများ၏လက်တံများအလား ရှည်လျားကာ မည်းနက်သော အမွေးအမျှင်များ ဖုံးလွှမ်းထားလေသည်။

အမှန်ပင် မကောင်းဆိုးဝါးတစ်ကောင်နှင့် တူလေသည်။

ခါးကုန်းကြီးက...

"မျက်စိလည်လမ်းမှားလာတဲ့ ဧရိုးသည်တွေကိုး၊ ကဲ ကဲ အိမ်ထဲကြွပါ"

အိမ်ထဲဝင်ရန် ဖိတ်ခေါ်လေသည်။

ကျောင်းရှောင်မှာ အိမ်ထဲဝင်ကာ တည်းခိုခြင်းမပြုလိုတော့ပါ။

သို့သော်...

တစ်ညတာ တည်းခိုရန်ခွင့်တောင်းပြီး ဖြစ်သလို အိမ်ရှင်က ကြည်ကြည်ဖြူဖြူ လက်ခံတော့မှ မနေလိုတော့ဟု ပြန်ထွက်သွားရန် မသင့်ကြောင်း နားလည်ထားသကဲ့သို့ ဤနေရာ၌ တည်းခိုခြင်းမပြုလျှင် တောထဲ၌အိပ်ရတော့မည် ဖြစ်ရကား...



"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟုပြောကာ အိမ်ထဲ လှမ်းဝင်လိုက်လေတော့သည်။

"သခင်လေး"

ထင်းစန်းက ဤနေရာ၌ တည်းခိုခြင်းမပြုဘဲ ပြန်ထွက်သွားလို၍ သတိပေးဟန့်တားရန် ဟန်ပြင်လိုက်သည်ကို ကျောင်းရှောင်က မကြားချင်ဟန်ဆောင်ကာ အိမ်ထဲဝင်သွားသဖြင့် ဘာမှမတတ်သာတော့ဘဲ လိုက်သွားရလေတော့သည်။

သူတစ်ယောက်ထဲလည်း ပြန်ထွက်မသွားဝံ့ပါ။

ကျောင်းရှောင်ကိုလည်း စိတ်မချသဖြင့် လိုက်သွားရခြင်း ဖြစ်လေတော့သည်။

နှစ်ယောက်သား အိမ်ထဲဝင်ပြီးသည်နှင့် ခါးကုန်းကြီးက တံခါးပြန်ပိတ်လိုက်လေသည်။

"ဂျိန်း"

တံခါးပိတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထင်းစန်း လန့်ဖျန့်သွားသည်။

ခါးကုန်းကြီး၏ ဖယောင်းတိုင်မီးရောင်ဖြင့် ရှေးဟောင်းလက်ရာ ပရိဘောဂများဖြင့် တန်ဆာဆင်ထားသော ဧည့်ခန်းဆောင်ကြီးကို တွေ့လိုက်ရလေသည်။

ယခင်က ခန်းနားထည်ဝါ ခဲ့မည်ဖြစ်သော်လည်း ယခုတော့ ထိတ်လန့်စရာကောင်းအောင် ပြင်ဆင်ထားသည်နှင့် တူနေ၏။

ခါးကုန်းကြီးက ကျောင်းရှောင်နှင့်ထင်းစန်းတို့အား နေရာထိုင်

www.burmeseclassic.com

www.burmeseclassic.com



ခင်းပြင်ဆင်ပေးပြီးလျှင်…

"ကျုပ်က အိပ်ခန်းတစ်ခန်း သွားပြင်လိုက်ဦးမယ်"

ဟုပြောကာ ထွက်သွားရာ ညေ့ခန်းထဲ၌ ကျင်းရှောင်နှင့် ထင်းစန်းတို့နှစ်ယောက်ထဲသာ ကျန်ရစ်ခဲ့ကြလေတော့သည်။

ထိုအခါ ထင်းစန်းက…

"သခင်လေး..သည်အိမ်ကြီးက ထိတ်လန့်စရာကောင်းလိုက်တာ၊ ပြင်ဆင်ထားပုံကိုလည်း ကြည့်ပါဦး။ ကျားရုပ်၊ ခြင်္သေ့ရုပ်၊ ဘီလူးရုပ်တွေနဲ့ နံရံပေါ်က ပန်းချီကားတွေကိုလည်း ကြည့်ပါလား"

ဟု တီးတိုးပြောလေသည်။

ကျင်းရှောင်က ခေါက်လိုက်သည်။

"ထင်းစန်း..ပါးစပ်ပိတ်ထားလိုက်စမ်း။ တို့က ဧည့်သည်ပဲ တို့ကိုလက်ခံတာပဲ ကျေးဇူးတင်ရမယ်၊ အိမ်ရှင်ကို ဝေဖန်တာ မကောင်းဘူး"

ထင်းစန်း အားမလိုအားမရ ဖြစ်သွားသော်လည်း ဘာမှ ဆက်မပြောဝံ့တော့ချေ။

ထိုအချိန်မှာပင် ခါးကုန်းကြီးက လင်ဗန်းတစ်ချပ်ကိုင်ကာ ပြန်လည်ရောက်ရှိလာလေသည်။

"ဧည့်သည်လေးတွေ သုံးဆောင်လိုက်ပါဦး"

လင်ဗန်းထဲ၌ ရေနွေးကြမ်း၊ မုန့်ပဲသွားရည်စာများနှင့် သစ်သီးဝလံများ ပါလာလေသည်။

ကျင်းရှောင်ကော ထင်းစန်းပါ ဗိုက်ဆာနေကြပြီဖြစ်သည်။



ရုပ်ဆိုးသော်လည်း သဘောကောင်းပုံရသော ခါးကုန်းကြီးက စေတနာထားပြီး ကျွေးမွေးဧည့်ခံလာခြင်းကြောင့် မငြင်းသာတော့ဘဲ…

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကျေးဇူးတင်စကားပြောပြီး စားသောက်လိုက်ကြလေသည်။

သူတို့ စားသောက်ပြီးသည်နှင့်…

"မိတ်ဆွေလေးတို့ အနားယူဖို့ ကျုပ်နဲ့လိုက်ခဲ့ကြပါ"

ခါးကုန်းကြီးက လမ်းပြခေါ်ဆောင်သွားကာ အသင့်ပြင်ထားသော အိပ်ခန်းတစ်ခန်းသို့ ပို့ဆောင်ပေးလေသည်။

ကျင်းရှောင်နှင့်ထင်းစန်းတို့ တစ်ညတာ နွေးနွေးထွေးထွေး အိပ်စက်အနားယူရန်နေရာ ရရှိလိုက်သဖြင့် အဆင်ပြေသွားသည်ဟု ဆိုနိုင်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အမှားအယွင်း

"အောက်...အီး..အီး..အွတ်"

တောကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်။

အရှေ့ဘက်၌ အရုဦး၏ရောင်နီများ ထွက်ပေါ်လာပြီဖြစ်သည်။

အမှောင်ထု ပါးလျှာသွားကာ အလင်းရောင်က နေရာယူလာလေသည်။

တစ်ညတာ ကုန်ဆုံးသွားပြီး နေ့သစ်တစ်နေ့ အစပျိုးလာပြီဖြစ်လေသည်။

"ဝါး"

ကျင်းရှောင်က ဝါးခနဲ သမ်းဝေလိုက်သည်။

တစ်ချက်လူးလွန့်ကာ မျက်လုံးဖွင့်လိုက်သည်။

အလင်းရောင်သန်းနေသော မိုးကောင်ကင်ကြီးကို တွေ့လိုက်ရလေသည်။



ငှက်ကလေးများ ပျံသန်းသွားနေသည်။

တီတီတာတာဖြင့် နံနက်ခင်း တေးသီကျေးသံများက နားထဲသို့ တိုးဝင်လာသကဲ့သို့ တိုက်ခတ်လာသော လေပြည်လေညှင်းနှင့်အတူ လွင့်ပျံ့လာသော မွှေးကြိုင်သင်းပျံ့သည့် ပန်းရနံ့များကိုလည်း ရှူရှိုက်လိုက်ရ၏။

နံနက်ခင်း၏ သဘာဝအလှအပများကား ဆေးရေးမမီအောင် သာယာလှပနေပါတော့သည်။

ကျင်းရှောင်က...

"မိုးတောင်လင်းနေပြီ"

ဟုရေရွတ်ကာ လူးလိမ့်ထလိုက်လေသည်။ ဤတွင်...

"ဖုတ်"

ကျင်းရှောင် လိမ့်ကျသွားသဖြင့် တစ်ကိုယ်လုံး နာကျင်သွားပြီး ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

မတ်တတ် ရပ်လိုက်မိသည်နှင့်...

"ဟာ"

ကျင်းရှောင် အထိတ်တလန့် ရေရွတ်မိတော့သည်။

အကြောင်းကား...

သူအိပ်စက်နေခဲ့သည်မှာ ခုတင်မဟုတ်ဘဲ အုတ်ဂူတစ်လုံးပေါ်၌ ဖြစ်နေသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင်။

ပတ်ဝန်းကျင်တွင် အုတ်ဂူများ၊ မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းဟောင်းတစ်ခု ဖြစ်လေသည်။

မလှမ်းမကမ်းရှိ အုတ်ဂူတစ်လုံးပေါ်၌ တခေါခေါဟောက်ကာ အိပ်ပျော်နေသည့် ထင်းစန်းကိုလည်း တွေ့လိုက်ရလေသည်။

ကျင်းရှောင် ကပျာကယာ ပြေးသွားပြီး လှုပ်နှိုးလိုက်လေသည်။

"ထင်းစန်း..ထင်းစန်း၊ ထစမ်း"

"အင်း...အင်း"

ထင်းစန်းက တအင်းအင်းဖြစ်နေပြီး ကျင်းရှောင်က ခပ်ကြမ်းကြမ်း ကိုင်လှုပ်လိုက်တော့မှ မျက်လုံးပွင့်လာလေသည်။

"ထစမ်း"

"ဟင်..သခင်လေး"

ထင်းစန်း ကပျာကယာ လူးလိမ့်ထလိုက်ရာ အုတ်ဂူပေါ်မှ ပြုတ်ကျသွားလေတော့သည်။

"ဖုတ်"

ထင်းစန်း အကျနာသွားသဖြင့် မျက်နှာကြီးရှုံ့မဲ့သွား၏။

ကပျာကယာ ထရပ်ရင်း အုတ်ဂူများ၊ မြေပုံမှတ်တိုင်များ ပြန့်ကျဲနေသည်ကို မြင်လျှင် ဝါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

"ဒါ...ဒါ"

ကျင်းရှောင်က...

"ဟုတ်တယ်၊ ငါတို့ သချိုင်းကုန်းမှာ ရောက်နေတာ"



"ဗျာ"

ထင်းစန်းက...

"ကျွန်တော်တို့ ညက ခါးကုန်းကြီးရဲ့ ရေးဟောင်းအိမ်ကြီးမှာ အိပ်စက်ခဲ့ကြတာ မဟုတ်လား"

"အေးလေ မိုးလင်းတော့ သချိုင်းကုန်းထဲ ရောက်နေတာ မတွေ့ဘူးလား"

"ဒါဆို ကျွန်တော်တို့ သရဲခြောက်ခံရတာပေါ့"

ကျင်းရှောင် ဘာမှမပြောဘဲ နေလိုက်လေသည်။

ထင်းစန်းက ဟိုဟိုသည်သည် အကဲခတ်ရင်း မလှမ်းမကမ်းရှိ မြေပြင်ပေါ်၌ မြေကရားအိုး ကိုင်းကျိုးတစ်ခု၊ နှုတ်ခမ်းပဲ့နေသော အကြမ်းပန်းကန်နှစ်လုံးနှင့် သစ်သီးဝလံတို့၏အစေ့များ၊ အခွံများ ရှိနေသည်ကို တွေ့ရလေသည်။

ထင်းစန်းက...

"သေချာပါပြီ၊ ကျွန်တော်တို့ ကျပ်ကုန်းကို ရောက်ခဲ့ကြတာ၊ သူတို့က လူယောင်ဖန်ဆင်းပြီး ကျွန်တော်တို့ကို ဧည့်ခံခဲ့တာ၊ ကံကောင်းလို့ ဒုက္ခမရောက်တယ်"

ဟု ညည်းတွားနေတော့သည်။

ကျင်းရှောင် ဘာမှမပြောဘဲ ညကတွေ့ခဲ့ရသော ရေးဟောင်းအိမ်ကြီးကို ရှာဖွေကြည့်သော်လည်း အရိပ်အရောင်ပင် မတွေ့ရပါ။

သချိုင်းကုန်းပတ်လည်၌ သစ်ကြီးဝါးကြီးများ၊ ချုံပုတ်များ

www.burmeseclassic.com

www.burmeseclassic.com



က လွှမ်းခြုံနေရာယူထားလေသည်။

ကျင်းရှောင် အကဲခတ်နေစဉ်မှာပင်...

"ဟီး...ဟီး...ဟီး"

မလှမ်းမကမ်းတစ်နေရာမှ မြင်းဟီသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းရှောင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"လာခဲ့"

ထင်းစန်းကိုခေါ်ကာ မြင်းဟီသံ ထွက်ပေါ်လာရာဆီသို့ ပြေးလွှားသွားလိုက်လေသည်။

"သခင်လေး...ကျွန်တော့်ကို စောင့်ပါဦး"

ထင်းစန်းက ပြေးလိုက်သွား၏။

သစ်ပင်များကြားသို့ ရောက်သွားလျှင် သူတို့စီးနင်းလာခဲ့သော မြင်းနှစ်ကောင်ကို တွေ့ရလေသည်။

ကျင်းရှောင်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ...

"သွားစို့"

သူ၏မြင်းပေါ်သို့ ခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေသည်။ ထင်းစန်းလည်း သူ၏မြင်းပေါ်ခုန်တက်ကာ ကျင်းရှောင်နောက်သို့ ထပ်ကြပ်မကွာ လိုက်သွားလေတော့သည်။

သချိုင်းကုန်းမှာ အနောက်ဘက်၌ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠



## ရှေးဟောင်းပုံပြင်

ထိုက်ယင်မြို့...။

ထိုက်ယင်မြို့မှာ စည်ကားသိုက်မြိုက်လှသည့် မြို့တော်ကြီးတစ်မြို့ ဖြစ်လေသည်။

ထိုက်ယင်မြို့၌ စားသောက်ကုန်၊ အထည်အလိပ်နှင့် အနုပညာလက်ရာပစ္စည်းများဖြင့် နာမည်ကြီးလေသည်။

ထို့အပြင်...

စာဆိုတော်ကြီးဝမ်းလွေခုံးသည် ထိုက်ယင်မြို့၏ကျက်သရေဆောင်ပုဂ္ဂိုလ်ထူးကြီး တစ်ဦးဖြစ်လေသည်။

ဝမ်းလွေခုံးသည် စာပေကျွမ်းဂန် နှံ့စပ်ကျွမ်းကျင်လှသဖြင့် ဘုရင်မင်းမြတ်ကပင် နန်းတွင်းသို့ဖိတ်ခေါ်ကာ တာဝန်ထမ်းဆောင်စေခဲ့သည်။

ဝမ်းလွေခုံးသည် ကဗျာ၊လင်္ကာ၊ ရှေးဟောင်းစာပေနှင့် အ

www.burmeseclassic.com

www.burmeseclassic.com



ထွေထွေဇဟုသုတ ကုံလုံကြွယ်ဝလှသူဖြစ်၍ နန်းတွင်း၌ တာဝန်ထမ်းဆောင်သည့်အခါ အထူးပင် ထင်ရှားကျော်ကြားခဲ့လေသည်။

နှစ်ပေါင်းသုံးဆယ်ကျော် နန်းတွင်း၌ တာဝန်ထမ်းဆောင်ပြီးလျှင် အသက်အရွယ်ကြီးရင့်လာခြင်းကြောင့် ဘုရင်မင်းမြတ်ထံ ခွင့်ပန်ကာ စာတိရပ်ရွာ ထိုက်ယင်မြို့သို့ ပြန်လာခဲ့လေသည်။

ကျင်းရှောင်၏ဖခင်မှာ သိုင်းဆရာကြီးတစ်ဦးဖြစ်ပြီး စာဆိုတော်ကြီးဝမ်းလွေခုံးနှင့် ခင်မင်ရင်းနှီးသူဖြစ်သည်။

သားဖြစ်သူ ကျင်းရှောင်အား သူ၏ခြေရာကိုနင်းကာ နောင်တစ်နေ့၌ ထင်ရှားသော သိုင်းသမားတစ်ယောက် ဖြစ်စေလိုသည်။

သို့သော်...

ကျင်းရှောင်သည် ဖခင်ကြီး'ကျင်းထိုက်'ကဲ့သို့ သိုင်းပညာကို ဝါသနာမပါဘဲ စာပေပညာကို အလွန်ဝါသနာပါသူ ဖြစ်လေသည်။

ထို့ကြောင့်...

ကျင်းထိုက်က သိုင်းပညာသင်ယူမည်ဟု ကတိပေးမှ စာပေပညာသင်ကြားခွင့်ပေးမည်ဟု အကြပ်ကိုင်ခဲ့သည်။

ကျင်းရှောင် မတတ်သာဘဲ လက်ခံခဲ့ရသည်။

ကျင်းထိုက်က သူကိုယ်တိုင်လည်းကောင်း၊ သူ၏မိတ်ဆွေများကို အကူအညီတောင်း၍လည်းကောင်း ကျင်းရှောင်ကို သိုင်းပညာသင်ပေးခဲ့သည်။

တစ်နှစ်တွင် သိုင်းပညာကို ကိုးလသင်ယူစေပြီး ကျန်သုံးလကို စာပေပညာ သင်ကြားခွင့်ပြုလေသည်။



ကျင်းရှောင်က သူ့အတွက်ရသော သုံးလအချိန်တွင် စာဆိုတော်ကြီးဝမ်းလွေခုံးထံ လာရောက်ကာ စာပေပညာသင်ယူခဲ့လေသည်။

ယခုလည်း ကျင်းရှောင်သည် ထိုက်ယင်မြို့ရှိ စာဆိုတော်ကြီးဝမ်းလွေခုံးထံ စာပေပညာသင်ယူရန် ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။

တောလမ်းခရီးမှ ဖြတ်လာရင်း ထူးဆန်းသောဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြီး နောက်တစ်နေ့မနက်တွင် ခရီးဆက်လာခဲ့ရာ နေမွန်းတည့်အချိန်၌ ထိုက်ယင်မြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



စာဆိုတော်ကြီးဝမ်းလေ့ခုံးမှာ သဘောမနောကောင်းပြီး သူတပါးကို အကူအညီပေးလိုစိတ် ရှိသူဖြစ်လေသည်။

စာပေပညာ ဝါသနာကြီးလွန်းသော ကျင်းရှောင်ကိုလည်း အလွန်သဘောကျလေသည်။

နှစ်စဉ်နှစ်တိုင်း အချိန်ရသည့် သုံးလတာကာလတွင် သူ့ထံလာရောက်ကာ စာပေပညာ သင်ယူလေ့ရှိသော ကျင်းရှောင်အား အထူးဂရုစိုက်ကာ သင်ကြားပေးခဲ့လေသည်။

သိုင်းပညာ သင်ကြားရသည့် ကိုးလအချိန်တွင် ကျင်းရှောင် မပျော်ရွှင်နိုင်ခဲ့သော်လည်း စာပေပညာ သင်ယူရသည့်သုံးလအချိန်၌ ပျော်ရွှင်မဆုံး ဖြစ်ရလေတော့သည်။

သို့သော်...

ယခုနှစ်၌မူ ကျင်းရှောင်က စာပေပညာသင်ယူဖို့ လာခဲ့ရာ လမ်းခရီး၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကြောင့် စိတ်ထဲ မကြည်မလင်ဖြစ်နေရတော့သည်။

စာဆိုတော်ကြီးဝမ်းလေ့ခုံးသည် ဝေယျာဝစ္စဆောင်ရွက်ပေးသည့် တပည့်တစ်ယောက်နှင့်အတူ မြို့အရှေ့ပိုင်းရှိ ခြံဝင်းကြီးတစ်ခု၌ အေးချမ်းစွာ နေထိုင်လျှက်ရှိလေသည်။

ကျင်းရှောင် ရောက်လာသောအခါ ဝမ်းသာအားရ ဆီးကြိုလိုက်လေသည်။

"နွေဦးရာသီရောက်ရင် မင်းရောက်လာတော့မယ်ဆိုပြီး ငါမျှော်နေခဲ့တာ၊ သည်တစ်ကြိမ် ခါတိုင်းထက်သုံးရက်လောက်



နောက်ကျတယ်နော်"

သူက ကျင်းရှောင်၏ စာပေပညာ ဝါသနာပါပုံမှာ သူ ငယ်စဉ်ကနှင့်တူသည်ဟု အလွန်နှစ်သက်သဘောကျ၍နေသည်။

ကျင်းရှောင်၏ ကြိုးစားအားထုတ်မှုနှင့် ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးကိုလည်း ချီးကျူးမဆုံးဖြစ်ခဲ့ပြီး ပညာကုန် သင်ကြားပေးဖို့ ဆုံးဖြတ်ထားလေသည်။

ကျင်းရှောင်က ဝမ်းလေ့ခုံးကို ဦးညွှတ်လိုက်သည်။

"ကျွန်တော် နောက်ကျသွားတာကို တောင်းပန်ပါတယ် ဆရာကြီး"

ဝမ်းလေ့ခုံးသည် အတွေ့အကြုံ ရင့်ကျက်သော စာပေပညာရှင်ကြီးပီပီ ကျင်းရှောင် စိတ်မကြည်မလင်ဖြစ်နေသည်ကိုလည်းကောင်း၊ ထူးခြားသော အကြောင်းကိစ္စတစ်ခုခုနှင့်တွေ့ကြုံရင်ဆိုင်နေရသည်ဟူ၍လည်းကောင်း အကဲခတ်မိလေသည်။

ထို့ကြောင့်...

"ကျင်းရှောင်..မင်းက သည်ကိုလာရင်း ဘာတွေများကြုံတွေ့ခဲ့ရလို့လဲ၊ ပြောပါဦး"

ဟု မေးလိုက်လေသည်။

ကျင်းရှောင် အံ့သြသွားလေသည်။

"ဟင်..ဆရာကြီးက ကျွန်တော် တစ်ခုခုဖြစ်လာခဲ့တယ်ဆိုတာကို ရိပ်မိနေတာ အံ့သြစရာပါပဲ"

ဝမ်းလေ့ခုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းရှောင်ရဲ့မင်းဟာ ကျူပ်ဆီကိုလာရတော့မယ်ဆိုပြီး ပျော်ရွှင်နေမယ်၊ လမ်းခရီးမှာ သဘာဝအလှအပတွေကို ကြည့်မယ်၊ တေးကဗျာတွေ ရေးစပ်မယ်၊ ပြီးတော့ လမ်းရိုးလမ်းစဉ်အတိုင်း မလာဘဲ တောလမ်းကဖြတ်သွားချင်စိတ် ပေါ်လာလိမ့်မယ်"

ကျင်းရှောင် ပို၍အံ့ဩသွားသည်။

"ဟင် ဆရာ ဘယ်လိုလုပ်သိသလဲ"

ဝမ်းလျှောက်ခုံးက...

"တောတောင်ထဲက ဖြတ်လာရင်း အင်မတန်ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုနဲ့ကြုံတွေ့ခဲ့ရလိမ့်မယ်၊ မနေ့ညက အချိန်အခါမဟုတ်ဘဲ မိုးသက်လေပြင်းကျရောက်ခဲ့သေးတယ်၊ သည်တော့ မင်းဟာ တောထဲတောင်ထဲမှာ အခက်ကြုံရမှာ သေချာတယ်"

ကျင်းရှောင် ထခုန်မိမတတ် ထိတ်လန့်အံ့ဩသွားတော့သည်။

"ဆရာက ကျွန်တော် ဘယ်လိုတွေ့ကြုံခဲ့ရတယ်ဆိုတာကို နံဘေးကကြည့်နေသလိုပါပဲလား၊ အံ့ဩစရာကောင်းလိုက်တာ ဆရာရယ်"

ဝမ်းလျှောက်ခုံး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျင်းရှောင်...တောလမ်းကဖြတ်လာရင်း မင်းက ရှေးဟောင်းအိမ်ကြီးတစ်လုံးကို ရောက်သွားခဲ့တယ် မဟုတ်လား"

ကျင်းရှောင်က...

"ဟုတ်ပါတယ် ဆရာ"



ထို့နောက် သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေတော့သည်။

♠ ♠ ♠

ဝမ်းလျှောက်ခုံး၏မျက်နှာ တည်ကြည်လေးနက်နေ၏။

ကျင်းရှောင်ပြောသည့် စကားဆုံးသွားတော့မှ သက်ပြင်းချလိုက်လေသည်။

"ကျင်းရှောင်..မင်းကြုံတွေ့ခဲ့ရသလို အဖြစ်မျိုးနဲ့ကြုံတွေ့ခဲ့ရသူတွေ ရှိနေတယ်ဆိုရင် မင်းစိတ်ဝင်စားမယ် ထင်တယ်"

ဟု ပြောလာလေသည်။

ကျင်းရှောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျွန်တော့်လို အဖြစ်အပျက်မျိုးနဲ့ ကြုံတွေ့ရသူတွေ ရှိနေတယ်ဆိုရင် သူတို့ကို တွေ့ချင်ပါတယ်ခင်ဗျာ၊ ဆရာခွင့်ပြုမယ်ဆိုရင် သူတို့နဲ့ သွားတွေ့ချင်ပါတယ်ခင်ဗျာ"

ဝမ်းလျှောက်ခုံးက...

"မင်းက ခရီးပမ်းလာတယ် မဟုတ်လား၊ တစ်ရက်နှစ်ရက်လောက်အေးအေးဆေးဆေး အနားယူလိုက်ပါဦး၊ နောက်တော့ ငါစီစဉ်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ"

ကျင်းရှောင်လည်း သဘောတူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ခရီးပမ်းနေသကဲ့သို့ လူပင်ပန်း စိတ်ပင်ပန်းဖြစ်နေသည် မဟုတ်ပါလား။

ဝမ်းလွှေခုံးက သူ၏အိမ်ဖော်လုလင်အား ကျင်းရှောင်တို့အတွက် အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးရန် မှာကြားလိုက်လေသည်။

တစ်နှစ်လျှင် သုံးလခန့် ကျင်းရှောင်က ဝမ်းလွှေခုံးထံ၌ လာရောက်နေထိုင်ကာ စာပေပညာ သင်ကြားခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်ရှိခဲ့ပြီ ဖြစ်လေသည်။

အိမ်ဖော်လုလင်ကူးအန်းနှင့်လည်း ရင်းရင်းနှီးနှီး ရှိနေပြီဖြစ်သည်။

ကူးအန်းက....

"အစ်ကိုလေးတို့ပစ္စည်းတွေ ပေးပါ"

ကျင်းရှောင်တို့ သယ်ဆောင်လာသော အထုပ်အပိုးများကို ယူကာ ကျင်းရှောင်နှင့်ထင်းစန်းတို့ နေထိုင်ရန် အသင့်ပြင်ဆင်ထားသော အခန်းသို့ သယ်ဆောင်သွားလေသည်။

ဝမ်းလွှေခုံးက...

"တို့တတွေ ညနေပိုင်းရောက်မှ တွေ့ကြတာပေါ့"

ဟုပြောကာ ကျင်းရှောင်အား အနားယူခွင့် ပြုလိုက်လေသည်။

"ဟုတ်ကဲ့ ဆရာ"

ကျင်းရှောင်က ဝမ်းလွှေခုံးကို ဦးညွှတ်ကာ ကူးအန်းနောက်



သို့ လိုက်သွားလေတော့သည်။

♠ ♠ ♠

ကူးအန်းသည် ကျင်းရှောင် ရောက်လာလျှင် တည်းခိုနေထိုင်နေကျအခန်း၌ပင် နေရာချပေးလေသည်။

ကျင်းရှောင်တို့ ရောက်လာမည်ကို သိထားခြင်းကြောင့် အစစအရာရာ လိုလေသေးမရှိအောင် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်လေသည်။

ကျင်းရှောင်က...

"ငါ့ညီက ခုလိုကြိုတင် ပြင်ဆင်ပေးထားတာကို ကျေးဇူးပါပဲ"

ကျေးဇူးတင်စကားပြောကာ အသင့်ယူလာသော အဝတ်အစားအချို့ လက်ဆောင်ပေးလိုက်လေသည်။

ကူးအန်း ဝမ်းသာသွားသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုလေးရယ်"

ကျင်းရှောင်က ဆရာကြီးဝမ်းလွှေခုံးအတွက်လည်း လက်ဆောင်ပစ္စည်းများ ယူလာခဲ့လေသည်။

ထိုပစ္စည်းများကိုလည်း ကူးအန်းလက်ထဲသို့ပင် အပ်လိုက်လေသည်။

ကူးအန်းက လိုလေသေးမရှိ တာဝန်ကျေအောင် ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရှက်ပေးပြီးလျှင်…

"အစ်ကိုလေး…ကျွန်တော် သွားလိုက်ဦးမယ်၊ နံနက်စာသုံးဆောင်မယ်ဆိုရင် ကျွန်တော့်ကို အသံပြုလိုက်ပါ"

ဟုပြောကာ နှုတ်ဆက်လိုက်လေသည်။

ကျောင်းရှောင်က…

"ကောင်းပြီလေ၊ လမ်းမှာ ပင်ပန်းခဲ့လို့ ခုတော့ အနားယူလိုက်ဦးမယ်၊ နေမွန်းတည့်ကာနီးမှပဲ မနက်စာစားတော့မယ်"

"ဟုတ်ကဲ့ ကျွန်တော် အားလုံး အသင့်ပြင်ပြီး လာခေါ်ပါ့မယ်"

ကူးအန်း ထွက်သွားလေသည်။

ကျောင်းရှောင်မှာ တစ်ကိုယ်လုံး နုံးချည့်ကာ ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်လေသည်။

ထို့ကြောင့်…

"ငါ အနားယူလိုက်ဦးမယ်၊ မင်းလည်း တရေးတမော လောက် အိပ်လိုက်ဦးပေါ့"

ဟု ထင်းစန်းကို ပြောကာ သူ့အတွက် ပြင်ဆင်ထားသော ခုတင်ပေါ်သို့ လှဲချလိုက်လေသည်။

ထင်းစန်းက…

"ကျွန်တော်လည်း ညကမိုးမိခဲ့လို့ ဖျားချင်သလိုဖြစ်နေတာ သခင်လေး ဆူပူကြိမ်းမောင်းမှာကို ကြောက်လို့ ငြိမ်နေရတာ၊ သခင်လေး ခွင့်ပြုတယ်ဆိုရင် တရေးတမောလောက် အိပ်လိုက်ဦးမယ်"



ပြောပြောဆိုဆို ခုတင်ပေါ် လှဲချလိုက်လေသည်။

နှစ်ယောက်သား စားသောက်ရန်ထက် လှဲလျောင်းကာ အနားယူလိုစိတ်က ပြင်းပြနေသည်။

ဘာဆိုဘာမှ မစဉ်းစားတော့ဘဲ တရေးတမော အိပ်စက် အနားယူရန် ဆုံးဖြတ်လိုက်ကြလေသည်။

ထိုစဉ်…

"ဒေါက်…ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသဖြင့်…

"လာပြီ…လာပြီ"

ထင်းစန်း တံခါးသွားဖွင့်ပေးလိုက်ရာ ကူးအန်းပြန်ရောက်လာသည်ကို တွေ့ရလေသည်။

ကူးအန်း ဦးညွှတ်လိုက်သည်။

"ကျွန်တော် နှောက်ယှက်သလိုဖြစ်သွားတာ ခွင့်လွှတ်ပါ၊ အစ်ကိုလေးတို့ကို ဆရာကြီးက ခေါ်ခိုင်းလိုက်လို့ပါ"

ဟု ပြောလာလေသည်။

ကျောင်းရှောင်မှာ ဆရာကြီးဝမ်းလွေ့ခုံးက ခေါ်ခိုင်းလိုက်သဖြင့် ကပျာကယာ လူးလိမ့်ထကာ…

"ကျူပ် အခုပဲ လာခဲ့ပါ့မယ်"

ဟု ပြောလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်နှင့်ထင်းစန်းတို့ ဧည့်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာကြပြီ ဖြစ်သည်။

ဆရာကြီးဝမ်းလွေခုံးက ဧည့်ခန်းထဲ၌ရှိနေဆဲ။

သူတစ်ယောက်တည်းတော့ မဟုတ်ပါ။

အခြားဧည့်သည်တစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ကျင်းရှောင် ရောက်လာလျှင် ဝမ်းလွေခုံးက…

"ကျင်းရှောင်..လာ..လာ၊ သည်မှာ လူတစ်ယောက်က မင်းကို တွေ့ချင်လို့ကွ"

ကျင်းရှောင် အံ့သြသွားလေသည်။

ထိုက်ယင်မြို့၌ ဆရာကြီးဝမ်းလွေခုံးမှလွဲပြီး အသိအကျွမ်း မရှိပါချေ။

သူ့အား တွေ့လိုသူတစ်ယောက် ရှိနေခြင်းမှာ အကြောင်းတစ်ခုခုရှိရမည်ဟု တွေးမိလိုက်လေသည်။

ကျင်းရှောင်က ဧည့်သည်ကို အကဲခတ်ကြည့်လိုက်၏။

ဧည့်သည်မှာ ခန္ဓာကိုယ်ထွားကျိုင်းသန်မာပြီး ရုပ်ရည်ကြမ်းကြမ်းတမ်းတမ်း ရှိသူဖြစ်လေသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကလည်း ထိုလူအား ပို၍ ရုပ်ဆိုးအကျည်းတန်သွားစေတော့သည်။

ဝမ်းလွေခုံးက…

"သူကတော့ သည်နယ်တစ်ဝိုက်က မုဆိုးကျော်ကြီးထူးချိန်



ပါပဲ၊ သူက သည်မနက် တောထဲမှာ သားကောင်ဖမ်းဖို့သွားရင်း ယန်မျိုးနွယ်သင်္ချိုင်းပျက်ထဲမှာ လူ့အသုံးအဆောင်ပစ္စည်းတွေ တွေ့ရလို့ယူပြီး ကျုပ်ဆီကိုလာခဲ့တာ"

မုဆိုးထူးချိန်က…

"သင်္ချိုင်းထဲမှာ အသုံးအဆောင်ပစ္စည်းတစ်ချို့နဲ့ အထုပ်တစ်ထုပ်ကိုတွေ့ရလို့ တစ်ယောက်ယောက် ရောက်ခဲ့ပြီဆိုတာ ကျုပ်နားလည်ခဲ့တယ်၊ အထုပ်ကိုဖွင့်ကြည့်တော့ ပေစာရွက်တွေနဲ့ ကညစ်တံတွေကို တွေ့ရလို့ စာပေပညာနဲ့ သက်ဆိုင်တဲ့လူတစ်ယောက်ရဲ့ ပစ္စည်းဖြစ်ရမယ်လို့ တွေးမိတာနဲ့ ဆရာကြီးဆီကို လာခဲ့တာပါ"

ဝမ်းလွေခုံးသည် စာပေပညာနှင့် ပတ်သက်ပြီး အထူးထင်ရှားသူဖြစ်ရကား မုဆိုးထူးချိန်က ဆက်စပ်တွေးတောပြီး လာခဲ့ခြင်း ဖြစ်လေသည်။

"မြို့ထဲရောက်တော့ ဆရာကြီးရဲ့အိမ်မှာ ဧည့်သည်တွေ ရောက်နေတယ် သတင်းကြားတာနဲ့ လာခဲ့တာ၊ ကျုပ်ထင်တဲ့အတိုင်း မိတ်ဆွေလေးတို့ကို တွေ့ရတာပါ"

ကျင်းရှောင်သည် စားပွဲပေါ်တင်ထားသည့် အထုပ်ကိုကြည့်ပြီး သူ၏အထုပ်ဖြစ်ကြောင်း ချက်ချင်း မှတ်မိလိုက်လေသည်။

နှစ်ယောက်သား သင်္ချိုင်းမြေထဲ ရောက်နေခြင်းကြောင့် လိပ်ပြာမသန့်ဘဲ အလျင်အမြန် ထွက်လာခဲ့ကြသဖြင့် ပေစာရွက်များ၊ ကညစ်တံများထုပ်ထားသောအထုပ် ကျန်ရစ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆင်ခြင်မိလိုက်လေသည်။

www.burmeseclassic.com



ကျင်းရှောင်က ဦးညွှတ်လိုက်သည်။

"ကျွန်တော် ကျေးဇူးဆပ်ပါရစေဗျာ"

မုဆိုးထူးချိန်က လက်မခံဘဲ ငြင်းလိုက်လေသည်။

"ဟာ ကျုပ်လက်မခံပါရစေနဲ့၊ ကျုပ်က စေတနာနဲ့လာပို့ပေးတာပါ။ ပြီးတော့ မိတ်ဆွေလေးဟာ ကျပ်ကုန်းမှာ အခက်ကြုံခဲ့ရမယ်ဆိုတာလည်း ရိပ်မိထားလို့ပါ"

"ဗျာ"

ကျင်းရှောင် အံ့ဩသွားသည်။

"ကျတ်ကုန်း ဟုတ်လား"

ထူးချိန်က...

"ဟုတ်တယ်၊ ယန်မျိုးနွယ်သချိုင်းဟောင်းကို အားလုံးက ကျတ်ကုန်းလို့ခေါ်ကြတာ၊ အဲသည်နေရာက မြေကြမ်းတယ်"

"မြေကြမ်းတယ်ဆိုတာက.."

"မကောင်းဆိုးဝါး၊ နာနာနဘာဝတွေ ကြီးစိုးနေတဲ့နေရာတစ်ခုပေါ့၊ ရှင်းရှင်းပြောရရင် တစ္ဆေခြောက်တဲ့နေရာပေါ့ မိတ်ဆွေလေးရယ်"

မုဆိုးထူးချိန်သည် ရုပ်ရည်ကြမ်းတမ်းသော်လည်း စိတ်ထားကောင်းပုံရလေသည်။

သူ၏စကားများကလည်း စိတ်ဝင်စားစရာကောင်းလှပေတော့သည်။

ကျင်းရှောင်က...



"ဘယ်လို တစ္ဆေခြောက်တယ်ဆိုတာ ပြောပြနိုင်မလားဗျာ"

ဟု မေးလိုက်လေသည်။

မုဆိုးထူးချိန်က...

"ခြောက်ပုံခြောက်နည်းက အမျိုးမျိုးပါပဲ၊ သချိုင်းမြေအနီးအဖြတ်သွားတဲ့လူတွေ၊ ရယ်မောသံတွေ၊ တိုက်ခိုက်သတ်ပုတ်သံတွေကြားရတယ်၊ လေမတိုက်ဘဲ သစ်ပင်တွေ လှုပ်ယမ်းသွားပြီး သစ်ကိုင်းတွေ ကျိုးကျတယ်၊ ခဲလုံးတွေနဲ့ အပေါက်ခံရတယ်၊ တစ်ခါတစ်ရံငိုညည်းနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်၊ အမျိုးမျိုးပါပဲ၊ ဒါကြောင့် လူတွေက ကျပ်ကုန်းကို ဝေးဝေးရှောင်ကြတာပါပဲ"

ကျင်းရှောင် လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

"ကျွန်တော်လည်း မနေ့ညက.."

ထိုစဉ် ဝမ်းလွေခုံး၏ချောင်းဟန့်သံ ထွက်ပေါ်လာခြင်းကြောင့် ကျင်းရှောင်မှာ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ရလေတော့သည်။

ဝမ်းလွေခုံးက...

"သည်ကိစ္စတွေဟာ အင်မတန် ဖြေရှင်းရခက်တဲ့ကိစ္စတွေပါပဲလေ၊ တစ္ဆေသရဲအကြောင်းကို ရှေးနှစ်ပေါင်းများစွာကတည်းက ပြောဆိုလာခဲ့ကြတာပဲ မဟုတ်လား၊ ဒါပေမယ့် ခုချိန်ထိ ဘယ်သူကမှ တိတိကျကျက သက်သေအထောက်အထားနဲ့ မပြောနိုင်ကြသေးပါဘူး၊ ဒါကြောင့် ခေါင်းရှုပ်ခံမနေကြပါနဲ့တော့လေး လုပ်စရာကိုင်စရာတွေလည်း ရှိနေသေးတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု သတိပေးသလို ပြောလေသည်။

တဆက်တည်းပင်...

"မှဆိုးကြီးကို ကျေးဇူးတင်ပါတယ်၊ ကျင်းရှောင်ဟာ သချိုင်းမြေအနီးအနားက ဖြတ်သန်းလာရင်း သူ့ရဲ့ပေစာထုပ်ကျကျန်ရစ်ခဲ့တာပါ၊ ခုလိုလာပြီး ပို့ပေးတဲ့အတွက် ကျေးဇူးပါပဲ"

မှဆိုးထူးချိန်က...

"ကိစ္စမရှိပါဘူးဗျာ၊ ပိုင်ရှင်လက်ထဲ အရောက်ပြန်ပို့ပေးနိုင်တာကိုပဲ ဝမ်းသာလှပါပြီ၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

အလိုက်တသိ နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

♠ ♠ ♠

မှဆိုးထူးချိန် ပြန်သွားပြီဖြစ်သည်။

ကျင်းရှောင် သက်ပြင်းချလိုက်၏။

ဆရာကြီးဝမ်းလွေခုံးက ကျတ်ကုန်းအကြောင်း ပြောသည်ကို သဘောမကျကြောင်း ရိပ်မိလိုက်သည်။

မှဆိုးထူးချိန် ပြန်သွားလျှင် ဆရာကြီးဝမ်းလွေခုံးက အကျိုးအကြောင်းပြောပြလေသည်။

"ကျင်းရှောင်..မင်းက စာပေပညာသင်ကြားဖို့လာခဲ့တာမဟုတ်လား၊ ဒါကြောင့် တခြားကိစ္စတွေကို အာရုံရောက်နေမယ်ဆိုရင် စာပေပညာသင်ယူရာမှာ အနှောက်အယှက်ဖြစ်လိမ့်မယ်၊ ဒါကို



မင်း နားလည်ထားရလိမ့်မယ်"

ကျင်းရှောင် ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် ဂရုစိုက်ပါ့မယ်ဆရာ"

ဝမ်းလွေခုံးက...

"လောကပေါ်မှာ သက်သေအထောက်အထား မပြနိုင်တဲ့ ထူးခြားတဲ့ကိစ္စတွေ အများအပြားရှိတယ်၊ ဟိုးအရင်က ရှိခဲ့သလို ခုချိန်ထိတိုင်အောင် ရှိနေတုန်းပဲ၊ သည်ကိစ္စတွေဟာ ကိုယ့်အတွက် အကျိုးရှိမယ့်အစား အချိန်ကုန်လူပန်း အနှောက်အယှက်ဖြစ်စေလိမ့်မယ်လို့ နားလည်ထားပြီး ရှောင်ကြဉ်ရမယ်ကွယ့်၊ ကဲ မင်းသွားပြီး အနားယူလိုက်ဦး"

စကားဆုံး၍ လက်ဝှေ့ယမ်းပြလိုက်လျှင် ကျင်းရှောင်လည်း ဦးညွှတ်ဂါရဝပြုပြီး ဝမ်းလွေခုံးရှေ့မှ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အခွင့်အရေး

တစ်ရက်။

နှစ်ရက်။

သုံးရက်။

ကျင်းရှောင်နှင့်ထင်းစန်းတို့ ထိုက်ယင်မြို့သို့ ရောက်လာခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်လေသည်။

ပထမတစ်ရက်က ခရီးပမ်းလာသဖြင့် အနားယူခဲ့ပြီး ဒုတိယနေ့မှစ၍ ဝမ်းလျှောခုံးက စာပေပညာရပ်များ ဟောပြောသင်ကြားပို့ချပေးလေသည်။

"ကျင်းရှောင်...မင်းအတွက် တစ်နှစ်လုံးမှ စာသင်ချိန်သုံးလပဲရတာ၊ သုံးလဆိုတဲ့အချိန်ကလည်း ဘာမှပြောပလောက်တာမဟုတ်လို့ ရတဲ့အချိန်လေးမှာ မင်းအစွမ်းကုန်ကြိုးစားရလိမ့်မယ်"

ဟုမှာကြားကာ အိပ်ချိန်၊ စားချိန်မှအပ ကျန်အချိန်များကို စာပေပညာလေ့လာခြင်း၊ ကျက်မှတ်ခြင်းများဖြင့် ကုန်ဆုံးစေခဲ့လေသည်။

ကျင်းရှောင်ကိုယ်တိုင်ကလည်း စာပေပညာ ဝါသနာပါသူဖြစ်ရကား အခြားကိစ္စအဝဝကို မေ့လျော့ကာ စာပေပညာသင်ယူလေ့လာခြင်းဖြင့် မအားမလပ်နိုင်အောင် ဖြစ်ခဲ့ရလေတော့သည်။



သို့ဖြင့် သုံးရက်မြောက်သောနေ့တွင် ထူးခြားသောပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာတော့သည်။

ဆရာကြီးဝမ်းလျှောခုံးထံသို့ နန်းတော်တွင်းမှ မင်းချင်းတစ်ယောက် ရောက်ရှိလာခြင်း ဖြစ်လေသည်။

မင်းချင်းသည် ဝမ်းလျှောခုံးအား နန်းတွင်းသို့ ဆင့်ခေါ်သည့် ဘုရင်မင်းမြတ်၏ ဆင့်ခေါ်စာကို ယူဆောင်လာခြင်းဖြစ်လေသည်။

ဘုရင့်အမိန့်ဖြစ်ရာ ဝမ်းလျှောခုံး မငြင်းဆန်ဝံ့ပါ။

မင်းချင်းနှင့်အတူ နန်းတွင်းသို့ လိုက်ပါသွားရတော့မည်ဖြစ်လေသည်။

ဝမ်းလျှောခုံးက ကျင်းရှောင်ကိုခေါ်ပြီး မေးမြန်းလိုက်သည်။

"ကျင်းရှောင်...ငါက နန်းတွင်းကို မဖြစ်မနေသွားရလိမ့်မယ်၊ အချိန် ဘယ်လောက်ကြာမယ် မပြောနိုင်ဘူး။ ဒါကြောင့် မင်းအိမ်ပြန်ချင်ရင် ပြန်နိုင်တယ်၊ ဒါမှမဟုတ် သည်မှာသုံးလပြည့်အောင် ဆက်နေချင်တယ်ဆိုရင်တော့ မင်းလေ့လာကျက်မှတ်ဖို့ ငါစီစဉ်ပေးခဲ့မယ်၊ ကဲ မင်းရဲ့သဘော ဘယ်လိုရှိတယ်ဆိုတာ ပြောပါဦး"

ကျင်းရှောင်က...

"ကျွန်တော် အိမ်ပြန်သွားမယ်ဆိုရင် စာပေပညာကို သင်ကြားဖို့ထက် သိုင်းပညာသင်ယူဖို့ ဦးစားပေးရတော့မှာပါ၊ ဒါကြောင့် အိမ်မပြန်သေးဘဲ သည်မှာသုံးလပြည့်အောင်နေပြီး စာပေပညာ

www.burmeseclassic.com

www.burmeseclassic.com



လေ့လာဖို့ ခွင့်ပြုစေချင်ပါတယ် ခင်ဗျာ"

ဝမ်းလှေခုံး ပြုံးလိုက်သည်။

"မင်းအဖေက သိုင်းပညာနဲ့ပတ်သက်ပြီး ဝါသနာကြီးလွန်းတယ်၊ မင်းကတော့ သိုင်းပညာထက် စာပေပညာကို ပိုပြီးဦးစားပေးတယ်၊ ကောင်းတယ်..ကောင်းတယ်၊ မင်းက သည်မှာဆက်နေပြီး စာပေပညာလေ့လာမယ်လို့ ပြောမယ်ဆိုတာ ငါတွေးမိပြီးသားပါ။ မင်းအတွက် လိုလေသေးမရှိအောင် ငါစီစဉ်ပေးခဲ့မယ်၊ ငါမရောက်သေးလို့ မင်းပြန်ချင်ပြီဆိုရင်လည်း ကူးအန်းကို အကျိုးအကြောင်း ပြောခဲ့ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး"

ဝမ်းလှေခုံးသည် အချိန်မရသဖြင့် ကျင်းရှောင်အတွက် လိုအပ်သည်များကို တက်သုတ်ရိုက်စီစဉ်ပေးပြီး ကူးအန်းကိုလည်း မှာကြားကာ လာခေါ်သည့်မင်းချင်းနှင့်အတူ လိုက်ပါသွားရလေတော့သည်။

♠ ♠ ♠



ဆရာကြီးဝမ်းလှေခုံးသည် နန်းတွင်းသို့ ခရီးထွက်သွားပြီဖြစ်လေသည်။

ကျင်းရှောင်က ဆရာကြီးစီစဉ်ပေးသည့်အတိုင်း စာပေပညာကို ဆက်လက်လေ့လာခဲ့လေသည်။

ကူးအန်းနှင့်ထင်းစန်းတို့နှစ်ယောက်လည်း ကျင်းရှောင်အတွက် ဘာမှလိုလေသေးမရှိအောင် ဆောင်ရွက်ပေးကြလေသည်။

သို့ဖြင့်...

ဆရာကြီးဝမ်းလှေခုံး ခရီးထွက်သွားပြီး ငါးရက်ခန့်အကြာတွင် ပြဿနာတစ်ခုနှင့် ကျင်းရှောင် ရင်ဆိုင်လိုက်ရလေသည်။

ဆရာကြီးဝမ်းလှေခုံး ပေးခဲ့သော လက်ာတစ်ပုဒ်၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုရာ၌ ရှင်းရှင်းလင်းလင်း မဖွင့်ဆိုနိုင်သောကြောင့် လက်မှိုင်ချရခြင်း ဖြစ်လေသည်။

ဆရာကြီးသာရှိနေမည်ဆိုလျှင် ထိုပြဿနာကို ချက်ချင်းဖြေရှင်းပေးမည် ဖြစ်လေသည်။

ဝမ်းလှေခုံး မရှိသဖြင့် ရှင်းလင်းသင်ပြပေးမည့်သူ မရှိတော့ရကား ကျင်းရှောင် ဘယ်လိုမှနားမလည်နိုင်ဘဲ အခက်ကြုံနေရတော့သည်။

ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အနက်အဓိပ္ပါယ်ဖော်ကာ ဖြေရှင်းကြည့်သည့်တိုင် ပြည့်စုံကုံလုံခြင်းမရှိကြောင်း အလိုလိုနားလည်ကာ စိတ်ပျက်ငြီးငွေ့စရာ ဖြစ်လာခဲ့လေတော့သည်။

ကျင်းရှောင်သည် အနက်အဓိပ္ပါယ် အဖြေရှာလိုး တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ စိတ်ညစ်ညူးကာ ငေးငိုင်နေမိတော့သည်။

ကူးအန်းနှင့်ထင်းစန်းတို့လည်း ကျင်းရှောင်၏အခက်အခဲကို သိသွားလျှင်…

"သခင်လေး… ဖြေရှင်းမရတဲ့လက်ာကို ချန်ထားပြီး တခြားဟာတွေကို ဆက်ပြီးလေ့ကျင့်လို့ မဖြစ်ဘူးလား၊ ဖြေရှင်းမရတဲ့လက်ာကို ဆရာကြီးပြန်လာမှ အကျိုးအကြောင်း ရှင်းပြခိုင်းပြီး လေ့ကျင့်လို့မရဘူးလား"

ထင်းစန်းက အကြံပေးလေသည်။

ကျင်းရှောင် ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူးကွ၊ သည်လက်ာကို ဖြေရှင်းနိုင်မှ တခြားဟာတွေကို ရှေ့ဆက်လေ့ကျင့်လို့ရမှာ၊ သည်လက်ာရဲ့ အနက်အဓိပ္ပါယ်ကို နားလည်မှ ရှေ့ဆက်လေ့လာလို့ရမှာ"

ကျင်းရှောင်သည် ဆက်လက်လေ့ကျင့်၍ မရနိုင်သဖြင့် လေ့လာမှုကို ရပ်ထားရတော့မည့် အခြေအနေရောက်နေကြောင်း ထင်းစန်း နားလည်သွားလေတော့သည်။

ကူးအန်းကတော့ ဘာကိုမှ အလေးအနက်မထားဘဲ ပျော်ပျော်ရွှင်ရွှင် နေတတ်သူဖြစ်ရကား…

"အစ်ကိုလေးက တစ်ချိန်လုံး စာအုပ်တွေနဲ့ အချိန်ကုန်နေတော့ လူပင်ပန်း စိတ်ပင်ပန်းပြီး ငြီးငွေ့နေမှာပေါ့ ဉာဏ်ရွှင်သွားအောင် အပြင်ထွက်ပြီး အညောင်းဖြေ အညာဖြေလမ်းလျှောက်ပါလား မြို့ထဲ အလည်အပတ်တစ်ခေါက်လောက် ထွက်လိုက်ပါလား"



ဟု အကြံပေးလေသည်။

ကျင်းရှောင် သဘောကျသွားလေသည်။

"ဟုတ်သားပဲကွ"

"အစ်ကိုလေးက သည်ကိုရောက်လာတိုင်း အိမ်ထဲမှာပဲ တကုပ်ကုပ်နေပြီး စာကျက်နေလို့ မြို့ထဲထွက်ဖြစ်တာ ရှားလှပါတယ်၊ ကျွန်တော်တို့မြို့လေး ဘယ်လောက်စည်ပင်တိုးတက်နေပြီလဲဆိုတာ လေ့လာကြည့်လို့ရတာပေါ့"

"အေး မင်းပြောတာ ကောင်းတယ်"

ကျင်းရှောင်လည်း စိတ်ပြေလက်ပျောက် မြို့ထဲ အလည်အပတ်တစ်ခေါက်ထွက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လမ်းများပေါ်၌ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများက ဥဒဲ့ဟိုသွားလာနေကြသည်။

လမ်းဘေးတစ်ဘက်တစ်ချက်၌ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ သစ်သီးဝလံ ရောင်းချသောဆိုင်များ စသည်ဖြင့် အပြိုင်အဆိုင်ရှိနေကြသည်။

ကျင်းရှောင်သည် ထင်းစန်းကို အဖော်ခေါ်ကာ မြို့ထဲသို့ အလည်အပတ်ထွက်လာခဲ့လေသည်။

နှစ်ယောက်သား ဟိုဟိုသည်သည် ငေးမောကြည့်ရင်း မြို့တစ်ပတ် လျှောက်မိကြလေသည်။ ကျင်းရှောင်မှာ စိတ်ထဲ ကြည်လင်လန်းဆန်းလာခြင်း မရှိသည့်အပြင် ရှုပ်ထွေးဆူညံနေသည်ဟု ခံစားရကား စိတ်ထဲပို၍ နောက်ကျိလာတော့သည်။

"ထင်းစန်း..ငါတို့ ပြန်ကြရအောင်"

ထင်းစန်း အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ သခင်လေးရဲ့၊ မြို့ထဲမှာ စည်ကားလိုက်တာ ပျော်စရာကောင်း..."

"တော်စမ်းပါကွာ၊ ငါတော့ မပျော်တဲ့အပြင် ပိုပြီးတောင် စိတ်ရှုပ်လာသေးတယ်၊ ကဲ ပြန်မယ်"

ကျင်းရှောင်က ထွက်သွားရာ ထင်းစန်းလည်း ဘာမှမပြောသာဘဲဖြစ်သွားရလေတော့သည်။

♠ ♠ ♠



ကျင်းရှောင်၏စိတ်ထဲ ဖြေရှင်းမရသော လက်ဘတစ်ပုဒ်က လွှမ်းမိုးထားသည်။ အခြားဘာကိုမှ စိတ်မဝင်စားတော့ချေ။

ထိုလက်ဘအား အမှန်ကန်ဆုံး အနက်အဓိပ္ပါယ်ဖော်ထုတ်လိုနေ၏။

ကျင်းရှောင်က ထင်းစန်းကို ချန်ထားပြီး လှည့်ထွက်လိုက်ရာ အမှတ်မထင် လူတစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားလေတော့သည်။

ကျင်းရှောင် ကပျာကယာ ခြေလှမ်းရပ်လိုက်သည်။

ဝင်တိုက်မိမည့်သူကို ကြည့်လိုက်မိသည်။

ထိုလူကား မုဆိုးကြီးထူးချိန်ဖြစ်နေ၏။

ကျင်းရှောင်က မှတ်မိလိုက်သလို မုဆိုးကြီးထူးချိန်ကလည်း မှတ်မိသွားလေသည်။

"ဟင်..မုဆိုးကြီး"

"မိတ်ဆွေလေးကျင်း ပါလား"

ကျင်းရှောင်သည် မုဆိုးကြီးထူးချိန်ကို တွေ့လိုက်ရလျှင် ထိုက်ယင်မြို့သို့လာစဉ်က ထူးဆန်းသောအိမ်ကြီး၊ ခါးကုန်းကြီးနှင့် သချိုင်းမြေကို ချက်ချင်း အမှတ်ရလိုက်လေသည်။

မုဆိုးကြီးထူးချိန်က...

"မိတ်ဆွေလေးက မြို့ထဲအလည်အပတ် ထွက်လာတာလားဗျ"

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

"ကျုပ်က အမဲလိုက်လို့ရတဲ့သားကောင်တွေကို ဈေးထဲမှာလာရောင်းတာ၊ ဒါထက် ကျတ်ကုန်းနဲ့ပတ်သက်ပြီး မိတ်ဆွေလေး ဘာမှအနှောက်အယှက် မဖြစ်တော့ဘူးနော်"

"ဟင့်အင်း မဖြစ်တော့ပါဘူး"

ထူးချိန်၏စကားသည် စိတ်ဝင်စားစရာကောင်းနေသည်ဟု ကျင်းရှောင် နားလည်လိုက်လေသည်။

ထို့ကြောင့်...

"အဲသည်နေရာကို ရောက်ခဲ့သူတွေဟာ နောက်ထပ် အနှောက်အယှက်ခံရတတ်တယ် ဟုတ်လား"

ဟု မေးလိုက်လေသည်။

ထူးချိန်က...

"တစ်ချို့ကတော့"

ကျင်းရှောင်သည် လမ်းပေါ်၌ စကားပြောခြင်းထက် တစ်နေရာရာသို့သွားကာ အေးအေးဆေးဆေး စကားပြောခြင်းက ပိုကောင်းမည်ဟု တွက်ဆမိလိုက်လေသည်။

မလှမ်းမကမ်း၌ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် ရှိနေပါသည်။

"ကျွန်တော်တို့ ဟိုလက်ဖက်ရည်ဆိုင်လေးမှာ စားသောက်ရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ကျွန်တော်က စာပေပညာအပြင် အမဲလိုက်တာကိုလည်း ဝါသနာပါသေးတယ်၊ မုဆိုးကြီးရဲ့အမဲလိုက် အတွေ့အကြုံကို သိချင်ပါသေးတယ်ဗျာ၊ မုဆိုးကြီး



အချိန်ရတယ် မဟုတ်လားဗျာ"

ထူးချိန်ကလည်း မုဆိုးတစ်ယောက်ဖြစ်သည့်အတိုင်း တောတွင်းအမဲလိုက်ရသည့် အတွေ့အကြုံများစွာရှိပြီး သူ၏အတွေ့အကြုံများ ပြောပြရလျှင် ထမင်းမေ့ဟင်းမေ့ဖြစ်တတ်သူပင်။

ကျင်းရှောင်၏စကားကြောင့် သဘောကျသွားပြီး—

"သိပ်ကောင်းတာပေါ့ဗျာ"

ချက်ချင်း သဘောတူလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လွှက်ရည်ဆိုင်လေး၌ အရသာပြည့်စုံသောလွှက်ရည်နှင့်မုန့်အမျိုးမျိုးရရှိလေသည်။

ဆိုင်ထဲ၌ လူရှင်းနေသည်ဖြစ်ရကား ကျင်းရှောင်တို့အတွက် အဆင်ပြေသွားလေသည်။

သုံးယောက်သား စားပွဲတစ်လုံး၌ နေရာယူကာ လွှက်ရည်နှင့်မုန့်များ မှာကြားစားသောက်လိုက်ကြလေသည်။

ကျင်းရှောင်က သူ၏ပေရွက်နှင့် ကညစ်တံများပြန်ပို့ပေးသဖြင့် ကျေးဇူးဆပ်သည့်အနေဖြင့် ဧည့်ခံကျွေးမွေးလိုက်သကဲ့သို့ ကျုတ်ကုန်းအကြောင်း စုံစမ်းမေးမြန်းရန်လည်း စိတ်ကူးထားလေသည်။

မဆိုးထူးချိန်ကလည်း သူ၏အမဲလိုက် အတွေ့အကြုံအကြောင်းပြောရန် ဟန်တပြင်ပြင် ဖြစ်နေ၏။

သို့သော် ကျင်းရှောင်က ကျုတ်ကုန်းအကြောင်း မေးလိုက်သောအခါ မဆိုးထူးချိန်လည်း စိတ်ပြောင်းသွားတော့သည်။

ကျင်းရှောင်က...

"ကျွန်တော့်ကို နောက်ထပ်နောက်ယှက်တာ မရှိပေမယ့် ကျွန်တော်ကတော့ အဲသည်နေရာကို တစ်ခေါက်လောက် သွားကြည့်မယ်လို့ စိတ်ကူးထားပါတယ်"

ထူးချိန် မျက်လုံးပြူးသွားသည်။

"နောက်တစ်ခေါက် သွားကြည့်မယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်တော်တို့က တောထဲက ဖြတ်လာ



ရင်း မိုးသက်လေပြင်းကျလာလို့ တောအုပ်ထဲက ရှေးဟောင်းအိမ်ကြီးတစ်လုံးမှာ တစ်ညဝင်ပြီးတည်းခိုခဲ့တာ၊ မိုးလင်းတော့ သချိုင်းထဲရောက်နေတဲ့အဖြစ်ဟာ အတော်ကိုထူးဆန်းပြီး မယုံနိုင်စရာကောင်းနေတာဘဲ မဟုတ်လားဗျာ"

ထူးချိန်က...

"ဒါက တစ္ဆေခြောက်တာပဲ၊ ဘာများအံ့ဩစရာရှိမှာလဲ မိတ်ဆွေလေးရဲ့"

"တစ္ဆေခြောက်တယ်ဆိုတာကိုက စိတ်ဝင်စားစရာ၊ အံ့ဩစရာဖြစ်နေတာပေါ့၊ ပြီးတော့ ကျွန်တော်တို့ သည်လိုကြုံခဲ့ရတာကို စိတ်ထဲ သဘောမကျဘူး၊ အဖြစ်မှန်ကို ဖော်ထုတ်ချင်ပါသေးတယ်ဗျာ"

မဆိုးထူးချိန်က လက်ကာပြလိုက်သည်။

"သည်အရပ်ဒေသမှာတော့ မိတ်ဆွေလေးလို ဘယ်သူမှ မစဉ်းစားကြဘူး။ တစ္ဆေခြောက်ခံရတဲ့လူတွေကော အခြောက်မခံရတဲ့လူတွေကော အဲသည်နေရာကို ဝေးဝေးရှောင်သွားကြဖို့ပဲ ဆုံးဖြတ်ကြတာ၊ မိတ်ဆွေလေး မကြိုးစားချင်ပါနဲ့ဗျာ၊ တော်ကြာ ဒုက္ခရောက်သွားရင် မကောင်းဘူး"

ကျင်းရှောင်က...

"သည်နေရာနဲ့ ပတ်သက်ပြီး ဒုက္ခရောက်သွားတဲ့လူတွေ ရှိနေသေးလို့လားဗျာ"

"ဟာ ရှိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ၊ ဘယ်လို ဒုက္ခရောက်သွားရတာလဲ၊ ကျွန်တော့်ကို ပြောပြပါလားဗျာ"

ကျင်းရှောင်က မုဆိုးကြီးထူးချိန်၏စကားကို ထောက်ကာ သူသိလိုသမျှ မေးမြန်းနေ၏။

မုဆိုးထူးချိန်က...

"တစ်ချို့က တခြွေခြောက်ခံရပြီး ဆယ့်လေးငါးရက်လောက် လန့်ဖျားဖျားကုန်ကြတယ်၊ တစ်ချို့လည်း ထိခိုက်ဒဏ်ရာရခဲ့ကြ တယ်၊ အဆိုးဆုံးကတော့ 'ဝီဖျောင်း'ပဲ"

ကျင်းရှောင်က...

"ဝီဖျောင်းက ဘာဖြစ်လို့လဲ"

"သူက ရူးသွားတာလေ"

"ဗြော်"

ကျင်းရှောင်သည် ဝီဖျောင်းဆိုသူအား စိတ်ဝင်စားသွားပြန်လေသည်။

မုဆိုးထူးချိန်အား မေးလိုက်သည်။

"ဝီဖျောင်းက ဘယ်သူလဲ၊ ဘာကြောင့် ရူးသွပ်သွားရတာလဲဗျာ"

မုဆိုးထူးချိန်မှာ သူ၏မုဆိုးဘဝ အတွေ့အကြုံကို မပြောနိုင်တော့ဘဲ ကျင်းရှောင်မေးသမျှ ကျုတ်ကုန်းအကြောင်းကိုသာ ပြောပြနေရလေတော့သည်။

"ဝီဖျောင်းကလည်း မိတ်ဆွေလေးလို စာပေသမားတစ်



ယောက်ပါပဲ၊ သူလည်း ဆရာကြီးဝမ်းလွေခုံးဆီမှာ ပညာသင်ဖူးတာပေါ့၊ ဒါပေမယ့် သူက ဉာဏ်သိပ်မကောင်းလို့ ဆရာကြီးက သဘောကျဘူးလို့ ပြောကြတာပဲ"

ကျင်းရှောင်က...

"သူက ဆရာကြီးဆီမှာ ပညာသင်ဖူးတာကို၊ ကျုတ်ကုန်းနဲ့ကော ဘယ်လိုပတ်သက်ခဲ့တာလဲဗျာ"

မုဆိုးထူးချိန်က...

"ဆရာကြီးက သူ့ကို ပညာစမ်းသပ်တဲ့အနေနဲ့ တောတောင်ရေမြေ သဘာဝအလှအပတွေကို ကြည့်ရှုခံစားပြီး ကဗျာတစ်ပုဒ်ရေးဖွဲ့ခိုင်းလိုက်တာ၊ ဝီဖျောင်းက အင်မတန် သာယာလှပတဲ့ မြို့ပြင်တောအုပ်ထဲကို သွားခဲ့တာ၊ အဲသည်မှာ ဒုက္ခရောက်တော့တာပဲလေ၊ ကျုပ်ကြားသိရသလောက်တော့..."

သူကြားသိထားသမျှ ပြောပြလိုက်သည်။

ကျင်းရှောင်လည်း စိတ်ဝင်စားစွာ နားထောင်နေလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## မိုးနတ်သူဇာ

ဝီဖျောင်း...။

ဝီဖျောင်းသည် ယောကျ်ားပီသစွာ ချောမောခန့်ညားသော လူရွယ်တစ်ဦး ဖြစ်လေသည်။

ဆရာကြီးဝမ်းလွေခုံး စေခိုင်းသည့်အတိုင်း ကဗျာတစ်ပုဒ် ရေးဖွဲ့ရန် မြို့ပြင်တောအုပ်သို့ ထွက်လာခဲ့လေသည်။

တောအုပ်ထဲ၌ သဘာဝအလျောက် သာယာလှပနေသော်လည်း ဝီဖျောင်းက အားမရပါ။

"သည့်ထက် သဘာဝဆန်ပြီး သာယာလှပတဲ့နေရာ မရှိတော့ဘူးလား"

ဟုတွေးရင်း ရှေ့ဆက်လာခဲ့ရာ မြို့နှင့် တစ်စထက်တစ်စ ဝေးသွားပြီး ညနေဆည်းဆာအချိန်၌ အလွန်သာယာလှပသည့် တောအုပ်ကြီးတစ်ခုသို့ ရောက်ရှိလာလေသည်။



ထိုတောအုပ်အတွင်း၌ ယန်မိသားစုသင်္ချိုင်းမြေရှိနေကြောင်း ဒေသခံတိုင်း သိရှိထားကြလေသည်။

ဝီဖျောင်းကလည်း ယန်မိသားစုသင်္ချိုင်းမြေအကြောင်း သိထားပါသော်လည်း တေးကဗျာရေးဖွဲ့သီကုံးလိုစိတ် ပြင်းပျနေသလို ပတ်ဝန်းကျင်ကလည်း အလွန်ပင်သာယာလှပနေခြင်းကြောင့် ယန်မိသားစုသင်္ချိုင်းမြေအကြောင်း မေ့လျော့သွားလေတော့သည်။

ကျောက်တုံးကြီးတစ်တုံးပေါ် ထိုင်ကာ သဘာဝအလှအပများကို ငေးမောခံစားရင်း ကဗျာစပ်ဆိုရန် ကြိုးစားလိုက်လေသည်။

ဝီဖျောင်းသည် ကြိုးစားအားထုတ်မှုရှိသော်လည်း ပါရမီနည်းလေသောကြောင့် အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ကဗျာတစ်ကြောင်း၊ စာတစ်ကြောင်း ရေးဖွဲ့နိုင်ခြင်းမရှိဘဲ အခက်ကြုံနေလေတော့သည်။

ကြာသော် ဝီဖျောင်းလည်း စိတ်ပျက်ငြီးငွေ့လာလေတော့သည်။

နေဝန်းနီကလည်း အနောက်ဘက်၌ ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

အလင်းရောင်အားပျော့ကာ အမှောင်ရိပ်များက နေရာယူလာလေသည်။

ဝီဖျောင်းက ကျောက်တုံးပေါ်မှ ဆင်းလိုက်သည်။

စိတ်ပျက်လက်ပျက်ဖြင့် ကဗျာစပ်ရန် ပြင်ဆင်ထားသည့် ပေစာနှင့်ကညစ်တံများကို လွှင့်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျောခိုင်းထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် ထူးခြားသောဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလေတော့သည်။

ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်သံကို အမှတ်မထင် ကြားလိုက်ရလေခြင်းဖြစ်လေသည်။ ဝီဖျောင်း အံ့သြသွားသည်။

"တောတောင်ထဲ ဘယ်သူများလာငိုနေတာပါလိမ့်"

ငိုကြွေးသံက သူ့အား ညှို့ယူဖမ်းစားထားလိုက်ပြီ ဖြစ်လေသည်။

ဝီဖျောင်းသည် မရည်ရွယ်ပါဘဲ ငိုကြွေးသံထွက်ပေါ်လာရာဆီ ဦးတည်လှမ်းသွားလိုက်မိလေသည်။

ကျောက်တုံးကျောက်ခဲများ၊ သစ်ပင်ချုံနွယ်များကို ကွေ့ပတ်လျှောက်သွားပြီး မြက်ခင်းတစ်ခုသို့ ရောက်ရှိသွားလေသည်။

ဤတွင် ငိုသံရှင်ကို တွေ့လိုက်ရလေသည်။

မြက်ခင်းပေါ်၌ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ကာ မည်းနက်ရှည်လျားသောဆံပင်ကို ကျောပေါ်ဖြန့်ချထားပြီး အလွန်ပြေပြစ်လှပသော ခန္ဓာကိုယ် အချိုးအစားရှိသူလေးဖြစ်သည်။

ခေါင်းငုံ့ကာ ငိုကြွေးနေသဖြင့် သူမ၏မျက်နှာကို မတွေ့ရသေးသော်လည်း အလွန်လှပချောမောသူလေး ဖြစ်ပုံရလေသည်။

မိန်းမချောလေးတစ်ယောက်သည် လူသူကင်းမဲ့သော တောတောင်ထဲ၌ တစ်ယောက်ထဲလာပြီး ကြေကွဲစွာငိုကြွေးနေသည်မှာ အဘယ်သို့သော အကြောင်းကြောင့် ဖြစ်ပါသနည်း။



"ညီမ"

ဝီဖျောင်းက မလှမ်းမကမ်း၌ ခြေလှမ်းရပ်ကာ အသံပြုလိုက်လေသည်။

ငိုကြွေးသံသဲ့သဲ့ ထွက်ပေါ်နေသည်မှအပ တိတ်ဆိတ်ငြိမ်သက်နေသည့် ဝန်းကျင်၌ ဝီဖျောင်း၏ခေါ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်ဟု ထင်ရလေသည်။

မိန်းကလေး၏ငိုသံ ချက်ချင်း တိတ်ဆိတ်သွားသည်။

ဝီဖျောင်းကို ခေါင်းမော့ကာ ကြည့်လာသည်။

ဝီဖျောင်း ယူဆထားသည့်အတိုင်း အလွန်ချောမောလှပသော မိန်းမချောလေးတစ်ယောက် ဖြစ်နေပါသည်။

မိန်းကလေးသည် ဝီဖျောင်းကို တွေ့ရသည်နှင့် ထိတ်လန့်သွားကာ ကပျာကယာထ၍ ထွက်ပြေးသွားတော့သည်။

ဝီဖျောင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟေ့…ဟေ့…မင်း ဘယ်သွားမလို့လဲ"

သူက ဟန့်တားလိုက်သော်လည်း မိန်းကလေးကား သစ်ပင်ချုံနွယ်များကြားသို့ တိုးဝင်ကာ မြင်ကွင်းမှပျောက်ကွယ်သွားလေသည်။

"ဟေ့…နေဦး"

ဝီဖျောင်းလည်း မိန်းကလေးအတွက် စိုးရိမ်ကာ ပြေးလိုက်သွားမိလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝီဖျောင်းသည် မိန်းကလေးအား စိုးရိမ်တကြီးဖြစ်ကာ ဘာကိုမှ မစဉ်းစားဘဲ လိုက်သွားမိလေသည်။

အလင်းရောင်ပျောက်ကွယ်သွားပြီး ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာသည်။

ကြယ်ရောင် လရောင်ဖြင့် သစ်ပင်ချုံနွယ်များ၊ တောပန်းများက ဝန်းကျင်တစ်ခုလုံး တစ်မျိုးတစ်ဖုံ သာယာလှပနေစေတော့သည်။

ဝီဖျောင်းက လိုက်သွားရင်း တစ်နေရာသို့ရောက်လျှင် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ခြေလှမ်းတုန့်ခနဲ ရပ်သွားလေသည်။

ရှေးမှုလက်ရာ အိမ်အိုအိမ်ဟောင်းကြီးတစ်လုံးကို တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

ထိုအိမ်ကြီးမှ မီးရောင်များထွက်ပေါ်နေ၏။

မိန်းကလေးကိုမူ မတွေ့ရတော့ပါ။

မိန်းမချောလေးက ထိုရှေးဟောင်းအိမ်ကြီးထဲသို့ ဝင်သွားသည်ဟု ထင်ရလေသည်။

ဝီဖျောင်း အံ့သြတကြီး ငေးမောကြည့်နေမိလေသည်။

ထိုအချိန်မှာပင်...

"ကျွီ"

ကျယ်လောင်သောမြည်သံကြီးနှင့်အတူ အိမ်တံခါးမကြီး ပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရလေ



သည်။ ထိုလူမှာ အလွန်ရုပ်ဆိုးသော ခါးကုန်းကြီးတစ်ယောက် ဖြစ်သည်။

ခါးကုန်းကြီးသည် မကောင်းဆိုးဝါးကြီးတစ်ကောင်အလား ဝီဖျောင်းထံသို့ ဦးတည်လှမ်းလာလေသည်။

ဝီဖျောင်း ရင်ထိတ်သွားသည်။

ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

သို့သော်...

ခါးကုန်းကြီးသည် မယုံနိုင်စရာကောင်းအောင် လျင်မြန်ခြင်းမျိုးဖြင့် အနီးသို့ ရောက်ရှိလာလေသည်။

ရှေ့သို့ငေါထွက်နေသော သွားခေါကြီးနှင့်ပါးစပ်ကိုဖြဲကာ...

"ခုချက်ချင်း ထွက်သွားစမ်း"

အော်ငေါက် မောင်းထုတ်လိုက်လေသည်။

ဝီဖျောင်း ကြောက်ကြောက်လန့်လန့်ဖြစ်နေပြီး...

"ကျွန်..ကျွန်တော်"

ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ခါးကုန်းကြီးက...

"ထွက်သွားစမ်း"

ဟု ထပ်မံအော်ငေါက်လိုက်လေသည်။

ဝီဖျောင်းလည်း မနေဝံ့တော့ဘဲ ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးထူးချိန်က စကားရှည်လျားစွာ ပြောလိုက်ရသဖြင့် မောသွားသည့်အလား ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်လေသည်။

ကျင်းရောင်ကမူ မမောနိုင် မပန်းနိုင်ဖြစ်နေပါသည်။

"ဝီဖျောင်းက ခါးကုန်းကြီးကို ကြောက်လန့်ပြီး ရှူးသွပ်သွားတာလားဗျာ"

မုဆိုးထူးချိန်က...

"မဟုတ်ဘူး၊ သူက မိန်းကလေးကို မြင်မြင်ချင်း မေတ္တာသက်ဝင်သွားတယ်၊ ဒါနဲ့ နောက်သုံးလေးရက်လောက်ကြာတော့ တောအုပ်ထဲကို တစ်ခေါက်ပြန်သွားခဲ့တယ်၊ သည်တစ်ခါရေးအိမ်ကြီးနဲ့မိန်းကလေးကို ရှာမတွေ့ဘဲ သချိုင်းဟောင်းတစ်ခုကိုပဲ တွေ့ခဲ့ရတယ်လေ"

ကျင်းရောင်လည်း သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြန်လည်အမှတ်ရလိုက်လေသည်။

မုဆိုးထူးချိန်က...

"နောက်ပိုင်း ဝီဖျောင်းဟာ နေ့စဉ်လိုလို သူတွေ့ခဲ့ရတဲ့ မိန်းကလေးကိုသွားရှာတယ်၊ နောက်တော့ တောအုပ်ထဲမှာပဲ နေတော့တယ်၊ အစားမမှန်၊ အအိပ်မမှန်ဖြစ်လာတယ်၊ ပါးစပ်ထဲတွေ့ကရာ ပြောတယ်၊ မိန်းကလေးကိုပဲ တတွတ်တွတ် တမ်းတနေတယ်၊ တစ်နေ့တော့ အပြင်းဖျားပြီး နေလည်းကောင်းကော ရှူးသွပ်သွားတော့တာပဲ"



ဝီဖျောင်းသည် တခဏ်တွေ့ခဲ့ရသော မိန်းကလေးကို စွဲလန်းကာ ရှူးသွပ်သွားခဲ့လေသည်။

မုဆိုးထူးချိန်က ဝီဖျောင်းမှာ ရှူးသွပ်သွားပြီးနောက်ပိုင်း ခြောက်လခန့်အကြာတွင် ဘယ်ရပ်ဘယ်ဝယ် ထွက်သွားမှန်းမသိ ပျောက်ချင်းမလှ ပျောက်ဆုံးသွားကြောင်း ဆက်၍ပြောပြလေသည်။

"ဝီဖျောင်းရဲ့ ဖြစ်ရပ်က အဆိုးရွားဆုံးပဲ၊ သူရူးသွပ်သွားရလောက်အောင် လူတွေမသိသေးတဲ့ လျှို့ဝှက်ချက်တစ်ခုခု ရှိနေလိမ့်မယ်လို့လည်း ဝေဖန်ပြောဆိုကြတယ်"

ဟု စကားကို အဆုံးသတ်လိုက်လေသည်။ ကျင်းရောင်က...

"မုဆိုးကြီးကော အဲသည်နေရာကို ရောက်ခဲ့ဖူးသလားဗျာ"

ဟု မေးလိုက်လေသည်။ မုဆိုးထူးချိန်က...

"ကျုပ်က သားရဲတိရစ္ဆာန်တွေနဲ့ ရင်ဆိုင်ရမှာမကြောက်ပေမယ့် တစ္ဆေသရဲတော့ ကြောက်တယ်ဗျာ၊ ဒါပေမယ့် ဟိုတစ်နေ့ကတော့ သားကောင်နောက်ကိုလိုက်ရင်း မမျှော်လင့်ဘဲ သချိုင်းထဲရောက်သွားတာ၊ ပြီးတော့ မိတ်ဆွေလေးတို့ ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေကို တွေ့ခဲ့ရတာ"

ကျင်းရောင် ပြုံးလိုက်သည်။

"ဒါဆို ကျွန်တော်တို့ ကံကောင်းသွားတာပေါ့၊ မဟုတ်ရင် ကိုယ့်ပစ္စည်း ဘယ်မှာကျန်နေခဲ့မှန်းတောင် သိရမှာမဟုတ်ဘူး"

မုဆိုးထူးချိန်က...

"မိတ်ဆွေလေးလည်း တောလမ်းကဖြတ်လာရင်း ရေး

www.burmeseclassic.com



ဟောင်းအိမ်ကြီးနဲ့ ခါးကုန်းကြီးကို တွေ့ခဲ့ရတယ်ဆို"

ကျင်းရောင်က...

"ဟုတ်ပါတယ်၊ မှဆိုးကြီးကို ဘယ်သူပြောပြခဲ့တာလဲဗျာ"

မုဆိုးထူးချိန်က...

"ဆရာကြီးရဲ့တပည့် ကူးအန်းက ပြောပြခဲ့တာလေ"

"ဪ"

ကျင်းရောင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး..

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်လည်း အင်မတန်ထူးခြားတဲ့ ကိစ္စနဲ့ကြုံတွေ့ခဲ့ရတာပါ"

မုဆိုးထူးချိန်ကို မေးလိုက်သည်။

"အဲသည်သချိုင်းဟာ ယန်မျိုးနွယ်သချိုင်းဆိုတော့ တစ်ချိန်က အဲသည်နေရာမှာ ယန်မျိုးနွယ်တွေ နေခဲ့လို့လားဗျာ"

မုဆိုးထူးချိန်က...

"ကျုပ်က သည်အရပ်ဒေသကို ရောက်လာတာ ငါးနှစ်လောက်ပဲ ရှိသေးတယ်၊ ဒါကြောင့် သည်အရပ်ကကိစ္စတွေကို ကောင်းကောင်းမသိဘူး၊ မိတ်ဆွေလေးသိချင်ရင်တော့ လူတစ်ယောက်ဆီကို လမ်းညွှန်ပေးလိုက်ပါ့မယ်"

ကျင်းရောင် ဝမ်းသာသွားလေသည်။

မုဆိုးထူးချိန် ပြောသည့်စကားများကို သေသေချာချာ မှတ်သားထားလိုက်လေတော့သည်။

♠ ♠ ♠



## ရှေးဟောင်းနှောင်းဖြစ်

ကျင်းရောင်သည် မုဆိုးကြီးထူးချိန်နှင့် လမ်းခွဲပြီးနောက် စာပေပညာရှင်ကြီးဝမ်းလွေခုံး၏အိမ်သို့ မပြန်သေးဘဲ အရှေ့ပိုင်းမြို့စွန်ရှိ ထုံချိုင်းဘုံကျောင်းသို့ ဦးတည်ထွက်လာခဲ့လေသည်။

ထင်းစန်းလည်း တားဆီး၍မရနိုင်ကြောင်း နားလည်ထားရကား ဘာမှမပြောဘဲ လိုက်လာခဲ့သည်။

မုဆိုးထူးချိန်က ယန်မျိုးနွယ်များအကြောင်းကို 'ထုံချိုင်း' ဘုံကျောင်းမှ ကျောင်းထိုင်ဆရာတော်ဖြစ်သော 'ချီယန်း'ကိုယ်တော်က ပြောပြနိုင်လိမ့်မည်ဟု လမ်းညွှန်ပေးခဲ့လေသည်။

ထို့ကြောင့်...

ကျင်းရောင်က အချိန်မဖြုန်းတော့ဘဲ ထုံချိုင်းဘုံကျောင်းသို့ဦးတည် ထွက်လာခဲ့ခြင်းဖြစ်လေသည်။

နေဝန်းနီက ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာ စားချိန်သို့ပင် ရောက်လုနီးပြီဖြစ်သည်။

လွှက်ရည်သောက်ကာ မုန့်များစားသောက်ခဲ့ခြင်းကြောင့် ထင်းစန်း ဗိုက်ပြည့်နေ၏။

ကျင်းရှောင်လည်း ဆာလောင်မွတ်သိပ်တော့မည် မဟုတ်ကြောင်း ထင်းစန်း နားလည်ထားလေသည်။

ကျင်းရှောင်မှာ ယန့်မျိုးနွယ်အကြောင်း သိလိုဇောကပ်နေသည် မဟုတ်ပါလား။

နှစ်ယောက်သား ခပ်သွက်သွက် သွားလိုက်ကြရာ မကြာပါချေ ထုံချိုင်းဘုံကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားတော့သည်။

ထုံချိုင်းဘုံကျောင်းသည် သေးငယ်သော ဘုံကျောင်းလေးတစ်ခုသာဖြစ်လေသည်။

ဘုံကျောင်း၌ ကျောင်းထိုင်ချီယန်းကိုယ်တော်နှင့်ဘုံကျောင်းစောင့်ကြီးတို့သာ နေထိုင်လျက် ရှိကြလေသည်။

ကျင်းရှောင်က ဘုံကျောင်းလေးသို့ရောက်လျှင် ဘုံကျောင်းစောင့်ကြီးကို အကျိုးအကြောင်းပြောကာ ကျောင်းထိုင်ကို တွေ့ခွင့်တောင်းလိုက်လေသည်။

ဘုံကျောင်းစောင့်ကြီးမှာ သဘောမနော့ကောင်းသူဖြစ်ရာ ချက်ချင်းပင် ကျောင်းထိုင်ဆရာတော်ဖြစ်သည့် ချီယန်းကိုယ်တော်ကို သွားရောက်လျှောက်တင်ပေးလေသည်။

ချီယန်းကိုယ်တော်က ခွင့်ပြုသဖြင့် ကျင်းရှောင်တို့ တွေ့ခွင့်



ရခဲ့လေတော့သည်။

ချီယန်းကိုယ်တော်မှာ အသက်ခြောက်ဆယ်ကျော် ရှိပြီဖြစ်လေသည်။

ဥပမိရုပ်ကောင်းပြီး လောကအတွေ့အကြုံ အလွန်ရင့်ကျက်သူ ဖြစ်ပုံရလေသည်။

ကျင်းရှောင်က ဦးညွှတ်ဂါရဝပြုပြီး..

"ကျွန်တော်က ကျင်းရှောင်ပါ၊ စာဆိုတော်ကြီးဝမ်းလွေခုံးဆီလာပြီး စာပေပညာ သင်ကြားနေတာပါ၊ သည်နှစ်မှာ ထိုက်ယင်မြို့ကိုလာရင်း.."

လမ်းခရီး၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

တဖန်...

"ယန့်မျိုးနွယ်တွေရဲ့အကြောင်းကို ပြောပြနိုင်တာ ဆရာတော်တစ်ပါးပဲရှိတယ်လို့ မုဆိုးကြီးထူးချိန်က လမ်းညွှန်ပေးလိုက်လို့ တပည့်တော် ရောက်လာတာပါ"

သူလာခဲ့ရသည့် အကြောင်းရင်းကိုလည်း ပြောပြလိုက်လေသည်။

ချီယန်းကိုယ်တော်၏မျက်နှာ ညှိုးသွားလေသည်။

"ယန့်မျိုးနွယ်ရဲ့ကိစ္စဟာ ခုထိမပြီးဆုံးသေးပါလား"

ဟုလည်း ညည်းတွားလိုက်လေသည်။

ကျင်းရှောင်က...

www.burmeseclassic.com

www.burmeseclassic.com



"သည်ကိစ္စဟာ ထူးခြားပြီး စိတ်ဝင်စားစရာကောင်းနေတာကြောင့် တပည့်တော်က အဖြစ်မှန်ကို စုံစမ်းဖော်ထုတ်ဖို့ ဆုံးဖြတ်ထားပါတယ်၊ ယန်မျိုးနွယ်အကြောင်း တပည့်တော်ကို ပြောပြဖို့ မေတ္တာရပ်ခံပါတယ်"

ဟု မေတ္တာရပ်ခံလိုက်လေသည်။

ချိုယန်းကိုယ်တော်က...

"သည်နယ်တဝိုက်က လူတွေကတော့ တစ္ဆေခြောက်တယ်ဆိုပြီး ဝေးဝေးရှောင်ကြတယ်၊ ဘယ်သူမှ မပတ်သက်ချင်ကြဘူး၊ ဘာမှလည်း မစုံစမ်းကြတော့ဘူး။ ယန်မျိုးနွယ်အကြောင်း လာမေးတာ တကာလေးတစ်ယောက်ပဲ ရှိသေးတယ်၊ တကယ်တော့ ယန်မျိုးနွယ်ဝင်တွေဟာ အတော်ကို ဂရုဏာသက်စရာကောင်းပါတယ်၊ သူတို့ဟာ မသမာသူတွေရဲ့လက်ချက်နဲ့ ဒုက္ခရောက်ခဲ့ကြရတာပါကွယ်"

ကျင်းရှောင်သည် ယန်မျိုးနွယ်အကြောင်း သိခွင့်ရတော့မည်မို့ ဝမ်းသာသွားလေသည်။

ချိုယန်းကိုယ်တော်က...

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်နီးပါးကပေါ့၊ သူတို့ဟာ ထိုက်ယင်မြို့ကို ပြောင်းလာခဲ့ကြတယ်၊ ဒါပေမယ့် မြို့ထဲမှာ ကြာကြာမနေဘဲ မြို့ပြင် ဆယ်မိုင်လောက်အကွာက တောအုပ်ထဲကို ပြောင်းရွှေ့သွားခဲ့ကြတာ၊ သူတို့ဟာ လူတွေနဲ့ကင်းကင်းရှင်းရှင်းနေလိုကြတဲ့သဘောရှိတယ်၊ တောအုပ်ထဲမှာ ရှင်းလင်းပြီး အိမ်ကြီးတစ်လုံး



ဆောက်ပြီး နေထိုင်ခဲ့ကြတာကွယ့်၊ သူတို့ မြို့ပေါ်မှာလာနေတုန်းက သာရေးနာရေးကိစ္စတွေရှိရင် ကျူပ်ဆီကိုလာခဲ့ကြတာ၊ ဒါကြောင့် ကျူပ်နဲ့ရင်းနှီးနေခဲ့တာ၊ နောက်ပိုင်း တောအုပ်ထဲကို ပြောင်းသွားကြတော့လည်း တစ်လတစ်ကြိမ်လောက် မြို့ထဲလာရင်း ကျူပ်ရဲ့ဘုံကျောင်းကိုလာတတ်ကြတယ်၊ ဒါကြောင့် ရင်းနှီးမှုက လျော့ကျမသွားဘူးပေါ့လေ"

ကျင်းရှောင်က...

"ယန်မျိုးနွယ်တွေဟာ ဆရာတော်ကလွဲပြီး တခြား ဘယ်သူနဲ့မှ ရင်းရင်းနှီးနှီး မရှိခဲ့ကြဘူးပေါ့၊ ဟုတ်ပါသလားဗျာ"

ချိုယန်းကိုယ်တော် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ကွယ်၊ သူတို့က မာနကြီးတာ၊ ဘဝင်မြင့်တာမဟုတ်ပါဘူး။ သူတို့က ကြောက်လန့်နေကြတာပါ၊ ကျီးလန့်စာစားသဘောမျိုးဖြစ်နေကြတာပါ၊ ဒါကို လူတွေကမသိဘဲ သူတို့ကိုသဘောမကျဖြစ်ခဲ့ကြတာပါကွယ်"

ကျင်းရှောင်က...

"ကျီးလန့်စာစား ဖြစ်ခဲ့ကြတယ်ဆိုတော့ သူတို့ဟာ အန္တရာယ်တစ်ခုခုကို ကြောက်လန့်နေကြတာလားဗျာ"

ချိုယန်းကိုယ်တော် သက်ပြင်းချလိုက်သည်။

"တကာလေးပြောတာ မှန်ပါတယ်"

ကိုယ်တော်တစ်ပါးဖြစ်နေခြင်းကြောင့် မဟုတ်မမှန်စကားမပြောလိုသည့်သဘောရှိသည်ကို ကျင်းရှောင် ရိပ်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင်မှာ အလွန်ပါးနပ်လိမ္မာသူ တစ်ယောက်ဖြစ်သည်။

ချီယန်းကိုယ်တော်သည် ယန်မျိုးနွယ်အကြောင်းသိထားပြီး လိမ်ညာပြောရန် ဝန်လေးသူလည်းဖြစ်၍ အမှန်အတိုင်းသိရအောင် မေးကြည့်ဖို့ ဆုံးဖြတ်လိုက်လေသည်။

"တပည့်တော်က ယန်မျိုးနွယ်အကြောင်း သိချင်ပါတယ်၊ သူတို့မှာ အခက်အခဲရှိနေတယ်ဆိုရင်လည်း ကူညီချင်ပါတယ်၊ ဒါကြောင့် သူတို့အကြောင်းကို သိချင်ပါတယ်၊ တပည့်တော်ကို ပြောပြဖို့ တောင်းပန်ပါတယ်ခင်ဗျာ"

ချီယန်းကိုယ်တော်က ကျောင်းရှောင်ကို တားဆီး၍ရမည် မဟုတ်ကြောင်း နားလည်လိုက်သည်။

"အင်း မင်းက သိချင်နေသလို ငါကလည်း ပြောပြချင်နေတာနဲ့အတော်ပဲ"

ပြုံး၍ ပြောလိုက်သည်။

ကျောင်းရှောင် ဝမ်းသာသွားသည်။

ထူးဆန်းနေသော ယန်မျိုးနွယ်များအကြောင်းကို သိရတော့မည် မဟုတ်ပါလား။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ရင်း...

"ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်သည်။

ချီယန်းကိုယ်တော် ပြုံးလိုက်လေသည်။



"ကိစ္စမရှိပါဘူးကွယ်၊ ယန်မျိုးနွယ်တွေရဲ့အကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်းလှပါတယ်၊ သူတို့ဟာ သိုင်းလောကသားတွေပါပဲ"

"ဟင်"

ကျောင်းရှောင် အံ့သြသွား၏။

"သိုင်းလောကသားတွေ ဟုတ်လား"

"ဟုတ်တယ်ကွယ့်၊ သိုင်းလောကမှာ နာမည်ကြီးခဲ့ကြတာပဲ ဒါပေမယ့် ကောင်းသတင်းနဲ့တော့ မဟုတ်ဘူး၊ မကောင်းသတင်းနဲ့ပေါ့"

"ဗျာ"

"ယန်မျိုးနွယ်တွေက ဓားပြကြီးတွေပါပဲ"

ကျောင်းရှောင်က ချီယန်းကိုယ်တော်ကို ငေးကြည့်နေမိသည်။

ချီယန်းက...

"သူတို့ဟာ သိုင်းလောက တနံတလျားသွားပြီး ဓားပြတိုက်ခဲ့ကြတယ်၊ ရွှေငွေရတနာပစ္စည်းတွေ အများအပြားရခဲ့ကြတယ်၊ သည်လိုနဲ့ ကျိုကျိုတက်ချမ်းသာကြွယ်ဝလာကြတာ၊ ချမ်းသာလာတော့ တိုက်ပွဲတွေ မဆင်နွှဲချင်ကြတော့ဘူး၊ အရင်းအနှီးတွေထုတ်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတယ်၊ ဒါပေမယ့် သူတို့အကြောင်းကို သိထားတဲ့ သိုင်းလောကသားတွေက တစ်နေ့မှာ ယန်မျိုးနွယ်ခြံဝင်းကို တိုက်ခိုက်ဖျက်ဆီးပစ်ခဲ့ကြတယ်၊ ပြင်းထန်တဲ့တိုက်ပွဲတွေဖြစ်ပြီး ယန်မျိုးနွယ်တွေ သေကြေပျက်စီးခဲ့ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင် ကျန်နေရစ်ခဲ့သူတွေက ထွက်ပြေးလာရင်း ထိုက်ယင်မြို့ကို ရောက်လာခဲ့ကြတာပါပဲ”

ကျင်းရှောင်က...

“သူတို့က နောင်တရနေကြပြီး သည်မှာ အေးအေးဆေးဆေး နေခဲ့ကြတာလား”

ချီယန်းကိုယ်တော်က...

“ဟုတ်တယ်၊ သူတို့ဟာ နောင်တရနေကြပါပြီ၊ ယန်ခြံဝင်း ဖျက်ဆီးခံလိုက်ရတယ်၊ သိုင်းလောကသားတွေက သူတို့ကို ချမ်းသာပေးမှာ မဟုတ်ဘူးဆိုတာလည်း သူတို့သိကြတယ်၊ ဒါကြောင့် မြို့ပေါ်မှာမနေဝံ့ကြဘူး။ တောထဲသွားနေကြတာ၊ ဒါပေမယ့် သိုင်းလောကသားတွေက သူတို့ကို အလွတ်မပေးဘဲ တောအုပ်ထဲက ယန်မျိုးနွယ်တွေ ပုန်းနေတဲ့နေရာကို သတင်းရသွားတယ်၊ ရှာဖွေတွေ့ရှိသွားကြတယ်”

ကျင်းရှောင်က...

“သိုင်းလောကသားတွေက တောအုပ်ထဲမှာ ပုန်းအောင်းနေကြတဲ့ ယန်မျိုးနွယ်တွေကို ရှာဖွေတွေ့ရှိသွားကြတာ ဟုတ်လား”

ချီယန်းကိုယ်တော်က...

“ဟုတ်တယ်၊ သူတို့က ယန်မျိုးနွယ်တွေကို သတ်ပစ်လိုက်ကြတယ်”

“သူတို့အားလုံး သေဆုံးသွားကြတာပဲလား”

“ဒါပေါ့ ရန်သူတွေက အငိုက်ဖမ်းပြီး ဝင်ရောက်တိုက်



ခိုက်ခဲ့တာကြောင့် ပုန်းအောင်းနေသူတွေ တစ်ယောက်မှ မလွတ်ဘဲ အသတ်ခံလိုက်ရတာ”

ကျင်းရှောင် စိတ်မကောင်းဖြစ်သွားလေသည်။

“တစ်ယောက်မကျန် ဟုတ်လား”

“ဟုတ်တယ်ကွယ့်”

“ဒါဆို ကျွန်တော်က တောအုပ်ထဲက ဖြတ်လာရင်း ရှေးဟောင်းအဆောက်အဦးကြီးတစ်ခုကို တွေ့ခဲ့တယ်၊ ခါးကုန်းကြီး တစ်ယောက်နဲ့ တွေ့ခဲ့ရတယ်၊ မနက်မိုးလင်းတော့ သင်္ချိုင်းမြေထဲရောက်နေတာကို တွေ့ရပါတယ်”

သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အသေးစိတ် ရှင်းလင်းပြောပြလိုက်လေသည်။

ချီယန်းကိုယ်တော်က...

“တကာလေး တစ္ဆေခြောက်ခံလိုက်ရတာပဲ”

ကျင်းရှောင်က...

“ယန်မျိုးနွယ်တွေက မကျွတ်မလွတ်ဘဲ တစ္ဆေသရဲတွေ ဖြစ်နေပြီး တောအုပ်ထဲရောက်လာတဲ့လူတွေကို ခြောက်လှန့်နေတာ ဟုတ်လား”

ချီယန်းကိုယ်တော်က...

“အင်း.. တောအုပ်ထဲကို ရောက်လာတဲ့လူ အတော်များများ ခြောက်လှန့်ခံခဲ့ကြရတာပဲကွယ့်”

ကျင်းရှောင်က...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဟာ မကောင်းဆိုးဝါး၊ တစ္ဆေသရဲတွေ ဖြစ်နေပြီဆိုရင် သူတို့ကို ကျွတ်လွတ်သွားအောင် လုပ်ပေးလို့ မရနိုင်ဘူးလားဗျာ"

ချိုယန်းကိုယ်တော်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျွတ်လွတ်အောင် လုပ်ပေးလို့ရပါတယ်ကွယ်၊ ဒါပေမယ့် လုပ်ပေးမယ့်လူ မရှိတော့ ခက်နေတယ်"

"လုပ်ပေးမယ့်လူဆိုတာ"

"ကျုပ်ကို ကူညီဆောင်ရွက်ပေးမယ့် လူပါ"

ကျင်းရှောင်က...

"ကျွန်တော် ကူညီဆောင်ရွက်ပေးချင်ပါတယ်"

ချိုယန်းက...

"တကာလေးက ကူညီဆောင်ရွက်ပေးမယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"သည်ကိစ္စဟာ အတော်ကို အန္တရာယ်များပါတယ်၊ တကာလေး သေသေချာချာ စဉ်းစားစေချင်ပါတယ်ကွယ်"

ကျင်းရှောင်က...

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ ခင်ဗျာ"

စဉ်းစားခြင်းပင်မပြုဘဲ ပြောလိုက်လေသည်။

ချိုယန်း၏မျက်နှာ ပြုံးရွှင်သွား၏။

"ဝမ်းသာလိုက်တာကွယ်၊ ကျုပ်က ယန်မိုးနွယ်တွေကို ကူညီချင်ခဲ့တာ ကြာပါပြီ၊ တကာလေး ကူညီဆောင်ရွက်ပေးမယ်ဆိုရင် ကျုပ်တို့နှစ်ယောက် သွားကြတာပေါ့ကွယ်"



"ကောင်းပါပြီ ခင်ဗျာ"

ကျင်းရှောင် သဘောတူလိုက်သည်။

ထို့နောက် ယန်မိုးနွယ်ခြံဝင်းသို့သွားရန် ဆက်လက်တိုင်ပင်ဆွေးနွေး လိုက်ကြလေတော့သည်။

♠ ♠ ♠

ထင်းစန်းသည် ကျင်းရှောင်နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်နေပါတော့သည်။

"သခင်လေး...တောအုပ်ထဲကိုသွားလို့ မဖြစ်ဘူးထင်တယ်"

ကျင်းရှောင်က...

"ဘာဖြစ်လို့လဲ"

ထင်းစန်းက...

"ကျွန်တော်တို့ တစ်ကြိမ် ဒုက္ခရောက်ခဲ့ကြပြီးပါပြီ၊ သခင်လေးဟာ စာပေပညာ သင်ကြားဖို့ ထိုက်ယင်မြို့ကိုလာခဲ့ကြတာပါ။ သခင်လေးက မဟုတ်တာတွေလျှောက်လုပ်နေမယ်ဆိုရင် သခင်ကြီးကလည်း သဘောကျမှာ မဟုတ်ပါဘူး၊ ဆရာကြီးဝမ်းလွှေခုံးကလည်း မကြိုက်မှာသေချာပါတယ်၊ ဒါကြောင့်..."

"မင်းပါးစပ် ပိတ်ထားလိုက်ရင် ကောင်းမယ်"

ကျင်းရှောင်က ငေါက်လိုက်သဖြင့် ထင်းစန်းလည်း ဆက်၍

www.burmeseclassic.com



မပြောသာဘဲ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ကျင်းရှောင်က...

"ငါ့အကြောင်း မင်းလျှောက်ပြောမယ်ဆိုရင် မင်းကို ငါ လက်မခံတော့ဘဲ မောင်းထုတ်ပစ်လိုက်မယ်၊ မင်းမှတ်ထားပါ"

ထင်းစန်းက...

"ကျွန်..ကျွန်တော် ဘာမှမပြောတော့ပါဘူး"

"အေး..မင်းစကား မင်းမှတ်ထား"

ထို့နောက် တောအုပ်ထဲရှိ ယန်မျိုးနွယ်ခြံဝင်းသို့သွားရန် လိုအပ်သည်များကို စီစဉ်ခိုင်းလိုက်လေသည်။

ထင်းစန်းလည်း ကျင်းရှောင် ခိုင်းသမျှ လိုက်နာဆောင်ရွက် လိုက်ရလေတော့သည်။

♠ ♠ ♠



## တစ္ဆေနယ်မြေ

နေသာသောနေ့ ဖြစ်သည်။

တောက်ပသော နေရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခု လုံး သာယာလှပနေ၏။

ထိုက်ယင်မြို့ပြင်ရှိ တောအုပ်များ၊ တောင်တန်းများ၊ သဘာဝအလှအပများကား ဆေးရေးမမီသောပန်းချီကားတစ်ချပ် အလား အလွန်ပင်သာယာလှပနေပေသည်။

ယနေ့...

တစ္ဆေခြောက်သည်ဟု နာမည်ကြီးပြီး လူသွားလူလာမရှိ သော တောလမ်းအတိုင်း လူနှစ်ယောက် လျှောက်လှမ်းလာနေကြ လေသည်။

ထိုလူနှစ်ယောက်ကား ကျင်းရှောင်နှင့်ချီယန်းကိုယ်တော်တို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်က ထင်းစန်းကို အဖော်ခေါ်မလာဘဲ ထားပစ်ခဲ့သည်။

ထင်းစန်းက သူ့အား နောက်ယှက်မည်ကို မလိုလားပါ။

သူဘာတွေ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို ထင်းစန်း မသိစေလိုခြင်းကြောင့်လည်း ဖြစ်လေသည်။

ယခင်က ကျင်းရှောင်က ဦးဆောင်သူဖြစ်ပြီး ထင်းစန်းက နောက်လိုက်ဖြစ်သည်။

ယခုတစ်ကြိမ်၌ကား...

ကျင်းရှောင်မှာ နောက်လိုက်ဖြစ်ကာ ချီယန်းကိုယ်တော်က ဦးဆောင်သူဖြစ်လေသည်။

ချီယန်းကိုယ်တော်နှင့် လိုက်လာရင်း ပတ်ဝန်းကျင်ကို ကြည့်ရင်း ဤတောလမ်းသည် တိုက်ယင်မြို့သို့လာခဲ့စဉ်က သူနှင့် ထင်းစန်းတို့ ဖြတ်သန်းလာခဲ့သော တောလမ်းဖြစ်ကြောင်း ကျင်းရှောင် သတိပြုမိလေသည်။

ဤတောလမ်းကလေးသည် ယန်မျိုးနွယ်သချိုင်းမြေသို့ ဦးတည်နေကြောင်းလည်း သိရှိထား၏။

ချီယန်းကိုယ်တော်က ရှေ့မှဦးဆောင်ကာ ခြေလှမ်းကျဲကျဲ ဖြင့်သွားနေသည်။

ကျင်းရှောင်သည် ထပ်ကြပ်မကွာ လိုက်သွား၏။

သို့ဖြင့် ထမင်းတစ်အိုးချက်ခန့် အချိန်ကြာလျှင် ယန်မျိုးနွယ် သချိုင်းမြေသို့ ရောက်ရှိသွားကြလေတော့သည်။



အေးမြသောလေပြည်လေညှင်းလေးက ငွေယမ်းတိုက်ခတ်နေသည်။

လေပြည်ထဲ၌ မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံ့နေသည်။

ကျေးငှက်ကလေးများကလည်း ဘာသာဘာဝ တေးသီကျူးကာ ပျော်မြူးပျံဝဲနေကြလေသည်။

ချီယန်းကိုယ်တော်နှင့် ကျင်းရှောင်တို့နှစ်ယောက် ခပ်သုတ်သုတ် ခရီးနှင်လာကြရင်း ယန်မျိုးနွယ်သချိုင်းမြေသို့ ရောက်မှန်းမသိ ရောက်ရှိလာကြလေတော့သည်။

သချိုင်းမြေထဲ၌ တိတ်ဆိတ်ခြောက်သွေ့နေ၏။

ကျင်းရှောင် စိတ်လှုပ်ရှားလာသည်။

ခါးကုန်းကြီးနှင့် ရှေးဟောင်းအိမ်ကြီးကိုလည်း မြင်ယောင်လာလေသည်။

ချီယန်းကိုယ်တော်က...

"သည်ဘက်ကို လာခဲ့ပါ"

ဟုပြောကာ သချိုင်းမြေနောက်ဘက်သို့ ခေါ်ဆောင်သွားလေသည်။

သချိုင်းမြေ အနောက်ဘက်၌ ဝါးရုံတောကြီးတစ်ခု ရှိနေပြီး အရိပ်အာဝါသကောင်းပြီး အေးမြနေသည်။

ထိုဝါးရုံတောထဲ၌ ဟောင်းနွမ်းနေပြီဖြစ်သော အုတ်ဂူအချို့ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာလည်း အုတ်ဂူတွေပါလား"

ကျင်းရှောင် လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ချိုယန်းကိုယ်တော်က...

"ဒါဟာ ယန်မျိုးနွယ်သင်္ချိုင်းပါ၊ ဟိုရှေ့ အုတ်ဂူတွေ မြေပုံမှတ်တိုင်တွေကတော့ အရင်ကတည်းကရှိခဲ့တဲ့ သင်္ချိုင်းဟောင်းတစ်ခုပါပဲ"

ဟု ရှင်းပြလေသည်။

ကျင်းရှောင်က ချိုယန်းကိုယ်တော်ကို ငေးကြည့်မိလေသည်။

ချိုယန်းကိုယ်တော်သည် ယန်မျိုးနွယ်များအကြောင်းကို အခြားသူများထက် ပို၍သိနေကြောင်း နားလည်လိုက်လေသည်။

ချိုယန်းကိုယ်တော်က...

"ကဲ..တို့လုပ်ငန်း စကြရအောင်"

ဟုပြောလေသည်။

"ကောင်းပါပြီ ကိုယ်တော်"

ကျင်းရှောင်က အသင့်ယူလာသော ကြိမ်ခြင်းတောင်းကြီးထဲမှပစ္စည်းများကို ထုတ်ယူလိုက်လေသည်။

စားသောက်စရာများ၊ သစ်သီးဝလံများ၊ ရေနွေးကြမ်း၊ အရက်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ရွှေစက္ကူ၊ ငွေစက္ကူများ ဖြစ်လေသည်။

ချိုယန်းကိုယ်တော်က ဝါးရုံပင်များအောက်ရှိ အုတ်ဂူများ



အနက် အကြီးဆုံးအုတ်ဂူတစ်လုံး၌ ယူဆောင်လာသောပစ္စည်းများဖြင့် ကန်တော့ပွဲပြင်ဆင်လိုက်လေသည်။

သေဆုံးသွားပြီးသူ တစ်ယောက်အား ပူဇော်ပသလိုက်လေသည်။

ကျင်းရှောင်သည် ချိုယန်းကိုယ်တော်အား ကူညီလုပ်ဆောင်ပေးရင်း အဘယ်ကြောင့် ထိုသို့လုပ်ဆောင်နေသည်ကို နားမလည်နိုင်အောင် ဖြစ်နေပါသည်။

ချိုယန်းကိုယ်တော်က ပူဇော်ပသရင်း...

"ယန်သခင်ကြီး..ကောင်းကင်ဘုံမှာ ပျော်ရွှင်နိုင်ပါစေ"

ဟု ဆုတောင်းပေးလိုက်လေသည်။

ကျင်းရှောင်က ကွယ်လွန်သွားပြီးဖြစ်သော ယန်မျိုးနွယ်များအတွက် ဆုတောင်းပေးနေသည့် ချိုယန်းကိုယ်တော်ကိုကြည့်ရင်း အမှတ်မထင် တစ်စုံတစ်ခုကို သတိထားမိလိုက်လေသည်။

ဝါးရုံပင်အောက်မှ အုတ်ဂူများသည် နှစ်ပရိစ္ဆေဒကြာမြင့်နေပြီဖြစ်သောကြောင့် ဟောင်းနွမ်းဆွေးမြေ့နေရမည်ဖြစ်သော်လည်းတစ်စုံတစ်ယောက်က ဂရုစိုက်စောင့်ရှောက်ထားသည့်အလား ကောင်းကောင်းမွန်မွန် ရှိနေခြင်းဖြစ်သည်။

အုတ်ဂူများအနီးတဝိုက်ရှိ မြေပြင်မှာလည်း အမှိုက်သရိုက် ကင်းစင်ကာ သန့်ရှင်းနေ၏။

"တစ်စုံတစ်ယောက်က သည်နေရာကို ဂရုစိုက်ပြီး သန့်ရှင်းပေးထားတာပဲ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသောအတွေး ဝင်ရောက်လာလေတော့သည်။

တစ္ဆေခြောက်သည်ဟု နာမည်ကြီးလှသော ဤနေရာကို လူအများ ဝေးဝေးရှောင်ကြလေသည်။

ဤနေရာကိုလာပြီး ဂရုစိုက်ပံ့သူ၊ သန့်ရှင်းရေးဆောင်ရွက်ပံ့သူမှာ မည်သူဖြစ်ပါသနည်း။

ဤနေရာနှင့် ပတ်သက်နေသူသာ ဖြစ်ရပေမည်။

ကျင်းရှောင် တွေးတောနေစဉ်မှာပင် အုတ်ဂူကြီးရှေ့၌ ဒူးထောက်နေသော ချိုယန်းကိုယ်တော် ထရပ်လိုက်၏။

ချိုယန်းကိုယ်တော်က ငူငူကြီးရပ်နေသော ကျင်းရှောင်ကို ကြည့်လိုက်သည်။

"မင်းက သည်နေရာကို ဘယ်သူတွေလာပြီး သန့်ရှင်းရေးလုပ်ပေးနေသလဲလို့ တွေးနေတာ မဟုတ်လား"

ဟု မေးလေသည်။

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ချိုယန်းကိုယ်တောက ပြုံးလိုက်သည်။

"မင်းတွေ့ချင်တယ်ဆိုရင် တွေ့ရမှာပါ၊ ကဲ လာ ကျုပ်နဲ့ လိုက်ခဲ့"

ဟုပြောပြီး ထွက်သွားလေသည်။

ကျင်းရှောင်လည်း စိတ်ဝင်စားနေသဖြင့် ကောက်ကောက်



ပါအောင် လိုက်သွားလေတော့သည်။

နှစ်ယောက်သား ဝါးရုံပင်များကြားမှဖြတ်ကာ အနောက်ဘက်သို့ ဦးတည်ပြီး ရှေ့ဆက်လျှောက်သွားလိုက်ကြလေသည်။

ဝါးရုံပင်များကို ကွေ့ပတ်ကာဖြင့် လျှောက်သွားကြပြီး မကြာမီ ကျင်းရှောင် အံ့ဩစိတ်များဖြစ်ပေါ်လာပြန်လေတော့သည်။

အကြောင်းကား ထိုနေရာသို့ ရောက်ဖူးသည်ဟု ခံစားလာရခြင်းကြောင့် ဖြစ်လေသည်။

"ငါ သည်နေရာကို ရောက်ဖူးသလိုပဲ"

သူ တွေးရှုမဆုံးမီ မြေကွက်လပ်စာစ်ခုသို့ ရောက်ရှိသွားပြီး ရှေးဟောင်းအဆောက်အဦးကြီးအား တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မြေကွက်လပ်နံဘေး၌ စိမ်းလန်းသော သစ်ပင်ပန်းပင်များ ဝန်းရံနေ၏။

မြေကွက်လပ်အလယ်တွင် ကြီးမားခန့်ညားသော ရှေးဟောင်းအဆောက်အဦးကြီး ရှိနေသည်။

ထိုအဆောက်အဦးကြီးကို ကျင်းရှောင် ရောက်ခဲ့ပါသည်။

တံခါးဖွင့်ကာ ကြိုဆိုခဲ့သော ခါးကုန်းကြီးနှင့်တွေ့ခဲ့ရသည်။

ထိုအဆောက်အဦးကြီး၌ တစ်ညတာ အိပ်စက်အနားယူခဲ့ရသေးသည် မဟုတ်ပါလား။

ယခု...

ထိုက်ယင်မြို့သို့ လာခဲ့စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို နားလည်သဘောပေါက်လာလေတော့သည်။

သူတို့သည် ရှေးဟောင်းအဆောက်အဦးကြီးသို့ ရောက်ခဲ့ပြီး တစ်ညတာ အိပ်စက်အနားယူခဲ့သည်မှာ အမှန်ပင်ဖြစ်လေသည်။

သူတို့ အိပ်ပျော်နေစဉ် ခါးကုန်းကြီးက သူတို့အား သယ်ယူကာ သချိုင်းမြေထဲသွားချထားခဲ့ခြင်းပင် ဖြစ်ရမည် မဟုတ်ပါလား။

ချီယန်းကိုယ်တော်နှင့်အတူ လိုက်ပါသွားရင်း အဆောက်အဦးကြီးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေတော့သည်။

ထိုအချိန်မှာပင်...

"ကျွီ"

တံခါးမကြီးပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ရုပ်ဆိုးအကျည်းတန်လှသော ခါးကုန်းကြီးဖြစ်နေပါတော့သည်။

ခါးကုန်းကြီးက ချီယန်းကိုယ်တော်ကိုမြင်လျှင် ဝမ်းသာလိုက်လှဲစွာ ခရီးဦးကြိုပြုလေသည်။

"ကိုယ်တော်ကြီး ရောက်လာတာကိုး၊ ကြွပါ..ကြွပါ"

ချီယန်းကိုယ်တော်က...

"ကျုပ်နဲ့လိုက်ခဲ့"

ဟုပြောကာ ကျင်းရှောင်ကို ခေါ်ဆောင်သွားလေသည်။

ကျင်းရှောင် လိုက်သွားရာ ထူးဆန်းသောအိမ်ကြီးထဲသို့ ဒုတိယအကြိမ် ရောက်ရှိသွားလေတော့သည်။

ခါးကုန်းကြီးက နေရာထိုင်ခင်းပေးကာ ရေနွေးကြမ်းဖြင့် ဧည့်ခံလေသည်။

ကျင်းရှောင်က မသိမသာ အကဲခတ်လိုက်သည်။

အဆောက်အဦးကြီး အတွင်းဘက်၌ ဘာဆိုဘာမှ ပြောင်းလဲသွားခြင်းမရှိဘဲ ယခင်တစ်ကြိမ် ရောက်ခဲ့ဖူးသည့်အတိုင်း ရှိနေသည်ကို တွေ့ရလေသည်။

ကျင်းရှောင် အကဲခတ်နေစဉ် ချီယန်းကိုယ်တော်၏စကားသံ ထွက်ပေါ်လာလေသည်။

"ခါးကုန်းကြီး သူ့ကိုသိတယ် မဟုတ်လား"

ခါးကုန်းကြီး ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် သည်ကို တစ်ကြိမ် ရောက်ခဲ့ဖူးပါတယ်"

ချိုယန်းကိုယ်တော်က...

"သူဟာ ခါးကုန်းကြီးတို့ လိုအပ်နေတဲ့ လူစားမျိုးပါပဲ၊ ဒါကြောင့် ကျုပ်ခေါ်လာတာ"

ခါးကုန်းကြီးက...

"သူ့ကိုတွေ့တာနဲ့ ကျုပ်တို့လိုအပ်နေတဲ့ လူစားမျိုးဆိုတာ တွေးမိပါတယ်၊ ဒါပေမယ့် သူက ကိုယ်တော့်ဆီကို အရောက်မသွားနိုင်ဘူးဆိုရင် ကျုပ်မျှော်လင့်သလို ဖြစ်လာမှာမဟုတ်ဘူးဆိုပြီး ဘာမှမကြိုးစားတော့ဘဲ အခြေအနေ စောင့်ကြည့်နေခဲ့တာပါ"

သူတို့နှစ်ယောက် ပြောဆိုနေသောစကားကို နားထောင်ရင်း ကျင်းရှောင်မှာ အခြေအနေကို နားလည်သဘောပေါက်သလို ဖြစ်လာလေသည်။

ခါးကုန်းကြီးသည် တစ်စုံတစ်ခုသော အကြောင်းကိစ္စဖြင့် သူ့အား လိုအပ်နေပေလိမ့်မည်။

သို့သော်...

သူကိုယ်တိုင်က စိတ်ဝင်စားမှ ဖြစ်ပေမည်။

ထူးခြားသော အဖြစ်အပျက်နှင့်ကြုံရပြီးနောက် သူက ယန်မျိုးနွယ်အကြောင်း စိတ်ဝင်စားသည် ဆိုပါလျှင် ယန်မျိုးနွယ်အကြောင်း သိထားသည့် ချိုယန်းကိုယ်တော်ထံသို့ သွားရောက်စုံစမ်းပေလိမ့်မည်။

ချိုယန်းကိုယ်တော်နှင့် တွေ့ဆုံပြီးမှ ရှေ့ဆက်ဆောင်ရွက်



မည်ဟူသည့်သဘောဖြစ်လေသည်။

ကျင်းရှောင်က ဘာမှမပြောသေးဘဲ ချိုယန်းကိုယ်တော်နှင့် ခါးကုန်းကြီးအား အကဲခတ်ကြည့်နေလိုက်လေသည်။

ချိုယန်းကိုယ်တော် ပြုံးလိုက်သည်။

"သူက ကျုပ်ဆီကို ရောက်လာပြီး ယန်မျိုးနွယ်အကြောင်း လာပြီးစုံစမ်းခဲ့တယ်"

ခါးကုန်းကြီးက....

"ကြုံတွေ့လိုက်ရတဲ့ အဖြစ်အပျက်ကြောင့် သူက ယန်မျိုးနွယ်တွေကို စိတ်ဝင်စားသွားတာပေါ့"

"ဟုတ်ပါတယ်၊ ဒါဆို ခါးကုန်းကြီးအတွက် အဆင်ပြေသွားပြီလား"

ခါးကုန်းကြီး ခေါင်းညိတ်လိုက်သည်။

"သူက ယန်မျိုးနွယ်အကြောင်းကို သိသွားပြီး ကျုပ်တို့ကို ကူညီမယ်ဆိုရင် သိပ်ကောင်းမှာပဲ"

ချိုယန်းကိုယ်တော်က...

"ဒါတော့ သူ့ကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းကြည့်လိုက်လေ"

"ကောင်းပါပြီ"

ခါးကုန်းကြီးက ကျင်းရှောင်ဘက်သို့ လှည့်လိုက်သည်။

လက်နှစ်ဘက်ဆုပ်ကာ ကျင်းရှောင်ကို ဂါရဝပြုလိုက်၏။

ပြီးလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ ယန်မျိုးနွယ်က အိမ်ထိန်းကြီးပါ။ မိတ်ဆွေလေးနဲ့ပြန်တွေ့ရတာကို ဝမ်းသာမိပါတယ်"

ဟု ပြောလေသည်။

ကျင်းရှောင်လည်း အခွင့်အရေးရလာသဖြင့် ရဲရဲဝံ့ဝံ့ပင် ပြောလိုက်လေသည်။

"ဦးတို့ဟာ တစ္ဆေသရဲတွေမဟုတ်ဘဲ လူသားစင်စစ်တွေပဲ မဟုတ်လားဗျာ"

ခါးကုန်းကြီး ရယ်မောလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့ဟာ လူသားစင်စစ်တွေပါ"

ကျုပ်တို့ဟူသောစကားကြောင့် သူတစ်ယောက်ထဲမဟုတ်ဘဲ အခြားသူများလည်း ရှိနေရဦးမည်ဟု ကျင်းရှောင်နားလည်လိုက်လေသည်။

ထို့ကြောင့်...

"ကျုပ်တို့ဆိုတော့ ဦးတစ်ယောက်ထဲမဟုတ်ဘဲ တခြားလူတွေ ရှိနေသေးတာပဲလားဗျာ"

ဟု မေးလိုက်သည်။

ခါးကုန်းကြီးက...

"မဆိုးဘူး။ မောင်ရင်လေးပြောတာ မှန်ပါတယ်"

အခြားသူများကိုလည်း ကျင်းရှောင် တွေ့လိုလာတော့သည်။

ခါးကုန်းကြီးက ရိပ်မိသည့်အလား...



"တခြားလူတွေနဲ့ မတွေ့ခင် ကျုပ်က ယန်မျိုးနွယ်အကြောင်းကို အရင်ပြောပြပါရစေလား"

ဟု ပြောလာလေသည်။

ကျင်းရှောင် လက်ခံလိုက်လေသည်။

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

ခါးကုန်းကြီး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ကျုပ်တို့ ယန်မျိုးနွယ်တွေဟာ အရင်က သိုင်းလောကဘန်တလျား ကျင်လည်ကျက်စားပြီး လုယက်တိုက်ခိုက်ခဲ့ကြတဲ့ လူဆိုးဓားပြတွေပါပဲ"

ယန်မျိုးနွယ်များအကြောင်း ထိုသို့အစချီလိုက်သည်။

ကျင်းရှောင် စိတ်ဝင်စားစွာ နားထောင်နေလိုက်သည်။

ခါးကုန်းကြီးက...

"ဒါပေမယ့် သခင်ကြီးယန်ကုံးရှီက မျိုးနွယ်ခေါင်းဆောင်ဖြစ်လာတော့ အတော်ကလေး ချမ်းသာကြွယ်ဝနေတဲ့အပြင် မကောင်းမှုတွေကိုဆက်ပြီး မကျူးလွန်ချင်တော့တာနဲ့ အေးအေးချမ်းချမ်းနေဖို့ ဆုံးဖြတ်လိုက်တယ်၊ တပည့်တပန်း နောက်လိုက်တွေကို ဝေစုခွဲပေးပြီး လူစုခွဲလိုက်တယ်"

ကျင်းရှောင်က...

"ဒါဟာ ကောင်းတဲ့လုပ်ရပ်ပါပဲ"

ဟု ချီးကျူးလိုက်လေသည်။

ခါးကုန်းကြီး သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် တပည့်တပန်း အများစုဟာ ဆိုးသွမ်းမိုက်မဲသူတွေ ဖြစ်ကြတော့ ဒုစရိုက်မှုတွေကို ရပ်တန့်လိုက်တာကို သိပ်ပြီးမကျေနပ်ကြဘူး၊ တစ်ချို့က ဘာမှမပြောကြပေမယ့် သခင်ကြီးအားထားရတဲ့ လက်ရုံးဖြစ်တဲ့ 'ချောင်ကျွမ်း'က ပြဿနာရှာလာတယ်လေ"

"ဘယ်လိုပြဿနာ ရှာတာလဲဗျာ"

"သူက တပည့်တပန်းတွေကို စည်းရုံးသိမ်းသွင်းပြီး ဓားပြမှုတွေကို ဆက်ပြီးကျူးလွန်ခဲ့တာ၊ သူ့ကြောင့် လူတွေက သခင်ကြီးယန်ကုံးရှီဟာ မကောင်းမှုတွေ ဆက်ပြီးကျူးလွန်နေတယ်လို့ ယူဆခဲ့ကြတယ်၊ သခင်ကြီးကို တိုက်ခိုက်ခဲ့ကြတယ်"

ကျင်းရှောင် ပင့်သက်ချလိုက်လေသည်။

ထိုကိစ္စမျိုးသည် ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စမျိုး မဟုတ်ပါလား။

ခါးကုန်းကြီးက...

"သိုင်းလောကသားတွေနဲ့ တိုက်ပွဲဖြစ်ပွားပြီး သခင်ကြီးသေဆုံးခဲ့ရတယ်၊ သခင်ကြီးအပေါ် သစ္စာရှိတဲ့လူတွေလည်း သေဆုံးခဲ့ရတယ်၊ ကျုပ်ကတော့ ကိုယ်ဝန်အရင့်အမာရှိနေတဲ့ သခင်ကြီးရဲ့ဇနီးသည့်ကိုခေါ်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့တာ၊ သည်နေရာကိုရောက်လာပြီး ပုန်းအောင်းနေထိုင်ခဲ့တာ၊ သခင်မကြီးကံဆိုးရှာပါတယ်၊ ကလေးမွေးဖွားပြီးတာနဲ့ သေဆုံးသွားရှာတယ်၊ ကျုပ်က သခင်ကြီးရဲ့ကလေးကို ဆက်လက်ပြုစုစောင့်ရှောက်ရင်း သည်မှာ



ဆက်နေခဲ့တာ၊ သည်နေရာကို ဘယ်သူမှမလာဝံ့အောင် တစ္ဆေသရဲခြောက်လှန့်တယ်လို့ ဖန်တီးထားခဲ့ရတာပါပဲ"

အဖြစ်မှန်ကို ရှင်းပြလေသည်။

ကျင်းရှောင် ပြုံးလိုက်သည်။

"ကျွန်တော် သဘောပေါက်ပါပြီ၊ ကျွန်တော် ဘယ်လိုကူညီရမလဲဆိုတာသာ ပြောပြပါခင်ဗျာ"

ခါးကုန်းကြီးက...

"ပွင့်ပွင့်လင်းလင်းပြောရရင် သခင်ကြီး ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့ 'ချောင်ကျွမ်း'ကို ဆုံးမပေးဖို့ပါပဲ၊ သူက လူဆိုးကြီးတစ်ယောက် ဖြစ်သလို သခင်ကြီးမရှိတော့တဲ့နောက်မှာ သခင်မလေးကို ဒုက္ခပေးဖို့ ကြိုးစားနေလို့ပါ"

ကျင်းရှောင်က...

"ချောင်ကျွမ်းက ယန်သခင် စုဆောင်းထားတဲ့ပစ္စည်းတွေကို လိုချင်မက်မောနေတာပဲဖြစ်မယ် ထင်ပါတယ်"

ခါးကုန်းကြီး ဝန်ခံလိုက်လေသည်။

"ဒါအမှန်ပါပဲ၊ ချောင်ကျွမ်းက ဓားပြတိုက်လို့ရသမျှကို သခင်ကြီးက ခေါင်းပုံဖြတ်တယ်၊ အပိုင်စီးတယ်ဆိုပြီး မကျေမနပ်ဖြစ်နေခဲ့တာ ကြာပါပြီ"

ကျင်းရှောင်က...

"ဝါရင့်လူဆိုးကြီးတစ်ယောက်ကို ကျွန်တော် ဆုံးမနိုင်မယ်လို့ ဦးယူဆထားတာလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်းကြီးက...

"မောင်ရင်လေးဟာ ထိပ်ထိပ်ကျဲ သိုင်းဆရာကြီးကျင်းထိုက်ရဲ့သားဖြစ်ပြီး တစ်နှစ်မှာ သုံးလ ထိုက်ယင်မြို့က စာဆိုတော်ကြီးဝမ်းလွေခုံးဆီမှာ စာပေပညာလာပြီး သင်ယူလေ့ ရှိတယ်ဆိုတာ ကျုပ်တို့ သိထားပြီးပါပြီ"

ကျင်းရှောင်သည် ကြုံတွေ့နေရသောကိစ္စများမှာ တိုက်ဆိုင်ခြင်းမဟုတ်ဘဲ ချီယန်းကိုယ်တော်နှင့် ခါးကုန်းကြီးတို့က ကြိုတင်စီမံထားသောကိစ္စ ဖြစ်နေကြောင်း နားလည်လိုက်ရပြန်လေသည်။

ချီယန်းကိုယ်တော်နှင့် ခါးကုန်းကြီးတို့သည် သူ့အကြောင်းကို ကြိုတင်စုံစမ်းသိရှိထားပြီး သူ့အား အကူအညီတောင်းဖို့ရည်ရွယ်ထားကြောင်း ပေါ်လွင်ထင်ရှားနေသည် မဟုတ်ပါလား။

ချီယန်းကိုယ်တော်က...

"ကျုပ်ဟာ ယန်သခင်ကြီးရဲ့ကျေးဇူးရှိတဲ့ လူတစ်ယောက်ပါ ဒါကြောင့် လူယုတ်မာချောင်ကျွမ်းရဲ့ အန္တရာယ်ကို ကာကွယ်နိုင်အောင် ခါးကုန်းကြီးကို ကူညီဖို့ ကြိုးစားနေတာပါပဲ"

အမှန်အတိုင်း ဝန်ခံပြောကြားလိုက်လေသည်။

ခါးကုန်းကြီးက...

"သိုင်းဆရာကြီးကျင်းထိုက်ဟာ တိုင်းပြည်နဲ့တဝှမ်း ထင်ရှားကျော်ကြားတဲ့ ဆရာကြီးတစ်ယောက်ပါပဲ၊ မိတ်ဆွေလေးဟာ ဖခင်ကြီးရဲ့ပညာအမွေရထားတော့ ကျုပ်တို့ကို ကူညီနိုင်မယ်လို့ ယုံကြည်ထားပါတယ်"



ဟု အားကိုးအားထားပြုသောလေသံဖြင့် ပြောလေသည်။

ကျင်းရှောင်က...

"ကျွန်တော် တစ်ခုပြောချင်ပါတယ်"

"ပြောပါ မိတ်ဆွေလေး၊ ပြောပါ"

"ချောင်ကျွမ်းကို ဆုံးမဖို့ သိုင်းလောကသားတွေကို အကူအညီတောင်းလို့ မဖြစ်ဘူးလားဗျာ"

ကျင်းရှောင်၏စကားကြောင့် ခါးကုန်းကြီး သက်ပြင်းချလိုက်လေသည်။

"ချောင်ကျွမ်းဟာ အင်မတန် ကောက်ကျစ်စဉ်းလဲတဲ့ လူတစ်ယောက်ပါပဲ၊ သူက သခင်ကြီးအပေါ် သစ္စာဖောက်ပြီး တပည့်တပန်းတွေကို စည်းရုံးသိမ်းသွင်းခဲ့တယ်၊ ဓားပြဂိုဏ်းကိုဆက်ပြီး ထူထောင်တယ်၊ ဒါပေမယ့် အများရှေ့မှာတော့ နောင်တရပြီး အများအကျိုးဆောင်ရွက်နေတဲ့ လူကြီးလူကောင်းတစ်ယောက်အသွင် ဟန်ဆောင်နေခဲ့တာပါ"

"ဒါကို သိုင်းလောကသားတွေက လက်ခံကြတာပဲလားဗျာ"

"ချောင်ကျွမ်းက နောင်တရနေပြီဆိုပြီး သိုင်းလောကသားတွေနဲ့ ဆက်သွယ်ခဲ့တယ်၊ တကယ် နောင်တရနေတဲ့ သခင်ကြီးရှိနေတဲ့နေရာကို လမ်းညွှန်ပေးတယ်၊ သခင်ကြီးရဲ့မကောင်းကြောင်းပြောပြီး တိုက်ပွဲမှာလည်း သူကိုယ်တိုင် ပါဝင်ခဲ့တယ်၊ သူက ဉာဏ်များပြီးလှည့်ပတ်ပြောဆိုတတ်တာကို မသိတဲ့ သိုင်းလောကသား

www.burmeseclassic.com

www.burmeseclassic.com



တွေက သူ့စကားကို လိုက်ကြည်နေကြတယ်လေ”

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

“လောကပေါ်မှာ သည်လိုလူစားတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်ခင်ဗျာ”

ခါးကုန်းကြီးက...

“လူတွေက သခင်ကြီးကို လူဆိုးကြီးလို့ သတ်မှတ်ပြီး ချောင်ကျွမ်းကတော့ နောင်တရနေပြီလို့ လက်ခံလိုက်ကြတာ၊ အင်မတန် ရယ်စရာကောင်းတာပါပဲ၊ ချောင်ကျွမ်း လုပ်ချင်ရာလုပ်လို့ရသွားတာပေါ့။ သူက ဓားပြမှုတွေ ကျူးလွန်ပြီး သခင်ကြီးခေါင်းပေါ် အပြစ်ပုံချတယ်လေ၊ ပြီးတော့ သခင်ကြီးကို တိုက်ခိုက်ဖို့ သိုင်းလောကသားတွေကို သူပဲလှုံ့ဆော်ခဲ့တာ၊ သူပဲ သခင်ကြီးရဲ့ခြံဝင်းကို ဘယ်လိုစီးနင်းတိုက်ခိုက်ချေမှုန်းရမယ်ဆိုတာ လက်ထောက်ချခဲ့တာ”

ချောင်ကျွမ်းကို အလွန်မုန်းတီးစိတ်နာနေကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ကျင်းရှောင်က...

“ကျွန်တော်က ချောင်ကျွမ်းရဲ့မကောင်းမှုတွေကို ဖော်ထုတ်ပေးရမယ်ဆိုပါတော့”

ခါးကုန်းကြီးက...

“ဟုတ်ပါတယ်၊ ချောင်ကျွမ်းရဲ့ ဇာတိရုပ်ပေါ်လွင်သွားအောင်လုပ်နိုင်မှ သခင်မလေး ချမ်းသာရာရမှာပါ၊ ဒါမှမဟုတ်ရင် ချောင်ကျွမ်းက သိုင်းလောကသားတွေရဲ့ ထောက်ခံမှုကို လှည့်ဖြား



ရယူပြီး သခင်မလေးကို ဆက်ပြီးဒုက္ခပေးဦးမှာပါပဲ”

ကျင်းရှောင်က မေးလိုက်သည်။

“သခင်မလေးဆိုတာက...”

“ယန်သခင်ကြီးရဲ့ တစ်ဦးတည်းသော သမီးလေးယန်ချင်းချင်းကို ပြောတာပါ”

“သူက သည်မှာ ရှိနေတာပဲလား”

“ဟုတ်ပါတယ်”

“သူ့ကို ကျွန်တော် တွေ့ခွင့်ရနိုင်မလားဗျာ”

ခါးကုန်းကြီး သက်ပြင်းချလိုက်သည်။

“သခင်မလေးဟာ အားလုံးကိုကြောက်လန့်နေပါတယ်၊ လူစိမ်းတွေဆိုရင် မတွေ့ဝံ့တာကြောင့် သည်းခံဖို့တောင်းပန်ပါတယ်”

ကျင်းရှောင် ပြုံးလိုက်သည်။

“ဒါဆိုလည်း ကိစ္စမရှိပါဘူးဗျာ”

ထိုစဉ် ရှီယန်းကိုယ်တော်က ကြားဝင်ပြောလိုက်လေသည်။

“သခင်လေးရဲ့ဖခင် ဆရာကြီးကျင်းထိုက်သာ သည်ကိစ္စကို သိသွားပြီး အဖြစ်မှန်ကို နားလည်သဘောပေါက်မယ်ဆိုရင် သူက ချောင်ကျွမ်းကို ဆုံးမနိုင်မှာပါ”

ယခု...

ရှီယန်းကိုယ်တော်နှင့် ခါးကုန်းကြီးတို့က အဘယ်ကြောင့် သူ့အား အကူအညီတောင်းနေသည်ကို ကျင်းရှောင် ရှင်းရှင်းလင်းလင်း ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမှတဆင့် ဖခင်ကြီးကျင်းထိုက် သိရှိသွားကာ ဖြေရှင်းပေးနိုင်မည်ဟု မျှော်လင့်ထားကြခြင်း ဖြစ်လေသည်။

ကျင်းရှောင်က ယန်သခင်မလေးအား ကူညီဖို့၊ ချောင်ကျွမ်းကိုဆုံးမပေးဖို့ ဖခင်ကြီးကို တိုက်တွန်းပေးစေလိုကြခြင်း ဖြစ်ပါတော့သည်။

ခါးကုန်းကြီးက...

"မိတ်ဆွေလေး ကူညီမယ် မဟုတ်လားဗျာ"

ဟု မေးလာလေသည်။

ကျင်းရှောင်လည်း သဘောတူလိုက်လေသည်။

"စိတ်ချပါ။ ကျွန်တော် ကူညီပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်ကို အချိန်နည်းနည်းလောက် ပေးစေချင်ပါတယ်ခင်ဗျာ"

"ရပါတယ် မိတ်ဆွေလေးရယ်၊ ကျုပ်တို့ကို ကူညီမယ်ဆိုတာပဲ ကျေးဇူးတင်လှပါပြီ"

ချီယန်းကိုယ်တော်ကလည်း ကျေးဇူးတင်စကား ပြောလေသည်။

ထို့နောက်...

"ကဲ ကျုပ်တို့ ပြန်ကြပါစို့"

"ကောင်းပါပြီ"

ချီယန်းကိုယ်တော်က ပြန်ရန်ပြောရာ ကျင်းရှောင်က သဘောတူလိုက်လေသည်။

နှစ်ယောက်သား ခါးကုန်းကြီးကိုနှုတ်ဆက်ကာ ထွက်လာခဲ့



ကြရင်း ညှော်ခန်းနံရံ၌ ချိတ်ဆွဲထားသော ပန်းချီကားချပ်များထဲ၌ မိန်းမချောလေးတစ်ယောက်၏ ပုံတူပန်းချီကားတစ်ချပ် ပါဝင်နေသည်ကို အမှတ်မထင် သတိပြုမိလိုက်လေသည်။

ပထမတစ်ကြိမ် ရောက်ရှိခဲ့စဉ်က ညအချိန်ဖြစ်၍ ကောင်းစွာ သတိမထားမိခဲ့ခြင်း ဖြစ်လေသည်။

ကျင်းရှောင်သည် မိန်းကလေး၏ ပုံတူပန်းချီကားကိုကြည့်ရင်း ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ခံစားလာရလေသည်။

မိန်းကလေးမှာ နတ်မိမယ်လေးအလား ချောမောလှပနေသည် မဟုတ်ပါလား။

ကျင်းရှောင်က မိန်းကလေး၏ပန်းချီကားကို ငေးမောကြည့်ပြီးနောက် သက်ပြင်းချကာ ချီယန်းကိုယ်တော်နောက်သို့ လိုက်ပါသွားရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## သတင်းဆိုး

ထိုက်ယင်မြို့...။

ကျင်းရှောင်သည် ထိုက်ယင်မြို့ရှိ စာဆိုတော်ကြီးဝမ်းလွေခုံး၏အိမ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

ဝမ်းလွေခုံးကား အိမ်ပြန်ရောက်မလာသေးပါ။

ထင်းစန်းနှင့် အိမ်ဖော်လုလင်ကူးအန်းတို့က ဆီးကြိုလိုက်ကြလေသည်။

ကျင်းရှောင် အကဲခတ်လိုက်ရာ နှစ်ယောက်စလုံး မျက်နှာပျက်ကာ ပျာပျာသလဲဖြစ်နေသည်ကို သတိပြုမိလိုက်လေသည်။

ကျင်းရှောင်က...

"ထင်းစန်း...ငါမရှိတုန်း ဘာတွေဖြစ်နေတာလဲ"

ဟု မေးလိုက်လေသည်။

ထင်းစန်းက...



"သခင်လေးကို အမြန်ဆုံး ပြန်လာဖို့ အိမ်တော်ထိန်းကြီးက ဆက်သားလွှတ်ပြီး အကြောင်းကြားလိုက်ပါတယ် ခင်ဗျာ"

ထိုစကားကြောင့် ကျင်းရှောင် မျက်မှောင်ကုပ်သွား၏။

"ဖေဖေက တစ်ခါမှ သည်လိုမခေါ်ဖူးပါဘူး။ သည်နှစ်မှ ဘယ်လိုဖြစ်တာလဲ"

ထင်းစန်းက...

"ဆက်သားကတော့ သခင်ကြီးဟာ သိုင်းလောကပြဿနာတစ်ရပ်နဲ့ကြုံတွေ့နေရပြီး အန္တရာယ်ရှိနေတာမို့ သခင်လေး အမြန်ဆုံးပြန်လာပါလို့ ပြောသွားပါတယ်"

ကျင်းရှောင် ရင်ထိတ်သွား၏။

သိုင်းလောကသည် ပြဿနာများ၊ တိုက်ပွဲများဖြင့် ပြည့်လျှမ်းနေသော လောကတစ်ခုဖြစ်သည်။

သိုင်းလောကသားများအတွက် အခက်အခဲအန္တရာယ်များ၊ ပြဿနာများသည် အချိန်မရွေးရင်ဆိုင်ရတတ်သောကိစ္စ မဟုတ်ပါလား။

ကျင်းရှောင်လည်း ဖခင်ကြီးအတွက် စိတ်ပူလာလေတော့သည်။

ထို့ကြောင့်...

"ဒါဆိုလည်း တို့ပြန်ကြတာပေါ့"

ဟုပြောကာ ထင်းစန်းကို အထုပ်အပိုးပြင်ခိုင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးအန်းကိုလည်း ဆရာကြီးဝမ်းလွှခုံး ပြန်လာပါက အကျိုးအကြောင်း ပြောပြရန် မှာကြားကာ ချီယန်းကိုယ်တော်ကိုပင် နှုတ်မဆက်နိုင်ဘဲ ထိုက်ယင်မြို့မှ ချက်ချင်းထွက်လာခဲ့ကြရလေတော့သည်။

♠ ♠ ♠

ဖခင်ကြီးအတွက် စိတ်ပူနေသော ကျင်းရှောင်သည် ခရီးပြင်းနှင်လိုက်ရာ ဆယ်ရက်ခန့်အကြာတွင် သူ၏အိမ်ဂေဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်ရှိသွားခဲ့လေသည်။

ကျင်းရှောင် အိမ်ပြန်ရောက်သည်နှင့်...

"ဖေဖေကော"

အိမ်ထိန်းကြီးကို မေးလိုက်လေသည်။

အိမ်ထိန်းကြီးက...

"သခင်ကြီး ခရီးထွက်သွားပါတယ်၊ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်၊ သခင်လေးလည်း ခရီးပမ်းလာတယ် မဟုတ်လား၊ အနားယူလိုက်ပါဦး"

မည်သို့ဆိုစေ...

ဖခင်ကြီးအတွက် စိတ်ပူနေသော ကျင်းရှောင်မှာ အေးအေးဆေးဆေး အနားမယူနိုင်ပါချေ။

ညှို့ခန်းထဲရောက်လျှင် ခုံတစ်လုံး၌ ခြေပစ်လက်ပစ်ထိုင်ချ



လိုက်ပြီးလျှင်...

"ဖေဖေ အန္တရာယ်ကြုံနေတယ်ဆိုလို့ ကျွန်တော် ချက်ချင်းပြန်လာခဲ့တာ"

အိမ်ထိန်းကြီးက...

"သခင်ကြီး အန္တရာယ်ကြုံနေရတယ်ဆိုတာက ကျန်းနန်မှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုတစ်ခုကြောင့်ပါ သခင်လေး"

ကျင်းရှောင်က...

"ကျန်းနန်မှာ ဟုတ်လား၊ ဘယ်သူ အသတ်ခံလိုက်ရတာလဲဗျာ"

"ဆရာဖုန်းရှင်ပါ"

"ဗျာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ကျင်းရှောင် ထိတ်လန့်သွားလေသည်။

"ဆရာဖုန်းရှင် ဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး"

ကျင်းရှောင်က...

"ကျွန်တော် ထိုက်ယင်မြို့ကို မသွားခင်တစ်လလောက်အလိုက ဆရာဖုန်းရှင်ဆီကို ဖေဖေသွားခဲ့သေးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး၊ ဆရာဖုန်းရှင်က ဖိတ်ခေါ်တာနဲ့သွားခဲ့တာပါ"

ဆရာဖုန်းရှင်နှင့် ကျင်းထိုက်တို့သည် ဆရာကြီးတစ်ဦးထံ၌

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ကြားခဲ့သော ပညာသင်ဘက်သွေးသောက်ညီအစ်ကိုများ ဖြစ်ကြလေသည်။

ဆရာဖြစ်သူ ကွယ်လွန်သွားပြီးနောက် ပညာသင်ဘက် ညီအစ်ကိုနှစ်ယောက် စိတ်ဝမ်းကွဲခဲ့ကြလေသည်။

ဆရာဖြစ်သူ ထားရစ်ခဲ့သော သိုင်းကျမ်းတစ်ခုအား ဖုန်းရှင် ကလက်ဝါးကြီးအုပ် အပိုင်စီးထားခြင်းကြောင့်ဖြစ်သည်။

သို့ဖြင့်...

ကျင်းထိုက်နှင့်ဖုန်းရှင်တို့နှစ်ယောက် နှစ်ပေါင်းအတော်ကြာ အောင် စကားမပြော၊ အဆက်အသွယ် မလုပ်တော့ချေ။

မကြာသေးမီကမှ ဖုန်းရှင်က အရေးကြီးသဖြင့် သူ့ထံသို့ လာဖို့ ကျင်းထိုက်အား ဖိတ်ခေါ်ခဲ့လေသည်။

မည်သို့သော အရေးကြီးကိစ္စဆိုသည်ကို ဖခင်ကြီးသာ သိ လိမ့်မည်ဖြစ်သည်။ ကျင်းရှောင် မသိပါချေ။

ကျင်းထိုက်သည် ဖုန်းရှင်ထံမှ ပြန်လာပြီး မရှင်မပျ ဖြစ်နေ ခဲ့ကြောင်း ကျင်းရှောင် သတိပြုမိခဲ့လေသည်။

ကျင်းရှောင်က...

"ဆရာဖုန်းရှင်နဲ့ ဖေဖေဟာ သွေးသောက်ညီအစ်ကိုတွေ ဖြစ်ကြပေမယ့် သဘောထားမတိုက်ဆိုင်လို့ စကားမပြော၊ အဆက် အသွယ်မလုပ်ဘဲနေခဲ့တာ နှစ်အတော်ကြာခဲ့ပါပြီ၊ ဆရာဖုန်းရှင်က ဖိတ်ခေါ်လိုက်တာ ထူးဆန်းနေတယ်၊ ဖေဖေ ပြန်လာတော့လည်း မရှင်မပျဖြစ်နေခဲ့တာ အိမ်ထိန်းကြီး သတိပြုမိမှာပါ"



"ဟုတ်ပါတယ် သခင်လေး"

"ကျွန်တော်ကတော့ သိုင်းကျမ်းကိစ္စနဲ့ ပြဿနာတစ် ခုခုဖြစ်နေတယ်လို့ ထင်မိတာပဲ"

အိမ်ထိန်းကြီး ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း သည်လိုထင့်မိပါတယ်၊ ဒါပေမယ့် သခင်ကြီး က ဘာမှမပြောတော့ ကျုပ်လည်း မမေးဝံ့ပါဘူး"

ကျင်းရှောင်က...

"ဆရာဖုန်းရှင် လုပ်ကြံခံရတယ်ဆိုတော့ ဘယ်သူက လုပ် ကြံတာလဲ"

ဟု မေးလိုက်သည်။

အိမ်ထိန်းကြီး ခေါင်းခါယမ်းလိုက်သည်။

"ခုထိ မသိရသေးပါဘူး သခင်လေး"

ကျင်းရှောင်က...

"ဖေဖေက ဆရာဖုန်းရှင်ဆီကို သွားတာလား"

အိမ်ထိန်းကြီးက...

"မပြောတတ်ပါဘူး သခင်လေး"

"ဒါဖြင့်"

"သခင်ကြီးဟာ ဆရာဖုန်းရှင် လုပ်ကြံခံရတယ်လို့ သတင်း ကြားတာနဲ့ ဂိုဏ်းချုပ်လေးယောက်ကို သွားတွေ့ရမယ်ဆိုပြီး ထွက် သွားတာပါ"

"ဂိုဏ်းချုပ်လေးယောက် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သခင်လေး"

"သူတို့က..."

အိမ်ထိန်းကြီးက ကျင်းထိုက်သွားတွေ့မည့် ဂိုဏ်းချုပ်လေးယောက်အကြောင်း ပြောပြလိုက်လေသည်။

'ကြယ်ဂိုဏ်းချုပ်စုဟန်'၊ 'မိုးမြေဂိုဏ်းချုပ်ဝေချီ'၊ 'ခုံတုံဂိုဏ်းချုပ်ယန်ကိုး'နှင့် 'ဓားဂိုဏ်းချုပ်'တို့ဖြစ်လေသည်။

ထိုဂိုဏ်းချုပ်လေးယောက်မှာ ထိပ်သီးဂိုဏ်းချုပ်ကြီးများ မဟုတ်ကြသော်လည်း သိုင်းလောက၌ နာမည်ရှိကြသူများ ဖြစ်လေသည်။

ထိုဂိုဏ်းချုပ်လေးယောက်မှာ ဖခင်ကြီးနှင့် ပတ်သက်စရာအကြောင်းမရှိဟု ကျင်းရှောင် တွေးမိလေသည်။

"ဖေဖေက သည်ဂိုဏ်းချုပ်လေးယောက်ဆီကို ဘာကြောင့်သွားရတာလဲ"

ဟု ရေရွတ်လိုက်လေသည်။ အိမ်ထိန်းကြီးက...

"သခင်ကြီးဟာ ဆရာဖုန်းရှင်နဲ့ တွေ့ပြီး ဘာတွေဆွေးနွေးခဲ့တယ်ဆိုတာ မသိရပါဘူး။ ဆရာဖုန်းရှင် လုပ်ကြံခံလိုက်ရတဲ့သတင်းကြားတာနဲ့ဂိုဏ်းချုပ်လေးယောက်နဲ့ သွားတွေ့ရမယ်လို့ပြောပြီး ထွက်သွားတာပါ"

ကျင်းရှောင်က...

"ဖေဖေ ခရီးထွက်သွားတာ ကြာပြီလားဗျာ"

အိမ်ထိန်းကြီးက...



"သိပ်မကြာသေးပါဘူး။ ရက်နှစ်ဆယ်လောက်ပဲ ရှိပါသေးတယ်"

ကျင်းရှောင်က...

"ဖေဖေ့နောက်ကို ကျွန်တော်လိုက်သွားရင် ကောင်းမလားဗျာ"

အိမ်ထိန်းကြီးက...

"သခင်ကြီးက သခင်လေး အိမ်ပြန်ရောက်ရင် ဘယ်မှမသွားဘဲ သူပြန်ရောက်လာတဲ့အထိ အိမ်မှာပဲစောင့်နေဖို့ မှာကြားသွားပါတယ်"

ကျင်းရှောင် ဘာမှမတတ်နိုင်တော့ပါ။

ဖခင်ကြီး ပြန်ရောက်လာသည်အထိ အိမ်မှာပဲ စောင့်နေရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်။

နှစ်ရက်။

သုံးရက်။

ကျင်းရှောင် အိမ်ပြန်ရောက်လာခဲ့သည်မှာ သုံးရက်ရှိသွားပြီဖြစ်သည်။

ထိုသုံးရက်အတွင်း ဖခင်ကြီးအား စိုးရိမ်ပူပန်မှုဖြင့် ကျင်းရှောင် နေမထိထိုင်မသာ ဖြစ်ခဲ့ရလေသည်။

ဖခင်ကြီး၏သတင်းကို မကြားရသဖြင့် ဖခင်ကြီးနောက်သို့ လိုက်သွားလိုစိတ်များ ပြင်းထန်လာလေတော့သည်။

သို့ဖြင့်…

လေးရက်မြောက်သောနေ့တွင် ဖခင်ကြီးနှင့် ပတ်သက်သောသတင်းဆိုးတစ်ခုကို ကြားလိုက်ရလေတော့သည်။

♠ ♠ ♠



လေးရက်…။

ယနေ့သည် ကျင်းရှောင် အိမ်ပြန်ရောက်လာသည့် လေးရက်မြောက်နေ့ ဖြစ်လေသည်။

နံနက်ခင်း သာသာယာယာ ရှိနေချိန်၌ ကျင်းရှောင်၏အိမ်သို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာ၏။

ထိုဧည့်သည်မှာ မြို့တော်ဝန်၏အဏာသားခေါင်းဆောင် ဝမ်းထုံဖြစ်သည်။ ဝမ်းထုံသည် ဖခင်ကြီးနှင့် ရင်းနှီးသူဖြစ်၍ ကျင်းရှောင်က ဖျာဖျာသလဲ ခရီးဦးကြိုပြုလိုက်လေသည်။

"ဦးလေးဝမ်းထုံ ရောက်လာတာကိုး ကြွပါ..ကြွပါ"

ဝမ်းထုံက…

"ငါ့တူကျင်းရှောင်..မင်းအဖေကော ရှိတယ် မဟုတ်လား"

ကျင်းရှောင်က…

"ဖေဖေ ခရီးထွက်သွားပါတယ် ဦးလေးဝမ်းထုံ"

"ဪ…ခရီးထွက်သွားတာပဲ"

"ဟုတ်ပါတယ် ကိစ္စရှိလို့လားဗျာ"

ဝမ်းထုံက…

"အင်း ပြောရရင်တော့ ကျန်းနန့်မှာ သိုင်းဆရာဖုန်းရှင် အသတ်ခံရတဲ့ကိစ္စဟာ ဆရာကျင်းထိုက်ရဲ့လက်ချက်လို့ သတင်းတွေ ထွက်ပေါ်နေတာကြားလို့ လာပြီးသတိပေးတာပါ"

ကျင်းရှောင် ထိတ်လန့်သွားသည်။

"ဒါ..ဒါ..တကယ်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"သည်လိုပဲ သတင်းတွေထွက်နေတာ"

"ဟုတ်ကဲ့ ဖေဖေ ပြန်ရောက်လာတာနဲ့ ကျွန်တော်ပြောပြလိုက်ပါ့မယ်"

"ကဲ ကျုပ်လည်း တခြားကိစ္စတွေ ရှိနေလို့သွားခွင့်ပြုဦး"

"ကောင်းပါပြီ ခင်ဗျာ"

ကျင်းရှောင်က ဝမ်းထုံအား ခြံဝသို့ရောက်အောင် လိုက်လံပို့ဆောင်ပေးလိုက်လေသည်။

ဝမ်းထုံ ပြန်သွားလျှင်..

"အိမ်ထိန်းကြီး ဆရာဖုန်းရှင်လုပ်ကြံခံရတာ ဖေဖေ့ရဲ့လက်ချက်လို့ သတင်းတွေ ထွက်ပေါ်နေတယ်လို့ ဆရာဝမ်းထုံက သတိပေးသွားပါတယ်"

အိမ်ထိန်းကြီး ထိတ်လန့်သွားလေသည်။

"သခင်ကြီးရဲ့လက်ချက် ဟုတ်လား"

"ဆရာဝမ်းထုံကတော့ သည်အတိုင်း ပြောသွားတာပဲ"

အိမ်ထိန်းကြီးက...

"သခင်ကြီးသာ သည်သတင်းကိုကြားရင် ကျိန်းသေဖြေရှင်းမှာပဲ"

"ဖေဖေ့နောက်ကို ကျွန်တော် လိုက်သွားရင် ကောင်းမလား"

"သခင်လေး ဆန္ဒမစောပါနဲ့၊ သခင်ကြီး မကြာခင် ပြန်လာမှာပါ"



အိမ်ထိန်းကြီးက ဖျောင်းဖျလိုက်လေသည်။

ကျင်းရှောင် အားမလိုအားမရ ဖြစ်သွားလေသည်။

ထိုအချိန်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

အပြင်ဘက်မှ မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♠ ♠ ♠

မြင်းလှည်းတစ်စီး ရောက်ရှိလာလေသည်။

ကျင်းရှောင် အံ့ဩသွား၏။

သူတို့ထံသို့ မြင်းလှည်းဖြင့်လာရောက်တတ်သော ဧည့်သည်မရှိဖူးချေ။

"ဘယ်က ဧည့်သည်များပါလိမ့်"

တွေးတောရင်း အိမ်ရှေ့သို့ ထွက်လိုက်လေသည်။

မြင်းလှည်းက ခြံဝင်းအတွင်းသို့ ဝင်လာပြီး အိမ်ရှေ့သို့ရောက်ရှိလာလေသည်။

မြင်းလှည်း ရပ်လိုက်သည်နှင့် မြင်းလှည်းသမားက ခုန်ဆင်းလာကာ တံခါးဖွင့်ပေးလိုက်သည်။

ထို့နောက် လူတစ်ယောက် မြင်းလှည်းပေါ်မှ ဆင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဖေးမလိုက်လေသည်။

ကျောင်းရှောင်က နားမလည်နိုင်စွာဖြင့် ကြည့်နေ၏။

မြင်းလှည်းပေါ်မှ ဆင်းလာသူကိုမြင်လျှင် ကျောင်းရှောင် ထိတ်လန့်သွားလေတော့သည်။

ထိုလူမှာ သူ၏ဖခင်ကျောင်းထိုက်ဖြစ်နေသည် မဟုတ်ပါလား။

"ဖေဖေ"

ကျောင်းရှောင် အထိတ်တလန့် ဖြစ်ကာ ဖခင်ကြီးထံသို့ ပြေးသွားလိုက်လေသည်။

ကျောင်းထိုက်မှာ လူမမာတစ်ယောက်ကဲ့သို့ မျက်နှာဖြူဖတ်ဖြူရော်ဖြစ်နေပြီး အားအင်ကုန်ခန်းကာ မောပန်းနွမ်းနယ်နေပုံရလေသည်။

ကျောင်းရှောင် စိုးရိမ်တကြီး ပြေးလာသည်ကိုမြင်လျှင် အားယူကာ ပြုံးလိုက်လေသည်။

"ဖေဖေ ဘာမှမဖြစ်ပါဘူးသားရယ်၊ မစိုးရိမ်ပါနဲ့၊ ကဲ အိမ်ထဲဝင်ရအောင်"

"ဟုတ်ကဲ့ ဖေဖေ"

ကျောင်းရှောင်နှင့် မြင်းလှည်းသမားတို့နှစ်ယောက်က ကျောင်းထိုက်ကို ဖေးမကာ အိမ်ထဲခေါ်ဆောင်သွားကြလေသည်။

အိမ်ထိန်းကြီးကလည်း နေရာထိုင်ခင်း အသင့်ပြင်ဆင်ပေးလိုက်လေသည်။



ကျောင်းထိုက်က မြင်းလှည်းသမားကို ကျေးဇူးတင်စကားပြောကာ ဆုငွေများပေးပြီး ပြန်လွှတ်လိုက်၏။

မြင်းလှည်းသမား ပြန်သွားတော့မှ...

"ဘယ်လိုဖြစ်ရတာလဲ ဖေဖေရယ်"

ကျောင်းရှောင်က မချိတင်ကဲ မေးလိုက်လေသည်။

ကျောင်းထိုက်က...

"ဖေဖေ အိမ်ကိုပြန်လာတာ လမ်းမှာမဟန်နိုင်တော့လို့ မြင်းလှည်းငှားပြီး လိုက်လာခဲ့ရတာ"

ဖခင်ကြီးမှာ ပြင်းထန်သောတိုက်ပွဲတစ်ခုဆင်နွှဲခဲ့ရကြောင်း ကျောင်းရှောင် သတိပြုမိလိုက်လေသည်။

ဂိုဏ်းချုပ်လေးယောက်နှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

ကျောင်းရှောင် ခံပြင်းဒေါသထွက်လာလေတော့သည်။

ကျောင်းထိုက်က...

"ငါ့သားက ဦးလေးဖုန်းရှင် လုပ်ကြံခံလိုက်ရတာကို သိပြီးပြီထင်တယ်"

ဟု မေးလာလေသည်။

ကျောင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သိပြီးပါပြီ ဖေဖေ"

ကျောင်းထိုက်က...

"ဦးလေးဖုန်းရှင်ဟာ သူအပိုင်စီးထားခဲ့တဲ့ သိုင်းကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒုက္ခရောက်ခဲ့ရတာ”

“သူ့ကို ဘယ်သူက လုပ်ကြံလိုက်တယ်ဆိုတာ ဖေဖေသိသလားဟင်”

“သိတယ်၊ ဂိုဏ်းချုပ်လေးယောက်ပဲ”

ကျင်းရှောင် အံကြိတ်လိုက်သည်။

“ဂိုဏ်းချုပ်လေးယောက်နဲ့ ကျွန်တော် ရင်ဆိုင်မယ်”

ဟု လွှတ်ခနဲ ပြောလိုက်လေသည်။

ကျင်းထိုက်က သက်ပြင်းချလိုက်သည်။

“သား ဂိုဏ်းချုပ်လေးယောက်ဟာ အစ်ကိုကြီးဖုန်းရှင်ဆီက သိုင်းကျမ်းကို လိုချင်နေကြတယ်၊ ဒါကြောင့် သူ့ကိုအကောက်ကြံပြီး လုပ်ကြံခဲ့ကြတာ၊ ပြီးတော့ ဖေဖေ့ကို အပြစ်ပုံချကြတယ်၊ ဖေဖေက သူတို့နဲ့သွားပြီး ဖြေရှင်းတော့”

ကျင်းထိုက်သည် သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

♠ ♠ ♠



ကျင်းထိုက်သည် ဖုန်းရှင်လုပ်ကြံခံရသည့်ကိစ္စအား ဖြေရှင်းရန် ဂိုဏ်းချုပ်လေးယောက်ထံသို့ သွားခဲ့လေသည်။

ဦးဆုံး မိုးမြေဂိုဏ်းချုပ်ဝေချီထံသို့ ရောက်ရှိသွားခြင်း ဖြစ်လေသည်။

ဝေချီက ကျင်းထိုက်ကို ပျူပျူငှာငှာ ကြိုဆိုလေသည်။

“ဆရာကျင်းထိုက် ရောက်လာတာကြုံး ကျုပ်တို့ကလည်း ဆရာကျင်းထိုက်ကို တွေ့ချင်နေတာပါ”

ကျင်းထိုက်က...

“ကျုပ်တို့ဆိုတော့ ခင်ဗျားတို့ဂိုဏ်းချုပ်လေးယောက်လားဗျာ”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်”

“နေပါဦး၊ ကျုပ်ကို တွေ့ချင်နေတယ်ဆိုတော့ ခင်ဗျားတို့မှာ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်”

ဝေချီက...

“ရှိတာပေါ့ဗျာ၊ ခင်ဗျားက ဆရာဖုန်းရှင်ကို အကောက်ကြံပြီး သတ်ပစ်လိုက်တယ်လို့ သတင်းကြီးနေတာပဲ မဟုတ်လား”

“ဘာဗျ”

“ခင်ဗျားတို့ ပညာသင်ဘက်ညီအစ်ကိုနှစ်ယောက်ဟာ သိုင်းကျမ်းတစ်ခုနဲ့ ပတ်သက်ပြီး စကားတောင်မပြောတော့ဘဲ အဆက်ဖြတ်ထားခဲ့ကြတာကို သိုင်းလောကတစ်ခုလုံးက သိထားကြပါတယ်ဗျာ”

www.burmeseclassic.com



ကျင်းထိုက် မဲ့ပြုံးပြုံးလိုက်သည်။

“ကျုပ်တို့နှစ်ယောက် အဆင်မပြေကြတာ၊ စကားမပြောကြတာနဲ့ ကျုပ်က သူ့ကိုလုပ်ကြံရမှာတဲ့လားဗျာ၊ ဒါဆို အရင်က ဘာမှမလုပ်ဘဲ အခုမှဘာကြောင့် လုပ်ကြံရတာလဲ၊ နှစ်ပေါင်းအတော်ကြာအောင် ကျုပ်က စောင့်နေရမှာတဲ့လားဗျာ”

ဝေချိုက...

“ခင်ဗျားက သိုင်းကျမ်းကိုလိုချင်လို့ အခွင့်ကောင်းစောင့်နေတာ ဖြစ်မှာပေါ့”

ကျင်းထိုက် လက်ကာပြလိုက်သည်။

“ခင်ဗျားပြောသလိုဆိုရင် ကျုပ်ကလည်း ပြောစရာရှိပါတယ်၊ ခင်ဗျားတို့ ဂိုဏ်းချုပ်လေးယောက်ဟာ အစ်ကိုကြီးဖုန်းရွှင်ဆီကို ရောက်လာပြီး သိုင်းကျမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတယ်လို့ ကျုပ်သိခဲ့ရပါတယ်ဗျာ”

ဝေချိုက...

“ခင်ဗျားမှားနေပြီ၊ ကျုပ်တို့ဟာ ဖုန်းရွှင်နဲ့ရင်းနှီးတဲ့လူတွေပဲ၊ ဒါကြောင့် သူ့ဆီကို အလည်အပတ်သွားရင်း သိုင်းပညာနဲ့ပတ်သက်လို့ တိုင်ပင်ဆွေးနွေးခဲ့ကြတာ၊ ကဲ ထားပါတော့လေ၊ သည်ကိစ္စဟာ အမှားအယွင်းတစ်ခုခု ရှိနေပြီဆိုတာ သေချာပါတယ်၊ ကျုပ်တို့ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးကြတာပေါ့ဗျာ”

ထို့နောက် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံလိုက်လေသည်။



ကျင်းထိုက်လည်း လူမှုရေးအရ ဝေချိုဧည့်ခံသည့် စားသောက်ဖွယ်ရာများကို အနည်းငယ် စားသောက်လိုက်လေသည်။

ဝေချိုသည် ကျင်းထိုက်စားသောက်နေသည်ကိုကြည့်ပြီး ကောက်ကျစ်စဉ်းလဲစွာ ပြုံးနေ၏။

ကျင်းထိုက် သတိပြုမိသွားပြီး...

“ခင်ဗျားက..”

သူ၏စကားမဆုံးမီ ဝေချိုက ကြားဖြတ်ပြောလိုက်လေသည်။

“ခင်ဗျားက အစားအသောက်တွေထဲမှာ အဆိပ်ခတ်ထားနိုင်တယ်ဆိုတာကိုတောင် သတိမထားမိနိုင်အောင် ဖြစ်နေတာကိုး”

“ခင်..ခင်ဗျား”

“ကျုပ်က စားစရာတွေထဲမှာ အဆိပ်ခတ်ထားတယ်ဗျ၊ ဒါပေမယ့် ချက်ချင်း သေသွားစေနိုင်တဲ့အဆိပ်တော့ မဟုတ်ပါဘူး၊ အတွင်းအားယုတ်လျော့သွားမယ်၊ သွေးကြောတွေ ပျက်စီးသွားမယ်၊ သိုင်းပညာဆုံးရှုံးသွားမယ် ပြီးတော့မှ သေသွားပါလိမ့်မယ်ဗျာ”

“တောက်”

ကျင်းထိုက် ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

ဝေချိုက သူ့အား အကောက်ကြံလိုက်ပြီ ဖြစ်လေသည်။

ဖုန်းရွှင်အား လုပ်ကြံခဲ့သည်မှာ ဝေချိုတို့ဂိုဏ်းချုပ်လေးယောက်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

“ခင်ဗျားတို့ဂိုဏ်းချုပ်လေးယောက်ကို ကျုပ် ဆုံးမပြမယ်”

www.burmeseclassic.com

အောင်ပေါက်ရှင်း ထိုင်ရာမှခုန်ထကာ ဝေချီအား တိုက်ခိုက် လိုက်လေတော့သည်။

♠ ♠ ♠

ကျင်းထိုက်သည် သိုင်းလောက၌ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့သည့်အလျောက် အတွေ့အကြုံ အလွန်ရင့်ကျက်နေပြီ ဖြစ်လေသည်။

အဆိပ်မိလိုက်ပြီဖြစ်ကြောင်း နားလည်လိုက်သည်နှင့် အဆိပ်အာနိသင်မပြမီ ရုတ်တရက်ခုန်ထကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ဝေချီက ချက်ချင်းနောက်ဆုတ် ရှောင်တိမ်းလိုက်လေသည်။

"ခင်ဗျား ပြေးလို့ရမလား"

ကျင်းထိုက်က လိုက်လံတိုက်ခိုက်လေသည်။

ထိုစဉ်...

"ကျုပ်တို့ ရှိပါသေးတယ်ဗျာ"

စကားသံနှင့်အတူ လူသုံးယောက် ထွက်ပေါ်လာကြသည်။

ထိုလူသုံးယောက်ကား ကြယ်ဂိုဏ်းချုပ်စုဟန်၊ ခံတုံဂိုဏ်းချုပ်ယန်ကိုးနှင့်ဓားဂိုဏ်းချုပ်တို့ ဖြစ်လေသည်။

ဝေချီက...

"သူ အဆိပ်မိထားပြီဗျ"



ဟု အော်ပြောလိုက်သည်။

ယန်ကိုးက...

"သွေးသောက်ညီအစ်ကိုချင်း သစ္စာဖောက်တဲ့လူကို ဆုံးမလိုက်ကြတာပေါ့"

ဟုပြောကာ ကျင်းထိုက်အား တိုက်ခိုက်လိုက်၏။

ကျန်လူများကလည်း ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ကျင်းထိုက်လည်း အံတင်းတင်းကြိတ်ကာ တိုက်ခိုက်လိုက်လေသည်။

ကျင်းထိုက်နှင့် ဂိုဏ်းချုပ်လေးယောက်၏ တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါတော့သည်။

ကျင်းထိုက်၏ပညာမှာ ထက်မြက်ရကား ဂိုဏ်းချုပ်လေးယောက်ကို ကောင်းစွာရင်ဆိုင်နိုင်စွမ်း ရှိလေသည်။

ဂိုဏ်းချုပ်လေးယောက် ဝိုင်းရံတိုက်ခိုက်လိုက်ကြသည့်တိုင် အနိုင်မရနိုင်သည့်အပြင် ကျင်းထိုက်၏တိုက်ခိုက်မှုကြောင့်...

"ဝုန်း...ဝုန်း"

"အား"

လေးယောက်သား ထိခိုက်ဒဏ်ရာရကာ နောက်ဆုတ်လိုက်ကြရလေတော့သည်။

ကျင်းထိုက် ရယ်မောလိုက်သည်။

"ကျုပ်ကို အကောက်ကြံချင်ကြတယ်၊ ခုတော့ ခင်ဗျားတို့လေးယောက် ဘာတတ်နိုင်ကြသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုကြုံးဝါးကာ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ယန်ကိုးက ဝေချီကိုကြည့်လိုက်သည်။

ဝေချီက အဆိပ်ခတ်ထားသည်မှာ ဘယ်လိုလဲဟူသော အကြည့်မျိုးဖြစ်လေသည်။

ဝေချီက...

"သူ အဆိပ်မိနေပြီ၊ မကြာခင် အဆိပ်အစွမ်းပြလာတော့မယ်"

ဟု ပြောလိုက်လေသည်။

မှန်ပေသည်။

ကျင်းထိုက်က အတွင်းအားအသုံးပြုကာ တိုက်ခိုက်လိုက်သောကြောင့် ခန္ဓာကိုယ်ထဲ ရောက်ရှိနေသော အဆိပ်များက ချက်ချင်းထကြွလာလေတော့သည်။

အဆိပ်ကြောင့် သွေးကြောများ ထိခိုက်ပျက်စီးကာ...

"ဝေါ့"

ကျင်းထိုက်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီးသွေးများ အန်ထုတ်လိုက်လေတော့သည်။

ကျင်းထိုက်ကိုကြည့်ပြီး...

"ဟား..ဟား..ဟား"

ဝေချီက တဟားဟား ရယ်မောလိုက်လေတော့သည်။

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"



မားဂိုဏ်းချုပ်၊ ကြယ်ဂိုဏ်းချုပ်နှင့်ခုံတုံဂိုဏ်းချုပ်တို့က တဟားဟား ရယ်မောလိုက်ကြလေသည်။

ဝေချီက...

"ကျင်းထိုက် ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ဟု လှောင်ပြောင်ပြောဆိုလိုက်လေသည်။

ကျင်းထိုက်က လက်ခုံဖြင့် ပါးစပ်မှသွေးများကို သုတ်လိုက်ပြီး...

"ကျုပ်က ခင်ဗျားတို့လေးယောက်ကို ဆုံးမနိုင်ပါသေးတယ်ဗျာ"

ဟုပြောကာ အားတင်းပြီး ဝေချီထံ ခုန်ဝင်သွားလိုက်လေသည်။

ဝေချီက ဆီးကြို၍တိုက်ခိုက်လိုက်သည်။

ကျင်းထိုက်မှာ အဆိပ်မိနေခြင်းကြောင့် မိမိအား ယှဉ်နိုင်ငည်မဟုတ်ဟု ဝေချီက ယူဆထားလေသည်။

သို့သော်...

ကျင်းထိုက်သည် ဒေါသတကြီးဖြစ်နေပြီး အားကုန်ထုတ်ကာ တိုက်ခိုက်ခြင်းကြောင့် သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ပေါ့ပေါ့တန်တန် သဘောထားမိလိုက်သော ဝေချီမှာ ကျင်းထိုက်၏လက်ဝါးတစ်ချက် ခံလိုက်ရတော့သည်။

"ဒုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

ဝေချီ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟင်"

"ဟာ"

ကြယ်ဂိုဏ်းချုပ်စုဟန်၊ ခုံဂိုဏ်းချုပ်ယန်ကိုးနှင့် မားဂိုဏ်းချုပ်ထိစန်းတို့ အထိတ်တလန့်ဖြစ်သွားကြ၏။

ကျင်းထိုက်က စုဟန်တို့အား ဆက်လက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် အဆိပ်ဝေဒနာက စို၍ပြင်းထန်လာကာ....

"ဝေါ"

နောက်ထပ်သွေးများ အန်ထုတ်လိုက်ပြန်လေတော့သည်။

ကျင်းထိုက် ဒယီးဒယိုင်ဖြစ်နေသည်။

စုဟန်တို့သည် ကျင်းထိုက် ဝေဒနာခံစားရကာ အခြေအနေမဟန်မှန်း သိလိုက်ကြသော်လည်း ဝေချီ ခံလိုက်ရသည် ကိုကြည့်ကာ ရုတ်တရက် ဝင်မတိုက်ဝံ့ကြဘဲ ဖြစ်နေပါတော့သည်။

ကျင်းထိုက်သည် သုံးလေးကြိမ် သွေးအန်လိုက်ပြီးနောက် ဆက်လက်ရင်ဆိုင်တိုက်ခိုက်ရန် အခြေအနေမပေးတော့ကြောင်း နားလည်လိုက်လေသည်။

ထို့ကြောင့်...

"ဂိုဏ်းချုပ်လေးယောက် ခင်ဗျားတို့ သတိထားနေကြပေတော့"



ဟုကြုံးဝါးပြီး ကြမ်းပြင်ပေါ်ခြေဆောင့်ကာ ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်သွားလိုက်လေတော့သည်။

"ဟူး"

အဝတ်အစား လေတိုးသံများထွက်ပေါ်လာလေသည်။

ကျင်းထိုက်မှာ ပေါ့ပါးစွာဖြင့် အပြင်ဘက်ရောက်ရှိသွားလေတော့သည်။

စုဟန်တို့သည် ငေးမောကြည့်နေကြပြီးမှ သတိဝင်လာကြလေသည်။

"ပြေးပြီ"

"လိုက်ကြ"

ဟုအော်ငေါက်ကာ ပြေးလိုက်သွားကြလေသည်။

သို့သော်..

သူတို့ အပြင်ဘက်ရောက်ရှိသွားသောအခါ ကျင်းထိုက်ကို မတွေ့ရတော့ချေ။

ကျင်းထိုက် ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"အဟွတ်..အဟွတ်"

ကျင်းထိုက်သည် စကားရှည်လျားစွာ ပြောလိုက်ရသဖြင့် မောဟိုက်ကာ ချောင်းတဟွတ်ဟွတ် ဆိုးလိုက်လေသည်။

"ဖေဖေ"

ကျင်းရှောင် စိုးရိမ်သွားလေသည်။ ဖခင်ကြီးအား ကမျာကယာ ဖေးမလိုက်လေသည်။ ကျင်းထိုက်က...

"ဖေဖေ အကောက်ကြံခံလိုက်ရလို့ လူယုတ်မာတွေကို မဆုံးမနိုင်တော့ဘူး၊ ဖေဖေ့ကိုယ်စား သားက သူတို့ကို ဆုံးမရမယ်၊ သူတို့ရဲ့မကောင်းတဲ့လုပ်ရပ်တွေကို ဖော်ထုတ်ရလိမ့်မယ်"

ကျင်းရှောင်လည်း ကတိပေးလိုက်လေသည်။

"စိတ်ချပါ ဖေဖေ၊ ကျွန်တော် သည်လူယုတ်မာတွေကို ရင်ဆိုင်ပါ့မယ်၊ သူတို့ရဲ့မကောင်းတဲ့လုပ်ရပ်ကို အားလုံးသိအောင် ဖော်ထုတ်ပါ့မယ်"

ကျင်းထိုက် ကျေနပ်သွားလေသည်။

"ငါ့သားရဲ့ပညာက မဆိုးပါဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်လေးယောက်ကို ဆုံးမနိုင်လောက်အောင် မသေချာသေးဘူး၊ အတွေ့အကြုံလည်းနည်းသေးတယ်၊ ဒါကြောင့် ဖေဖေ့မိတ်ဆွေတစ်ယောက်ဆီကိုသွားပြီး သိုင်းပညာဆည်းပူးဖို့ လိုလိမ့်ဦးမယ်"

ကျင်းရှောင် အံ့သြသွားသည်။

"ဖေဖေ့မိတ်ဆွေတစ်ယောက်ဆီကို သွားရမယ် ဟုတ်လားဟင်"



"ဟုတ်တယ်သား၊ သူက သားကို ထိပ်တန်းပညာတွေ သင်ပေးလိမ့်မယ်၊ သူ့ဆီက ပညာသင်ယူပြီးပြီဆိုရင် ဂိုဏ်းချုပ်လေးယောက်ကို သားကောင်းကောင်းကြီး အနိုင်ယူနိုင်မှာ သေချာတယ်"

ဖခင်ကြီးသည် အကြောင်းမရှိဘဲ ပြောမည်မဟုတ်ကြောင်း ကျင်းရှောင် နားလည်ထားလေသည်။

ဖခင်ကြီး၏မိတ်ဆွေဆိုသူမှာ မည်သူဖြစ်ပါသနည်း။

ကျင်းရှောင် စိတ်ဝင်စားလာလေတော့သည်။

"ဖေဖေ့မိတ်ဆွေ ဆိုတာက.."

ကျင်းထိုက်က...

"သိုင်းလောကထိပ်သီး သိုင်းသမား ကျွေ့ဖန်းပါပဲကွယ်"

ကျင်းရှောင် စိတ်ထဲလှုပ်ရှားလာလေတော့သည်။

သိုင်းလောက၌ ထင်ရှားသော ထိပ်သီးသိုင်းသမားများရှိကြသည့်အနက် 'ပေ့ကျန်တောင်'မှ ကျွေ့ဖန်းနှင့် ဓားသမားဝူချောင်ယင်းတို့မှာ အထင်ရှားဆုံးဖြစ်သည်။

လူထူးဆန်းဝမ်းအဘိုးအိုက တတိယနေရာမှာ ရှိလေသည်။

ဝမ်းအဘိုးအိုသည် အမျိုးသမီးတစ်ယောက်ကြောင့် အချိန်ကုန်ကာ အလုပ်ရှုပ်နေပြီး စိတ်နေသဘောထား ထူးဆန်းသူဖြစ်ရကား သူ့အား သိုင်းလောကသားများက အရေးမထားကြချေ။

ကျင်းရှောင်သည် စာပေပညာ ဝါသနာကြီးသူဖြစ်၍ စာအုပ်မှန်သမျှ လေ့လာခဲ့ရာမှ သိုင်းလောကနှင့်သိုင်းသမားများအကြောင်း ထူးဆန်းသော သိုင်းပညာရပ်များအကြောင်းကိုလည်း မှတ်ရှုလေ့

www.burmeseclassic.com



လာခဲ့ရပြီး ဖြစ်သည်။

ထို့ကြောင့်...

ကျွေ့ဖန်းနှင့်ဂူချောင်ယင်းတို့အကြောင်းကို သူက သိရှိထားခြင်းဖြစ်လေသည်။

ကျင်းထိုက်က...

"ဆရာကြီးကျွေ့ဖန်းဟာ ဖေဖေနဲ့ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ၊ ဖေဖေရဲ့အခက်အခဲကို ပြောပြပြီး အကူအညီတောင်းလိုက်ရင် သူက ငါ့သားကို အကူအညီပေးမှာသေချာပါတယ်"

ကျင်းရှောင်က...

"ဟုတ်ကဲ့ တစ်ချိန်ကျရင် ကျွန်တော်သွားပြီး အကူအညီတောင်းပါ့မယ် ဖေဖေ"

ကျင်းထိုက်က...

"အချိန်ကို စောင့်နေလို့မရဘူး၊ အခုပဲ သားသွားရလိမ့်မယ်"

"ဗျာ"

"ဂိုဏ်းချုပ်လေးယောက်ကြောင့် သိုင်းလောကသားတွေက ဖေဖေ့ကို အထင်မှားနေကြလိမ့်မယ်၊ အချိန်ကြာလာတာနဲ့အမျှ ဖြေရှင်းရခက်လိမ့်မယ်၊ ဒါကြောင့် အစ်ကိုကြီးဖုန်းရှင် လုပ်ကြံခံရတဲ့ ကိစ္စနဲ့ သိုင်းကျမ်းကိစ္စဟာ ဖေ့လက်ချက်ပဲလို့ ယူဆသွားကြမှာကို စိုးရိမ်ရတယ်"

ကျင်းရှောင် ငိုင်သွားလေသည်။

ဖခင်ကြီး၏စကားကလည်း သဘာဝကျနေသည် မဟုတ်ပါ



လား။ ကျင်းထိုက်က...

"အိမ်ထိန်းကြီး..ကျုပ်သား ခရီးသွားဖို့ ပြင်ဆင်ပေးလိုက်ပါ"

ဟု အိမ်ထိန်းကြီးကို အမိန့်ပေးလိုက်လေသည်။

"စိတ်ချပါ သခင်ကြီး"

အိမ်ထိန်းကြီးလည်း ကျင်းရှောင်အတွက် အထုပ်အပိုးပြင်ဆင်ပေးလိုက်လေသည်။

ကျင်းရှောင်က...

"အိမ်ထိန်းကြီး ဖေဖေ့ကိုဂရုစိုက်ပါ ခင်ဗျာ"

ဟု အတန်တန်မှာကြားကာ ခရီးထွက်ရန် ပြင်ဆင်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင် ခရီးထွက်သွားပြီ ဖြစ်သည်။

အရေးကြီးသောကိစ္စ ဆောင်ရွက်ရမည်ဖြစ်ရကား ထင်းစန်းကိုပင် အဖော်ခေါ်မသွားတော့ချေ။

ဖခင်ကြီးကျောင်းထိုက်အား ပြုစုရန်ထားပစ်ခဲ့သည်။

အိမ်ထိန်းကြီးနှင့်ထင်းစန်းတို့သည် သမားတော်များပင့်ကာ ကျောင်းထိုက်ကို ဂရုစိုက်ကုသပေးကြ၏။

လိုလေသေးမရှိအောင် စောင့်ရှောက်ခဲ့ကြသည်။

သို့သော်...

ကျောင်းထိုက်၏ဝေဒနာ သက်သာပျောက်ကင်းခြင်းမရှိသည့်အပြင် ပို၍ဆိုးရွားလာလေသည်။

ဝေချို၏အဆိပ်မှာ ပြင်းထန်လှသည်ဖြစ်ရာ တစ်ကိုယ်လုံးပျံ့နှံ့သွားပြီး အတွင်းကလီစာများ ပျက်စီးသွားစေတော့သည်။

ကျောင်းထိုက်အား ဆေးကု၍မရနိုင်တော့သဖြင့် သမားတော်ကြီးများက လက်လျှော့လိုက်ကြတော့သည်။

ကျောင်းထိုက်လည်း အိပ်ရာထဲ ဘုန်းဘုန်းလဲကာ လုံးဝ မထနိုင်တော့ဘဲ အရိုးပေါ်အရေတင် ပိန်ချုံးချည့်နဲ့သွားလေတော့သည်။

ကျောင်းထိုက်သည် အခြေအနေ မဟန်မှန်းသိလျှင်...

"အိမ်ထိန်းကြီး...ကျုပ် သေဆုံးသွားတယ်ဆိုရင်တောင် ကျောင်းရှောင်ကို အကြောင်းမကြားရဘူး၊ သူ့ကို အသိမပေးရဘူး"

ဟု မှာကြားလေသည်။

အိမ်ထိန်းကြီးမှာ ကျောင်းထိုက်၏စကားကို တသွေမတိမ်း



နားထောင်သူဖြစ်လေသည်။

"စိတ်ချပါ သခင်ကြီး"

ကျောင်းထိုက်က...

"ကျောင်းရှောင်က ဂိုဏ်းချုပ်လေးယောက်ကို ဆုံးမပြီး အစ်ကိုကြီးဖုန်းရှင်လုပ်ကြံခံရတဲ့ကိစ္စကို အမှန်အတိုင်းဖြစ်အောင် ဖော်ထုတ်လိမ့်မယ်၊ သူဟာ အားကိုးအားထားပြုရတဲ့သား တစ်ယောက်ပါပဲ၊ သူ့လို သားတစ်ယောက်ရှိနေတာ တကယ့်ကို ကျေနပ်စရာပါပဲ"

အိမ်ထိန်းကြီးသည် ကျောင်းထိုက်ကိုကြည့်ပြီး မျက်ရည်များကျမလာရလေအောင် မနည်းထိန်းထားလိုက်ရလေသည်။

ကျောင်းထိုက်သည် အိမ်ထိန်းကြီးအား လိုအပ်သည့်ကိစ္စအဝဝကိုမှာကြားပြီးနောက်တစ်နေ့မှာပင် ခံစားနေရသော ဝေဒနာများကြောင့် သေဆုံးသွားခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ခရီးသည်

တောက်ပသောနေရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

တိမ်ဖြူများသည် လေနှင့်အတူလွင့်မျောနေပြီး ကျေးငှက်ကလေးများ ပျံဝဲနေကြသည်။

အဝေးတွင် မှိုင်းညို့ညို့တောင်တန်းကြီးများနှင့် စိမ်းလန်းသောတောအုပ်များကို တွေ့မြင်နေရသည်။

ကျင်းရှောင်က မြင်းတစ်စီး အထုပ်အပိုးတစ်ခုနှင့် ခရီးထွက်လာခဲ့ပြီ ဖြစ်လေသည်။

သူက သိုင်းထိပ်သီးတစ်ဦးဖြစ်သော ကျွေ့ဖန်းထံသို့ သွားရမည်ဖြစ်သည်။

ကျွေ့ဖန်းရှိနေသောနေရာကို ဖခင်ကြီးကျင်းထိုက်က ပြောပြခဲ့လေသည်။



ထို့ကြောင့် ကျွေ့ဖန်းထံသို့ အရောက်သွားဖို့ ခက်ခဲတော့မည်မဟုတ်ပါ။

ကျင်းရှောင်သည် ဖခင်ကြီးအား ထားရစ်ခဲ့ရခြင်းကြောင့် စိတ်ထဲ မချမ်းမြေ့ဘဲရှိနေသည်။

သို့တိုင် ဖခင်ကြီး၏စကားကို မပယ်ရှားဝံ့သဖြင့် ခရီးထွက်လာခဲ့ရခြင်းဖြစ်လေသည်။

ကျင်းရှောင် တောလမ်းအတိုင်း ခရီးနှင်လာရင်း သာယာလှပနေသော သဘာဝရှုမျှော်ခင်းများကြောင့် ရင်ထဲမှ ပူပင်သောကများကို ခေတ္တခဏမေ့လျော့သွားပြီး စာပေသမားပီပီ တေးကဗျာစပ်ဆိုလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

ကျင်းရှောင် ကဗျာတစ်ပုဒ်စပ်ဆိုရန် ဟန်ပြင်နေစဉ်...

"ကယ်တော်မူကြပါရှင်"

မိန်းကလေးတစ်ယောက်၏ အထိတ်တလန့် အော်ဟစ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းရှောင် ရင်ထိတ်သွား၏။

"မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေတာပဲ"

ဟိုဟိုသည်သည် ကြည့်လိုက်စဉ် သစ်ပင်များကြားမှ ဒရောသောပါး ပြေးထွက်လာသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ မိန်းကလေးသည် လက်နှစ်ဘက်ဆန့်တန်းကာ အသည်းအသန် ယိုင်ဖြင့် ပြေးလာခြင်းဖြစ်သည်။

သူမသည် မြေပေါ်ခလုတ်တိုက်ကာ လဲသွားလိုက်၊ ပြန်ထပြီး

www.burmeseclassic.com

www.burmeseclassic.com



လှုံးလိမ့်ထလိုက်ဖြင့် ကြောက်အားလန့်အား ပြေးလာခြင်းဖြစ်သည်။

ကျင်းရှောင် အံ့ဩသွားသည်။

"သည်မိန်းကလေး မျက်စိမမြင်ဘူးထင်တယ်"

သူ တွေးတောနေစဉ်မှာပင်...

"မပြေးနဲ့"

အော်ငေါက်သံနှင့်အတူ လူသုံးယောက် ပြေးလိုက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်မှာ ရုပ်ရည်ခက်ထန်ကြမ်းတမ်းကာ မတရားမှု၌ မွေ့လျော်သူများ ဖြစ်ပုံရလေသည်။

"ကယ်တော်မူကြပါရှင်"

မိန်းကလေးသည် အော်ငေါက်ဟန့်တားသံကြားရလျှင် ပို၍ ထိတ်လန့်သွားပြီး ဒရောသောပါး ပြေးလိုက်ရာ...

"ဝုန်း"

ခလုတ်တိုက်ပြီး မြေပေါ်လဲကျသွားလေတော့သည်။

အရှိန်ဖြင့် လဲကျသွားခြင်းကြောင့် မြေပေါ်၌ သုံးလေးပတ် လိမ့်သွားပြီး အတော်လေးနာကျင်သွားဟန်ရှိလေသည်။

ကျင်းရှောင် မနေနိုင်တော့ပါ။

မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီး လူဆိုးသုံးယောက်အားဟန့်တားလိုက်လေသည်။

"ရပ်လိုက်"

ကျင်းရှောင်ကို တွေ့လိုက်ရလျှင် လူဆိုးသုံးယောက် မကျေ



မနပ် ဖြစ်သွားကြလေသည်။ တစ်ယောက်က ကျင်းရှောင်အား အော်ငေါက်လိုက်လေသည်။

"ဟိတ်...ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်နဲ့ ဝေးဝေးထွက်သွားစမ်း"

ကျင်းရှောင်က အမှုမထားချေ။

ရှေ့တိုးသွားပြီး မိန်းကလေးကို အကာအကွယ်ပေးထားလိုက်လေသည်။

"ခင်ဗျားတို့ မတရားမလုပ်ချင်ပါနဲ့ဗျာ၊ မိန်းကလေးကို ချမ်းသာပေးလိုက်ပါ"

မိန်းကလေးသည် ကူညီမည့်သူတစ်ယောက် ရောက်လာခြင်းကြောင့် အားတက်သွားပြီး...

"ကျွန်မကို ကူညီပါရှင်၊ ကျွန်မ တောထဲမှာ ထင်းခြောက်လာကောက်တာကို သည်လူတွေက နှောက်ယှက်နေကြတာပါရှင်"

ကျင်းရှောင်ကို လှမ်းပြီး အကူအညီတောင်းလိုက်လေသည်။

ယခု မိန်းကလေးက မိမိအသံကြားရသည့်နေရာကို မှန်းဆကာ ပြောနေသည်ကိုကြည့်ကာ သူမသည် မျက်မမြင်မလေးတစ်ယောက်ဖြစ်ကြောင်း ကျင်းရှောင် သိရှိသွားတော့သည်။

လူဆိုးသုံးယောက်ကလည်း ရှေ့တိုးလာကြသည်။

"မင်း သွားမလား၊ မသွားဘူးလား"

"မင်း သေချင်ပြီထင်တယ်"

"မင်းကို မောင်းထုတ်ရမှာလား"

ဟူ၍ အော်ငေါက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရောင်မှာ နိုင့်ထက်စီးနင်း ဒုက္ခပေးခံရသော မိန်းကလေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေ၏။

သူမ၏ ဝတ်စားဆင်ယင်ပုံအရ ဆင်းရဲနွမ်းပါးသူလေးဖြစ်ကြောင်း ဖော်ပြနေသည်။

သို့တိုင် ချောမောလှပသူလေးဖြစ်၍ လူဆိုးသုံးယောက်က မျက်စိကျကာ နှောက်ယှက်နေကြခြင်း ဖြစ်လေသည်။

ကျင်းရောင်လည်း မျက်မမြင်မလေးအား ကူညီရန်ဆုံးဖြတ်လိုက်လေသည်။

"ခင်ဗျားတို့ သူ့ကိုမနှောက်ယှက်ဘဲ လှည့်ပြန်သွားကြရင်ကောင်းပါလိမ့်မယ်ဗျာ"

ဟု နောက်ဆုံးအကြိမ် ပြောလိုက်လေသည်။

လူဆိုးသုံးယောက်က...

"အံမယ်..မင်းကများ"

"သေဖို့သာ ပြင်ထား"

"ချကွာ"

တစ်ယောက်တစ်ခွန်း အော်ငေါက်ကာ ကျင်းရောင်ထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ကျင်းရောင် ရင်ထိတ်သွား၏။

ဖခင်ကြီးထံမှ သိုင်းပညာသင်ယူထားသော်လည်း လက်တွေ့တွင် တစ်ကြိမ်တစ်ခါမျှ ထုတ်ဖော်အသုံးပြုခြင်း မပြုခဲ့ဖူးပါချေ။

ထို့ကြောင့် တိုက်ပွဲနှင့်ရင်ဆိုင်လိုက်ရသောအခါ စိုးရိမ်သွားခြင်းဖြစ်လေသည်။



မည်သို့ဆိုစေ အန္တရာယ်နှင့် ရင်ဆိုင်လိုက်ရပြီဖြစ်ရကား ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သင်ယူတတ်မြောက်ထားသော သိုင်းပညာကို ထုတ်ဖော် အသုံးပြုလိုက်တော့သည်။

ကျင်းရောင်က စိတ်အေးအေးထားကာ စိတ်တည်ငြိမ်အောင် ထိန်းချုပ်ပြီး သိုင်းကွက်များကို မှန်မှန်ကန်ကန် ဖော်ထုတ်လိုက်လေသည်။

"သေပေတော့"

"ယား"

လူဆိုးသုံးယောက်က ညာသံပေးကာ ဝိုင်းရံတိုက်ခိုက်လာကြလေသည်။ ကျင်းရောင်က စနစ်တကျ ခုခံပြီး ပြန်လည်တိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

"အား"

"အမယ်လေး"

လူဆိုးသုံးယောက် ချက်ချင်းနောက်ဆုတ်လိုက်ရလေတော့သည်။

"ဟင်"

"ဟာ"

လူဆိုးသုံးယောက်သည် ကျင်းရောင်မှာ သိုင်းပညာတတ်မြောက်ထားကြောင်း သိလိုက်ရသောအခါ ထိတ်လန့်အံ့သြသွားကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကျောင်းရှောင်က...

"ခင်ဗျားတို့ အေးအေးဆေးဆေး ထွက်သွားကြတာ အကောင်းဆုံးပါပဲဗျာ"

ဟု ပြောလိုက်သည်။ လူဆိုးသုံးယောက် ဒေါသထွက်လာကြပြီး ထွက်မသွားကြသည့်အပြင်...

"မင်းတို့နှစ်ယောက်စလုံးကို သတ်ပစ်ပြီးမှ ငါတို့သွားမယ်"

"ခြွမ်း...ခြွမ်း...ခြွမ်း"

အော်ဟစ်ရင်း ဓားများဆွဲထုတ်လိုက်ကြလေသည်။

နေရောင်ခြည်အောက်၌ ဝင်းလက်သောဓားရောင်များ ထွက်ပေါ်လာလေတော့သည်။

ကျောင်းရှောင် မျက်နှာပျက်သွား၏။

လူဆိုးသုံးယောက်နှင့် သူသေကိုယ်သေ ရင်ဆိုင်ရတော့မည့် အခြေအနေဖြစ်ပေါ်လာပြီ မဟုတ်ပါလား။

မိန်းကလေးလည်း ရိပ်မိထားပုံရလေသည်။

"အစ်ကို ကျွန်မကြောင့် ဒုက္ခရောက်မခံပါနဲ့တော့ရှင်၊ သူတို့က ရက်စက်ကြလိမ့်မယ်၊ ကျွန်မကိုထားခဲ့ပြီး ထွက်သွားပါတော့ရှင်"

ဟု ပြောလာလေသည်။

လူဆိုးသုံးယောက်က...

"မင်းတို့ ထွက်သွားလို့မရတော့ဘူး"

ဓားငွေယမ်းကာ ရှေ့တိုးလာကြလေသည်။



ထိုအချိန်မှာပင်...

"ခင်ဗျားတို့ တော်တော်သတ္တိကောင်းနေကြတယ်ပေါ့ ဟုတ်လား"

အော်ဝေါက်သံနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

လူတစ်ယောက် ပြေးလွှားရောက်ရှိလာ၏။

ယောက်ျားပီသစွာ ရုပ်ရည်ချောမောခန့်ညားသော လူရွယ်တစ်ဦးဖြစ်လေသည်။ ထိုလူရွယ်၏အသံကြားလျှင်...

"အစ်ကို ကျူးလင်ဖုန်း"

ဟု ဝမ်းသာအားရ ခေါ်လိုက်လေသည်။

သူမသည် လူရွယ်ကို ကောင်းစွာသိရှိထားပုံရလေသည်။

လူရွယ်က...

"ညီမ...မေလင်း"

မိန်းကလေးထံသို့ ကပျာကယာ ပြေးသွားပြီးဖေးမလိုက်လေသည်။

မိန်းကလေး၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာလေတော့သည်။

"အစ်ကို ရောက်လာလို့ တော်သေးတာပေါ့ ဟိုလူတွေက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို နောက်ယှက်နေကြတာ”

ကျူးလင်ဖုန်းဆိုသောလူရွယ် ဒေါသထွက်သွားလေသည်။

“ညီမ ခဏနေဦး၊ သူတို့ကို ကျုပ် ဆုံးမလိုက်ဦးမယ်”

ထို့နောက် လူဆိုးသုံးယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

လူဆိုးသုံးယောက်က ကျူးလင်ဖုန်းဘက်သို့ မြှားဦးလှည့်သွားလေသည်။

“လာပြန်ပြီ တစ်ယောက်”

“သေချင်ပြီ ထင်တယ်”

ဟုအော်ငေါက်ကာ ဓားများဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်ကြလေသည်။ လူဆိုးသုံးယောက်က ဓားများဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်ကြလေသည်။

လူဆိုးသုံးယောက်၏ တိုက်ခိုက်မှု ပြင်းထန်ရကား ကျူးလင်ဖုန်းမှာ ချက်ချင်းလဲကျသေဆုံးသွားရမည် ထင်ရပေတော့သည်။

“မိတ်ဆွေ သတိထားပါ”

ကျင်းရှောင် မနေနိုင်တော့ဘဲ လှမ်းပြီး သတိပေးလိုက်လေသည်။ ကျူးလင်ဖုန်း ရယ်မောလိုက်သည်။

“ကျုပ်အတွက် မပူပါနဲ့မိတ်ဆွေ”

ဟုပြောကာ လူဆိုးသုံးယောက်နှင့် ရင်ဆိုင်လိုက်လေသည်။ ကျူးလင်ဖုန်းသည် ရှေ့ဆုံးမှပြေးဝင်လာသော လူဆိုး၏ လက်ထဲမှဓားကို လုယူကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။



သူ၏လှုပ်ရှားမှု လျင်မြန်လွန်းရကား ထိုလူဆိုး ဘာမှမတတ်နိုင်ဘဲ ခံလိုက်ရလေတော့သည်။

“ဝုန်း”

“အား”

ပြင်းထန်သောကန်ချက်ကြောင့် လူဆိုးမှာ အဝေးသို့လွင့်စဉ်ကာ မြေပေါ်လဲကျသွား၏။

မြေပေါ်၌ စန့်စန့်ကြီးဖြစ်ကာ သတိလစ်မေ့မြောသွားလေတော့သည်။

“ဟင်”

“ဟာ”

ကျန်လူဆိုးနှစ်ယောက် ကြောင်အမ်းအမ်းဖြစ်သွားကြပြီးမှ သတိဝင်လာကာ...

“သိကြသေးတာပေါ့”

“သေပေတော့”

ကျူးလင်ဖုန်းထံ တဟုန်ထိုးပြေးဝင်ကာ တစ်ရကြမ်း တိုက်ခိုက်လိုက်ကြလေတော့သည်။

ကျူးလင်ဖုန်းက လုံးဝအမှုမထားဘဲ လုယူထားသောဓားကို ဝှေ့ယမ်းက ပြန်လည်တိုက်ခိုက်လိုက်လျှင်...

“အား”

“အမယ်လေး”

လူဆိုးနှစ်ယောက် ဓားချက်မိကာ ဒဏ်ရာကိုယ်စီရသွားကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်ဆုတ်သွားကြလေတော့သည်။ ကျူးလင်ဖုန်းက...

“ခင်ဗျားတို့ ခုထိမသွားကြသေးဘူးလား”

ဟုငေါက်လိုက်လေသည်။

လူဆိုးနှစ်ယောက် ဒဏ်ရာများရသွားကြသဖြင့် ဆက်၍မတိုက်နိုက်ဝံ့တော့ချေ။ သတိလစ်မေ့မြောနေသော သူတို့၏အဖော်ကိုပွေ့ထူကာ ပခုံးပေါ်ထမ်းပြီး ထွက်သွားကြလေတော့သည်။

လူဆိုးသုံးယောက် ထွက်သွားကြသည်ကိုတွေ့ရမှ ကျင်းရှောင် သက်ပြင်းချနိုင်ခဲ့လေတော့သည်။

♠ ♠ ♠

လူဆိုးသုံးယောက် ထွက်သွားကြပြီဖြစ်လေသည်။

ကျူးလင်ဖုန်းက မျက်မမြင်မလေးမေလင်းကို ဖေးမလိုက်လေသည်။

“ညီမ ဘာမှမဖြစ်ဘူးနော်”

မေလင်းက...

“ဟင့်အင်း။ ကျွန်မ ဘာမှမဖြစ်ပါဘူး။ ဟိုအစ်ကို ရောက်လာတာကြောင့် ကျွန်မကံကောင်းသွားတာပါ”

သူမသည် မမြင်မစမ်းဖြင့် ကျင်းရှောင်ကို လိုက်လံရှာဖွေနေသည်။

ကျူးလင်ဖုန်းက ကျင်းရှောင်ကို ဦးညွှတ်လိုက်သည်။



“မေလင်းကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ”

ကျင်းရှောင် ပြုံးလိုက်သည်။

“ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က ကူညီခွင့်ရတာပဲ ဝမ်းသာလှပါပြီ”

ကျူးလင်ဖုန်းက...

“ကျုပ်က ကျူးလင်ဖုန်းပါ၊ သူကတော့ မေလင်းပါ၊ မိတ်ဆွေနာမည် ဘယ်လိုခေါ်သလဲဆိုတာ သိပါရစေဗျာ”

ကျင်းရှောင်က...

“ကျုပ်က ကျင်းရှောင်ပါ ခုလိုခင်မင်ရင်းနှီးခွင့်ရတာ ဝမ်းသာပါတယ်”

ကျူးလင်ဖုန်းက...

“မိတ်ဆွေက ခရီးသည်တစ်ယောက် ထင်ပါတယ်၊ ဘယ်ကိုသွားမလို့လဲဗျာ”

ဟု မေးလာလေသည်။

ကျင်းရှောင်က...

“ကျုပ်က ပေ့ကျန်းတောင်ကို သွားမလို့ပါ”

“ပေ့ကျန်းတောင် ဟုတ်လား”

“ဟုတ်ပါတယ်ဗျာ”

“ဒါဖြင့် မိတ်ဆွေ လမ်းမှားလာပြီဗျ”

“ဟင်”

ကျင်းရှောင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"ကျုပ်က..."

သူလာခဲ့သည့် လမ်းခရီးအကြောင်းကို ပြောပြလိုက်လေသည်။

ကျူးလင်ဖုန်းက...

"ဒါဆို သေချာပြီ၊ မိတ်ဆွေက လမ်းဆုံလမ်းခွတစ်နေရာမှာ ယာဘက်လမ်းကမသွားဘဲ ဝဲဘက်လမ်းက လာခဲ့တာကြောင့် လမ်းမှားသွားတာ၊ သည်လမ်းအတိုင်း ဆက်သွားမယ်ဆိုရင် ကျုပ်တို့ရွာကလေးကို ရောက်သွားမှာဗျ"

ကျင်းရှောင်က...

"ဝဲဘက်လမ်းက သွားရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ကျုပ်က နောက်ကြောင်းပြန်လှည့်ရတော့မှာပဲ၊ ဒါဆို အဝေးကြီးပြန်သွားရတော့မှာပဲ"

ကျင်းရှောင် ညည်းတွားလိုက်လေသည်။

ကျူးလင်ဖုန်းက...

"မိတ်ဆွေ အရေးကြီးလို့လားဗျာ၊ ဒါမှမဟုတ်ရင် ကျုပ်တို့ရွာကို လိုက်ခဲ့ပါလား။ မိတ်ဆွေကို ဧည့်ခံပြုစုပါရစေ"

ဟု ဖိတ်ခေါ်လိုက်လေသည်။

ကျင်းရှောင်က...

"ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိနေတာကြောင့် မိတ်ဆွေတို့



ရွာကို အလည်မလိုက်နိုင်တာ ခွင့်လွှတ်ပါဗျာ"

ကျူးလင်ဖုန်းက...

"ကိစ္စမရှိပါဘူးဗျာ၊ မိတ်ဆွေလေး နောက်ကြောင်းပြန်လှည့်ရရင် ခရီးဖင့်နေမယ်ဆိုတော့ တောလမ်းကနေ ကျုပ်လိုက်ပို့ပေးပါ့မယ်၊ ပေ့ကျုန်းတောင်ကို သွားတဲ့လမ်းပေါ်ရောက်ရင် ကျေနပ်တယ်မဟုတ်လားဗျာ"

ကျင်းရှောင် ဝမ်းသာသွားလေသည်။

"မိတ်ဆွေကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

ကျူးလင်ဖုန်းက လိုက်ပို့ပေးမည်ဆိုသည်ကို လက်ခံလိုက်လေသည်။ ကျူးလင်ဖုန်းက...

"ကျုပ်က မေလင်းကို အရင်လိုက်ပို့ပေးလိုက်ဦးမယ်၊ ပြီးမှ သွားကြတာပေါ့"

"ကောင်းပါပြီဗျာ"

ကျင်းရှောင် သဘောတူလိုက်လေသည်။

မေလင်းက...

"အစ်ကိုကို ကျေးဇူးတင်ပါတယ်ရှင်၊ နောက်နောင် လမ်းကြုံရင် ကျွန်မတို့ရွာကလေးကို ဝင်လာခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ"

ကျင်းရှောင်က...

"ကောင်းပါပြီဗျာ၊ ကျုပ် အလည်လာနိုင်အောင် ကြိုးစားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ယခုမှတွေ့ဖူးကြသော်လည်း နှစ်ပေါင်းများစွာ သိကျွမ်းခဲ့ကြသူများအလား ရင်းရင်းနှီးနှီးဖြစ်သွားကြလေသည်။

ကျူးလင်ဖုန်းက မေလင်းကို လိုက်ပို့သောအခါ ကျင်းရှောင်လည်းလိုက်သွားလေသည်။

မေလင်းကား မိခင်အိုကြီးနှင့်အတူ နေထိုင်ပြီး အလွန်ဆင်းရဲနွမ်းပါးသူလေး ဖြစ်လေသည်။

သူမသည် ထင်းကောက်၊ ရေခပ်၊ အဝတ်လျှော်စသည့် အလုပ်များလုပ်ကိုင်ကာ မိခင်အိုကြီးကို ရှာဖွေကျွေးမွေးနေသူဖြစ်သည်။

တစ်ရွာလုံးကလည်း သူမကို သနားကြင်နာပြီး တတ်နိုင်သလောက် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြလေသည်။

မေလင်းကို အိမ်ပြန်ပို့ပေးပြီးနောက် ကျူးလင်ဖုန်းက ကျင်းရှောင်ကို လိုက်လံပို့ဆောင်ပေးလိုက်လေတော့သည်။

♠ ♠ ♠



ကျူးလင်ဖုန်းမှာ နယ်မြေကျွမ်းကျင်သူ ဖြစ်လေသည်။

ဖြတ်လမ်းများကို အသုံးပြုကာ ကျင်းရှောင်ကို လိုက်လံပို့ဆောင်ပေးလေသည်။

"ဖြတ်လမ်းကသွားရမယ်ဆိုတော့ သစ်ပင်ချုံနွယ်တွေကြားကဖြတ်ရမယ်၊ တောင်ကုန်းတွေကို တက်ရမယ်၊ ချောင်းတွေမြောင်းတွေကို ဖြတ်ရမယ်၊ မိတ်ဆွေ နည်းနည်းတော့ ပင်ပန်းလိမ့်မယ်နော်"

ကျင်းရှောင်က...

"ကိစ္စမရှိပါဘူးဗျာ၊ ပေ့ကျန်းတောင်ကိုသွားတဲ့လမ်းပေါ် အမြန်ဆုံးရောက်သွားရင် ကျေနပ်ပါပြီ"

"စိတ်ချ၊ အမြန်ဆုံးရောက်သွားအောင် ကျုပ် လိုက်ပို့ပေးပါ့မယ်"

ကျူးလင်ဖုန်းက အာမခံကာ ခေါ်ဆောင်သွားလေသည်။

ကျင်းရှောင်လည်း လိုက်သွားလေသည်။

နှစ်ယောက်သား တောလမ်းများမှ ဖြတ်သွားရင်း ကျူးလင်ဖုန်းက မေးလေသည်။

"ဒါထက် မိတ်ဆွေက ပေ့ကျန်းတောင်ကို ဘယ်လိုကိစ္စနဲ့ သွားမှာလဲဗျာ၊ ပေ့ကျန်းတောင်မှာ ပြိုင်ဘက်ကင်းသိုင်းသမားကြီး ကျွဲ့ဖန်း ရှိနေတယ်ဗျ"

ကျင်းရှောင်က...

"ဟုတ်ပါတယ်၊ ကျုပ်က ဆရာကြီးကျွဲ့ဖန်းဆီကို သွားမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းဆရာကြီးဟာ လူထူးဆန်းကြီးတစ်ယောက်ပါ။ သိုင်းလောကသားတွေနဲ့ အဆက်အသွယ်မလုပ်ဘဲ သီးခြားနေခဲ့တာ နှစ်ပေါင်းအတော်ကြာနေပြီ၊ ခုဆိုရင် သိုင်းလောကသားတွေကတောင် သူ့ကို မေ့သလောက်ရှိနေကြပါပြီဗျာ"

ကျင်းရှောင်က ကျူးလင်ဖုန်းအား အကဲခတ်လိုက်သည်။

"မိတ်ဆွေက သိုင်းလောကအကြောင်း အတော်သိနေတာပဲ၊ ဟိုလူဆိုးသုံးယောက်ကို တိုက်ခိုက်လိုက်ပုံကိုကြည့်ရင် မိတ်ဆွေဟာ သိုင်းပညာတတ်ထားပြီး မခေဘူးဆိုတာ ထင်ရှားပါတယ်ဗျာ"

ကျူးလင်ဖုန်း ရယ်မောလိုက်လေသည်။

"ကျုပ်ရဲ့ပညာက မပြောပလောက်ပါဘူး၊ သိုင်းလောကထဲ ထွက်ပြီး မကောင်းသူပယ် ကောင်းသူကယ်၊ ကိုယ်တတ်မြောက်ထားတဲ့ပညာနဲ့ အလုပ်အကျွေးပြုခဲ့တာ၊ ဒါပေမယ်ကျုပ်ပညာက နည်းတော့ ထင်သလောက်မစွမ်းဆောင်နိုင်ဘူးပေါ့ဗျာ၊ ပြီးတော့"

စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ကျင်းရှောင်က…

"ဘာဖြစ်လို့လဲဗျ"

မေးလိုက်သည်။

ကျူးလင်ဖုန်း၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"သိုင်းလောကမှာ စိတ်ပျက်စရာကောင်းတာတွေ အများကြီးတွေ့ခဲ့ရတယ်ဗျာ၊ တစ်ချို့က လူကြီးလူကောင်းအမည်ခံထားပြီး



နောက်ကွယ်မှာ ထင်ရာစိုင်းနေကြတာဗျ"

ကျင်းရှောင် သဘောတူလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သိုင်းလောကမှာ သည်လိုလူစားမျိုးတွေ အများကြီးရှိပြီး သူတို့ဟာ လူဆိုးဓားပြတွေထက်တောင် ပိုပြီးကြောက်စရာကောင်းသေးတယ်လို့ ကျုပ်အဖေ ပြောခဲ့ပါတယ်ဗျာ"

ကျူးလင်ဖုန်းက..

"မိတ်ဆွေရဲ့ ဖခင်ဟာ.."

ကျင်းရှောင်က…

"ကျုပ်အဖေက သိုင်းဆရာကြီးကျင်းထိုက်ပါ"

ကျူးလင်ဖုန်းက အံ့သြသွားဟန်ဖြင့် ပြောလေသည်။

"လက်စသပ်တော့ သိုင်းဆရာကြီးကျင်းထိုက်ဟာ မိတ်ဆွေရဲ့ဖခင်ကြီးကိုး"

"ဟုတ်ပါတယ် မိတ်ဆွေက သိလို့လား"

"ဆရာကြီးကျင်းထိုက်ဟာ အများအကျိုးဆောင်ရွက်နေတဲ့ အဖြူရောင်သိုင်းသမားကြီးတစ်ယောက်လို့ နာမည်ကျော်နေတာပဲဗျာ၊ ကျုပ်က ဝါနုလို့ ဆရာကြီးနဲ့ရင်းနှီးခွင့် မရနိုင်ပါဘူး၊ ဒါပေမယ့် ဆရာကြီးရဲ့ဂုဏ်သတင်းကို ကြားကတည်းက ကျုပ်ကြည်ညိုလေးစားမိခဲ့တာပါဗျာ"

သူက ကျင်းရှောင်ကို ပြုံးပြရင်း..

"ကျုပ်တို့နှစ်ယောက် မမျှော်လင့်ဘဲ ခင်မင်ရင်းနှီးခဲ့ကြတာကို ဆရာကြီးသိသွားရင် ဘာပြောမလဲ မသိဘူး၊ ဆရာကြီးနေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် မဟုတ်လား"

ဟု မေးလာလေသည်။

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"ဖေဖေ ကွယ်လွန်သွားပါပြီဗျာ"

"ဟာ"

ကျူးလင်ဖုန်း အံ့သြသွားလေသည်။

"ကျုပ်မေးလိုက်မိတာကို စိတ်မဆိုးပါနဲ့ဗျာ၊ ဆရာကြီးက ကျန်းကျန်းမာမာနဲ့ အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုး ဆောင်ရွက်နေဆဲပဲလို့ ယူဆမိလို့ပါဗျာ"

ကျင်းရှောင်က…

"ဖေဖေဟာ မသမာသူတွေရဲ့ အကောက်ကြံတာကို မခံခဲ့ ရဘူးဆိုရင် အများအကျိုးသည်ပိုးဆောင်ရွက်နေနိုင်ဦးမှာ သေချာပါ တယ်"

ကျူးလင်ဖုန်း အံ့သြသွားသည်။

"မသမာသူတွေရဲ့ အကောက်ကြံတာကို ခံခဲ့ရတယ် ဟုတ် လား"

"ဟုတ်ပါတယ်ဗျာ"

"တော်တော် ဆိုးဝါးတဲ့လူတွေပါလား။ ဘယ်သူဘယ်ဝါတွေ ဆိုတာ ပြောပြနိုင်မလားဗျာ"

ကျင်းရှောင်က…

"ဂိုဏ်းချုပ်လေးယောက်ပါ"



စိတ်ထဲ ခံပြင်းနာကျည်းနေသည့်အလျောက် ကျူးလင်ဖုန်း မေးလာသောအခါ ပွင့်ပွင့်လင်းလင်းပင် ပြောပြလိုက်လေတော့ သည်။

ဂိုဏ်းချုပ်လေးယောက်အကြောင်း သိရလျှင် ကျူးလင်ဖုန်း အံ့ကြိတ်လိုက်လေသည်။

"လက်စသပ်တော့ သူတို့ကိုး၊ ကျုပ်ပြောတဲ့ လူကြီးလူ ကောင်းဟန်ဆောင်ပြီး နောက်ကွယ်မှာ ထင်တိုင်းကျဲနေတာ သူတို့ပဲ ဗျ။ ကျုပ်က သူတို့လိုလူတွေ ဓားပြမှုကျူးလွန်တာကို ဝင်တားမိတဲ့ အတွက် ကျုပ်ကိုအငြိုးထားပြီး ဒုက္ခပေးဖို့ ကြိုးစားနေကြတာ၊ မေ လင်းကို နောက်ယှက်ခဲ့တဲ့လူသုံးယောက်ဟာ သူတို့လူတွေပဲပေါ့ဗျာ"

ကျူးလင်ဖုန်းသည်လည်း ဂိုဏ်းချုပ်လေးယောက်နှင့် ရန် ငြိုးရန်စရှိကြောင်း သိလိုက်ရသဖြင့် ကျင်းရှောင် အံ့သြသွားလေတော့ သည်။

ကျူးလင်ဖုန်းက…

"တစ်နေ့ကျရင် သူတို့ရဲ့မကောင်းမှုတွေကို ဖော်ထုတ်သွား မယ်လို့ ကျုပ် ဆုံးဖြတ်ထားပါတယ်ဗျာ"

သူက ကျင်းရှောင်ကို စိုက်ကြည့်လိုက်ပြီး…

"မိတ်ဆွေက ပေကျန်းတောင်ကို သွားမယ်ဆိုတာ ဆရာ ကြီးကျွေ့ဖန်းဆီမှာ သိုင်းပညာသွားသင်မလို့ မဟုတ်လားဗျာ"

ကျင်းရှောင် ဝန်ခံလိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားတပြောပြောဖြင့် လာခဲ့ကြရာ ပေ့ကျန်းတောင်သို့သွားသည့် လမ်းပေါ်သို့ ရောက်ရှိလာကြလေတော့သည်။

ကျူးလင်ဖုန်းက...

"ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့ဗျာ"

ဟုနှုတ်ဆက်လိုက်လေသည်။

ကျင်းရှောင်ကလည်း...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ ပြန်ဆုံတွေ့နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကျုပ်က ခင်ဗျားကို မိတ်ဆွေသူငယ်ချင်းတစ်ယောက်လို သဘောထားပါတယ်ဗျာ"

အမှန်တကယ်လည်း နှစ်ယောက်သား ရင်းရင်းနှီးနှီးဖြစ်သွားကြတော့သည်။

ပြန်လည်ဆုံတွေ့ကြမည့်အကြောင်း ပြောဆိုကာ လမ်းခွဲလိုက်ကြလေတော့သည်။

♠ ♠ ♠



## ဆရာသမား

ပေ့ကျန်းတောင်...။

ပေ့ကျန်းတောင်သည် မြင့်မားပြီး သာယာလှပသော တောင်တစ်လုံး ဖြစ်လေသည်။

ကျင်းရှောင်သည် ပေ့ကျန်းတောင်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီဖြစ်လေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ရင်း တောင်ပေါ်သို့ တက်လာခဲ့ရာ ညနေစောင်းအချိန်ကျမှ တောင်ပေါ်သို့ ရောက်ရှိသွားလေတော့သည်။

ညနေဆည်းဆာအချိန်တွင် ပေ့ကျင်းတောင်မှာ လွမ်းမောဖွယ်ကောင်းလှသည် ထင်ရလေသည်။

ကျင်းရှောင် တောင်ထိပ်ပေါ်သို့ ရောက်လာလျှင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။

ထိုသစ်လုံးအိမ်ကလေးမှ မီးခိုးများထွက်ပေါ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ၌လူရှိနေကြောင်း ထင်ရှားနေပါတော့သည်။

ကျင်းရှောင် ဝမ်းသာသွားသည်။

"ဆရာကြီးကျွဲ့ဖန်းနဲ့ တွေ့ရင် အကျိုးအကြောင်း ပြောပြပြီး သိုင်းပညာသင်ရမယ်၊ မြန်မြန်သင်ပြီး အိမ်ကို မြန်မြန်ပြန်ရမယ်"

ဟု ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် သစ်လုံးအိမ်ကလေးသို့ ဦးတည်သွားလိုက်လေသည်။

အိမ်ရှေ့သို့ ရောက်သွားသည့်တိုင်အောင် လူရိပ်လူရောင်မတွေ့ရပါချေ။

ကျင်းရှောင်က အသံပြုလိုက်လေသည်။

"အိမ်ရှင်တို့...အိမ်ရှင်တို့"

တိတ်ဆိတ်နေသော ဝန်းကျင်၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်...

"ဘယ်သူပဲဖြစ်ဖြစ် အိမ်ထဲဝင်လာခဲ့ပါကွယ်"

အိမ်ထဲမှ စကားသံထွက်ပေါ်လာလေသည်။

အဘိုးအိုတစ်ယောက်၏အသံ ဖြစ်လေသည်။

"ဧည့်သည်ရောက်လာတာဟာ ဘယ်သူပဲဖြစ်ဖြစ် အိမ်ထဲဝင်လာခဲ့ပေါ့"

အဘိုးအို၏အသံသည် ခက်ထန်မာကြောခြင်းမရှိသလို နူးညံ့ပျော့ပျောင်းခြင်းလည်း မရှိချေ။



သို့သော်...

အသံက ကြည်လင်ပြတ်သားပြီး နှစ်လိုဖွယ်ကောင်းနေ၏။

ရယ်ရယ်မောမော ပြောလိုက်ပုံမျိုးဖြစ်သည်။

ရင်းရင်းနှီးနှီးနှင့် သဘောမနောကောင်းသူဖြစ်ပုံလည်း ရလေသည်။

ကျင်းရှောင်လည်း တံခါးတွန်းဖွင့်ကာ အိမ်ထဲလှမ်းဝင်လိုက်လေသည်။

အိမ်ထဲရောက်လျှင် မွှေးကြိုင်သော ဟင်းနံ့များကို ရှူရှိုက်လိုက်ရလေသည်။

အဘိုးအိုတစ်ယောက်က ဖွန်းရှည်တစ်ချောင်းကိုင်ကာ အိမ်အနောက်ဘက်မှ ထွက်လာသည်ကိုလည်း တွေ့လိုက်ရလေသည်။

အဘိုးအိုမှာ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးခန့်ရှိမည် ထင်ရသည်။

အရပ်အမောင်းကောင်းပြီး ပြုံးရွှင်ချိုသာသော မျက်နှာထားပိုင်ရှင် ဖြစ်လေသည်။

အဘိုးအိုက ကျင်းရှောင်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ရယ်မောလိုက်သည်။

"ငါ့ဆီကို ဧည့်သည်ရောက်မလာတာ ဆယ်နှစ်လောက်ရှိနေပြီ၊ မင်းရောက်လာတာ အံ့ဩစရာပဲ၊ ကဲ မင်း ဘာကြောင့်ငါ့ဆီကိုရောက်လာရတယ်ဆိုတာ ငါမမေးသေးဘူး၊ ငါချက်ထားတဲ့ဟင်းနဲ့ မင်းကို အရင်ဆုံးဧည့်ခံလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အနောက်ဘက်သို့ ပြန်ဝင်သွားလေသည်။

ကျင်းရှောင် ကြောင်အမ်းအမ်းဖြင့် ရပ်စောင့်နေလိုက်ရလေတော့သည်။

မကြာပါချေ။

အဘိုးအိုသည် စားသောက်ဖွယ်ရာများထည့်ထားသော လင်ဗန်းတစ်ချပ်ကိုကိုင်ကာ ပြန်လည်ရောက်ရှိလာလေသည်။

မွှေးကြိုင်သော ဟင်းနံ့များက အိမ်ကလေးထဲ၌ ကြိုင်လှိုင်သင်းပျံ့သွားတော့သည်။

"လာဟေ့"

အဘိုးအိုက ကျင်းရှောင်ကို ဖိတ်ခေါ်ပြီး နေရာထိုင်ခင်းပေးပြီး ကျွေးမွေးလေသည်။

"စားကြည့်စမ်းပါ၊ ကောင်းလိုက်တာကွာ"

"ဟုတ်ကဲ့"

ကျင်းရှောင်မှာ အဘိုးအို ငြိုငြင်သွားမည်ကို စိုးရိမ်ကာ စားသောက်လိုက်ရလေသည်။

အနည်းငယ် စားမိလိုက်သောအခါ အရသာရှိလှသဖြင့် ထပ်မံစားသောက်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် နည်းနည်းစားရင်း မဝနိုင်အောင်ဖြစ်လာလေတော့သည်။

စားရင်းစားရင်း အရှိန်တက်လာခြင်းဖြစ်သည်။

ကျင်းရှောင်သည် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငုံ့ကာ



အားရပါးရ စားသောက်လိုက်လေတော့သည်။

အဘိုးအိုကလည်း စကားမပြောဘဲ စားနေ၏။ ထို့ဖြင့်...

အဘိုးအို ချက်ပြုတ်ထားသော ဟင်းလျာများမှာ တခဏအတွင်း တက်တက်စင် ပြောင်သွားလေတော့သည်။

အဘိုးအိုက ဝမ်းဗိုက်ကို လက်ဖြင့်ပွတ်ရင်း...

"အား စားလို့ကောင်းလိုက်တာ"

ဟု ကျေနပ်စွာ ပြောလေသည်။

ကျင်းရှောင်ကိုလည်း မေးလိုက်သည်။

"ဘယ်လိုလဲ၊ စားလို့ကောင်းတယ် မဟုတ်လား"

ကျင်းရှောင်က...

"စားလို့ သိပ်ကောင်းပါတယ်ဗျာ၊ ကျွန်တော် ဝင်စားလိုက်လို့ ဘဘဝအောင် မစားလိုက်ရဘူးဆိုရင် တောင်းပန်ပါတယ်"

အဘိုးအိုက ရယ်မောလိုက်သည်။

"ဘာကြောင့် မဝရမှာလဲ၊ ငါက နှစ်ယောက်စာ ချက်ထားတာလေ"

"ဗျာ ကျွန်တော် ရောက်လာမယ်ဆိုတာကို ဘဘသိနေတယ် ဟုတ်လား"

"အေးပေါ့"

"ဘဘ ဘယ်လိုလုပ်သိတာလဲဟင်"

"မင်းအဖေက ငါ့ဆီကို ကြိုတင်အကြောင်းကြားထားလို့ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ဖခင်ကြီးက သူ့အတွက် လိုလေသေးမရှိအောင် စီစဉ်ပေးထားကြောင်း ကျင်းရှောင် နားလည်လိုက်လေသည်။

"ကျွန်တော်က သိုင်းပညာသင်ယူဖို့ ဘဘဆီကို လာခဲ့တာပါ"

"အေးလေ ငါသိပြီးသားပဲ"

"ဘဘက ကျွန်တော့်ကို သင်ပေးမှာလားဗျာ"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"မင်းအဖေရဲ့ မျက်နှာကို ထောက်ထားပြီး သင်ပေးရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများလဲ ခင်ဗျာ"

"ကျုပ်က သိုင်းပညာကိုမေ့ထားလိုက်တာ ကြာပြီကွ၊ ဒါကြောင့် မင်းကိုသင်ပေးမယ်ဆိုတာတောင် ဘယ်ကဘယ်လို စပြီးသင်ပေးရမယ်ဆိုတာ စဉ်းစားလို့မရသေးဘူးကွာ"

"ဗျာ"

ကျင်းရှောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အဘိုးအိုက...

"ဒါပေမယ့် ဘာမှမပူပါနဲ့ကွာ၊ ငါစဉ်းစားမိသလောက် မင်းကိုသင်ပေးမှာပါ"

ကျင်းရှောင် လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"



အဘိုးအိုကား တစ်ချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော သိုင်းဆရာကျော့ဖန်းဖြစ်နေပါတော့သည်။ ကျော့ဖန်းက...

"ငါ့မှာ ဓားကောင်းတစ်လက်ရှိတယ်၊ ဒါကြောင့် မင်းကို ဓားသိုင်းသင်ပေးလိုက်မယ်လို့ စိတ်ကူးထားတယ်၊ ဘယ်လို သဘောရသလဲ"

ကျင်းရှောင်သည် ကျော့ဖန်းထံမှ မည်သို့သော သိုင်းပညာသင်ယူရသည်ဖြစ်စေ ကျေနပ်မည်သာ ဖြစ်လေသည်။

"ကျွန်တော် သင်ယူပါ့မယ်ခင်ဗျာ"

"ကောင်းတယ်၊ ငါတီထွင်ထားတဲ့ ဓားပညာဟာ ဓားသမားဝှချောင်ယင်းရဲ့ပညာထက်တော့ မညံ့ပါဘူးကွာ"

"ကျွန်တော် ကြိုးစားပါ့မယ် ခင်ဗျာ"

ကျော့ဖန်းသည် ကျင်းရှောင်အား သိုင်းပညာသင်ကြားပေးမည့်အကြောင်းသာပြောပြီး အခြားမည်သည့်ကိစ္စကိုမျှ မေးမြန်းစုံစမ်းခြင်း မပြုချေ။

အခြေအနေ အချိန်အခါကိုလည်း တွက်ချက်စောင့်စားခြင်း မရှိချေ။

"ကဲ လာ တို့ဓားပညာသင်လိုက်ကြရအောင်"

ဟုပြောကာ ကျင်းရှောင်အား အိမ်အပြင်ဘက်သို့ ခေါ်သွားလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီဖြစ်လေသည်။

ကျွေ့ဖန်းက ကျင်းရှောင်အား ဓားပညာသင်ကြားပေးလိုက်လေသည်။

ဓားကွက်များ ဖော်ထုတ်ပုံ၊ အသုံးပြုပုံ၊ တစ်ကွက်နှင့်တစ်ကွက် ဆက်စပ်နေပုံတို့ကို နားလည်အောင် အသေးစိတ်ရှင်းပြပြီးမှ လက်တွေ့သရုပ်ပြလိုက်၏။

ကျင်းရှောင် နားလည်သဘောပေါက်ခြင်း ရှိမရှိ အထပ်ထပ် အခါခါ မေးမြန်းပြီး ကျင်းရှောင်က ဓားကွက်များအား မှတ်မိပြီး နားလည်သဘောပေါက်ပြီဆိုမှ ဓားတစ်လက်ပေးကာ...

"ကဲ မင်းလေ့ကျင့်ပေတော့ ကျုပ်တော့ မင်းကို သင်ပေးရတာ ပင်ပန်းသွားပြီ၊ တရေးတမောအိပ်ပြီး အနားယူလိုက်ဦးမယ်"

ဟုပြောကာ အိမ်ထဲဝင်သွားပြီး အိမ်တံခါးပိတ်ထားလိုက်လေတော့သည်။

ကျင်းရှောင်လည်း သိုင်းပညာသင်ယူဖို့ လာခဲ့သည်ဖြစ်ရကား ဘာမှစဉ်းစားမနေတော့ဘဲ ကျွေ့ဖန်းသင်ပေးလိုက်သည့် ဓားကွက်များကို လေ့ကျင့်နေလိုက်လေတော့သည်။

♠ ♠ ♠



မိုးစင်စင် လင်းပြီဖြစ်သည်။

ကျင်းရှောင်က ဓားသိုင်းကို ဆက်၍လေ့ကျင့်နေဆဲဖြစ်လေသည်။ အချိန်များ ထပ်မံကုန်ဆုံးသွားသည်။

အရှေ့ဘက်မှ နေဝန်းထွက်ပေါ်လာလေတော့သည်။

နံနက်ခင်း နေရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသည်။

ကျေးငှက်ကလေးများက ဘာသာဘဝ တေးသီကျေးကာ ဟိုမှသည်ပျံဝဲနေကြလေသည်။

အေးမြသော နံနက်ခင်းလေပြည်လေညင်းလေးများလည်း ဝေ့ယမ်းတိုက်ခတ်လာလေသည်။

ကျင်းရှောင်၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စိုရွှဲနေသည်။

ကျွေ့ဖန်း သင်ပေးသော ဓားသိုင်းကွက်များအားလုံးကို လေ့ကျင့်ပြီးစီးသွားတော့မှ ရပ်တန့်ကာ အနားယူလိုက်လေသည်။

ထိုအချိန်မှာပင်...

"ကျွီ"

တံခါးဖွင့်သံနှင့်အတူ ကျွေ့ဖန်းက အိမ်ထဲမှ လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ကျွေ့ဖန်းသည် လက်နှစ်ဘက် ဆန့်တန်းကာ ဝါးခနဲ သမ်းဝေလိုက်ပြီး ကျင်းရှောင်အနီးသို့ လှမ်းလာ၏။

"မင်း လေ့ကျင့်ပြီးသွားပြီလား"

ဟုလည်း လှမ်းမေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင် ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် လေ့ကျင့်ပြီးပါပြီခင်ဗျာ"

ကျွေ့ဖန်းက...

"ဒါဆိုရင် ဘယ်လောက်နားလည်တတ်ကျွမ်းသွားပြီလဲဆိုတာ ငါသိချင်တယ်၊ ကဲ ငါ့ကို လေ့ကျင့်ပြစမ်းပါ"

"ကောင်းပါပြီခင်ဗျာ"

ကျင်းရှောင်က ဓားကိုင်ကာ ကျွေ့ဖန်း သင်ပေးထားသော ဓားကွက်များကို လေ့ကျင့်ပြလိုက်လေသည်။

ကျွေ့ဖန်းက မျက်တောင်မခတ်ဘဲ ဂရုစိုက်ကာ စောင့်ကြည့်နေလိုက်လေသည်။

တစ်ညလုံး လေ့ကျင့်ထားသော ဓားကွက်များကို ထမင်းတစ်အိုးချက်ကြာအောင် လေ့ကျင့်ပြလိုက်ရ၏။

ပြီးလျှင်...

"ကျွန်တော့်မှာ အမှားအယွင်းရှိနေတယ်ဆိုရင် သွန်သင်ပြသပေးပါ ခင်ဗျာ"

ဟု တောင်းပန်လိုက်လေသည်။

"ဟား..ဟား..ဟား"

ကျွေ့ဖန်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကျင်းရှောင် မင်းဟာ အင်မတန်ဉာဏ်ကောင်းတဲ့ လူငယ်တစ်ယောက်လို့ မင်းအဖေက ပြောဖူးတာကို ခုတော့ ငါလက်တွေ့မို့လက်ခံလိုက်ပါပြီကွာ၊ ကဲ မင်းကိုငါသင်ပေးပြီးပြီ၊ မင်း အိမ်ပြန်



လို့ရပါပြီ"

"ဗျာ"

မမျှော်လင့်သော စကားကြောင့် ကျင်းရှောင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ကျွန်တော် အိမ်ပြန်လို့ရပြီ ဟုတ်လားခင်ဗျာ"

ကျွေ့ဖန်း ခေါင်းညိတ်လိုက်သည်။

"အေး..ပြန်လို့ရပြီ"

"ကျွန်တော်က.."

"မင်းကို ငါက အကောင်းဆုံးဓားသိုင်းကွက်တွေကို သင်ပေးပြီးပြီ၊ ဒါကြောင့် မင်းပြန်လို့ရပါပြီ"

ကျင်းရှောင်မှာ အိမ်ပြန်ရမည်မို့ ဝမ်းသာရမည့်အစား ငူငူကြီးရပ်နေမိလေသည်။

ကျွေ့ဖန်းက...

"မင်း ဘယ်လိုဖြစ်တာလဲ"

ကျင်းရှောင် ချက်ချင်း မြေပေါ်ဒူးထောက်ချလိုက်သည်။

"ကျွန်တော့်မှာ အမှားအယွင်းရှိခဲ့တယ်ဆိုရင် ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို သင်ပေးရင် ကျွန်တော်ထက်ပိုပြီး ကြိုးစားလေ့ကျင့်သွားပါ့မယ်"

ဟုလည်း ပြောလိုက်လေသည်။

"ဟား..ဟား..ဟား"

ကျွေ့ဖန်း သဘောကျစွာ ရယ်မောလိုက်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာကောင်းလိုက်တာ၊ မင်းကို ငါသဘောမကျလို့ အိမ်ပြန်ခိုင်းတယ်လို့ မင်းထင်နေတာကိုး သည်လိုမဟုတ်ပါဘူးကွာ"

ဟုပြောရင်း ရှင်းပြလိုက်လေသည်။

"မင်းဟာ စာပေပညာကို သိုင်းပညာထက် ပိုပြီးဝါသနာပါတယ်၊ ဒါကြောင့် အချိန်တွေ အများကြီးပေးပြီး သိုင်းလေ့ကျင့်နေရမယ်ဆိုရင် မင်းငြီးငွေ့သွားမယ်၊ ဘယ်လိုမှ စိတ်ပါတော့မှာ မဟုတ်ဘူး။ ဒါကြောင့် အချိန်တိုတိုနဲ့ အစွမ်းထက်တဲ့ သိုင်းကွက်တွေကို သင်ပေးနိုင်အောင် ကျုပ်က အချိန်ယူစဉ်းစားထားခဲ့ရတာ၊ အခုသင်ပေးလိုက်တဲ့ဓားကွက်တွေကို ပိုပြီးကျွမ်းကျင်လာအောင် ပိုပြီးမြန်မြန်ဆန်ဆန်အသုံးပြုနိုင်အောင် အဖန်ဖန်အလဲလဲ လေ့ကျင့်ဖို့တော့ လိုလိမ့်မယ်၊ ဒါကလည်း မင်းအိမ်ပြန်ပြီး လေ့ကျင့်လို့ရတာပဲ မဟုတ်လား"

ကျင်းရှောင်သည် ကျွေ့ဖန်းပြောသည့်စကားများကို အသာငြိမ်ပြီး နားထောင်နေလိုက်လေသည်။

ကျွေ့ဖန်းက စကားဆက်လိုက်သည်။

"မင်းအဖေက မင်းကို ဘာကြောင့် ငါဆီကိုလွှတ်လိုက်သလဲ၊ သူတစ်စုံတစ်ခုဖြစ်နေလို့ သူ့ကိုယ်စား မင်းကို သင်ပေးနိုင်အောင် လွှတ်လိုက်တာ၊ မင်းကလည်း သိုင်းပညာထက် စာပေကို ပိုစိတ်ဝင်စားတော့ အချိန်ကုန်ခံလို့မဖြစ်ဘူး၊ ဒါတွေတွေးပြီး ငါစီစဉ်ထားတာ၊ ခုဆိုရင် မင်းအိမ်ပြန်လို့ရပြီ၊ မင်းရဲ့အဖေအနားမှာနေလို့ရပြီ တတ်မြောက်ထားတဲ့ဓားကွက်တွေ ကျွမ်းကျင်လျင်မြန်အောင် ဆက်ပြီး



ကြိုးစားသွားဖို့ပဲ ရှိတော့တယ်၊ ကဲ ရှင်းပြီလား"

ကျင်းရှောင် ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါပြီခင်ဗျာ"

ကျွေ့ဖန်းက...

"မင်း သဘောပေါက်ပြီဆိုရင် အိမ်ပြန်ပေတော့"

"ကောင်းပါပြီခင်ဗျာ"

ကျင်းရှောင်သည် ကျွေ့ဖန်းကို ဦးညွှတ်နှုတ်ဆက်ပြီး အိမ်ပြန်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ရှာပုံတော်

ကျူးလင်ဖုန်းသည် လင်ချွမ်းကျေးရွာဇာတိဖြစ်လေသည်။

မေလင်းကလည်း လင်ချွမ်းကျေးရွာဇာတိပင် ဖြစ်သည်။

နှစ်ယောက်သား ငယ်စဉ်ကပင် ကစားဖော်ကစားဖက်များဖြစ်ခဲ့ကြပြီး အရွယ်ရောက်ကြီးပြင်းလာသောအခါ ချစ်သူဘဝ ရောက်လာခဲ့ကြလေသည်။

ကျူးလင်ဖုန်းသည် တိုးတက်မှုကို လိုလားသောလူငယ်တစ်ဦးဖြစ်ရာ ဘဝတိုးတက်ရာတိုးတက်ကြောင်း ရှာဖွေရန် မေလင်းနှင့်ခွဲပြီး လင်ချွမ်းကျေးရွာမှ ထွက်လာခဲ့လေသည်။

ထို့နောက် သိုင်းလောကသို့ရောက်လာပြီး ဆရာကြီးတစ်ဦးထံ၌ သိုင်းပညာသင်ကြားကာ ပညာပြည့်စုံသောအခါ အများအကျိုးသည်ပိုးဆောင်ရွက်ခဲ့လေသည်။

တစ်နေ့တွင် ထိပ်သီးသိုင်းသမားကြီးတစ်ယောက်အဖြစ်အောင်မြင်တိုးတက်သောဘဝကို ပိုင်ဆိုင်ရရှိလိမ့်မည်ဟု မျှော်လင့်ထားခဲ့လေသည်။

သို့သော်...



အများနောက်ကွယ်၌ မကောင်းမှုကျူးလွန်နေသည့် ဂိုဏ်းချုပ်လေးဦး၏နောက်လိုက် အချို့က ဓားပြမှုကျူးလွန်နေသည်ကိုတွေ့ရသဖြင့် ဝင်ရောက်ဆုံးမခဲ့ရာမှ အနှောက်အယှက်များ ကြုံလာရလေတော့သည်။

ကျူးလင်ဖုန်းသည် လူဆိုးဓားပြများကို ဆုံးမသုတ်သင်ပြီးမှ ထိုလူများသည် ဂိုဏ်းချုပ်လေးဦး၏ တပည့်များဖြစ်ကြောင်းသိရခြင်းဖြစ်သည်။

ဂိုဏ်းချုပ်လေးဦးသည် ကျူးလင်ဖုန်းအား မကျေနပ်ကြသော်လည်း သူတို့၏ မကောင်းမှုများပေါ်ပေါက်သွားမည်ကို စိုးရိမ်ကာ လူသိရှင်ကြားမလုပ်ဝံ့ကြသော်လည်း နောက်ကွယ်မှနေ၍ ကျူးလင်ဖုန်းအား အမျိုးမျိုး ဒုက္ခပေးကြလေတော့သည်။

ကျူးလင်ဖုန်းသည် ဂိုဏ်းချုပ်လေးဦး လွှတ်လိုက်သော လူဆိုးများ၊ ကြေးစားလူသတ်သမားများနှင့်ရင်ဆိုင်ရင်း ကြာသော်သိုင်းလောကကို စိတ်ပျက်ငြီးငွေ့လာတော့သည်။

သူ၏ဇာတိရပ်ရွာသို့ ပြန်လာခဲ့လေသည်။

လင်ချွမ်းကျေးရွာသို့ ပြန်ရောက်သောအခါ ဝမ်းနည်းကြေကွဲစရာဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရပြန်တော့သည်။

မေလင်းမှာ နေထိုင်မကောင်းဖြစ်ကာ အပြင်းဖျားပြီးနောက် မျက်စိကွယ်သွားခြင်း ဖြစ်လေသည်။

သူမ၏ အမြင်အာရုံကြောများကို ထိခိုက်သွားခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်…

ကျူးလင်ဖုန်းသည် မေလင်း၏မျက်လုံး ပြန်ကောင်းလာစေရန် မြို့ပေါ်တက်ကာ သမားတော်များ ဖိတ်ကြားပြီး ဆေးဝါးကုသပေးခဲ့လေသည်။

သမားတော်များက ကုသပေးခဲ့ကြပါသော်လည်း မေလင်း၏ဝေဒနာ သက်သာသွားခြင်း မရှိခဲ့ချေ။

သမားတော်တစ်ယောက်က…

"သိုင်းလောကမှာတော့ နှစ်တစ်ထောင်ကျင်စင်းနဲ့ ဖော်စပ်ထားတဲ့ မျက်စိဆေးတစ်မျိုးရှိတယ်၊ အဲသည်ဆေးကိုရရင် မိန်းကလေးရဲ့မျက်လုံးတွေ ပြန်ကောင်းသွားမှာပဲ"

ဟု အကြံပေးလေသည်။

ကျူးလင်ဖုန်းက…

"ဆရာကြီးပြောတဲ့ဆေးက ဘယ်မှာရှိတယ်ဆိုတာသိရင် ကျွန်တော့်ကို ပြောပြပါလားခင်ဗျာ"

ဟု တောင်းပန်လိုက်လေသည်။

သမားတော်က…

"ဟိုကျူးနယ်ကိုသွားပါ၊ ဆေးဆရာသိုင်းသမားကိုရှာပါ၊ သူ့ဆီမှာ ရှိလိမ့်မယ်"

ဟု လမ်းညွှန်ပေးလေသည်။

ကျူးလင်ဖုန်း ဝမ်းသာသွားသည်။

ဟိုကျူးနယ်သို့သွားရန် ဆုံးဖြတ်လိုက်လေသည်။



သမားတော်က…

"အဲသည်ဆေးက ဆေးရည်ပါ၊ မျက်စိဝေဒနာအပြင် အတွင်းဒဏ်ရတာ၊ ခန္ဓာကိုယ်ပြင်ပ ဒဏ်ရာရတာ၊ အတွင်းအား ကုန်ခန်းတာ၊ အဆိပ်မိတာအစရှိတဲ့ သိုင်းလောကသားတွေဖြစ် လေ့ဖြစ်ထရှိတဲ့ ဝေဒနာတွေကို သက်သာပျောက်ကင်းစေနိုင်တဲ့ ဆေးစွမ်းကောင်းတစ်လက်ပါပဲ"

ဟု ဆေးအကြောင်း ပြောပြလေသည်။

ကျူးလင်ဖုန်းက သမားတော်ကို မြို့သို့ ပြန်ပို့ပေးပြီးလျှင် မေလင်းကိုနှုတ်ဆက်ကာ ဟိုကျူးနယ်သို့ ခရီးပြင်းနှင်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## မရေမရာ

ဟိုကျုံးနယ်…။

ကျူးလင်ဖုန်းသည် မေလင်း၏မျက်စိဝေဒနာသက်သာပျောက်ကင်းအောင် ကုသပေးလိုစိတ်ဖြင့် ခရီးပြင်းနှင်ခဲ့ရာ များမကြာမီ ဟိုကျုံးနယ်သို့ ရောက်ရှိသွားလေသည်။

သမားတော် လမ်းညွှန်ပေးလိုက်သည့်အတိုင်း ဆေးဆရာသိုင်းသမားအကြောင်း လိုက်လံစုံစမ်းခဲ့လေသည်။

သို့သော်…

ဆေးဆရာသိုင်းသမားအကြောင်း လုံးဝစုံစမ်း၍မရခဲ့ပါချေ။

မည်သူ့ကိုမေးမေး မသိပါဟု အဖြေပေးကြလေသည်။

ကြာသော် ကျူးလင်ဖုန်း စိတ်ပျက်လာလေတော့သည်။

"ဒုက္ခပဲ၊ ဆေးဆရာသိုင်းသမားကို ဘယ်မှာလိုက်ရှာရပါ့မလဲ"

ဟု ညည်းညူမိလေသည်။

မည်သို့ဆိုစေ ဆေးဆရာသိုင်းသမားအား မတွေ့ရဘဲ မေလင်းထံသို့ မပြန်တော့ဟု ဆုံးဖြတ်လိုက်သည်။

ကျူးလင်ဖုန်းက ဟိုကျုံးနယ်တွင် တစ်မြို့ဝင်တစ်မြို့ထွက် လိုက်လံစုံစမ်းရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ စား



သောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်အနားယူ စားသောက်ရင်း ဆက်လက်စုံစမ်းကြည့်လိုက်လေသည်။

စားသောက်ဆိုင်မှ ဆိုင်လုလင်များကလည်း မသိပါဟူသာ အဖြေပေးကြလေသည်။

ထိုစဉ်…

"မိတ်ဆွေက ဆေးဆရာသိုင်းသမား'စန်းဗုဒ်'ကို လိုက်ရှာနေတာလားဗျာ"

လူတစ်ယောက် ရောက်ရှိလာပြီး မေးလေသည်။

ကျူးလင်ဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ မိတ်ဆွေသိတယ်ဆိုရင် လမ်းညွှန်ပေးဖို့ မေတ္တာရပ်ခံပါတယ်"

ထိုလူက…

"ကျုပ်ကူညီပါ့မယ်၊ ဆေးဆရာသိုင်းသမားဆီကို ပို့ပေးပါ့မယ်၊ ကျုပ်နဲ့လိုက်ခဲ့ပါ"

"ကောင်းပါပြီဗျာ"

ကျူးလင်ဖုန်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ စားသောက်ခကျသင့်ငွေပေးချေကာ ထိုလူနောက်သို့ လိုက်သွားလေတော့သည်။

သူတို့နှစ်ယောက်အား စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်နေသော အဘိုးအိုတစ်ယောက်က မသိမသာ အကဲခတ်ကြည့်နေ၏။

ကျူးလင်ဖုန်းတို့ ထွက်သွားပြီး မကြာမီ အဘိုးအိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျသင့်ငွေပေးကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

♠ ♠ ♠

ကျူးလင်ဖုန်း ဝမ်းသာနေသည်။

ဆေးဆရာသိုင်းသမားအား တွေ့ရတော့မည် မဟုတ်ပါလား။ ဆေးဆရာသိုင်းသမားကို တွေ့ရလျှင် မေလင်း၏ဝေဒနာ သက်သာ ပျောက်ကင်းသွားလိမ့်မည် မဟုတ်ပါလား။

ကျူးလင်ဖုန်းသည် အနက်ရောင်ဝတ်ထားသူနောက်သို့ လိုက်သွားလေသည်။

အနက်ရောင်ဝတ်ထားသူက လမ်းညွှန်ပေးမည်ဆိုခြင်းကြောင့် ယုံယုံကြည်ကြည်ဖြင့် လိုက်သွားခြင်း ဖြစ်လေသည်။

နှစ်ယောက်သား မင်းလမ်းမကြီးအတိုင်း သွားရာမှ လမ်းကြားတစ်ခုကို ချိုးကွေ့ကာ ရှေ့ဆက်သွားလိုက်လျှင် လမ်းဘေး တစ်ဘက်တစ်ချက်၌ လူနေအိမ်ခြေများ တစ်စထက်တစ်စ ကျဲပါးလာပြီး သစ်ပင်ချုံနွယ်များက နေရာယူလာလေတော့သည်။

အနောက်ဘက်မြို့စွန်သို့ ရောက်မှန်းမသိ ရောက်လာကြခြင်းဖြစ်လေသည်။

ကျူးလင်ဖုန်းက...

"မရောက်သေးဘူးလားဗျ"

ဟုမေးလိုက်သည်။



အနက်ရောင်ဝတ်ထားသူက..

"ရှေ့ကိုခြေလှမ်းတစ်ရာလောက် သွားပြီးရင် ရောက်ပါပြီဗျာ"

ဟုပြောကာ ခပ်သွက်သွက် လျှောက်သွားလေသည်။

ကျူးလင်ဖုန်းလည်း အပြေးတစ်ပိုင်းလိုက်သွားလေသည်။

မကြာမီ ချောင်းကူးတံတားလေးတစ်ခုသို့ ရောက်ရှိသွားကြသည်။

ထိုချောင်းကူး တံတားလေးကို ဖြတ်ကျော်ပြီးလျှင် မြေပုံမှတ်တိုင်များနှင့် အုတ်ဂူများရှိနေသည့် မြို့ပြင်သင်္ချိုင်းမြေသို့ ရောက်ရှိသွားကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူသည် သချိုင်းမြေသို့ရောက်လျှင် ခြေလှမ်းရပ်လိုက်လေသည်။

ကျူးလင်ဖုန်းက…

“ဆေးဆရာသိုင်းသမားဆီကို မရောက်သေးဘူးလားဗျ”

ဟု မေးလိုက်လေသည်။

အနက်ရောင်ဝတ်ထားသူက…

“ရောက်ပါပြီဗျာ”

“ရောက်ပြီ ဟုတ်လား”

“ဟုတ်တယ်”

ကျူးလင်ဖုန်း စိတ်ပျက်သွားလေသည်။

“ဆေးဆရာသိုင်းသမားက သချိုင်းမြေထဲမှာနေတာလား ဗျ”

“ဟား…ဟား…ဟား”

အနက်ရောင်ဝတ်ထားသူက လှောင်ပြောင်ရယ်မောလိုက် လေသည်။

ကျူးလင်ဖုန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

“ခင်ဗျား ဘာရယ်တာလဲဗျ”

အနက်ရောင်ဝတ်ထားသူက…

“မင်း သည်လောက်နဲ့အတာကိုတွေးပြီး သဘောကျလို့ပေါ့ ကွာ”

“ကျုပ်က နဲ့အတယ် ဟုတ်လား”



“ဟုတ်တယ်လေ”

ကျူးလင်ဖုန်း မကျေမနပ်ဖြစ်သွားသည်။

“ဒါဖြင့် ကျုပ်ကို လိမ်ညာပြီးခေါ်လာတာပေါ့”

“မှန်လိုက်လေကွာ”

“ခင်…ခင်ဗျား”

အနက်ရောင်ဝတ်ထားသူ နှာခေါင်းရှုံ့လိုက်သည်။

“ကျူးလင်ဖုန်း…မင်းက စားပြတိုက်နေတဲ့ ခေါင်းကြီးတို့လူ စုကို ဝင်ရှုပ်ပြီး ခေါင်းကြီးနဲ့သူ့ရဲ့နောက်လိုက်တွေကို သတ်ပစ်လိုက် တယ် မဟုတ်လား”

ကျူးလင်ဖုန်းက…

“နေပါဦး၊ ခင်ဗျားက သည်ကိစ္စတွေကို ဘယ်လိုလုပ်သိနေ တာလဲ”

အနက်ရောင်ဝတ်ထားသူက….

“သိတာပေါ့ကွာ၊ မင်းက ကိုယ်နဲ့မဆိုင်ဘဲ သူရဲကောင်း ဝင် လုပ်ခဲ့တာကြောင့် မင်းကို ဆုံးမသုတ်သင်ဖို့ ဂိုဏ်းချုပ်လေးဦးက ကျုပ်တို့ကို ငှားရမ်းလိုက်တာပေါ့”

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အုတ်ဂူများကြား မှလူနှစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်သည်လည်း အနက်ရောင်ဝတ်ထားပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင် ရှိလေသည်။

ကျူးလင်ဖုန်းသည် ထိုလူသုံးယောက်ကိုကြည့်ပြီး သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောကမှ ကြေးစားလူသတ်သမားသုံးယောက်အား သတိရလာသည်။

ကျားနက်သုံးဖော်ဆိုသည့် ကြေးစားလူသတ်သမားများဖြစ်လေသည်။ အခကြေးငွေယူပြီးလျှင် သူတို့လုပ်ကြရမည့်သူ ဘယ်တော့မှ အသက်ရှင်ရိုးထုံးစံမရှိဟု သတင်းကြီးသူများဖြစ်လေသည်။

ကျူးလင်ဖုန်း အံကြိတ်လိုက်သည်။

"ကျုပ်ကို မနှောက်ယှက်ရင်ကောင်းမယ်"

ဟု ပြောလိုက်သည်။ အနက်ရောင်ဝတ်ထားသူက...

"ကျုပ်တို့က မင်းကိုနှောက်ယှက်တာ မဟုတ်ဘူး၊ သတ်ပစ်မလို့ကွ"

စကားဆုံးလျှင် ဓားတစ်လက်ဆွဲထုတ်ကာ ကျူးလင်ဖုန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"သေပေတော့"

"ယား"

ကျန်နှစ်ယောက်ကလည်း ဓားကိုယ်စီဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

♠ ♠ ♠

သချိုင်းမြေထဲ၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေ၏။ ကျားနက်သုံးဖော် ကြေးစားလူသတ်သမား သုံးယောက်က



ကျူးလင်ဖုန်းအား သုတ်သင်ရန် ကြိုးစားလိုက်ကြလေသည်။

♠ ♠ ♠

ကြေးစားများဖြစ်သည့်အတိုင်း သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ကျူးလင်ဖုန်းကလည်း လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ဓားသုံးလက်ကို လက်ဝါးနှစ်ဘက်ဖြင့် ရင်ဆိုင်ရသည်မှာ လွယ်ကူသောကိစ္စတစ်ခုတော့ မဟုတ်ပါချေ။

"ဝှစ်...ဝှစ်"

"ဝုန်း"

"အား"

ကျားနက်သုံးဖော်က ဖိ၍တိုက်ခိုက်လိုက်ရာ ကျူးလင်ဖုန်း အခက်ကြုံလာလေသည်။

ဓားသမားသုံးယောက်အား ယှဉ်ပြိုင်နိုင်ဖို့ကား သူသေကိုယ်သေ တိုက်ခိုက်မှဖြစ်တော့မည်ဟု နားလည်လိုက်သဖြင့် ဓားချက်များကို အမှုမထားတော့ဘဲ ညာသံပေးကာ ရှေ့တိုးသွားပြီး ဓားသမားတစ်ယောက်၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျူးလင်ဖုန်းက သူသေကိုယ်သေ တိုက်ခိုက်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကျားနက်သုံးကောင် ရင်ထိတ်သွားပြီး တိုက်ကွက်ကို လျှော့ချလိုက်ကြရာ တစ်ယောက်မှာ ကျူးလင်ဖုန်း၏လက်ဝါးရိုက်ချက် ခံလိုက်ရလေသည်။

ထို့အတူ...

ထိုလူ၏ဓားချက်ကလည်း ကျူးလင်ဖုန်း၏ဝဲဘက်ပခုံးကို ရှပ်ပြီး ခုတ်ချမိလိုက်လေသည်။

ကျူးလင်ဖုန်း၏ ဝဲဘက်ပခုံး၌ ဒဏ်ရာရကာ သွေးချင်းချင်းနီရဲသွား၏။

သူ၏လက်ဝါးရိုက်ချက် ထိမှန်သွားသူလည်း အဝေးသို့ လွင့်စဉ်ကာ မြေပေါ်လဲကျသွားလေသည်။

ထိုလူသည် မြေပေါ်မှ ကပျာကယာ လူးလိမ့်ထရင်း...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။

"ဟာ"

အဖော်နှစ်ယောက် ထိတ်လန့်သွားကြလေသည်။

ထိုအချိန်မှာပင် လက်ဝါးရိုက်ချက်ခံလိုက်ရသူမှာ လုံးဝ မဟန်နိုင်တော့ဘဲ...

"ဝုန်း"

မြေပေါ် ပြန်လည်လဲကျကာ အသက်ပျောက်သွားလေတော့သည်။

"တောက်"



"သိကြသေးတာပေါ့"

ကျန်နှစ်ယောက်က ဒေါသတကြီးဖြင့် ကျူးလင်ဖုန်းအား တိုက်ခိုက်လာကြလေသည်။

ကျူးလင်ဖုန်းသည် သူဆုံးမလိုက်သူ လွှတ်ကျသွားသည့် ဓားကို ကောက်ယူထားပြီးဖြစ်သည်။ လက်ထဲ၌ ဓားတစ်လက် ဆောက်ရှိလာသောအခါ အားတက်သွားလေသည်။

"ခင်ဗျားတို့လည်း သတိသာထားကြပေတော့"

ဟုကြုံးဝါးကာ ဓားဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲကား ပြင်းထန်နေပါသည်။

ကျားနက်နှစ်ယောက်ကလည်း သူတို့အဖော် သေဆုံးသွားခြင်းကြောင့် ဒေါသတကြီးဖြစ်ကာ တရကြမ်းတိုက်ခိုက်ကြလေသည်။

ယခု သူတို့ကလည်း အသက်ကို ပမာနမထားဘဲ တိုက်ခိုက်လိုက်ကြခြင်းဖြစ်ရာ ကျူးလင်ဖုန်းအတွက် အန္တရာယ်ကြီးမားနေပါတော့သည်။

ကျားနက်နှစ်ယောက်က နောက်မဆုတ်တော့ပါ။

ကျူးလင်ဖုန်း လဲကျသွားရမည်ဟု ရည်ရွယ်ကာ ဖိ၍တိုက်ခိုက်ခဲ့လေသည်။

အလွန်အန္တရာယ်များသော တိုက်ပွဲဖြစ်ပါတော့သည်။

သုံးယောက်သား ရှုပ်ယှက်ခတ်နေကြသူများအလား သဲကြီးမဲကြီး တိုက်ခိုက်လိုက်ကြပြီး မကြာမီ...

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။ ထို့နောက်...

သုံးယောက်စလုံး မြေပေါ်လဲကျသွားကြလေတော့သည်။

♠ ♠ ♠

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ကျူးလင်ဖုန်းနှင့် ကျားနက်သုံးဖော် မြေပေါ်လဲကျနေကြပြီဖြစ်လေသည်။

အားလုံးသွေးရဲရဲ သံရဲရဲဖြင့် သွေးအိုင်ထဲလဲကျနေကြခြင်းဖြစ်သည်။

လေပြည်လေညှင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

ရုတ်တရက်...

လေပြည်ထဲ၌ ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာ၏။

လဲကျနေသူလေးယောက်ထဲမှ တစ်ယောက်က ညည်းတွားရင်း လူးလွန့်လာလေသည်။

ထိုလူကား ကျူးလင်ဖုန်း ဖြစ်ပါတော့သည်။

ကျူးလင်ဖုန်းက အားယူကာ ထရပ်လိုက်သည်။



သူ၏တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ပြည့်နှက်နေ၏။

မတ်တတ်ရပ်လိုက်သော်လည်း မဟန်နိုင်ဘဲ ခန္ဓာကိုယ်ယိမ်းယိုင်ဖြစ်ကာ...

"ဝုန်း"

မြေပေါ် ပြန်လည်လဲကျသွားလေသည်။

ထို့နောက် တုတ်တုတ်မျှ လှုပ်တော့ချေ။

ကျူးလင်ဖုန်း သေဆုံးသွားပြီလော။

ကျူးလင်ဖုန်း လဲကျသွားပြီး မရှေးမနှောင်းမှာပင် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာလေသည်။

စားသောက်ဆိုင်လေး၌ ကျူးလင်ဖုန်းတို့အား အကဲခတ်နေခဲ့သော အဘိုးအိုဖြစ်လေသည်။

အဘိုးအိုက ကျူးလင်ဖုန်းတို့အနီးသို့ ရောက်လာပြီး အကဲခတ်လိုက်လေသည်။

ကြေးစားလူသတ်သမားများဖြစ်သော ကျားနက်သုံးဖော်မှာ ကျူးလင်ဖုန်း၏စွန့်စားတိုက်ခိုက်မှုခံရကာ သေဆုံးနေပြီဖြစ်လေသည်။

ကျူးလင်ဖုန်းတစ်ယောက်သာလျှင် ဒဏ်ရာဗရပွရရှိထားသော်လည်း ကံကောင်းထောက်မကာ အသက်ရှင်နေခြင်း ဖြစ်လေသည်။ အဘိုးအိုက...

"မင်းက ဘာကြောင့်ငါ့ကို သည်လောက်ဒုက္ခခံပြီး လိုက်ရှာနေရဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လိုက်သည်။

ထို့နောက်...

သတိလစ်မေ့မြောနေသော ကျူးလင်ဖုန်းအား ဖေးမပွေ့ထူပြီး ပခုံးပေါ်ထမ်းကာ ထွက်သွားလေတော့သည်။

♠ ♠ ♠



## ဆရာ

အချိန် မည်မျှကြာသွားမှန်းမသိ။

"အား"

ကျူးလင်ဖုန်းက အော်ဟစ်ညည်းတွားရင်း သတိရလာလေသည်။

အဘိုးအိုမှာ ဆေးဆရာသိုင်းသမားစန်းဗှာ ဖြစ်လေသည်။

စန်းဗှာသည် ဆေးဆရာတစ်ယောက်အဖြစ်လည်းကောင်း သိုင်းသမားတစ်ယောက်အဖြစ်လည်းကောင်း ဘဝနှစ်မျိုးဖြင့် ကျင်လည်ကျက်စားခဲ့သူဖြစ်လေသည်။

နောက်ပိုင်းတွင် သွေးထွက်သံယိုတိုက်ပွဲများ ရန်ငြိုးများနှင့်ပြည့်နှက်နေသော သိုင်းလောကကို စိတ်ကုန်ကာ ကျောခိုင်းပြီး တိမ်မြုပ်နေလိုက်ခြင်းဖြစ်သည်။

သိုင်းလောကတနံတလျား နှစ်ပေါင်းများစွာ လှည့်လည်သွားလာနေခဲ့ပြီး သူ၏အိမ်ကို လွမ်းဆွတ်သဖြင့် ဟိုကျူးနယ်သို့ ပြန်လာခဲ့ခြင်းဖြစ်လေသည်။

စားသောက်ဆိုင်လေးတစ်ဆိုင်၌ ခရီးတထောက်နားကာ စားသောက်နေစဉ် ကျူးလင်ဖုန်းအား ကြေးစားလူသတ်သမားတစ်ယောက်က သူ၏အမည်ကို အလွဲသုံးစားလုပ်ကာ လှည့်စားခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားသည်ကို တွေ့ရသဖြင့် နောက်ကလိုက်သွားပြီး ကျူးလင်ဖုန်းအား ကယ်တင်နိုင်ခဲ့ခြင်းဖြစ်လေသည်။

စန်းဟွာသည် သိုင်းပညာတော်သကဲ့သို့ ဆေးပညာလည်း တစ်ဘက်ကမ်းခတ်ကျွမ်းကျင်သူ ဖြစ်လေသည်။

စန်းဟွာ၏ဆေးစွမ်းကြောင့် ကျူးလင်ဖုန်း ကံကောင်းသွားလေတော့သည်။

"မင်း သတိရလာပြီလား"

စန်းဟွာ၏ချိုသာသော စကားသံကြောင့် ကျူးလင်ဖုန်း သတိပြုကြည့်လိုက်လေသည်။

"ဦး...ဦးက"

"မင်းလိုက်ရှာနေတဲ့ ဆေးဆရာသိုင်းသမားစန်းဟွာဆိုတာ ငါပဲပေါ့"

"ဗျာ"

"မင်းက ငါနဲ့တွေ့တာ အတော်ကံကောင်းသွားတယ်၊ ဒါမှမဟုတ်ရင် ရထားတဲ့ဒဏ်ရာတွေနဲ့ မင်းသေသွားမှာပဲ"

"ကျွန်...ကျွန်တော်"

"မင်းက ကြေးစားလူသတ်သမားတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ရသေးတယ် မဟုတ်လား"

ကျူးလင်ဖုန်းသည် ကျားနက်သုံးဖော်နှင့် ရင်ဆိုင်ခဲ့ရပုံများကိုပြန်လည် မြင်ယောင်လာလေတော့သည်။ စန်းဟွာက...

"ကျားနက်သုံးဖော်က အတော်ကို ကြောက်စရာကောင်း



တယ်၊ သူတို့ကို မင်းအနိုင်ရလိုက်တာ အံ့သြစရာပဲ"

ကျူးလင်ဖုန်းက...

"သူတို့ဟာ လူယုတ်မာတွေဖြစ်တဲ့ ဂိုဏ်းချုပ်လေးဦးအတွက် အလုပ်လုပ်ပေးနေကြတာပါ"

သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

စန်းဟွာက ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပြီးမှ—

"လက်စသပ်တော့ ဂိုဏ်းချုပ်လေးဦးဟာ နောက်ကွယ်မှာ ထင်ရာစိုင်းနေကြတာကိုး"

"သူတို့ကို မဆုံးမနိုင်ဘူးဆိုရင် သိုင်းလောကကို ဒုက္ခပေးကြဦးမှာ သေချာပါတယ်၊ သူတို့က သိုင်းဆရာဖုန်းရွှင်နဲ့ကျင်းထိုက်ကိုလည်း အကောက်ကြံခဲ့ကြပါတယ်ဗျာ"

ကျင်းရှောင်၏ အဖြစ်အပျက်ကိုလည်း ပြောပြလိုက်လေသည်။ စန်းဟွာ သက်ပြင်းချလိုက်သည်။

"တော်တော်ဆိုးကြပါလား၊ သူတို့ကို ဆုံးမသင့်တာ အမှန်ပဲ၊ ဒါပေမယ့် ကျားနက်သုံးဖော်ကိုတောင် မင်းက သူသေကိုယ်သေ ရင်ဆိုင်ခဲ့ရတယ်ဆိုတော့ ဂိုဏ်းချုပ်လေးဦးကို မင်းဘယ်လိုလုပ် ယှဉ်ပြိုင်နိုင်မှာတဲ့လဲ"

ကျူးလင်ဖုန်းက...

"ကျွန်တော့်အသက် သေချင်သေပါစေ၊ သူတို့ကို ရင်ဆိုင်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက် ချထားသောလေသံဖြင့် ပြောလေသည်။

စန်းဗှာ သက်ပြင်းချလိုက်သည်။

"ထားပါတော့လေ၊ ကျုပ်ကို ဘာကြောင့်လိုက်ရှာနေရတာယ် ဆိုတာလည်း ပြောပါဦး"

ကျူးလင်ဖုန်းက...

"ကျွန်တော် အကူအညီတစ်ခု တောင်းချင်လို့ပါ"

"မင်းက ဘယ်လိုအကူအညီ လိုအပ်နေလို့လဲ"

"မေလင်းအတွက်ပါ"

မေလင်းအကြောင်း ပြောပြလိုက်လေသည်။

စန်းဗှာက ကျူးလင်ဖုန်း၏စကား ဆုံးအောင် နားထောင်ပြီးမှ...

"မင်းက မျက်မမြင် မိန်းကလေးတစ်ယောက်အတွက် ဆေးဝါးလိုအပ်နေတာကိုး"

"ဟုတ်ပါတယ်၊ မေလင်းရဲ့ဝေဒနာကို ဦးပဲကုသပေးနိုင်မှာပါ ခင်ဗျာ"

စန်းဗှာ ပြုံးလိုက်သည်။

"သူက ဘယ်လိုဖြစ်ပြီး မျက်စိကွယ်သွားရတယ်ဆိုတာ သိရင် ကျုပ်ကုသပေးနိုင်ပါတယ်၊ မင်း ဘာမှမပူပါနဲ့၊ ကျုပ်က ဆေးရည်တစ်ချို့ပေးလိုက်မယ်၊ အဲသည်ဆေးရည်ကို မျက်လုံးထဲထည့်ပြီး သုံးရက်အတွင်းမှာ မျက်စိပြန်မြင်လာရစေမယ်လို့ ကျုပ်အာမခံတယ်၊ မင်း ကျေနပ်တယ် မဟုတ်လား"



ကျူးလင်ဖုန်း ဝမ်းသာအားရဖြစ်ကာ ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်။

"ဦးရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးခင်ဗျာ"

စန်းဗှာက...

"မင်း တကယ်ပဲ ကျေးဇူးဆပ်ချင်တာလား"

"ကျွန်တော် တကယ်ပြောတာပါခင်ဗျာ"

"ဒါဆို ကျုပ်စကားကို နားထောင်ရလိမ့်မယ်၊ ကျုပ်ခိုင်းတာ လုပ်ရလိမ့်မယ်"

ကျူးလင်ဖုန်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ အတော်ပေးလိုက်လေသည်။

"ဟုတ်ကဲ့ ဦးခိုင်းတာ လုပ်ပါ့မယ်၊ ဦးရဲ့စကားကိုနားထောင်ပါ့မယ်ခင်ဗျာ"

"ကောင်းတယ်..ကောင်းတယ်"

စန်းဗှာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး..

"မင်းက ငါနဲ့အတူနေရမယ်၊ ငါသင်ပေးတဲ့သိုင်းပညာကို လေ့ကျင့်ရမယ်"

"ဗျာ"

မမျှော်လင့်သောစကား ကြားရလျှင် ကျူးလင်ဖုန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာသိုင်းသမားစန်းဟွာသည် ထိပ်သီးသိုင်းသမား တစ်ဦး ဖြစ်လေသည်။

စန်းဟွာက ကျူးလင်ဖုန်းအား ဦးစွာ ဒဏ်ရာများပျောက်ကင်းအောင် ကုသပေးလေသည်။ ဒဏ်ရာများ ပျောက်ကင်းသွားပြီးမှ သိုင်းပညာသင်ပေးလေသည်။

ကျူးလင်ဖုန်းသည် မေလင်းအတွက် ဆေးရပြီဖြစ်၍ အမြန်ဆုံးပြန်သွားလိုသော်လည်း ကတိအတိုင်း စန်းဟွာထံ၌နေထိုင်ကာ သိုင်းပညာသင်ယူခဲ့လေသည်။

စန်းဟွာက သူ၏ဝေဒနာနှင့်မေလင်း၏ မျက်စိဝေဒနာ ပျောက်ကင်းသွားအောင် ကူညီခဲ့သည့်အပြင် ဂိုဏ်းချုပ်လေးဦးအား ရင်ဆိုင်နိုင်အောင် သိုင်းပညာပါ ထပ်မံသင်ကြားပေးခြင်းဖြစ်ရာ ကျူးလင်ဖုန်း ကျေးဇူးတင်မဆုံး ဖြစ်ရလေတော့သည်။

စန်းဟွာ၏ကျေးဇူးကို နားလည်သဘောပေါက်ကာ ကြိုးစားလေ့ကျင့်လိုက်လေတော့သည်။ သို့ဖြင့် နေ့ရက်အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့လေတော့သည်။

♠ ♠ ♠



## အပြန်လမ်းမှအန္တရာယ်

ပေ့ကျန်းတောင်...။

ပေ့ကျန်းတောင်သည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ကျင်းရှောင်သည် လူထူးဆန်းကြီးကျွေ့ဖန်းအား နှုတ်ဆက်ကာ တောင်ပေါ်မှဆင်းလာခဲ့လေသည်။

ကျွေ့ဖန်း မှာလိုက်သည့်အတိုင်း အချိန်ကို အကျိုးရှိစွာ အသုံးချသည့်အနေဖြင့် ကျွေ့ဖန်း သင်ကြားပေးခဲ့သော ဓားသိုင်းကို လမ်းတလျှောက် လေ့ကျင့်လာခဲ့လေသည်။

ဓားသိုင်း၏အစွမ်းထက်မှုကြောင့် တောလမ်းတလျှောက်၌ သစ်ကိုင်းများ ကျိုးပြတ်ကာ သစ်ရွက်များမြေပေါ်ပြန့်ကျဲသွားလေတော့သည်။

သို့ဖြင့် တစ်နေရာသို့ အရောက်တွင်...

"ကောင်းလိုက်တဲ့ ဓားသိုင်း"

လူတစ်ယောက်၏ ချီးကျူးသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကျင်းရှောင် ရင်ထိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူခြေလှမ်းလည်း တုန့်ခနဲ ရပ်တန့်သွားလေသည်။

စကားသံထွက်ပေါ်လာရာသို့ ကြည့်လိုက်လျှင် မလှမ်းမကမ်းရှိ သစ်ပင်အောက်၌ အဘိုးအိုတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုသည် မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ပျော်ပျော်နေတတ်သူ ဖြစ်ပုံရလေသည်။

ကျင်းရှောင်က ဦးညွတ်လိုက်သည်။

"ကျွန်တော့်ရဲ့ ဓားသိုင်းကို ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အဘိုးအို လက်ကာပြလိုက်သည်။

"ငါ့ကို ကျေးဇူးမတင်နဲ့ဦး။ ငါက ချီးကျူးပြီးရင် ဝေဖန်ဦးမှာကွ"

"ဦးက ဘယ်လိုဝေဖန်မှာလဲဗျာ"

"ဓားသိုင်းက ကောင်းပြီး၊ မင်းက အသုံးမကျဘူးလို့ ဝေဖန်ချင်တာပေါ့"

ကျင်းရှောင် စိတ်မဆိုးသည့်အပြင် ရယ်မောလိုက်လေသည်။

"ဦးပြောတာ မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ စာပေပညာကို ပိုပြီးဝါသနာပါတာကြောင့် သိုင်းပညာဘက်မှာ အားနည်းပြီး ချို့ယွင်းနေတာ အမှန်ပါပဲ"

အဘိုးအိုက...



"အေး..မင်းက ဓားသိုင်းကို မြန်မြန်တတ်ချင်တယ်၊ ဒါပေမယ့် စိတ်ဝင်စားမှုနဲ့ကြိုးစားအားထုတ်မှုက ညံ့နေတယ်၊ ဒါတွေကို ပြင်လိုက်ရင် မင်းတိုးတက်လာမှာပဲ"

ကျင်းရှောင်က ဦးညွတ်လိုက်ပြန်သည်။

"ကျွန်တော့်ရဲ့ ချို့ယွင်းချက်ကို ပြုပြင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အဘိုးအိုက...

"မင်းက သည်ဓားသိုင်းကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် အတော့်ကိုကြိုးစားရဦးမယ်၊ ဒါကြောင့် အလွယ်တကူ တတ်မြောက်နိုင်တဲ့ ဓားသိုင်းဆယ်ကွက်လောက် မင်း မသင်ချင်ဘူးလားကွ"

ကျင်းရှောင်က...

"ကျွန်တော် အခုသင်ယူထားတဲ့ သိုင်းကွက်လောက် အစွမ်းထက်ပါ့မလားဗျာ"

အဘိုးအို ရင်ကော့လိုက်လေသည်။

"ကျုပ်ပြောတဲ့သိုင်းဆယ်ကွက်က အသုံးမကျဘူးဆိုရင် ကျုပ်က မင်းရဲ့တပည့်လုပ်မယ်၊ ကဲ ဘယ့်နှယ်လဲကွ"

"ဟာ သည်လိုတော့ မလုပ်ပါနဲ့ဗျာ"

ကျင်းရှောင် ကပျာကယာ တောင်းပန်လိုက်ရလေသည်။

အဘိုးအိုက...

"မင်းယုံကြည်အောင် လက်တွေ့ပြမှဖြစ်မယ်၊ ကဲ မင်းရဲ့ဓား

www.burmeseclassic.com

www.burmeseclassic.com



ငါကို ခဏငှားစမ်းပါဦး”

ဟုပြောကာ ရှေ့တိုးပြီး ကျင်းရှောင်၏လက်ထဲမှဓားကို ဆွဲယူလိုက်လေသည်။

ကျင်းရှောင် တစ်ချက်ကလေး မလှုပ်ရှားနိုင်မီ သူ၏လက်ထဲမှဓားမှာ အဘိုးအို၏လက်ထဲသို့ ရောက်ရှိသွားလေတော့သည်။

“ဟင်”

ကျင်းရှောင် ကပျာကယာ နောက်ဆုတ်လိုက်မိလေသည်။

အဘိုးအိုက မည်သို့မျှ သဘောမထားချေ။

ကျင်းရှောင်၏ဓားကို ဆုပ်ကိုင်ကာ...

“သည်မှာကြည့်ထား”

ဟုပြောပြီး ဓားငွေယမ်းကာ သူ၏ဓားသိုင်းကို ထုတ်ဖော်လိုက်လေသည်။

“ဝှစ်..ဝှစ်..ဝှစ်”

စူးရှသောလေတိုးသံများနှင့်အတူ ဝင်းလက်သော ဓားရောင်များ ပေါ်ထွက်လာလေသည်။

အဘိုးအိုက ဓားသိုင်းဖော်ထုတ်လိုက်ပုံမှာ အလွန်ပင်ကြည့်၍ကောင်းနေသည်။

ဓားချက်များက သွက်လက်မြန်ဆန်ပြီး ထိရောက်မှုရှိသည်ဟု ကျင်းရှောင် ခန့်မှန်းလိုက်မိလေသည်။

အဘိုးအိုသည် သူ့ဓားသိုင်းကို ထုတ်ဖော်ပြသလိုက်ပြီးလျှင်

“ဘယ်လိုလဲ၊ မင်း သဘောကျရဲ့လား”



ဟု မေးလေသည်။

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ သဘောကျပါတယ်ခင်ဗျာ”

အဘိုးအိုက...

“ဒါဖြင့် မင်းကိုငါသင်ပေးမယ် ဆိုရင်ကော”

“ကျွန်တော်...”

ကျင်းရှောင် ရုတ်တရက် မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။ အဘိုးအိုက...

“မင်းက ပေ့ကျန်းတောင်မှာသွားပြီး ပညာသင်ခဲ့တာ မဟုတ်လား”

ဟု မေးလာလေသည်။ ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် ခင်ဗျာ”

“ကျွေ့ဖန်းက မင်းကို ဓားသိုင်းတစ်ကွက်ထဲ သင်ပေးလိုက်တာ မဟုတ်လား”

“ဟုတ်ပါတယ်ခင်ဗျာ”

“သူက ဘာကြောင့် ဓားသိုင်းတစ်ကွက်ထဲ သင်ပေးလိုက်သည်ဆိုတာ မင်းသိသလား”

ကျင်းရှောင်က...

“မသိပါဘူး ခင်ဗျာ”

အဘိုးအိုက...

“မသိရင်မှတ်ထား၊ မင်းရဲ့အဖေကြောင့်ကွ”

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကျင်းရှောင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ကျွန်တော့်အဖေကြောင့် ဟုတ်လား"

"အေး..မင်းအဖေဟာ သိုင်းဆရာကျင်းထိုက်မဟုတ်လား။ ပြောစမ်းပါဦး"

"ဟင် ဦးက ကျွန်တော့်ဖေဖေကို သိနေတယ် ဟုတ်လား"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"မင်းအဖေကို သိုင်းလောကတစ်ခုလုံးက သိထားကြတာ ပဲကွ"

ကျင်းရှောင်က အဘိုးအိုအား အကဲခတ်လိုက်လေသည်။

အဘိုးအိုက...

"မင်းအဖေက သွေးသောက်အစ်ကိုကို လုပ်ကြံပြီး သိုင်းကျမ်းရယူသွားတယ်လို့ သတင်းထွက်ပေါ်နေတာကို ကျွေ့ဖန်း မကြားဘဲနေမှာမဟုတ်ဘူး။ ဒါကြောင့် သူက မင်းကိုပညာကုန်မပေးဘဲ မကောင်းတတ်လို့ မင်းကို ဓားသိုင်းတစ်ကွက် သင်ပေးလိုက်တာ"

ကျင်းရှောင်က...

"ဦး တကယ်ပြောတာလားဗျာ"

အဘိုးအိုက....

"ငါပြောတာ မယုံရင် ကျွေ့ဖန်းက ဘယ်သူ့ကိုများ သိုင်းပညာတွေ အများကြီးသင်ပေးခဲ့ဖူးသလဲဆိုတာ မင်းစုံစမ်းကြည့်ပေါ့"

ကျင်းရှောင် ဘာမှမပြောဘဲ နေလိုက်လေသည်။



အဘိုးအိုက...

"ဘာပဲပြောပြော သူသင်ပေးလိုက်တဲ့ ဓားသိုင်းကွက်က တော်တော်ကောင်းပါတယ်၊ ဒါပေမယ့် မင်းအချိန်ယူပြီး လေ့ကျင့်ရမှာ ဒါကြောင့် ငါသင်ပေးတာကို လက်ခံလိုက်တာ အကောင်းဆုံး ပဲ"

ကျင်းရှောင်က...

"ကျွန်တော် ဘယ်လောက်ကြာကြာ သင်ရမလဲဆိုတာ အမိန့်ရှိပါခင်ဗျာ"

အဘိုးအိုက...

"ငါ့ရဲ့သိုင်းကွက်တွေက သိပ်ပြီးမခက်ခဲပါဘူး၊ မင်းက ဉာဏ်ကောင်းတော့ တစ်လနှစ်လလောက် သင်လိုက်မယ်ဆိုရင် ရပါ သည် ဒါပေမယ့် ကျွမ်းကျွမ်းကျင်ကျင်ရှိအောင်တော့ ဆက်ပြီး လေ့ကျင့်သွားရမှာပေါ့လေ"

ကျင်းရှောင်က...

"တစ်ရက်ထဲနဲ့သင်လို့ မရနိုင်ဘူးလား ခင်ဗျာ"

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"မရဘူး ဘယ်သိုင်းကွက်ကိုမှ တစ်ရက်ထဲနဲ့ သင်လို့မရ ဘူး"

ကျွေ့ဖန်းက သူ့အား တစ်ညထဲနှင့် သင်ပေးခဲ့ခြင်းဖြစ်လေ ရာ ကျင်းရှောင်သည် ကျွေ့ဖန်းက သူ့အား ကောင်းမွန်စွာ ကျူး ကျူးပြီး ဓားသိုင်းတစ်ကွက် သင်ကြားပေးခဲ့သော်လည်း ကြာ

www.burmeseclassic.com

www.burmeseclassic.com



ကြာလက်မခံဘဲ တစ်ညသင်ပေးပြီး အိမ်ရောက်မှ ဆက်လက် လေ့ကျင့်ရန်ပြောကာ အိမ်ပြန်နိုင်းခဲ့သည်မှာ အဘိုးအိုပြောသကဲ့သို့ ဖခင်ကြီး၏ပြဿနာကြောင့် ဂုဏ်သိက္ခာထိခိုက်မည်ကို စိုးရိမ်ကာ တမင်ခေါင်းရှောင်လိုက်ခြင်းဖြစ်မည်ဟု တွေးလာမိလေသည်။

အချို့သိုင်းသမားကြီးများသည် ဂုဏ်သိက္ခာနှင့် ပတ်သက်လာလျှင် ထိခိုက်မည်ကို အလွန်စိုးရိမ်ကြသည် မဟုတ်ပါလား။

အဘိုးအိုက…

"မင်း အိမ်ပြန်လို့လည်း အကြောင်းထူးတော့မှာမှ မဟုတ်တာ၊ ကျုပ်နဲ့လိုက်ခဲ့တာ အကောင်းဆုံးပဲ"

သူ၏စကားကြောင့် ကျင်းရှောင် မျက်မှောင်ကုပ်ကာ…

"ကျွန်တော် အိမ်ပြန်သွားလို့မထူးဘူးဆိုတာ…"

"အေးလေ မင်းအဖေက သေဆုံးသွားပြီ မဟုတ်လား"

"ဗျာ"

မမျှော်လင့်သော စကားကြားလျှင် ကျင်းရှောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ပထမပိုင်းပြီး၏။

၃–စာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တမူနွင့်ပြုချက်အမှတ် ၅၀၀၃၂၁၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၄၆၀၅၁၂

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှိ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## လူ့ခွစာ

သိုင်းလောကသားများမှာ စိတ်နေသဘောထား ထူးဆန်းသူများ ဖြစ်လေသည်။

သိုင်းပညာ အဆင့်မြင့်လေလေ စိတ်သဘောထားက ပိုပြီး ထူးခြားလေလေ ဖြစ်လေသည်။

သိုင်းလောကၖ ထင်ရှားသော သိုင်းသမားကြီးများတွင် ကျွေ့ဖန်းနှင့် ဂူချောင်ယင်းတို့ကဲ့သို့ ထူးခြားသော အခြားသိုင်းသမားကြီးများ အများအပြား ရှိလေသည်။

ဝမ်အဘိုးအို၊ ယင်မင်းယိုနှင့် သီလရှင်ဝေတို့သည်လည်း ထူးခြားသူများ ဖြစ်လေသည်။

သူတို့သည် သိုင်းလောကၖ ထွက်ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ လူတွေက သတိထားမိလိုက်၊ မေ့လျော့နေလိုက် ဖြစ်ခြင်းခံရသူများပင်။

ယခု...

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင်နှင့် ဆုံတွေ့မိသော အဘိုးအိုမှာ လူ့ခွစာ လူထူးဆန်း ဝမ်းအဘိုးအို ဖြစ်လေသည်။

ဝမ်းအဘိုးအိုသည် သိုင်းလောက၌ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ရှိနေခြင်းကြောင့် သူ၏သိုင်းပညာ မည်သို့ရှိသည်ကို အများက မခန့်မှန်းတတ်ကြတော့ချေ။

ဝမ်းအဘိုးအိုနှင့် ယင်မင်းယိုတို့သည် ကျိုဝေဆိုသော အမျိုးသမီးတစ်ယောက်ကို ပြိုင်တူ မေတ္တာသက်ဝင်ခဲ့မိကြလေသည်။

ကျိုဝေကလည်း ဝမ်းအဘိုးအိုနှင့် ယင်မင်းယိုတို့နှစ်ယောက်စလုံးအပေါ် သံယောဇဉ် ရှိခဲ့သည်။

သို့သော် မည်သူ့ကို ရွေးချယ်ရမှန်းမသိ အခက်ကြုံခဲ့သည်။

ဤတွင် ယင်မင်းယိုက ကျိုဝေသည် ဝမ်းအဘိုးအိုကို ပိုပြီး သံယောဇဉ် ရှိနေသည်ဟု ယူဆကာ ခြေရာပျောက်သွားခဲ့လေသည်။

ဝမ်းအဘိုးအိုကလည်း ကျိုဝေကို အထင်မှားသွားခဲ့သည်။

ကျိုဝေလည်း စိတ်ပျက်ကာ သီလရှင်ဝတ်သွားခဲ့၏။

သူတို့သုံးယောက်၏ မေတ္တာရေးကို သိုင်းလောကသားများ သိထားကြလေသည်။

သီလရှင်ဝေ၊ ဝမ်းအဘိုးအိုနှင့် ယင်မင်းယိုတို့သည် မေတ္တာရေးကိုသာ ဦးစားပေးနေကြသဖြင့် သိုင်းလောကသားများကလည်း သူတို့အား လျစ်လျူရှုထားလိုက်ကြလေတော့သည်။

ဝမ်းအဘိုးအိုနှင့် ပေကျန်းတောင်မှ ကျွေ့ဖန်းတို့သည် ကျောင်းရှောင်၏ဖခင် ကျောင်းထိုက်နှင့် ပတ်သက်ခဲ့ကြဖူးသူများ ဖြစ်လေသည်။



ကျောင်းထိုက်သည် တစ်ချိန်က ကျွေ့ဖန်း၊ ဝမ်းအဘိုးအိုတို့ သိုင်းလောက အရှုပ်အထွေးများဖြင့် အခက်ကြုံနေချိန်၌ တတ်စွမ်းသရွေ့ အကူအညီပေးခဲ့ဖူးသည်။ ထို့ကြောင့်...

ကျောင်းထိုက်အား ဝမ်းအဘိုးအိုနှင့် ကျွေ့ဖန်းတို့က အရေးအကြောင်းရှိပါက ပြန်လည်ကူညီမည်ဟု ကတိပေးခဲ့ကြသည်။

ကျောင်းထိုက်က ပြဿနာ ကြုံလာရလေသောအခါ ကျောင်းရှောင်အား သိုင်းပညာသင်ပေးရန် ကျွေ့ဖန်းကို မေတ္တာရပ်ခံခဲ့သလို ကျောင်းရှောင်အား တတ်စွမ်းသရွေ့ ကူညီစောင့်ရှောက်ပေးပါရန် ဝမ်းအဘိုးအိုကို ပန်ကြားခဲ့လေသည်။

ကျွေ့ဖန်းက သူ၏ဂုဏ်သိက္ခာ ထိခိုက်မည်ကို စိုးရိမ်ကာ ကျောင်းရှောင်ကို သိုင်းတစ်ကွက် သင်ကြားပေးပြီး ပြန်လွှတ်လိုက်လေသည်။

ထိုအကြောင်းကို အခြေအနေ စောင့်ကြည့်နေသော ဝမ်းအဘိုးအိုက သိရှိသွားပြီး ကျောင်းရှောင်အား သူတီထွင်ထားသော ဓားပညာကို သင်ကြားပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ဝမ်းအဘိုးအိုက ကျောင်းထိုက်၏ပြဿနာကို ကြား၍ ကျောင်းထိုက်ထံသို့ သွားခဲ့ရာ ကျောင်းထိုက်မှာ ရရှိထားသော ဒဏ်ရာကြောင့် သေဆုံးသွားကြောင်း သိခဲ့ရလေသည်။

အိမ်ဖော်ထင်းစန်းနှင့် အိမ်ထိန်းကြီးတို့သည် ဝမ်းအဘိုးအိုအား အဖြစ်အပျက်များကို ပြောပြပြီး ဂိုဏ်းချုပ်လေးဦး၏ အန္တရာယ်ကို စိုးရွံ့ကာ ကျောင်းထိုက်၏ ရုပ်အလောင်းကို ဆောင်ရွက်ပြီးသည်နှင့် ဇာတိရပ်ရွာသို့ ပြန်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအဘိုးအိုသည် ကျင်းရှောင်ကို ကူညီမည်ဟု ဆုံးဖြတ်ကာ ပေ့ကျန်းတောင်သို့ လိုက်လာရင်း လမ်းခရီး၌ ကျင်းရှောင်နှင့် ဆုံတွေ့မိလိုက်ခြင်း ဖြစ်ပေတော့သည်။

ဝမ်းအဘိုးအို ပြောလိုက်သော စကားကြောင့် ကျင်းရှောင် ငေးငိုင်သွားလေသည်။

"ဦး ဘယ်လို ပြောလိုက်တာလဲဗျာ၊ ကျွန်တော့်ဖေဖေ သေဆုံးသွားပြီ ဟုတ်လား"

ဝမ်းအဘိုးအိုက...

"ဟုတ်တယ်၊ မင်းအဖေဟာ အဆိပ်မိထားတဲ့အပြင် အတွင်းဒဏ်ရထားတာကြောင့် သမားတော်တွေက ကြိုးစားကုသပေးပေမယ့် မရတော့ဘဲ သေဆုံးသွားခဲ့တာ"

"ဒါ..ဒါ"

"ဒါ အမှန်ပါပဲ၊ ဒါကြောင့် မင်း အိမ်ပြန်သွားလို့လဲ ဘာမှ အကြောင်းမထူးဘူးလို့ ပြောတာပေါ့"

ကျင်းရှောင် အံကြိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် အိမ်ပြန်ပြီး ဖေဖေရဲ့ အုတ်ဂူကို သွားကန်တော့ရမှာပါပဲ"

ဝမ်းအဘိုးအို ခေါင်းညိတ်လိုက်သည်။

"မင်းသွားရမှာပါ။ ဒါပေမယ့် ခုတော့ မဟုတ်သေးဘူး"

"ဗျာ"

"ခုတော့ မင်းကို ငါ သိုင်းပညာသင်ပေးမှာမို့ ငါ့နောက်ကို လိုက်ခဲ့ရဦးမယ်"



ကျင်းရှောင်က ချက်ချင်း ငြင်းဆန်လိုက်လေသည်။

"ကျွန်တော် မလိုက်နိုင်တာကို တောင်းပန်ပါတယ်ဗျာ"

ဝမ်းအဘိုးအိုက...

"မင်း မလိုက်လို့ မရဘူး၊ မင်းကို ကူညီစောင့်ရှောက်ဖို့ မင်းအဖေက ငါ့ကို အပ်ထားတာ"

ကျင်းရှောင်က...

"ကျွန်တော်.."

"မင်းအဖေရဲ့ ရန်သူတွေက မင်းကိုရော ချမ်းသာပေးမယ် ထင်နေသလား၊ မင်းသာ ရန်သူ လက်ချက်မိသွားရင် မင်းအဖေရဲ့ သွေးကြွေးကို ဘယ်သူဆပ်မှာလဲ ပြောစမ်းပါဦး၊ မင်း အိမ်ပြန်သွားတော့ကော မင်းအဖေ ပြန်ပြီးအသက်ရှင်လာမယ်များ ထင်နေသလား၊ မင်းပါ ဒုက္ခရောက်သွားလိမ့်မယ်ကွ"

ဝမ်းအဘိုးအိုက ဂရုဏာဒေါသဖြင့် အပြစ်တင် ပြောဆိုလိုက်လေသည်။ သူ၏စကား မှန်ကန်နေခြင်းကြောင့် ကျင်းရှောင် ဘာမှမပြောနိုင်ဘဲ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

ဝမ်းအဘိုးအိုက...

"ကျင်းရှောင်၊ ငါ့နောက်လိုက်ခဲ့တာ အကောင်းဆုံးပဲ၊ ကဲ သွားကြစို့"

ဟု ပြောကာ လှမ်းထွက်သွားလေသည်။

ကျင်းရှောင် ငူငူကြီး ရပ်နေပြီးမှ သက်ပြင်းရှည်ကြီးချကာ ဝမ်းအဘိုးအို နောက်သို့ လိုက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်မြှုပ်နေတဲ့လူ

ဆေးဆရာသိုင်းသမား စန်းဟွာ…။

စန်းဟွာဟူသော အမည်မှာ ဆေးဆရာအဖြစ် နေထိုင်ခဲ့ချိန်၌ အသုံးပြုခြင်း ဖြစ်သည်။

သိုင်းလောကသား သိုင်းသမားတစ်ယောက်အဖြစ် နေထိုင်ချိန်၌ သူ၏အမည်မှာ ယင်မင်းယို ဖြစ်လေသည်။

နာမည်နှစ်မျိုး၊ ဘဝနှစ်မျိုးဖြင့် ကျင်လည်ကျက်စားခဲ့သော်လည်း သိုင်းသမားအဖြစ်က အများနှင့်အုတ်ရောရောရော၊ ကျောက်ရောရော ဖြစ်ခဲ့ပြီး ဆေးဆရာအဖြစ်က ပို၍ထင်ရှားလေသည်။

အစွမ်းထက်သော သိုင်းသမား အများအပြား ရှိကြသော်လည်း အစွမ်းထက်သော ဆေးဆရာကမူ ရှားပါးသည် မဟုတ်ပါလား။

ထို့ကြောင့် သိုင်းဆရာယင်မင်းယိုထက် ဆေးဆရာစန်းဟွာကို ပို၍ လူသိများလေသည်။



နောက်ပိုင်းတွင် နာမည်နှစ်မျိုး၊ ဘဝနှစ်မျိုးကို ပေါင်းစပ်ကာ ဆေးဆရာသိုင်းသမား စန်းဟွာဟုသာ ခေါ်ကြပြီး ယင်မင်းယိုဟူသောအမည်က မှေးမှိန်သွားခဲ့လေတော့သည်။

ယင်မင်းယိုတဖြစ်လဲ ဆေးဆရာသိုင်းသမား စန်းဟွာသည် ကျူးလင်ဖုန်းကို သဘောကျကာ မေလင်းအတွက် အစွမ်းထက်သော ဆေးရည်တစ်မျိုး ပေးသည့်အပြင် ကျူးလင်ဖုန်းကိုလည်း ထိပ်တန်းသိုင်းပညာများ သင်ကြားပေးခဲ့လေသည်။

သို့ဖြင့်…

ကျူးလင်ဖုန်း ကံကောင်းကာ ထိပ်တန်းသိုင်းပညာများ ရရှိခဲ့လေတော့သည်။

ယနေ့ညသည် လပြည့်ည ဖြစ်သည်။

ကောင်းကင်ပေါ်၌ လဝန်း ထိန်ထိန်သာနေ၏။

အေးမြကြည်လင်သော လရောင်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

ညဥ့်နက်ပြီ ဖြစ်သော်လည်း ကျူးလင်ဖုန်း အိပ်မပျော်နိုင်သေးပါချေ။

ကောင်းကင့်ပေါ်မှ လဝန်းကို ငေးမောကြည့်နေမိလေသည်။

လဝန်းတွင် မေလင်း၏ပုံရိပ် ထင်ဟပ်နေသည်ဟု ခံစားနေရလေသည်။

"ညီမလေးမေလင်းရယ်၊ မင်း မကြာခင် ဝမ်းသာပျော်ရွှင်ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူတွေးတောနေစဉ်မှာပင် တေးကဗျာတစ်ပုဒ် ဆိုညည်းသံကို ခပ်သဲ့သဲ့ ကြားလိုက်ရလေသည်။

ကျူးလင်ဖုန်း အံ့သြသွားလေသည်။

“ညကြီးအချိန်မတော် ဘယ်သူကများ တေးကဗျာ ရွတ်ဆိုနေပါလိမ့်”

တွေးရင်း ကဗျာရွတ်ဆိုသံ ထွက်ပေါ်လာရာဆီသို့ ဦးတည်သွားလိုက်လေသည်။

တေးကဗျာသည် ကွေကွင်းခဲ့ရသည့် ချစ်သူအား ရည်စူးကာ ဖွဲ့ဆိုထားသော အလွမ်းကဗျာတစ်ပုဒ် ဖြစ်လေသည်။

ကျူးလင်ဖုန်းက သစ်ပင်ပန်းပင်များကို ကွေ့ပတ်ကာ လျှောက်သွားလိုက်ရာ မကြာပါချေ။ မြေကွက်လပ်တစ်ခုသို့ ရောက်သွားပြီး ကောင်းကင်ပေါ် မော့ကြည့်ရင်း ကဗျာရွတ်ဆိုနေသူတစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဆေးဆရာသိုင်းသမား စန်းဟွာ ဖြစ်လေသည်။

စန်းဟွာမှာ အလွန်ခွေးမြေ့ကြေကွဲနေပုံ ရှိလေသည်။

ကျူးလင်ဖုန်းက မလှမ်းမကမ်း၌ ခြေလှမ်းရပ်ကာ စန်းဟွာကို ငေးကြည့်နေလိုက်မိတော့သည်။

စန်းဟွာသည် ကျိဝေ(ဝါ)သီလရှင်ဝေအား ယခုတိုင် မမေ့နိုင်သေးသည့် အသွင်မျိုး ဖြစ်ပေသည်။

အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်သော်လည်း ငယ်စဉ်က ချစ်ခင်မြတ်နိုးခဲ့ရသူကို အောက်မေ့တမ်းတ သတိရနေပုံမျိုး ဖြစ်လေသည်။



ကျူးလင်ဖုန်း စိတ်မကောင်း ဖြစ်သွားလေသည်။

တေးကဗျာကို နားထောင်ရင်း သူလည်း မေလင်းကို သတိရလာလေသည်။

ငယ်စဉ်ကလေးဘဝကတည်းက သံယောဇဉ် တွယ်တာခဲ့ရသည် မဟုတ်ပါလား။

သူက စန်းဟွာထက် ပိုပြီးကံကောင်းသည်မှာ မေလင်း၏ တုန့်ပြန်အဖြေကို သူက ရရှိခဲ့ပြီး ချစ်သူဘဝ ရောက်ခဲ့ရခြင်း ဖြစ်လေသည်။

မေလင်း၏မျက်စိဝေဒနာ သက်သာပျောက်ကင်းသွားပြီဆိုလျှင် သူတို့နှစ်ယောက်၏ဘဝမှာ သာယာပျော်ရွှင်ဖွယ်အတိ ဖြစ်ပေလိမ့်မည်။

စန်းဟွာကား ကျိဝေ၏တုန့်ပြန်မေတ္တာကို မရခဲ့ပါချေ။

ကျိဝေက လူ့ဝတ်ကြောင်ကို စွန့်ကာ သီလရှင် ဝတ်သွားပြီ မဟုတ်ပါလား။

ကျိဝေ(ဝါ)သီလရှင်ဝေ၏ မေတ္တာကိုရရှိဖို့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

စန်းဟွာသည် ချစ်ခင်တွယ်တာမိသူနှင့် ဘယ်တော့မှ ပေါင်းဖက်ဆုံစည်းနိုင်တော့မည် မဟုတ်ပါ။

ကျူးလင်ဖုန်းသည် စန်းဟွာကို ကြည့်ရင်း ထူးခြားသော အတွေးတစ်ခု ဝင်ရောက်လာလေသည်။

သီလရှင်ဝေဘက်မှ ရပ်တည်ကာ တွေးတောမိလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ဝေကကော မည်သို့ခံစားရမည်နည်း။

သူမအား ချစ်ခင်နှစ်သက်သူနှစ်ယောက်အနက် မည်သူ့ကို ရွေးချယ်ရမှန်းမသိ အခက်ကြုံခဲ့ပြီး နှစ်ယောက်စလုံးနှင့် ဝေးခဲ့ရသည်။

သူမလည်း နှလုံးသား ဝေဒနာကို ကျိတ်မှိတ်ခံစားခဲ့ရမည်သာ မဟုတ်ပါလား။

ကျူးလင်ဖုန်းသည် တွေးတောစဉ်းစားရင်း လူတစ်ယောက်ကို သတိရလာလေသည်။

"ပိချင်း"

ဟု လွှတ်ခနဲ ရေရွတ်လိုက်သည်။

ပိချင်းသည် နတ်မိမယ်လေးအလား ချောမောလှပသူလေး ဖြစ်သည်။

ထို့အပြင် ချမ်းသာကြွယ်ဝသော မြို့တော်ဝန်၏တစ်ဦးတည်းသော သမီးလေးလည်း ဖြစ်လေသည်။

ပိချင်းနှင့် ကျူးလင်ဖုန်းတို့ မြို့လယ်ဈေး၌ တစ်ကြိမ် နှစ်ကြိမ် တွေ့ဆုံဖူးလေသည်။

နောက်ပိုင်းတွင် ပိချင်းက သူ့အကြောင်း စုံစမ်းနေသည်ဟု သတင်းကြားခဲ့ရသည်။

မြို့တော်ဝန်ဂေဟာနှင့် နီးစပ်သူများက ပိချင်းသည် မိမိအပေါ် မေတ္တာသက်ဝင်နေသည်ဟု သုံးသပ်ပြောဆိုကြသည်ကိုလည်း ကျူးလင်ဖုန်း ကြားခဲ့ရသည်။

ချောမောလှပပြီး ချမ်းသာကြွယ်ဝကာ ဂုဏ်ရှိသော ပိချင်း



၏ စိတ်ဝင်စားမှုခံရသဖြင့် အလွန်ကံကောင်းသည်ဟု ဆိုနိုင်ပေသည်။ သို့သော် ကျူးလင်ဖုန်းက စိတ်မဝင်စားခဲ့ပါ။

သူက မေလင်းမှလွဲပြီး မည်သူ့ကိုမျှ စိတ်ဝင်စားလိမ့်မည် မဟုတ်ချေ။

ပိချင်း၏မေတ္တာသည် အလွန်ဆန်းကြယ်သော တစ်ဘက်သပ် မေတ္တာပင် ဖြစ်နေပါတော့သည်။

ကျူးလင်ဖုန်းက ပိချင်း အကြောင်း တွေးမိပြီး သက်ပြင်းချမိလေသည်။

တိတ်ဆိတ်နေသော ဝန်းကျင်၌ သူ၏သက်ပြင်းချသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ထင်ရလေသည်။

တေးကဗျာရွတ်ဆိုသံများ ကွယ်ပျောက်သွားလေသည်။

စန်းဟွာက သတိပြုမိသွားခြင်း ဖြစ်သည်။

စန်းဟွာသည် ကျူးလင်ဖုန်း ရှေ့သို့ ချက်ချင်း ရောက်ရှိလာလေသည်။

ကျူးလင်ဖုန်းကို ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။

"မင်းက အိပ်မပျော်ဘူးလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"မေလင်း အကြောင်းကို တွေးနေလို့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဟား...ဟား...ဟား"

စန်းဟွာက ရယ်ချလိုက်လေသည်။

"သည်လို သာယာတဲ့ ညမျိုးမှာ ကိုယ်ချစ်ရတဲ့သူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အကြောင်း တွေးရတာ သိပ်ကို အရသာရှိတာကွ"

"ဟုတ်ပါတယ် ခင်ဗျာ"

"နေပါဦး၊ မင်းက သည်စကားတစ်ခွန်းပဲ ပြောတတ်တာလားကွ"

"ဟာ သည်လိုတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ငါပြောတာ ဘယ်လိုသဘောရသလဲ"

"ဦးပြောတာ သိပ်ကောင်းပါတယ်"

စန်းဟွာ ခေါင်းခါယမ်းလိုက်သည်။

"မင်းနဲ့ ဆက်ပြီး စကားပြောနေလို့လဲ ထူးတော့မှာ မဟုတ်ဘူး၊ ကဲ ညဥ့်နက်နေပြီ အိပ်ကြစို့"

ဟု ပြောပြီး ချာကနဲ လှည့်ထွက်သွားလေသည်။

ကျူးလင်ဖုန်းလည်း ဘာမှမပြောဘဲ လိုက်ပါသွားလေတော့သည်။

♠ ♠ ♠



## ဖြိုင်ဘက်

နံနက် မိုးစင်စင် လင်းလာသည်နှင့် မြို့ကလေးမှာ လှုပ်ရှားသက်ဝင်လာလေသည်။

လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားလာသည်။

လမ်းဘေး တစ်ဘက်တစ်ချက်၌လည်း ဈေးဆိုင်များ၊ စားသောက်ဆိုင်များ ဖွင့်ထားလိုက်ပြီ ဖြစ်လေသည်။

ကျူးလင်ဖုန်းက ဟိုဟိုသည်သည် ငေးမောကြည့်ရင်း လမ်းမကြီးအတိုင်း လျှောက်လာခဲ့လေသည်။

တစ်နေရာသို့ အရောက်တွင် တောင်ဝှေးတစ်ချောင်း အားပြုကာ လျှောက်လှမ်းလာနေသည့် အဘွားအိုတစ်ယောက်ကို တွေ့လိုက်ရ၏။

မျက်မမြင်အဘွားအိုတစ်ယောက် ဖြစ်လေသည်။

ကျူးလင်ဖုန်းက အဘွားအိုကိုကြည့်ရင်း မေလင်းကို သတိရလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘွားအိုကို ငေးမောကြည့်ရင်း ရှေ့ဆက်လာခဲ့ရာ လူတစ်ယောက်နှင့် မရှောင်လွှဲဘဲ ဝင်တိုက်မိလိုက်လေသည်။

"ခင်ဗျား ရမ်းကားလှချည်လား"

ထိုလူက ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

ကျူးလင်ဖုန်းက…

"ကျုပ် မမြင်လို့ ဝင်တိုက်မိတာကို တောင်းပန်ပါတယ်ဗျာ"

သူဝင်တိုက်လိုက်မိသူမှာ ရုပ်ရည်ချောမောခန့်ညားသော လူရွယ်တစ်ဦး ဖြစ်လေသည်။

အထက်တန်းကျစွာ ဝတ်ဆင်ထားပြီး အဖြူရောင်ကိုယ်ကြပ်အကျႌ ဝတ်ဆင်ထားသဖြင့် သိုင်းလောကသားတစ်ယောက် ဖြစ်ကြောင်း ထင်ရှားနေ၏။

လူရွယ် နှာခေါင်းရှုံ့လိုက်သည်။

"မမြင်လို့ ဝင်တိုက်မိတယ်ဆိုတော့ ခင်ဗျား မျက်လုံးကန်းနေတာ မဟုတ်ပါဘူးနော်"

"ဘာဗျ"

"ခင်ဗျား မျက်လုံးတွေ ကောင်းတယ် မဟုတ်လား"

"ကျုပ်…ကျုပ်က"

"ခင်ဗျားက မျက်လုံးကောင်းလျက်နဲ့ မမြင်လို့ ဝင်တိုက်မိတယ်ဆိုတာ ရယ်စရာကောင်းနေပြီ"

လူရွယ်က ပြောပြီး ရယ်မောလိုက်လေသည်။

တမင် လှောင်ပြောင်ရယ်မောနေခြင်း ဖြစ်ကြောင်း ကျူးလင်ဖုန်း နားလည်လိုက်လေသည်။



"မျက်လုံးကောင်းလျက်နဲ့ မမြင်ဘူးဆိုတော့ ခင်ဗျားရဲ့ မျက်လုံးတွေကို သမားတော်ဆီမှာ ပြသကြည့်ပါဦးဗျာ"

လူရွယ်က ပြောပြီး ရယ်မောကာ ထွက်သွားတော့သည်။

"ရပ်လိုက်"

ကျူးလင်ဖုန်း ဟန့်တားလိုက်သည်။

လူရွယ် ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်၏။

"ခင်ဗျား ဘာများ ပြောချင်သေးလို့လဲ"

ကျူးလင်ဖုန်းက…

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲဆိုတာ ပြောပြနိုင်မလားဗျာ"

လူရွယ်က…

"ဪ ကျုပ်နာမည်ကို သိချင်သေးတာကိုး၊ ကောင်းပြီ၊ ပြောပြရသေးတာပေါ့၊ စွန်းချိုကျွန်းလို့ ခေါ်ပါတယ်ဗျာ၊ ကျုပ်ရှင်းရှင်းပဲ ပြောလိုက်မယ်၊ ကျုပ်ကို မကျေနပ်ဘူးဆိုရင် ကျုပ်အကြောင်းကို အရင်စုံစမ်းကြည့်ဦးပေါ့ ဟုတ်လား"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ယခုတစ်ကြိမ်…

ကိုယ်ဖော့ပညာ အသုံးပြုကာ ထွက်သွားသည် ဖြစ်ရကား ကျူးလင်ဖုန်း၏မြင်ကွင်းမှ ရိပ်ခနဲ ပျောက်ကွယ်သွားတော့သည်။

"တောက်"

ကျူးလင်ဖုန်း တက်ခေါက်လိုက်သည်။

စွန်းချိုကျွန်းသည် သိုင်းလောက၌ လူငယ်သူရဲကောင်းဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားကျော်ကြားနေသူ ဖြစ်ကြောင်း သူကြားဖူးထားလေသည်။

"မင်းကို အများက သူရဲကောင်းလို့ ချီးကျူးကြတာနဲ့ ဘဝင်မြင့်နေတာကိုး၊ တစ်နေ့ တွေ့ကြသေးတာပေါ့"

ဟု ကြုံးဝါးလိုက်လေသည်။

စွန်းချိကျွန်းကလည်း သူ့အား ကျူးလင်ဖုန်းက ကျေနပ်မည် မဟုတ်ကြောင်း နားလည်ထား၏။

နှစ်ယောက်သား စင်တိုက်မိလိုက်ချိန်က ကျူးလင်ဖုန်းသည် သိုင်းပညာ တတ်မြောက်ထားသူ ဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

သူကလည်း အခွင့်အရေးရလျှင် ကျူးလင်ဖုန်းနှင့် တစ်ပွဲတလမ်း ပညာစမ်းလိုသေးသဖြင့် ကျူးလင်ဖုန်း မခံချိမခံသာ ဖြစ်အောင် တမင်ရန်စပြီး ထွက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

♠ ♠ ♠



## လျှို့ဝှက်လူ

ကျုန်းနန်မှ သိုင်းဆရာ ဖုန်းရွှင် လုပ်ကြံခံလိုက်ရသည်။

များမကြာမီ ကျင်းထိုက် သေဆုံးသွား၏။

ဖုန်းရွှင်အား ကျင်းထိုက်က အကောက်ကြံခဲ့ပြီး သိုင်းကျမ်းရယူသွားသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ကျင်းထိုက်ပါ သေဆုံးသွားသောအခါ အမှောင်ရိပ်လွှမ်းနေသော အခန်းတစ်ခု အတွင်းရှိ စားပွဲတစ်လုံး၌ လူလေးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

ထိုလူလေးယောက်မှာ...

ကြယ်ဂိုဏ်းချုပ် စုဟန်။

မိုးမြေဂိုဏ်းချုပ် ဝေချို။

ခုံတုံဂိုဏ်းချုပ် ယန်ကိုး။

ဓားဂိုဏ်းချုပ် ထိစန်းတို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်လေးယောက်က ယခုကဲ့သို့ စုရုံးရောက်ရှိနေကြသည်မှာ အဘယ်ကြောင့်ပါနည်း။

ကြယ်ဂိုဏ်းချုပ် စုဟန်သည် အခန်း၏တိတ်ဆိတ်မှုကို ဆက်လက် သည်းမခံနိုင်တော့သည့်အလား ချောင်းတစ်ချက်ဟန့်ကာ စကားစလိုက်လေသည်။

"ကျုပ်တို့ ရောက်နေတာ အတော်ကြာပြီ၊ သူရောက်လာဖို့ကောင်းနေပြီ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ကျုပ် ရောက်နေတာ ကြာပါပြီ"

လူတစ်ယောက်သည် မကောင်းဆိုးဝါးတစ်ကောင်ပမာ ရောက်ရှိလာလေသည်။

ထိုလူသည် အသားမည်းကြုတ်ကြုတ်ရှိပြီး အဝါရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

စုဟန်တို့လေးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ထိုင်ရာမှထကာ ဦးညွှတ်လိုက်ကြလေသည်။

"ဆရာချောင်ကျွမ်းကို ဂါရဝပြုပါတယ်"

ဆရာချောင်ကျွမ်းဆိုသူက အသိအမှတ်ပြုသည့်အလား ခေါင်းညိတ်ပြလိုက်ပြီး လွတ်နေသော ထိုင်ခုံ၌ ဝင်ရောက်ထိုင်ချလိုက်လေသည်။

တဖန် စုဟန်တို့လေးယောက်အား ဝေ့ကြည့်လိုက်ပြီး...

"ခင်ဗျားတို့လေးယောက်ကို ခေါ်လိုက်ရတာက ခင်ဗျားတို့ဟာ ကျန်းနန်သိုင်းဆရာ ဖုန်းရွှင်ဆီက သိုင်းကျမ်းကို ရအောင်မယူနိုင်တဲ့အပြင် ကျင်းထိုက်လဲ သေဆုံးခဲ့ရတော့ ပြဿနာတွေက ခင်ဗျားတို့ဘက်ကို မြားဦးလှည့်လာနေပြီဆိုတာ ပြောပြချင်လို့ပဲ"



စုဟန်တို့လေးယောက် အချင်းချင်း ကြည့်လိုက်ကြ၏။

ချောင်ကျွမ်းက...

"ဖုန်းရွှင်ကို လုပ်ကြံပြီး ကျင်းထိုက်အပေါ် အပြစ်ပုံချမယ်ဆိုရင် ကျင်းထိုက်ကို သတ်ပစ်ဖို့မလိုဘူး၊ အားလုံးက သိုင်းကျမ်းလိုချင်တာကြောင့် ကျင်းထိုက်က ဖုန်းရွှင်ကိုအကောက်ကြံတယ်လို့ လူတွေက ယူဆကြမှာပဲ၊ အခု ကျင်းထိုက်ပါ သေသွားတော့ သို့လောသို့လော ဖြစ်လာကြမှာပဲ၊ ကျင်းထိုက်၊ ဖုန်းရွှင်တို့နဲ့ ခင်ဗျားတို့ ပတ်သက်ခဲ့ကြတာကို သိတဲ့လူက သိနေကြတယ်၊ ဒါကြောင့် အားလုံးအာရုံပြောင်းသွားအောင် တစ်ခုခုလုပ်ရလိမ့်မယ်"

စုဟန်က...

"ကျုပ်တို့ ဘယ်လိုလုပ်ရမယ်ဆိုတာ အမိန့်ရှိပါ ဆရာချောင်ကျွမ်း"

ဆရာချောင်ကျွမ်းက...

"တိဘက်က ထူးချွန်တဲ့ သိုင်းပညာရှင်တစ်ချို့ဟာ သူတို့ရဲ့ ပညာနဲ့ တရုတ်ပြည်မကြီး ဓားပညာ ဘယ်သူသာတယ်ဆိုတာ သိချင်နေကြတယ်၊ ကျုပ်က သူတို့နဲ့ ဆက်သွယ်ပြီး ယှဉ်ပြိုင်ပွဲတစ်ခု ကျင်းပဖို့ စိတ်ကူးထားတယ်"

စုဟန်က...

"ကျုပ်တို့က ယှဉ်ပြိုင်ရမှာလား"

ဆရာချောင်ကျွမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကြယ်ဂိုဏ်းကို လာခဲ့ဖို့ တိဘက်သိုင်းသမားတွေကို ကျုပ်ဖိတ်ခေါ်လိုက်မယ်"

စုဟာန် မျက်နှာပျက်သွားလေသည်။

သို့သော် ချောင်ကျွမ်း၏စကားကို မဖယ်ရှားဝံ့သဖြင့် ငြိမ်နေလိုက်ရလေသည်။ ချောင်ကျွမ်းက...

"စုဟာန်၊ ခင်ဗျားက တိဘက်သိုင်းသမားတွေက လာပြီး စော်ကားကြတယ်ဆိုတဲ့ သဘောမျိုး ဖြစ်အောင် ဖန်တီးနိုင်ရင် သိုင်းလောကသားတွေဟာ ဖုန်းရွှင်နဲ့ ကျင်းထိုက် သေဆုံးသွားတဲ့ ကိစ္စကို မေ့သွားပြီး တိဘက်သိုင်းသမားတွေနဲ့ ယှဉ်ပြိုင်ပွဲကို အာရုံရောက်သွားကြလိမ့်မယ်၊ ခင်ဗျားတို့ကိုလဲ ဘယ်လိုမှ သဘောထားကြတော့မှာ မဟုတ်ဘူး"

စုဟာန် မတတ်သာဘဲ သဘောတူလိုက်ရလေသည်။

"ကောင်းပါပြီဗျာ"

ချောင်ကျွမ်းက...

"နောက်ထပ် အရေးကြီးတဲ့ ကိစ္စတစ်ခု ကျုပ်ပြောချင်သေးတယ်"

"ဟုတ်ကဲ့ ပြောပါဗျာ"

"ယန်မျိုးနွယ်က လွတ်မြောက်သွားတဲ့ လူတွေကို ခုထိ ရှာလို့ မတွေ့ကြသေးဘူးလား၊ ယန်အိမ်တော်ထိန်း ဖြစ်တဲ့ ခါးကုန်းကြီးနဲ့ သခင်မလေးတို့က လွတ်မြောက်သွားခဲ့ကြတာပဲ၊ သူတို့ကို ရှာဖွေပြီး သုတ်သင်ရှင်းလင်းပစ်ရလိမ့်မယ်"

စုဟာန်က...



"သူတို့ကို ရှာဖွေခဲ့တာ နေရာနှံ့နေပါပြီ၊ လုံးဝမတွေ့ရပါဘူးဗျာ"

စိတ်ပျက်သော လေသံဖြင့် ညည်းတွားလိုက်၏။

အမှန်တော့ ချောင်ကျွမ်းမှာ ယန်သခင်ကြီး၏ လက်ရုံး ဖြစ်ခဲ့ပြီး သစ္စာဖောက်ခဲ့သူလည်း ဖြစ်လေသည်။

ချောင်ကျွမ်း သစ္စာဖောက်ခဲ့သဖြင့် မကောင်းမှုများကို စွန့်လွှတ်ပြီး အေးချမ်းစွာ နေထိုင်ခဲ့သော ယန်သခင်ကြီးနှင့် မိသားစုဝင်များမှာ ကံဆိုးခဲ့ကြသည် မဟုတ်ပါလား။

မိုးမြေဂိုဏ်းချုပ် ဝေချိုက...

"မကြာသေးခင်ကတော့ ယန်သခင်ကြီးဟာ သူ့ရဲ့ဇာတိရပ်ရွာကို ပြန်သွားနိုင်တယ်လို့ သတင်းရပါတယ်၊ ဒါကြောင့် စုံစမ်းနိုင်းထားပါတယ်"

ဆရာချောင်ကျွမ်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပလာလေသည်။

"ဟုတ်သားပဲ၊ ယန်သခင်ကြီးဟာ သူ့ရဲ့ဇာတိရပ်ရွာမှာသွားပြီး ပုန်းအောင်းနေနိုင်တာပေါ့၊ သေသေချာချာ စုံစမ်းပါ"

"စိတ်ချပါ၊ ဆရာချောင်ကျွမ်း"

ဆရာချောင်ကျွမ်းသည် ယန်သခင်အား သစ္စာဖောက်ကာ သိုင်းလောကသားများကို သတင်းပေးခဲ့သဖြင့် ယန်သခင် ဒုက္ခရောက်ခဲ့ရလေသည်။

ချောင်ကျွမ်းကား သိုင်းလောကသားများ၏ ခွင့်လွှတ်ခြင်းခံရပြီး သိုင်းလောက၌ ဆက်လက်ရပ်တည်နေနိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ကျွမ်းသည် ဓားပြအဖွဲ့သားများအား စည်းရုံးသိမ်းသွင်းကာ နောက်ကွယ်၌ မကောင်းမှုများ ဆက်လက်ကျူးလွန်ခဲ့လေသည်။

စုဟာန်တို့ ဂိုဏ်းချုပ်လေးယောက်မှာလည်း ချောင်ကျွမ်း၏ တပည့်များ ဖြစ်လေသည်။

စုဟာန်တို့ ဂိုဏ်းချုပ်များ ဖြစ်လာစေရန် ချောင်ကျွမ်းက ကူညီပံ့ပိုးပေးခဲ့သည်။

ထို့နောက် ဂိုဏ်းချုပ်လေးယောက်အား နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ခဲ့လေသည်။

ချောင်ကျွမ်းက…

"ကျင်းထိုက်ရဲ့သား ကျင်းရှောင်က ပေ့ကျန်းတောင်မှာ သွားပြီး ပညာသင်နေတယ်လို့ သတင်းကြားတယ်၊ သူ့ကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အခြေအနေပေးတာနဲ့ သုတ်သင်ပစ်ရမယ်၊ ခင်ဗျားတို့လေးယောက် စုပေါင်းတိုင်ပင်ပြီး လက်တွဲဆောင်ရွက်ကြပေတော့"

ဟု ပြောကာ စကားအဆုံးသတ်လိုက်တော့သည်။

♠ ♠ ♠



ဂိုဏ်းချုပ်လေးယောက် ထွက်သွားကြပြီ ဖြစ်သည်။

ချောင်ကျွမ်းက ဆက်၍ ထိုင်နေဆဲ။

သိုင်းလောက၌ ရပ်တည်နေနိုင်ရေးကား အလွန်ခက်ခဲသော ကိစ္စတစ်ခု ဖြစ်လေသည်။

ယန်သခင်ကြီး၏ လက်ရုံးတစ်ဦးအား သိုင်းလောကသားများက လက်ခံဖို့ဆိုသည်မှာ လွယ်ကူသော ကိစ္စတစ်ခု မဟုတ်ပါချေ။

ချောင်ကျွမ်းက ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သို့တိုင်…

မကောင်းမှုများကို နောက်ကွယ်မှ ဆက်၍ ကျူးလွန်နေခြင်းကြောင့် ဆက်လက်ရပ်တည်နိုင်ရေးမှာ မသေချာသော ကိစ္စ ဖြစ်လာသည်။

သူတို့၏မကောင်းမှု တစ်ခုခု ပေါ်ပေါက်သွားသည်နှင့် သိုင်းလောက၌ ဆက်၍နေထိုင်ဖို့ ဖြစ်နိုင်တော့မည် မဟုတ်ပါ။

"ယန်သခင်ကြီးရဲ့ ပစ္စည်းဥစ္စာတွေကိုသာ ရရင် သိုင်းလောကထဲမှာ ဆက်နေစရာ မလိုတော့ဘူး"

ယန်သခင်ကြီး၏စနီးသည်နှင့် အိမ်ထိန်းကြီးတို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြလေသည်။

ယန်သခင်ကြီး၏ဇနီးသည်မှာ ကိုယ်ဝန်အရင့်အမာ ရှိနေသဖြင့် သားသမီး မွေးဖွားလိမ့်မည် ဖြစ်သည်။

သူတို့အားလုံးကို သုတ်သင်ရှင်းလင်းပစ်ရန် ချောင်ကျွမ်းကြိုးစားနေခဲ့သည်မှာ အတော်ကြာခဲ့ပြီ ဖြစ်သည်။

ယန်မိသားစု အကြောင်း တွေးတောစဉ်းစားလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ချောင်ကျွမ်း ကြက်သီးဖြန်းခနဲ ထသွားလေသည်။

သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကိုလည်း ပြန်လည်သတိရလာလေတော့သည်။

♠ ♠ ♠

ညဉ့်နက်ပြီ ဖြစ်သည်။

ချောင်ကျွမ်းသည် စာဖတ်ခန်းထဲ၌ ထိုင်ကာ ယွန်းသေတ္တာလေးတစ်လုံး ရှေ့ချ၍ ယွန်းသေတ္တာထဲမှ ရွှေငွေကျောက်သံပတ္တမြားများကို ရှူးရှစွာ ကြည့်နေမိလေသည်။

ထိုပစ္စည်းများသည် ယန်သခင်ကြီးက သူ့အတွက် ဝေစုခွဲပေးထားသော ပစ္စည်းများ ဖြစ်သည်။

ချောင်ကျွမ်းက ရွှေတုံးကလေး လက်တစ်ဆုပ် နှိုက်ယူလိုက်ပြီး...

“ဒါထက် အဆပေါင်းများစွာ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ယန်သခင်ကြီးက အပိုင်စီးထားလိုက်တာပဲ”

ဟု မကျေမနပ် ရေရွတ်လိုက်လေသည်။

ယန်သခင်ကြီးက တပည့်တပန်းများအား အနည်းငယ်စီသာ ခွဲဝေပေးပြီး ကျန်ပစ္စည်းအားလုံးကို အပိုင်စီးလိုက်သည်ဟု မကျေမနပ် ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း သစ္စာဖောက်ကာ သိုင်းသမားများအား သတင်းပေးလိုက်ခြင်း ဖြစ်လေသည်။



“ခင်ဗျား လက်ဝါးကြီးအုပ်ထားတဲ့ ပစ္စည်းတွေကို ကျုပ်ရအောင် ယူပြမယ်”

သူက စိတ်လိုက်မာန်ပါ လက်ဝှေ့ယမ်းလိုက်ရာ လက်ထဲဆုပ်ထားသော ရွှေတုံးလေးများအနက် ရွှေတုံးလေးတစ်တုံးက အောက်သို့ ပြုတ်ကျသွားလေသည်။

“ဒေါက်”

ချောင်ကျွမ်းက ရွှေတုံးလေးကို ကောက်ယူရန် ဟန်ပြင်လိုက်လေသည်။

သို့သော်...

ရွှေတုံးလေးမှာ ပျောက်ချင်းမလှ ပျောက်သွားလေသည်။

ချောင်ကျွမ်း အံ့ဩသွားသည်။

“ဘယ်လို ဖြစ်တာပါလိမ့်”

သူက အရက်သောက်ထားသော်လည်း အလွန်အကျွံ မူးယစ်နေသည် မဟုတ်ပါ။

ရွှေတုံးလေးအား လိုက်ရှာနေစဉ်မှာပင်...

“ခစ်”

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချောင်ကျွမ်းက ခေါင်းထောင်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ချောင်ကျွမ်း အံ့ဩသွားသည်။

“မင်း ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး သည်အထဲကို ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်ပိုင်း...

ယန်သခင်မလေး၏ခြောက်လှန့်ခြင်းကို ချောင်ကျွမ်း မကြာခဏ ခံခဲ့ရလေသည်။

အိပ်မက်ဆိုးများလည်း မကြာခဏ မြင်မက်ခဲ့သည်။

ချောင်ကျွမ်းသည် ယန်မျိုးဆက်များအား အပြီးတိုင် ချေမှုန်းသုတ်သင်ပစ်မှ ဖြစ်မည်ဟု စိတ်ပိုင်းဖြတ်ခဲ့လေတော့သည်။

ချောင်ကျွမ်း သက်ပြင်းချလိုက်သည်။

ဂိုဏ်းချုပ်လေးဦးက သိုင်းဆရာ ဖုန်းရှင်အား လုပ်ကြံခဲ့ကြသည်မှာ သူ့အား မတိုင်ပင်ဘဲ ကိုယ့်သဘောနှင့်ကိုယ် လုပ်ခဲ့ကြခြင်း ဖြစ်သည်။

ဖုန်းရှင်က သူတို့၏မကောင်းမှုများကို ရိပ်မိသွားပြီး ဖော်ထုတ်မည်ကို စိုးရိမ်ခြင်းကြောင့်ဟု အကြောင်းပြခဲ့သည်။

ထို့ကြောင့် ချောင်ကျွမ်း ဘာမှ မပြောခဲ့ပါ။

ဖုန်းရှင် အသတ်ခံရသည့် ကိစ္စကို ကျင်းထိုက်၏ခေါင်းပေါ် အပြစ်ပုံချကာ အဆုံးသတ်ဖို့ မှာကြားခဲ့သည်။

သို့သော်...

ကျင်းထိုက်က ရင်ဆိုင်လာသဖြင့် ဂိုဏ်းချုပ်လေးဦးက ကျင်းထိုက်ကိုပါ လုပ်ကြံလိုက်ရာ အခြေအနေ ရှုပ်ထွေးသွားခဲ့တော့သည်။

ဤတွင် ချောင်ကျွမ်းက တိဘက်သိုင်းသမားများနှင့် ယှဉ်ပြိုင်ဖို့ ထပ်မံစီစဉ်ပေးခဲ့ရပြန်တော့သည်။

အခြေအနေက ရှုပ်ထွေးနေသည်။



ချောင်ကျွမ်း သက်ပြင်းချလိုက်သည်။

"ယန်မျိုးနွယ် ပစ္စည်းတွေ ရရင် ငါ့အတွက် လုံလောက်ပါပြီလေ"

ဟု ရေရွတ်ပြီး ထိုင်ရာမှ ထကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ထူးထူးခြားခြား

ဝမ်းအဘိုးအိုသည် အလွန်ထူးခြားသူတစ်ယောက် ဖြစ်လေသည်။

ကျောင်းရှောင်အား ခေါ်ဆောင်သွားပြီး သိုင်းပညာ သင်ကြားပေးခဲ့လေသည်။

ဓားသိုင်းဆယ်ကွက် သင်ပေးခဲ့ခြင်း ဖြစ်သည်။

ကျောင်းရှောင်သည် ဓားသိုင်းကွက်များ သင်ကြားရင်း ဝမ်းအဘိုးအို၏အကြောင်းကို သိခဲ့ရလေသည်။

ဝမ်းအဘိုးအိုက သီလရှင်ဝေအပေါ် မေတ္တာသက်ဝင်မိခဲ့သော်လည်း တုန့်ပြန်မေတ္တာကို မရခဲ့ပေ။

အချိန်များ ကုန်ဆုံးသွားပြီး အသက်အရွယ် ကြီးရင့်လာသောအခါ ဝမ်းအဘိုးအိုက သီလရှင်ဝေ၏မေတ္တာကို ပိုင်ဆိုင်ရယူဖို့ ကိစ္စကို စွန့်လွှတ်လိုက်တော့သည်။



လူငယ်များ မဟုတ်တော့ဘဲ အသက်အရွယ် ကြီးရင့်လာကြသည့်အလျောက် တစ်ယောက်ကိုတစ်ယောက် မိတ်ဆွေများပမာ သဘောထားလိုက်ကြတော့သည်။

သို့သော်...

သူတို့နှစ်ယောက်စလုံး စိတ်နေသဘောထား ထူးခြားကာ ခေါင်းမာသူများ ဖြစ်ကြသည့်အလျောက် သိုင်းပညာ ဆွေးနွေးဖလှယ်ရင်း အငြင်းအခုန်ဖြစ်ကာ ပြိုင်ဘက်များ ဖြစ်သွားခဲ့ကြတော့သည်။

သိုင်းကွက်များ တီထွင်ရင်း တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်ခြင်းဖြင့် အချိန်ကုန်ခဲ့တော့သည်။

ကျောင်းရှောင်သည် ဝမ်းအဘိုးအိုနှင့် သီလရှင်ဝေတို့ အကြောင်းကို ကြားဖူးထားသော်လည်း မသိချင် ဟန်ဆောင်ကာ ဘာမှမပြောဘဲ နေခဲ့လေသည်။

ဝမ်းအဘိုးအို သင်ပေးသော ဓားဆယ်ကွက်ကို သင်ယူတတ်မြောက်လျှင် နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်သည် ဝမ်းအဘိုးအိုကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

တောလမ်းမှ ဖြတ်လာရင်း တစ်နေရာသို့ အရောက်တွင် သစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ တရှုံ့ရှုံ့ ငိုကျွေးနေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

ကျင်းရှောင် အံ့ဩသွား၏။

"ညီမ ဘယ်လို အခက်အခဲများ ရှိနေလို့လဲ၊ ကျုပ်ကို ပြောပြပါလား၊ ကျုပ်ကူညီပါ့မယ်"

ဟု ချဉ်းကပ်သွားပြီး ပြောလိုက်၏။

မိန်းကလေးက ခေါင်းမော့ကြည့်လိုက်သည်။

"ကျွန်မကို ကူညီမယ်လို့ ပြောပြီး ခုထိ ဘာအကူအညီမှ မပေးသေးလို့ပါရှင်"

ကျင်းရှောင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုမိန်းမချောလေးကို တစ်နေရာရာ၌ သူတွေ့ခဲ့ဖူးသည်ဟု ကျင်းရှောင် ထင်မိလေသည်။

"ညီမက ဘယ်သူ့ကို ပြောတာလဲ"

"အစ်ကို့ကို ပြောတာပါ"

"ကျုပ်ကို"

"ဟုတ်ပါတယ်"

ကျင်းရှောင်က...

"ဟာ ညီမရယ်၊ ကျုပ်တို့နှစ်ယောက် ခုမှ တွေ့ဖူးကြတာ မဟုတ်လား"



မိန်းကလေးက...

"ကျွန်မတို့ တွေ့ဖူးတာ ကြာပါပြီ"

"ညီမပြောတဲ့ စကားတွေကို ကျုပ်တော့ နားမလည်နိုင်တော့ဘူး"

"အစ်ကိုက ဦးလေးခါးကုန်းကြီးကို ပြောခဲ့တာပဲ မဟုတ်လား"

"ဦးလေးခါးကုန်းကြီးက..."

"ဟုတ်တယ်လေ"

"နေပါဦး၊ ဦးလေးခါးကုန်းကြီးဆိုတာ ဘယ်သူလဲ၊ ကျုပ်လဲ မသိပါလား"

မိန်းကလေးက...

"ယန်မျိုးနွယ် အိမ်ထိန်းကြီး ဖြစ်တဲ့ ဦးလေးခါးကုန်းကြီးကိုတောင် မသိတော့ဘူးလားရှင်"

"ဟင်"

ကျင်းရှောင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

တစ်ချိန်က ထူးခြားစွာ ကြုံတွေ့ခဲ့ရသော ရှေးဟောင်းအိမ်ကြီးနှင့် ခါးကုန်းကြီးကို ပြန်လည်သတိရလိုက်လေသည်။

ရှေးဟောင်းအိမ်ကြီး၌ ချိတ်ဆွဲထားသော ပန်းချီကားများမှ မိန်းမချောလေးတစ်ယောက်၏ ပုံတူပန်းချီကားကို သတိရလိုက်သည်။

ယခု သူတွေ့မြင်နေရသည့် မိန်းကလေးမှာ ပုံတူပန်းချီကားထဲမှ မိန်းကလေးပင် ဖြစ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင် မျက်လုံးပြူးသွားလေသည်။

"မင်း...မင်း...ပုံတူပန်းချီကားထဲက မိန်းကလေး မဟုတ်လား"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက ယန်သခင်မလေးပါ"

"မင်း"

"ကျွန်မတို့ကို ကူညီမယ်၊ ချောင်ကျွမ်းကို ဆုံးမပေးမယ်လို့ အစ်ကိုပြောခဲ့တာပဲ မဟုတ်လား။ ချောင်ကျွမ်းဟာ ဂိုဏ်းချုပ်လေးဦးကို နောက်ကွယ်က ကြိုးကိုင်ခိုင်းစေနေတဲ့ လူပါပဲ"

"ဘာ ညီမ ဘယ်လို ပြောလိုက်တယ်၊ ချောင်ကျွမ်းဟာ..."

ကျင်းရှောင် စကားဆုံးအောင် မပြောလိုက်ရပါ။

"ဗျို့ ဟေ့လူ၊ ခင်ဗျားတစ်ယောက်ထဲ ဘာတွေ ပြောနေတာလဲဗျ"

နောက်ကျောဘက်မှ ကျယ်လောင်သော စကားသံ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်လေသည်။

ကျင်းရှောင် လှည့်ကြည့်လိုက်သောအခါ အဖြူရောင် အဝတ်အစားများ အထက်တန်းကျစွာ ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုလူရွယ်မှာ သိုင်းလောကတွင် တဖြည်းဖြည်း နာမည်ရလာသော သူရဲကောင်း စွန်းချိကျွန်း ဖြစ်ကြောင်း၊ ကျင်းရှောင် သတိပြုမိလိုက်လေသည်။

စွန်းချိကျွန်းက...



"ခင်ဗျားတစ်ယောက်ထဲ ဘာတွေ ပြောနေတာလဲ"

ဟု မေးလာလေသည်။

ကျင်းရှောင်က...

"ကျုပ်က မိန်းကလေးတစ်ယောက်နဲ့ စကားပြောနေတာဗျ"

"မိန်းကလေး ဟုတ်လား။ ဘယ်မှာလဲ"

"သည်မှာလေ"

ကျင်းရှောင်က သစ်ပင်ကြီးအောက်၌ ငိုကျွေးနေခဲ့သော ယန်သခင်မလေးဘက်သို့ လှည့်ကာ ညွှန်ပြလိုက်၏။

"ဟင်"

ယခုတစ်ကြိမ် ကျင်းရှောင်ကိုယ်တိုင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သစ်ပင်အောက်၌ ယန်သခင်မလေးအား မတွေ့ရတော့ခြင်းကြောင့် ဖြစ်လေသည်။

ကျင်းရှောင် မျက်လုံးပြူးကာ ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်လေသည်။

ယန်သခင်မလေး၏ အရိပ်အရောင်ကိုပင် မတွေ့ရတော့ပါချေ။

"သူ ဘယ်ရောက်သွားတာလဲ"

ကျင်းရှောင် တအံ့တဩ ညည်းတွားမိလိုက်လေသည်။

စွန်းချိကျွန်းက...

"ခင်ဗျားပြောတဲ့ မိန်းကလေးက ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်မေးလာလေသည်။

ကျင်းရှောင်က...

"စောစောကပဲ သူရှိသေးတယ်"

စွန်းချိကျွန်း ရယ်မောလိုက်သည်။

"ခင်ဗျားလဲ သမားတော်ဆီကို သွားပြီး ဆေးကုလိုက်ရင် ကောင်းမယ်"

ဟု ပြောကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေတော့သည်။

♠ ♠ ♠



စွန်းချိကျွန်း ထွက်သွားပြီ ဖြစ်သည်။

ကျင်းရှောင်က မကျေမနပ်ဖြင့် ပတ်ဝန်းကျင်၌ ထပ်မံရှာဖွေကြည့်လိုက်လေသည်။

ယန်သခင်မလေး၏ အရိပ်အရောင်ကိုပင် မတွေ့ရတော့ပါ။

ကျင်းရှောင် ခေါင်းကုပ်လိုက်မိလေသည်။

"သူ ဘယ်ရောက်သွားတာလဲ"

ယန်သခင်မလေးကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

ယန်သခင်မလေးအား ရှာမတွေ့သည့် နောက်ဆုံး သစ်ပင်အောက်မှ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်သည် မြို့ကလေးတစ်မြို့သို့ ရောက်သောအခါ တည်းခိုခန်းတစ်ခု၌ ဝင်ရောက်တည်းခိုလိုက်လေသည်။

လမ်းခရီး၌ ထူးဆန်းစွာ ဆုံတွေ့ခဲ့ရသည့် ယန်သခင်မလေးကို သတိရနေမိလေသည်။

"ငါက ချောင်ကျွမ်းကို ဆုံးမပေးမယ်လို့ ကတိပေးပြီး ခုထိဘာမှ မလုပ်နိုင်သေးတာကြောင့်ပဲ ဖြစ်မယ်"

သူက ယန်မျိုးနွယ်အတွက် ကူညီမည်ဟု ကတိပေးခဲ့သည် မဟုတ်ပါလား။

ယခုတိုင် ဘာမှ မလုပ်ပေးနိုင်သေးချေ။

သူ၏ဖခင်ကြီးနှင့် ဂိုဏ်းချုပ်လေးဦး၏ ပြဿနာ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ဖြစ်လေသည်။

"ဝမ်းအဘိုးအိုကတော့ ဖေဖေ သေဆုံးသွားပြီလို့ ပြောတာပဲ"

ဝမ်းအဘိုးအိုသည် တမင် လိမ်ညာပြောမည် မဟုတ်ကြောင်း ကျင်းရှောင် နားလည်ထားလေသည်။

ဖခင်ကြီး သေဆုံးသွားခဲ့ပြီးနောက် သူ့အတွက် လုပ်ကိုင်ဆောင်ရွက်စရာတစ်ခုသာ ရှိတော့သည်။

ဂိုဏ်းချုပ်လေးဦးနှင့် ရင်ဆိုင်ဖြေရှင်းရန် ဖြစ်လေသည်။

ကျွဲဖန်းနှင့် ဝမ်းအဘိုးအိုထံမှ သိုင်းပညာများ သင်ကြားခဲ့ရပြီးဖြစ်ရာ ဂိုဏ်းချုပ်လေးဦးကို ကောင်းစွာ ယှဉ်နိုင်လိမ့်မည်ဟု ယုံကြည်ထားလေတော့သည်။

ကျင်းရှောင် အမျိုးမျိုး တွေးတောနေစဉ်မှာပင်...



"အစ်ကို သတိထားပါ"

နားထဲသို့ ချိုလွင်သော စကားသံလေးတစ်ခု တိုးဝင်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ကျင်းရှောင် ထိတ်လန့်သွားသည်။

ကပျာကယာ လူးလိမ့်ထကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

အခန်းတံခါးမကြီးကိုလည်းကောင်း၊ ပြတင်းတံခါးကိုလည်းကောင်း ပိတ်ထားပြီး ဖြစ်သည်။

သူက တရေးတမော အိပ်စက်အနားယူဖို့ ဖြစ်လေသည်။

အခန်းတွင်း၌ မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေပါချေ။

ကျင်းရှောင် အံ့ဩနေ၏။

"ငါသေသေချာချာ ကြားလိုက်တာပါ"

မိန်းကလေးတစ်ယောက်၏ ချိုလွင်သော စကားသံကို သူ ပီပီသသကြီး ကြားလိုက်ရခြင်း ဖြစ်လေသည်။

ယန်သခင်မလေး၏ စကားသံ ဖြစ်လေသည်။

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"ယန်မိန်းကလေးဟာ လူတစ်ယောက် မဟုတ်ဘဲ တစ္ဆေဘစ်ကောင် ဖြစ်နေပြီလား"

ဟု မဆီမဆိုင် တွေးလိုက်မိတော့သည်။

ထို့နောက်...

ကျင်းရှောင်သည် စိတ်မောလူမောဖြင့် အိပ်ရာထက် လှဲချ

www.burmeseclassic.com

www.burmeseclassic.com



ကာ မျက်လုံးမှိတ်ထားလိုက်လေတော့သည်။

♠ ♠ ♠

ကျင်းရှောင် မှေးခနဲ အိပ်ပျော်သွားလေသည်။

အိပ်ပျော်သွားသောအခါ အိပ်မက်မက်ခဲ့ပြီး အိပ်မက်ထဲ၌ ယန်သခင်မလေးနှင့် ဆုံတွေ့လိုက်ရပြန်တော့သည်။

အိပ်မက်ထဲ၌ ယန်မိန်းကလေးက...

"အစ်ကို၊ ဂိုဏ်းချုပ်လေးဦး လွှတ်လိုက်တဲ့ လူတွေ အစ်ကို့ကို အကောက်ကြံကြလိမ့်မယ် သတိထားပါ"

ဟု ထပ်တလဲလဲ သတိပေးနေ၏။

ကျင်းရှောင်က အကျိုးအကြောင်းမေးရန် ဟန်ပြင်နေစဉ်...

"ဒေါက်...ဒေါက်"

အပြင်ဘက်မှ တံခါးခေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် အိပ်ရာမှ လန့်နိုးသွားရတော့သည်။

တံခါးခေါက်သံများက အဆက်မပြတ် ထွက်ပေါ်နေဆဲ...

"လာပြီ...လာပြီ"

ကျင်းရှောင် ကပျာကယာ လူးလိမ့်ထကာ တံခါးသွားဖွင့်ပေးလိုက်လေသည်။

အပြင်ဘက်၌ ဆိုင်လုလင်တစ်ယောက် ရှိနေပါသည်။

ကျင်းရှောင်က...

"ဘာကိစ္စများ ရှိနေလို့လဲ"



ဟု မေးလိုက်သည်။ ဆိုင်လုလင်က...

"အစ်ကိုလေးကို တွေ့ချင်တဲ့ ဧည့်သည်တွေ ရောက်လာပါတယ် ခင်ဗျာ"

"ကျုပ်ကို တွေ့ချင်တာ"

"ဟုတ်ပါတယ်"

"ဘယ်သူတွေလဲ"

"သူတို့ပါ"

ဆိုင်လုလင်က သူ၏အနောက်ဘက်သို့ ညွှန်ပြလိုက်သည်။

ဆိုင်လုလင်၏ နောက်ကျောဘက်၌ လူလေးယောက် ရပ်နေကြ၏။

ကျင်းရှောင်က ထိုလူလေးယောက်ထံသို့ အာရုံရောက်သွားချိန်မှာပင် ဆိုင်လုလင်က အလစ်အငိုက်ဖမ်းကာ ကျင်းရှောင်အား တိုက်ခိုက်လိုက်လေတော့သည်။

ရုတ်တရက်မို့ ကျင်းရှောင် အငိုက်မိကာ မရှောင်နိုင်တော့ပါချေ။ ဆိုင်လုလင်၏လက်သီးက ကျင်းရှောင်၏ဝမ်းဗိုက်သို့ တိုးဝင်သွားလေသည်။

"အင့်"

ကျင်းရှောင် ရှေ့သို့ ငိုက်ကျသွားလေသည်။

"သူ့ကို မလွှတ်စေနဲ့"

"ဂိုဏ်းချုပ်လေးဦးကို ဒုက္ခပေးမယ့်ကောင်သတ်ပစ်"

ဆိုင်လုလင်နှင့် အဖော်လေးယောက်က ကျင်းရှောင်အား ဝိုင်းရံ တိုက်ခိုက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်မှာ ဆိုင်လုလင်အစစ် မဟုတ်ဘဲ ဂိုဏ်းချုပ်လေးဦး လွှတ်လိုက်သော လူဆိုးတစ်ယောက်ပင် ဖြစ်နေပါသည်။

လူဆိုးငါးယောက်၏ တိုက်ခိုက်မှုကြောင့် အငိုက်မိသွားသော ကျင်းရှောင် မရှုမလှ ခံလိုက်ရတော့သည်။

"ဖုန်း... ခွပ်"

"ဝုန်း"

"အား"

ကျင်းရှောင် စူးရှစွာ အော်ဟစ်ရင်း အခန်းတွင်းသို့ လွင့်စဉ်သွားလေသည်။ လူဆိုးငါးယောက်၏ လက်ချက်ကြောင့် ဒဏ်ရာများရကာ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွားတော့သည်။

ကျင်းရှောင် ထိတ်လန့်သွားလေသည်။

ပြန်လည်ခုခံဖို့ အချိန်မရဘဲ လူဆိုးငါးယောက်၏ လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည် ဖြစ်ရကာ အားယူကာ ပြတင်းပေါက်မှ တဆင့် အပြင်ဘက် ခုန်ထွက်လိုက်တော့သည်။

ကျင်းရှောင်မှာ အားမတန်မာန်လျှော့ကာ ရှောင်ထွက်သွားခြင်း ဖြစ်လေသည်။

"ပြေးပြီဟေ့"

"လိုက်ကြ"

လူဆိုးငါးယောက်က ညာသံပေးကာ လိုက်လာကြသော်လည်း ကျင်းရှောင် ကံကောင်းထောက်မကာ ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

♠ ♠ ♠



## သူငယ်ချင်း

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

ကျေးငှက်တို့သည် အိပ်မောကျနေလားမသိ။ အသံလုံးဝ မကြားရပါချေ။

ကောင်းကင်တစ်ခုလုံးမှာ မှောင်မည်းကာ နေပေတော့သည်။

လဝန်းကလေး ရှိနေသော်လည်း တိမ်တိုက်များ အကြားသို့ တိုးဝင်နေသဖြင့် ကမ္ဘာမြေတလွှား မှောင်မည်းလေသည်။

ကျူးလင်ဖုန်းသည် ထိုနေရာတစ်ဝိုက်သို့ မြေလှန်၍ ရှာကြည့်သည်။

သို့သော်...

မည်သည့် အရာကိုမျှ မတွေ့ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆင်ခြေလျှောလမ်းအတိုင်း ဆင်းသွားလေသည်။

အောက်သို့ ရောက်သောအခါ ချောင်းရေများ စီးဆင်းကျနေသည့် အသံများကို ကြားလိုက်ရလေသည်။

သူ့ရှေ့တွင် ချောင်းကလေးတစ်ခု ရှိရမည်ဟု ခန့်မှန်းမိလေသည်။

သူသည် ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ချောင်းကလေး ရှိရာသို့ လျှောက်သွားရာ ရှည်လျားသော မြက်ပင်များ အကြားတွင် လူတစ်ယောက် လဲနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျူးလင်ဖုန်းမှာ ရင်ထိတ်သွားသည်။

သူသည် 'လူတစ်ယောက်ပါလား'ဟု တွေးရင်း ရှေ့သို့ ဆက်ပြီး လျှောက်သွား သည်။

ထိုလဲလျောင်းနေသော လူအား သေချာစွာ ကြည့်လိုက်သောအခါ ကျင်းရှောင် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့မြင်ရလေသည်။

ကျင်းရှောင်၏တစ်ကိုယ်လုံးမှာ ဒဏ်ရာများဖြင့် ပြည့်နှက်နေသည်။

သူ၏အခြေအနေမှာလည်း မေ့မြောနေသည်ကို တွေ့ရသည်။

သူသည် ကမန်းကတန်း ရင်ဝကို လက်ဖြင့် စမ်းသပ်ကြည့်ရာ ရင်ခုန်နေသည်ကို တွေ့ရသဖြင့် သူသည် ကမန်းကတန်းပင် ပွေ့ချီထားလိုက်လေသည်။

ကျင်းရှောင်၏ဒဏ်ရာများကိုလည်း သေချာစွာ စစ်ဆေး



ကြည့်ရာ ကျင်းရှောင်၏ခန္ဓာကိုယ် တစ်ခုလုံးမှာ လက်ဝါးဒဏ်ရာ၊ ဓားဒဏ်ရာ၊ လက်နက်ပုန်းဒဏ်ရာနှင့် ဆူးများ ခြစ်မိနေသည့် ဒဏ်ရာများကို တွေ့ရလေသည်။

ကျူးလင်ဖုန်းသည် သွေးများနှင့် ကပ်နေသော အင်္ကျီအားဓားဖြင့် ခွဲထုတ်လိုက်သည်။

ထို့နောက် ကျင်းရှောင်အား ပွေ့ချီကာ ချောင်းရေထဲသို့ စိမ်ထားလိုက်လေသည်။

ထို့နောက် အဝတ်အစားများကို ဆုတ်ပစ်လိုက်ပြီး ကျင်းရှောင်၏ ဒဏ်ရာများအား ဆေးကြောပေးသည်။

အားလုံး ဆေးကြောပြီးသည့်နောက် သူသည် အဘိုးအိုပေးလိုက်သော ကြွေဗူးထဲမှ ဆေးရည်များကို ကျင်းရှောင်၏ပါးစပ်ထဲသို့ သုံးစက်ချပေးလိုက်သည်။

ထို့နောက်...

မြက်ခင်းပေါ်သို့ အသာအယာချကာ သူ၏အင်္ကျီဖြင့် လွှမ်းခြုံလိုက်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မိုးကုပ်စက်ဝိုင်းမှ နေရောင်ခြည်သည် စတင်ပေါ်ထွက်လာပြီ ဖြစ်သည်။

ကျူးလင်ဖုန်းသည် တစ်ညလုံး တစ်ရေးမျှ မအိပ်ရသေးသောကြောင့် မျက်လုံးများကို ပွတ်သပ်လိုက်လေသည်။

ထိုတစ်ညလုံးတွင် သူသည် ကျင်းရှောင်၏ သွေးခုန်နှုန်းအား စမ်းသပ်ကြည့်သည်။

အသက်ရှူခြင်းကိုလည်း သတိထားသည်။

ကျင်းရှောင်သည် အားနည်းစွာဖြင့် အသက်မှန်မှန်ရှူနိုင်သော်လည်း လုံးဝသတိမရသေးချေ။

သူသည် ပူပန်သောက ဖြစ်လာသည်။

သူသည် လူငယ်တစ်ယောက် ဖြစ်သည်။

နတ်တို့ကို အယုံအကြည် မရှိသော်လည်း ကျင်းရှောင် ပြန်လည်ကောင်းမွန်လာစေရန် သူသည် တောစောင့်နတ်များထံသို့ ဆုတောင်းရလေတော့သည်။

"နတ်သိကြားမင်းတွေ မစပါ ခင်ဗျား၊ ကျုပ် သူငယ်ချင်း ကျင်းရှောင်က ပြန်လည်သတိရပါစေ"

သူသည် ဤသို့ ဆုတောင်းလိုက်သောအခါ ကျင်းရှောင်ခန္ဓာကိုယ်သည် တစ်ချက်လှုပ်ရှားလိုက်ပြီး ညည်းသံတစ်ချက် ထွက်လာသည်။

သူသည် ဝမ်းသာသွားသည်။

"ညီလေး မင်းသက်သာရဲ့လား"

ကျင်းရှောင်က ခြောက်သွေ့သော နှုတ်ခမ်းကို ဟလိုက်လေသည်။ အသံ ထွက်မလာပါ။



ကျူးလင်ဖုန်းသည် အသံတိုးတိုးဖြင့်...

"ညီလေး အစ်ကိုရောက်နေပြီ၊ ဘာမှ စိတ်မညစ်နဲ့ အေးအေးဆေးဆေး တစ်ရေးအိပ်လိုက်မှ ကောင်းလာမှာ"

ကျင်းရှောင်မှာ ခေါင်းညိတ်ပြီး သတိမေ့သွားလေတော့သည်။

သူသည် ကျင်းရှောင်အား ပွေ့ဖက်ထားလိုက်လေတော့သည်။

♠ ♠ ♠

ကျင်းရှောင်သည် တစ်ခါတစ်ရံ သတိရလိုက်၊ တစ်ခါတစ်ရံ မေ့လိုက် ဖြစ်နေသည်။

ကျူးလင်ဖုန်းသည် သူ့အနီးမှာထိုင်လျက် တစ်ဖဝါးမျှမခွာပါချေ။

ညနေခင်း အချိန် ရောက်ရှိလာသောအခါ ကျင်းရှောင်သည် ရုတ်တရက် အပြင်းဖျားလာလေသည်။

သူသည် ကယောင်ချောက်ချားဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

သူသည် အခြေအနေ မဟန်မှန်း သိလိုက်ရသဖြင့် တော်ကြီးအိုပေးလိုက်သော ဆေးအား ထပ်မံကျွေးလိုက်ရလေသည်။

ထို့နောက် ချောင်းရေများ ခပ်၍ ကျင်းရှောင်အား တိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အတန်ကြာမှ ကျင်းရှောင် အိပ်ပျော်သွားလေတော့သည်။

♠ ♠ ♠

နောက်တစ်နေ့ နံနက် ကျင်းရှောင် အဖျားကျသွား၏။

သတိလည်း ကောင်းမွန်စွာ ရလာသည်။

ကျူးလင်ဖုန်းသည် ဤနေရာ၌ ဆက်လက်မနေသင့်သည်ဟု စဉ်းစားမိသဖြင့် ကျင်းရှောင်အား ပခုံးပေါ်ထမ်းကာ တောင်အောက်သို့ ဆင်းသွားလေသည်။

♠ ♠ ♠

ဤနေရာသည် မြို့လေးတစ်မြို့ ဖြစ်သည်။

ကျူးလင်ဖုန်းသည် တည်းခိုခန်းတစ်ခု ငှားရမ်းပြီးနောက် ကျင်းရှောင်အား လဲလျောင်းစေသည်။

သူသည် မအိပ်မနေ စိတ်မောလူမော ဖြစ်လာသဖြင့် အိပ်ရာပေါ်၌ လှဲချလိုက်သည်နှင့် အိပ်ပျော်သွား၏။

မည်မျှ ကြာသွားသည် မသိ။

သူ၏နားထဲသို့ အသံတစ်သံ တိုးဝင်လာသည်ကို ခံစားမိသဖြင့် အိပ်ရာမှနိုးလာသည်။

သူသည် ကမန်းကတန်း ထလိုက်ရာ ကျင်းရှောင်က သူ့



အား နိုးနေသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားသည်။

"ဟင် ညီလေး။ မင်းသတိရလာပြီ ဟုတ်လား"

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အစ်ကိုကြီးကိုတော့ ဘယ်လိုကျေးဇူးဆပ်ရမလဲ မပြောတတ်တော့ဘူး"

ကျူးလင်ဖုန်းက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းတော်တော် သက်သာသွားပြီလား"

ကျင်းရှောင်က ခေါင်းညိတ်လိုက်သည်။

"သက်သာသွားပါပြီ"

ကျူးလင်ဖုန်းက...

"အေး မင်းသက်သာလာတာ တွေ့ရလို့ ငါဝမ်းသာလိုက်တာကွာ၊ ဒါပေမယ့် အချိန်စောပါသေးတယ်ကွာ၊ မင်းအိပ်လိုက်ပါဦး"

ကျင်းရှောင်က ပြုံးလိုက်သည်။

"မင်း ပြတင်းပေါက် အပြင်ဘက်ကို ကြည့်လိုက်စမ်းပါ၊ နေတောင် အတော်မြင့်နေပြီ"

သူသည် ပြတင်းပေါက်သို့ လှည့်လိုက်ရာ နေအတော်မြင့်နေပြီဖြစ်သည်။

သူသည် အားရပါးရ ရယ်မောလိုက်သည်။

"ဟုတ်သားပဲ၊ ငါ အတော်အအိပ်ကြီးတယ်"

ကျင်းရှောင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ အစ်ကိုကြီး၊ အစ်ကိုကြီးက ကျုပ်အတွက် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းပြီး ခုလို အိပ်ပျော်တာပါ"

ကျူးလင်ဖုန်းကို ကျင်းရှောင်က ဂရုဏာသက်စွာဖြင့် ပြောလိုက်သည်။

ကျင်းရှောင်၏ မျက်နှာတစ်ခုလုံး သွေးရောင်ပင် မရှိဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို တွေ့ရသော်လည်း လန်းလန်းဆန်းဆန်း တွေ့ရသဖြင့် ဝမ်းသာသွားသည်။

ကျင်းရှောင်က ကျူးလင်ဖုန်း၏ပခုံးနှစ်ဘက်အား တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ပြောလိုက်လေတော့သည်။

"ကဲ ပြောပါအုံး။ မင်းက ဘယ်က ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ကျူးလင်ဖုန်းသည် သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို အသေးစိတ် ရှင်းပြလိုက်သည်။

♠ ♠ ♠

ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့သည် မြို့ထဲ၌ ငါးရက်တိတိ အနားယူပြီးနောက် သူတို့သည် ထိုနေရာမှ ထွက်ခွာသွားလေသည်။

♠ ♠ ♠



## စိန့်ခေါ်ခြင်း

စန်းစီးမြို့…။

စန်းစီးမြို့သည် ရှေးဟောင်းမြို့တစ်မြို့ ဖြစ်သည်။

မြို့ဟောင်းကလေး ဖြစ်သော်လည်း စီးပွားရေး၏ အငွေ့အသက်က လွှမ်းမိုးထားသည်ကို ခံစားနေရသည်။

နံနက်ခင်း နေရောင်ခြည်များသည် လမ်းမပေါ်သို့ ထိုးကျလျက် လမ်း၏ဘေးတစ်ဘက်တစ်ချက်ရှိ ဆိုင်းဘုတ်များသည် အရောင်တဖိတ်ဖိတ် တောက်နေသည်။

မည်သို့ဆိုစေ စန်းစီးမြို့ဟောင်းသည် အေးချမ်းသာယာသော မြို့ကလေးတစ်မြို့ ဖြစ်သည်။

တစ်ခုတော့ ရှိသည်။

မြို့ဟောင်း၏လမ်းများသည် မြေကြီးများ ခင်းကျင်းထား၍ မြင်းလှည်းများနှင့်လူများ ဖြတ်သွားခဲ့လျှင် အဝါရောင်ရှိသော ဖုန်များသည် တထောင်းထောင်းထကာ အတန်ကြာ လေထဲ၌လွှမ်းမိုးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်သည် မြို့ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ထမင်းဆိုင်တစ်ဆိုင်သို့ လှမ်းဝင်လိုက်ပြီး ထမင်း ဟင်းများ မှာကြားလိုက်လေသည်။

ဆိုင်လုလင်က ထမင်း၊ ဟင်းများ လာချပေးပြီးနောက် သူတို့ ခါးတွင် ဓားကိုယ်စီဆောင်ထားသည်ကို တွေ့ရသဖြင့်...

"ခင်ဗျားတို့က ပေ့ကျန်းတောင် သွားကြမလို့လား"

ကျင်းရှောင်တို့သည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ပေ့ကျန်းတောင်မှာ ဘာတွေ ရှိနေလို့လဲ"

ဆိုင်လုလင်က မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားတို့က မသိသေးဘဲကိုး၊ ဓားဂိုဏ်းချုပ် ထိစန်းက ပေ့ကျန်းတောင်မှာ အစည်းအဝေးတစ်ခု ကျင်းပဖို့ သိုင်းလောကသား အားလုံးကို ဖိတ်ထားတယ်"

ကျင်းရှောင်က သူ့အား မော့ကြည့်လိုက်သည်။

"ခင်ဗျားက ဘယ်လိုလုပ်သိလဲ"

ဆိုင်လုလင်က ပြုံးပြလိုက်သည်။

"သိတာပေါ့ဗျာ၊ အခု ရက်များမှာ သိုင်းလောကသားတွေဟာ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြတယ်၊ သူတို့တွေ ပြောသံကြားလို့ပါ"

ဆိုင်လုလင်က အခြားလူတစ်ယောက်အား ညွှန်ပြလိုက်သည်။

"ဟော ခင်ဗျားတို့ သိချင်ရင် သူ့ကိုမေးပါ"

ကျင်းရှောင်သည် ထိုလူအား လှည့်ကြည့်ရာ သိုင်းသမား



တစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။

သူသည် လက်နှစ်ဘက်ဆုပ်၍ အလေးပြုလိုက်၏။

"ဘာများ မေးမလို့လဲ မေးပါ"

ကျင်းရှောင်က...

"ခုနက ဆိုင်လုလင်က ပြောတယ်၊ ဓားဂိုဏ်းချုပ် ထိစန်းဟာ ပေ့ကျန်းတောင်မှာ အစည်းအဝေး လုပ်မယ်ဆိုတာ ဟုတ်သလားဗျ"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကျင်းရှောင်က...

"ဘာအတွက်ကြောင့် ခေါ်တာလဲဗျ"

ထိုလူက သက်ပြင်းချလိုက်သည်။

"ဒီလိုပါ၊ တိုင်းတပါးက သိုင်းပညာ အလွန်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်နှစ်ယောက် ဓားဂိုဏ်းချုပ် ထိစန်းကို သိုင်းပညာ ယှဉ်ပြိုင်ဖို့ စိန်ခေါ်နေလို့ပါ"

ကျူးလင်ဖုန်းက ပြောလိုက်သည်။

"ဒါနဲ့ အစည်းအဝေးနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

ထိုလူက...

"ဒီလိုပါ၊ နိုင်ငံခြားကလာတဲ့ သိုင်းပညာရှင် နှစ်ယောက်စလုံးဟာ အလွန်ထူးချွန်တယ်လို့ သိရပါတယ်၊ ဓားဂိုဏ်းချုပ် ထိစန်းက မနိုင်မှာ စိုးလို့ သိုင်းပညာရှင်တွေကို ခေါ်ပြီး သူနဲ့ ရင်ဆိုင်ဖို့ပါပဲ"

ကျူးလင်ဖုန်းက ထိုစကား ကြားလိုက်ရသောအခါ ကျင်း

www.burmeseclassic.com

www.burmeseclassic.com



ရှောင်အား လှည့်ကြည့်လိုက်သည်။

ထိုလူက စကားဆက်လိုက်သည်။

"ဒီတစ်ခါသာ တို့ သိုင်းသမားတွေ သူတို့ကို မနိုင်ရင်တော့ ရှက်စရာကောင်းမှာပဲ၊ နောက်ပြီး သိုင်းလောကတစ်ခုလုံး ကျွန်ဘဝ ရောက်သွားနိုင်တယ်"

ကျူးလင်ဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ထိုလူက သက်ပြင်းချလိုက်သည်။

"သူတို့က ပြောတယ်၊ တကယ်လို့များ သူတို့နိုင်ခဲ့ရင် သိုင်းလောကတစ်ခုလုံးက သူတို့ သစ္စာတော်ခံရမယ်လို့ ပြောတယ်"

ကျင်းရှောင်က ခေါင်းညိတ်လိုက်သည်။

"အင်း ကြည့်ရတာ ဒီတိုင်းတပါး သိုင်းသမားနှစ်ယောက်ဟာ အတော့်ကို ထက်မြက်တယ်နဲ့တူတယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးထိစန်းက အခုလို လေးလေးနက်နက် လုပ်နေရတာ"

ထိုလူက စကားဆက်လိုက်သည်။

"တိုင်းတပါး သိုင်းသမားနှစ်ယောက်က ပြောသေးတယ် ဗျ"

ကျူးလင်ဖုန်းက...

"သူတို့က ဘာတွေများ ပြောသေးသလဲ"

ထိုလူက...

"သူတို့က ပြောတယ်၊ တရုတ်ပြည်မှာ သူတို့နဲ့ ယှဉ်ပြိုင်နိုင်တဲ့လူ နှစ်ယောက်ပဲ ရှိတယ်လို့ ပြောပါတယ်"



ကျူးလင်ဖုန်းက...

"အဲဒီ လူနှစ်ယောက်က ယိုလုနယ်က ဓားသမား ဝူချောင်ယင်းရယ်၊ နောက်တစ်ယောက်ကတော့ ခုနစ်စဉ်ကြယ်သိုင်းသမား ကျွေ့ဖန်းလို့ ပြောတယ်"

ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့သည် ယင်းစကားကို ကြားလိုက်ရသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး သူတို့၏စိတ်ထဲ၌ ပေ့ကျန်းတောင်သို့ သွားရန် ဆုံးဖြတ်လိုက်လေ၏။

♠ ♠ ♠

ပေ့ကျန်းတောင်...။

ပေ့ကျန်းတောင်သည် ဓားဂိုဏ်း၏ မြောက်ပိုင်းအရပ်၌ အကြီးအကျယ်ဆုံးသော တောင်တစ်ခု ဖြစ်လေတော့သည်။

ယင်းတောင်ပေါ်၌ အလွန်ကျယ်ဝန်းသော အဆောက်အဦးများ တည်ဆောက်ထားပေသည်။

အဆောက်အအုံ၏ အလယ်ဗဟိုတွင် ကြီးကျယ်ခမ်းနားသော ညီခန်းတစ်ခု ရှိသည်။

ညီခန်းထဲ၌ လူပေါင်း တစ်ရာ နှစ်ရာမက ရောက်ရှိနေကြသည်။

သူတို့သည် တစ်ယောက်တစ်ခွန်း ဆူညံစွာဖြင့် ဝေဖန်ပြောဆိုနေကြသည်။ ယင်းလူများသည် ထိပ်တန်းသိုင်းသမားများ ဖြစ်ကြသည် ကို ကျူးလင်ဖုန်းနှင့် ကျင်းရှောင်တို့က အကဲခတ်မိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောင်းရှောင်တို့သည် ယခုကဲ့သို့ ပေကျုန်းတောင်ပေါ်သို့ ရောက်လာခြင်းမှာ ဂိုဏ်းချုပ် ထိစန်းကို ကူညီရန် မဟုတ်ပါ။

သူသည် ယင်းအစည်းအဝေးမှာ ဂိုဏ်းငါးဂိုဏ်းမှ လူများ စုဝေးရောက်နေပါက ပြီးခဲ့သော အကြွေးများကို ပြန်လည်တောင်းခံရန် ဖြစ်ပေသည်။

♠ ♠ ♠

စင်မြင့်ပေါ်၌ ဓားဂိုဏ်းချုပ် ထိစန်း၊ ကြယ်ဂိုဏ်းချုပ် စုဟန်၊ မိုးမြေဂိုဏ်းချုပ် ဝေချီတို့ ထိုင်နေကြသည်ကို တွေ့ရလေသည်။

သို့သော် သူ၏ရတနာဓားအား ခိုးယူသွားသော ယန်ကိုးအား မတွေ့ရှိသေးပါ။

သူတို့နှစ်ယောက်သည် လူအုပ်ကြားထဲ၌ ရောနှောနေသဖြင့် မည်သူကမျှ သူတို့ကို သတိမထားမိကြပါချေ။

ထိုစဉ် လူရိပ်တစ်ခုသည် တောင်ပေါ်သို့ လျင်မြန်စွာ ပြေးတက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောင်းရှောင်က အသံတိုးတိုးဖြင့်...

"ဒီမှာ အစ်ကိုကြီး၊ အခု လာတဲ့လူကို သိသလား"

ကျူးလင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

ကျောင်းရှောင်က...

"ဒီလူဟာ သိုင်းလောကမှာ လူရည်ချွန် ဖြစ်တယ်လို့ ကျုပ်ယုံကြည်တယ်"



ကျူးလင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"အင်း ဒီလူရဲ့ ကိုယ်ဖော့ပညာ ကြည့်ရတာ မဆိုးဘူးဗျ"

ကျောင်းရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တွေ့ခဲ့ဖူးတဲ့ လူတွေထဲက ဒီလူဟာ သိုင်းပညာ အလွန်ထူးချွန်တယ်"

ထိုစဉ်မှာပင် ဓားဂိုဏ်းသားတစ်ယောက် စင်မြင့်ပေါ်သို့ တက်လိုက်ပြီး...

ဓားဂိုဏ်းချုပ် ထိစန်း အနီးသို့ တိုးကပ်လာကာ အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

ဂိုဏ်းချုပ် ထိစန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူသည် မတ်တတ်ရပ်လိုက်ပြီး ဧည့်ပရိသတ်များဘက်သို့ မျက်နှာမူလိုက်လေသည်။

"ကျေးဇူးပြုပြီး အားလုံး ငြိမ်ငြိမ်နေကြပါ ခင်ဗျာ"

သူ၏အသံသည် ဧည့်ပရိသတ်များ၏အသံအား လွှမ်းမိုးသွားသဖြင့် အသံဗလံများသည် ရုတ်တရက် ငြိမ်သက်သွားလေသည်။

ဂိုဏ်းချုပ် ထိစန်းသည် ဧည့်ပရိသတ်အား တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက်...

"တိုင်းတပါးမှ သိုင်းပညာရှင်များ ကြွရောက်လာပါပြီ ခင်ဗျာ"

ဟု တလုံးချင်း ပြောလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးသည် အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်နေသည်။

မျက်လုံးပေါင်းများစွာတို့သည် စင်မြင့်ဆီသို့ ဦးတည်လာသော လမ်းဘက်ဆီသို့ ရောက်ရှိသွားကြလေတော့သည်။

ယင်းလမ်းအတိုင်း ရှေ့ဆုံးတွင် ဓားကိုင်သားနှစ်ယောက်က လမ်းပြခေါ်ဆောင်လာသည်။

၎င်းနောက်တွင် ခန္ဓာကိုယ် အလွန်ထွားကျိုင်းသော လူနှစ်ယောက်သည် ဖြေးညင်းစွာ လာနေသည်ကို တွေ့လိုက်ရသည်။

သူတို့၏အသားအရေများသည် မည်းနက်၍နေသည်။

သူတို့သည် စင်မြင့် ရှိရာသို့ လျှောက်လာရင်း ပွဲပရိသတ်တို့အား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

ရှေ့ဆုံးမှ လူသည် ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး စိတ်ပျက်သွားသော အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

သူသည် သူ၏အဖော်ဘက်သို့ လှည့်လိုက်ပြီး တီးတိုးပြောလိုက်လေသည်။

ထို့နောက် သူတို့သည် လူအုပ်ကြားထဲသို့ တဟုန်ထိုး ဝင်သွားလေသည်။

သူတို့သည် ယင်းသို့ အရမ်းမဲ့ ဝင်ရောက်တိုက်ခိုက်လိုက်သဖြင့် သိုင်းသမားများသည် ကစဥ့်ကလျား ဖြစ်သွားကြလေသည်။

သို့သော် သူတို့သည် တဖြည်းဖြည်းနှင့် ကျူးလင်ဖုန်းအနားသို့ ရောက်လာသည်။

သို့သော် သူတို့ ကျူးလင်ဖုန်း၏ခန္ဓာကိုယ်အား ဝင်တိုက်မိ



သည်နှင့် သူတို့သည် ဝါဂွမ်းများထဲသို့ တိုးဝင်သည့်အလား ပျော့ပျောင်းနေသည်ကို တွေ့လိုက်ရသည်။

သူတို့သည် အရှိန်လွန်သွားသဖြင့် လဲကျမသွားစေရန် ထိန်းထားလိုက်ရသည်။

ထိုစဉ်…

တိုင်းတပါးမှ သိုင်းပညာရှင်နှစ်ဦးက ကျူးလင်ဖုန်း၏မျက်နှာအား သေချာစွာ ကြည့်လိုက်သည်။

"အောင်မယ် ပြည်မမှာ ဒီလောက် သိုင်းပညာ ထူးချွန်တဲ့ လူတွေ ရှိသေးသားပဲ"

ကျူးလင်ဖုန်းက…

"ကျုပ်တို့ရဲ့ သိုင်းပညာက ကျုပ်တို့ ဆရာရဲ့ ဆယ်ပုံတစ်ပုံ မမီသေးဘူးကွ"

ထိုလူနှစ်ယောက် တစ်ဘက်သို့ ချာခနဲ လှည့်ထွက်သွားပြီး စင်မြင့်ရှိရာသို့ လျှောက်သွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေ၏။

ထိုလူနှစ်ယောက်သည် စင်မြင့်ပေါ်သို့ တလှမ်းချင်း တက်သွားသည်။

ထို့နောက် သူတို့သည် ဂိုဏ်းချုပ်ကြီး ထိစန်းအား အနည်းငယ် အလေးပြုလုပ်သည်။

"ကျုပ်တို့ညီအစ်ကိုဟာ တရုတ်ပြည်ရဲ့ သိုင်းပညာကို လေ့လာချင်လွန်းလို့ ရောက်ရှိလာတာပါ။ အခုလို သိုင်းလောကသား အားလုံး စုစုစည်းစည်း ရောက်ရှိနေတာကို တွေ့ရတော့ အများကြီး ဝမ်းသာပါတယ်"

သူသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"အခု ကျုပ်တို့ ဒီမှာ ယှဉ်ပြိုင်ပွဲ နှစ်ခု ကျင်းပပါမယ်၊ ကျုပ်တို့က ရှုံးသွားရင် ဒီနေရာကနေ ချက်ချင်း ထွက်ခွာသွားပါမယ်၊ တကယ်လို့များ ကျုပ်တို့က နှစ်ပွဲစလုံး နိုင်ခဲ့ရင် ကျုပ်တို့က ဘာတွေ လိုချင်လဲဆိုတာ ဂိုဏ်းချုပ်ကြီး ထိစန်းက သိပါတယ်"

ထိုစကားကြားလျှင် ညှေ့ပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

ထိုသိုင်းသမားနှစ်ယောက်၏ ဝံ့ကြွားပုံကို ခံပြင်းလာကြလေသည်။

ဂိုဏ်းချုပ် ထိစန်းက လက်မြှောက်ပြသည်။

"အားလုံး ငြိမ်ငြိမ်လေးနေပါ၊ ကျုပ်ပြောတာကို နားထောင်ပါ"

လှုပ်လှုပ်ရွရွ ဖြစ်နေသော ပရိသတ်များက ငြိမ်သက်ကုန်ကြလေသည်။



ဂိုဏ်းချုပ်ကြီးက...

"အခု ကျုပ်တို့ ပြည်မက သိုင်းပညာရှင်တွေကို လာပြီး စိန်ခေါ်တဲ့ သိုင်းအကျော်အမော်နှစ်ယောက်က ကျုပ်ကို ပြောပါတယ်၊ တကယ်လို့များ ကျုပ်တို့ရှုံးရင် သိုင်းလောကတစ်ခုလုံး သူတို့ လက်အောက်ကို သစ္စာတော်ခံရမယ်လို့ ပြောပါတယ်"

သူ၏စကားဆုံးသည်နှင့် ပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ဂိုဏ်းချုပ်ကြီးက လက်ကာပြကာ...

"အားလုံး ငြိမ်ငြိမ်နေကြပါ၊ အခုလို စည်းမဲ့ကမ်းမဲ့ ဆူပူနေလို့ မဖြစ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ သိုင်းအဖွဲ့ ငါးဖွဲ့က ဦးဆောင်ပြီး စိန်ခေါ်လာတဲ့ သိုင်းကျော်အမော်တွေကို ယှဉ်ပြိုင်ပါမယ်"

ပရိသတ်များ အချင်းချင်း ထိန်းထားလိုက်ကြသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စိန်ခေါ်သူနှစ်ယောက်အနက် တစ်ယောက်က…

"အားလုံး အသင့်ရှိနေပြီဆိုရင် ကျုပ်ရဲ့နောင်တော်က ထပြီး ယှဉ်ပြိုင်ပါလိမ့်မယ်၊ ယှဉ်ပြိုင်မယ့် ပုဂ္ဂိုလ်များ ကြွပါ"

သူ၏အသံမှာ အလွန်ကျယ်လောင်လှသည်။

ထိစန်းထရန် ဟန်ပြင်လိုက်သည်။

စုဟန်က သူ့အား ဆွဲထားလိုက်သည်။

"ခင်ဗျားထိုင်နေပါ၊ ကျုပ်အရင်သွားပါ့မယ်"

"ကောင်းပါတယ်ဗျာ၊ ဒါပေမယ့် ဒီပွဲဟာ အတော့်ကို အရေးကြီးတယ်နော်"

စုဟန်က…

"စိတ်ချပါ"

သူသည် ထိုင်ရာမှထကာ စင်မြင့်ပေါ်မှ မြေကွက်သို့ ဆင်းသွားလေသည်။

စုဟန်က…

"ကျုပ်က ကြယ်ဝိုက်ဆီးချုပ် စုဟန်ပါ"

အကျီရှည်ဝတ်ထားသောလူက အရပ်ထောင်ထောင် မောင်းမောင်း ရှိသော လူအား မိတ်ဆက်ပေးလိုက်လေသည်။

"သူက ကျုပ်ရဲ့ နောင်တော်ပါ၊ နာမည်က ဟာလွေပါ"

စုဟန်က ခေါင်းညိတ်ကာ…

"တွေ့ရတာ ဝမ်းသာပါတယ်"

ဟု ပြောပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

ထို့နောက်…



သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး အကဲခတ်နေကြသည်။

အတန်ကြာမှ…

"ယား"

ဟာလွေသည် ယင်းသို့ အသံတစ်ချက် ဟိန်းထွက်လာပြီးလျှင် သူ့လက်သီးတစ်လုံးသည် စုဟန်၏ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

စုဟန်သည် ဟာလွေ၏တိုက်ခိုက်မှုကို တွေ့မြင်လိုက်ရသည်နှင့် ဟာလွေမှာခွန်အားကိုသာ အလေးအနက်ထားပြီး တိုက်ခိုက်သော လက်ဝှေ့သမားတစ်ယောက် ဖြစ်ကြောင်း အကဲခတ်မိလေသည်။

ထို့ကြောင့် သူသည် ခါးကို ညွှတ်ကာ ရှောင်၍ ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် သဲကြီးမဲကြီး တိုက်ခိုက်ကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အကြွပ်အတည်း

ကျုံးလင်ဖုန်းသည် ဟာလွေ၏တိုက်ခိုက်မှုအား သေချာစွာကြည့်နေရင်း ကျင်းရှောင် အနားသို့တိုးကာ အသံတိုးတိုးဖြင့်…

“ဒီမှာ ငါ့ညီ၊ ဒီလူရဲ့ သိုင်းပညာဟာ အတော့်ကို ထူးချွန်တယ်၊ အခြေအနေ ကြည့်ရတာ စုဟာန်က သိုင်းကွက်တစ်ရာအထိ ခံနိုင်ပါ့မလား”

သူသည် ယင်းသို့ ပြောနေစဉ်မှာပင် စုဟာန်၏သိုင်းပညာမှာ တမျိုးတဖုံ ပြောင်းသွားသည်။

အကြောင်းမှာ…

သူသည် တိုက်ခိုက်ရင်း အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ယခုကဲ့သို့ သိုင်းကွက်များ ပြောင်းလဲလိုက်ခြင်းပင် ဖြစ်သည်။

သို့သော် ကြာကြာမခံနိုင်ပါ။

သူသည် တိုက်ခိုက်ရင်း တဖြည်းဖြည်း အရေးနိမ့်လာလေတော့သည်။

♠ ♠ ♠



ဂိုဏ်းချုပ်ကြီး ထိစန်းသည် စုဟာန်၏ အခြေအနေ မဟန်မှန်းကို သိလိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

“အင်း သူတောင် ဒီလောက် မခံနိုင်ရင် ကျုပ်တို့ဆို အခုလောက်ဆို ရှုံးနေပြီ”

အကြောင်းမှာ…

ဂိုဏ်းချုပ်ကြီး ထိစန်းနှင့် ယန်ကိုးတို့သည် ဓားပညာများ ထူးချွန်ကြပြီး လက်နက်မဲ့သိုင်းပညာရပ်များမှာ အနည်းငယ် ချွတ်ယွင်းနေသောကြောင့်ပင် ဖြစ်ပါသည်။

ထိစန်းတို့မှာ အလွန်ပင် စိုးရိမ်နေလေသည်။

ထို့ကြောင့် သူတို့သည် မရိုးမရွ ဖြစ်လာလေတော့သည်။

ထိစန်းက ဝေချီအား…

“အင်း ဒုက္ခပဲ၊ သူသာ ရှုံးသွားရင် တို့တွေ ဘယ်လိုလုပ်ကြမှာလဲ၊ ငါတို့တော့ အကြီးအကျယ် အရှက်ရတော့မှာပဲ၊ ဒီလူတောင် ဒီလောက် သိုင်းပညာတွေ ထက်မြက်နေရင် သူ့အဖော်က ပိုပြီးတော့တောင် တော်နေဦးမယ်၊ အင်း ဘာပဲဖြစ်ဖြစ် ကျုပ်တို့ အသက်ကို နှမြောနေရင် ကျုပ်တို့လူမျိုးတွေ သူ့ကျွန်ဘဝ ရောက်သွားလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့ မနိုင်နိုင်အောင် ချရမယ်”

ဟု ပြန်လည် အားတင်းကာ ပြောလိုက်သည်။

ထိုအချိန်တွင် တိုက်ပွဲမှာ ပို၍ ပြင်းထန်လာသလို စုဟာန်မှာလည်း သိပ်မခံနိုင်တော့ပါချေ။

ထို့ကြောင့် သူသည် အလူးအလဲ ရှောင်တိမ်းနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏တိုက်ခိုက်မှုမှာ ကြည့်မကောင်းလောက်အောင် ရှိနေပါသည်။

ထို့ကြောင့် ပရိသတ်များမှာလည်း ထိတ်လန့်လာလေသည်။

ကျောင်းရှောင်က...

"အင်း ဒီလူတော့ နိုင်ကော နိုင်ပါ့မလား မသိဘူး။ အလူးအလဲကို ခံနေရတယ်"

ဟု တွေးမိလေသည်။

ကျူးလင်ဖုန်းက ကျောင်းရှောင်အား...

"အင်း ပွဲကတော့ မမြင်ရက်စရာတွေဘဲ၊ ဒီလူ မနိုင်ရင်တော့ ယှဉ်ပြိုင်ရဲတဲ့လူ ရှိမှာကို မဟုတ်တော့ဘူးကွ"

ဟု ပြောလိုက်သည်။

ကျောင်းရှောင်က...

"အင်း ဟုတ်တယ်နော်၊ သူက အရမ်းအဆင့်မြင့်တာ"

ဟု ဝေဖန်နေကြလေသည်။

ထိစန်းဟို့မှာလည်း စင်ပေါ်၌သာ ထိုင်နေရသော်လည်း စိတ်ကတော့ မဖြောင့်ပါချေ။

ထို့ကြောင့် သက်ပြင်းရှည်ကြီးချကာ ကြည့်နေရလေသည်။

အချိန်သည် တရွေ့ရွေ့ ကုန်လာလေပြီ။

ပွဲကြည့်ပရိသတ်များမှာလည်း ရင်ခုန်စွာဖြင့် အနိုင်အရှုံးကို စူးစမ်း၍ သေချာတွေးတောစဉ်းစားနေလေသည်။

ဟာလျှေ၏အဖော် ဖြစ်သူမှာ သူ့လူ တိုက်ခိုက်မှုကို လှည့်



ပင်မကြည့်ဘဲ အေးဆေးစွာဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။

စုဟာန်သည် အံကို တင်းတင်းကြိတ်၍ တိုက်ခိုက်လိုက်ရာ တိုက်ကွက်ပေါင်းတစ်ရာ နီးလာလေပြီ။

ထိုစဉ်မှာပင်...

ဟာလျှေ၏အသံက ဟိန်းထွက်လာသည်။

"ယား"

ဟု အော်ကာ လက်သီးတစ်လုံး ထိုးသွင်းလိုက်လေတော့သည်။

စုဟာန်က မည်သို့မျှ မတတ်နိုင်တော့ဘဲ အောက်သို့ ငုံ၍ ထွက်သွားရလေသည်။

ထို့ကြောင့် သူသည် တိုက်ခိုက်ရာမှ ရပ်တန့်ကာ...

"ဒီတစ်ပွဲတော့ ကျုပ်အရှုံးပေးပါတယ်"

ဟာလျှေသည် ရုတ်တရက် စုဟာန်က အရှုံးမပေးဟု ထင်မှတ်ပြီး ဒေါသကြီးစွာဖြင့် သူ၏လက်သီးတစ်လုံးသည် စုဟာန်၏ရင်ဝသို့ တည့်မတ်စွာ ပစ်သွင်းလိုက်လေသည်။

"ဟာ"

ညီ့ပရိသတ်များလည်း ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။ ထိုစဉ်မှာပင်...

လူရိပ်တစ်ခုသည် လူအုပ်ကြားထဲမှ ထိုးထွက်လာပြီး လျှင် ဟာလျှေ ထိုးသွင်းလိုက်သော လက်သီးအား ဖမ်းယူလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဝုန်း”

ဟာလွေမှာ နောက်သို့ ဆုတ်သွားလေသည်။

ထိုလူမှာလည်း နောက်သို့ လွင့်စဉ်သွားလေ၏။

ထိုလူ၏ခြေထောက်က မြေပေါ်တွင် ရပ်တန့်လိုက်တော့မှ ထိုလူအား သေချာစွာ တွေ့လိုက်ရလေသည်။

ထိုလူမှာ သိုင်းလောကမှ လူစွမ်းကောင်း စွန်းချိကျွန်းပင် ဖြစ်လေသည်။

ဧည့်ပရိသတ်များထံမှ ဩဘာသံများနှင့် လက်ခုပ်တီးသံများမှာ ပေါက်ကွဲလုမတတ် ထွက်ပေါ်လေသည်။

ကျူးလင်ဖုန်းသည် စွန်းချိကျွန်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးပါ။

သူသည် ကျောင်းရှောင်အား…

“ဟေ့ ညီလေး၊ ဒီလူရဲ့ သိုင်းပညာအရည်အချင်းကတော့ အဆင့်မြင့်နေပါလား”

ကျောင်းရှောင်က…

“ဟုတ်တယ်၊ ကျူပ်လဲ သူနဲ့ ဘာမသိ ညာမသိ ယှဉ်ပြိုင်ဖူးတယ်ဗျ”

အကျီအရှည်ဝတ်ထားသောသူက ဒေါသထွက်နေသော ဟာလွေအား…

“ကဲ အားလုံးကြားသိတဲ့အတိုင်းပါပဲ၊ ပထမ အချီမှာ ကျူပ်တို့နောင်ကြီး အနိုင်ရရှိသွားပါတယ်”

သူသည် တစ်ချက်ပြုံးလိုက်သည်။



“အခုအချိန်က စပြီး ကျူပ်ယှဉ်ပြိုင်ဖို့ အဆင်သင့် ရှိနေပါပြီလို့ ကြေငြာပါတယ်”

သူသည် ယင်းသို့ ပြောပြီးနောက် သူ၏ခန္ဓာကိုယ်သည် မြေကွက်လပ် ရှိရာသို့ ခုန်ထွက်လိုက်လေသည်။

သူသည် ခြေလှမ်းကို ရပ်တန့်ကာ ဧည့်ပရိသတ်ဘက်သို့ တစ်ချက်ဝှေ့ကြည့်လိုက်သည်။

“ကျူပ်နာမည်က ဝင်းယို့ရီပါ။ ယှဉ်ပြိုင်မယ့် ပုဂ္ဂိုလ် ကြွကြွပါခင်ဗျာ”

သူစိန်ခေါ်သည့်တိုင်အောင် မည်သူကမျှ မထွက်လာသောကြောင့် သူက…

“ကဲ ဘယ်သူကမှ မယှဉ်ပြိုင်တော့ဘူးဆိုရင် ကျူပ်က အနိုင်ရပြီလို့ ကြေငြာပါတယ်”

ဟု ပြောလျှင် အားလုံး ငြိမ်သက်သွားလေသည်။

သူတို့၌ ရွေးစရာလမ်း မရှိတော့ချေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လူစွမ်းကောင်း

ဝန်းကျင်တစ်ခုလုံးသည် အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

မြေကွက်လပ်၌ ဝင်းယို့ရီသည် တစ်ပတ်ခန့် လျှောက်လိုက်လေသည်။

ထို့နောက်...

စင်မြင့်ပေါ်သို့ မျက်နှာမူကာ ခါးထောက်၍ ရပ်တန့်လိုက်လေသည်။

"ဘယ်လိုလဲဗျ ဂိုဏ်းချုပ်ကြီး။ ခုဆို ယှဉ်ပြိုင်ရမယ့်လူ မရှိတော့ပါဘူး။ ကျူပ်နိုင်တဲ့အကြောင်းကို ကြေငြာပါတော့"

ဂိုဏ်းချုပ်ကြီး ထိစန်းသည် သူ့ရင်ထဲ၌ ဖော်မပြနိုင်သော ဝမ်းနည်းခြင်းမျိုးကို လှိုက်လှိုက်လှဲလှဲ ခံစားနေရသည်။



သူသည် ထိုင်ရာမှ ထလိုက်လေသည်။

"ခဏနေပါဦးဗျ"

လူအုပ်အကြားမှ လူတစ်ယောက်သည် ထိုးထွက်လာပြီး လျှင် မြေကွက်လပ် ရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

♠ ♠ ♠

ညှေပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။

သူတို့၏စိတ်ထဲ၌ မျှော်လင့်ချက်များ တဖန် ရှိလာပြန်လေတော့သည်။

ထောင်သောင်းမကသော မျက်လုံးများသည် ထိုသူ့ထံ စုရုံးရောက်ရှိလာကြလေသည်။

ထိုလူမှာ လူငယ်တစ်ယောက် ဖြစ်သည်။

အချို့လူများသည် ထိုလူက မည်သူမည်ဝါ ဖြစ်သည် မသိကြသော်လည်း အချို့မှာမူ ဝမ်းသာသော လေသံဖြင့်...

"ဟင် သိုင်းလောက လူစွမ်းကောင်း"

ဟုတ်ပါ၏။

ထိုလူငယ်မှာ ယခုနှစ်အတွင်း စတင်၍ ကျော်ကြားလာသော သိုင်းသမားလူစွမ်းကောင်းစွန်းရှိကျွန်းပင် ဖြစ်သည်။

ဝင်းယို့ရီသည် ထိုလူအား ကြည့်လိုက်သည်။

ထိုလူက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က စွန်းချိုကျွန်းပါ။ ယှဉ်ပြိုင်ဖို့ ရောက်လာပါတယ်"

ဝင်းယို့ရိုသည် သူ့အား သေချာကြည့်ပြီး ပြောလိုက်လေသည်။

"မင်းက ငါ့ကို ယှဉ်လို့ မရပါဘူးကွာ"

သူသည် ဟာလွှေအား ညွှန်ပြလိုက်သည်။

"အေး မင်း သူနဲ့ ယှဉ်ပြိုင်ရင်တော့ သရေပွဲ ဖြစ်ကောင်းဖြစ်လိမ့်မယ်"

သူ၏စကားသည် ကိုယ့်ကိုယ်ကို အလွန်အထင်ကြီးသော စကား ဖြစ်လေသည်။

စွန်းချိုကျွန်းသည် စိတ်ထဲမှ ခံပြင်း၍သာ ထွက်ခဲ့ခြင်း ဖြစ်သည်။ သူသည် ဝင်းယို့ရိုအား ယှဉ်ပြိုင်နိုင်လိမ့်မည် မဟုတ်ဟု သိထားသည်။

ယခု သူသည် ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်သည့် အခြေအနေသို့ ရောက်ရှိနေသဖြင့် အခက်ကြုံနေရလေသည်။

ကျင်းရှောင်သည် မခံမရပ်နိုင်ဘဲ ထိုင်ရာမှ ထလိုက်လေသည်။

ထိုစဉ် အလွန်ချိုလွင်သော အသံတစ်ခု ကြားလိုက်ရလေသည်။

"ဟ မင်းက ဒီမှာကိုး။ ငါလိုက်ရှာလိုက်ရတာ မောသွားတာပဲ"

ကျင်းရှောင်သည် ထိုစကား ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ အဘိုးအိုတစ်ယောက်က သူ့အား ပြုံး၍ ကြည့်နေသည်ကို



တွေ့မြင်ရလေသည်။

ထိုအဘိုးအိုအား တွေ့မြင်လိုက်ရသည်နှင့် ကျင်းရှောင်က ဝမ်းသာသွားလေသည်။

အကြောင်းမှာ ယင်းအဘိုးအိုသည် သူ့အား သိုင်းပညာအချို့ သင်ကြားပေးခဲ့သော ဝမ်းအဘိုးအို ဖြစ်နေပေသည်။

"ဟင် ဘာဘာပါလား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကဲ ငါ့နောက်သာ မြန်မြန်လိုက်ခဲ့ပေတော့"

ကျင်းရှောင်က မျက်မှောင်ကုပ်ကာ...

"ဘယ်ကို သွားမလို့လဲ"

ဝမ်းအဘိုးအိုက ပြုံးလိုက်သည်။

"ငါ့ရဲ့ ဓားကွက်ဆယ်ကွက်ကို နောက်ထပ် ဓားကွက်တစ်ကွက် တီထွင်လိုက်ပြီကွ၊ အဲဒီ ဓားကွက်ဟာ သိပ်ပြီး ထူးခြားနေလို့ မင်းကို ငါသင်ပေးမလို့ လိုက်လာတာ"

ကျင်းရှောင်သည် အကြီးအကျယ် ဝမ်းသာသွားလေတော့သည်။ သို့သော် ယခု ကျင်းပနေသော ယှဉ်ပြိုင်ပွဲမှာ မပြီးပြတ်သေးသဖြင့်...

"ဟုတ်ကဲ့၊ ကျွန်တော် ဒီကကိစ္စကို အရင်ဆုံး ပြီးပြတ် အောင် လုပ်ပါရစေအုံး ခင်ဗျာ"

ဝမ်းအဘိုးအိုက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"အချိန် မရှိဘူးကွ၊ နောက်ကျသွားရင် ကျုပ်က ရှုံးသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောရင်း စကားလွန်သွားမှန်း သိသဖြင့် ကမန်းကတန်း ပါးစပ်ပိတ်ထားလေသည်။

ကျင်းရှောင်က သူ့အား နားမလည်နိုင်သော မျက်လုံးဖြင့် ကြည့်လိုက်သည်။

ဝမ်းအဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

"မင်း ဒီမှာ ဘာတွေ အရေးကြီးနေလို့လဲ"

ထိုစဉ် ဝင်းယွီရီကလည်း အဘိုးအိုနှင့် ကျင်းရှောင် အချီအချ ပြောနေသည်ကို တွေ့မြင်ရသဖြင့် သူသည် အနီးသို့ လျှောက်လာပြီး ဝမ်းအဘိုးအိုအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"ဒီမှာ အဘိုးကြီး ဘာလာရှုပ်နေတာလဲ၊ တို့ ဒီမှာ ယှဉ်ပြိုင်နေတာ မသိဘူးလား"

ဝမ်းအဘိုးအိုက ထိုစကား ကြားလိုက်ရသောအခါ အံ့သြသွားလေသည်။

"ဘာ ငါတို့ဟာ ငါတို့ စကားပြောနေတာ မင်းနဲ့ ဘာဆိုင်လို့လဲ"

ဝင်းယွီရီ ဒေါသထွက်သွားလေသည်။

"ဟေ့ ပြောနေတာ ကြားလား၊ မင်း ဒီကနေ ထွက်သွားမလား၊ မထွက်သွားဘူးလား"

ဝမ်းအဘိုးအိုက ပြုံးလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ ထွက်သွားရမှာလဲ"

ဝင်းယွီရီသည် အဘိုးအို၏ဟန်မူရာကို အကဲခတ်ကြည့်ရင်း အဘိုးအိုမှာ သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်ကို နားလည်လိုက်လေသည်။



"နေပါအုံး၊ ခင်ဗျားက ဘယ်သူလဲ"

ကျင်းရှောင်က ကြားဖြတ်လိုက်သည်။

"သူက ပင်လယ်ရပ်ခြား သိုင်းပါရဂူသုံးယောက်ထဲက သိုင်းပါရဂူ'ဝမ်း'ပါ"

ဝင်းယွီရီက ဝမ်းအဘိုးအိုအား ဦးညွှတ်လိုက်သည်။

"ဒီလိုပါ ခင်ဗျာ၊ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ဟာ ဆရာကြီးရဲ့ အမိန့်အရ တရုတ်ပြည်မကို လာပြီး သိုင်းပညာယှဉ်ပြိုင်နေကြတာပါ"

ထိုစကား ကြားလိုက်ရသောအခါ အားလုံးမှာ သူတို့ထက်တော်သော ဆရာပင် ရှိနေမည်ဟု သိလိုက်ရလေသည်။

ဝမ်းအဘိုးအိုက...

"အော် မင်းတို့က သိုင်းပညာယှဉ်ပြိုင်ကြမှာကိုး၊ ကောင်းလိုက်လေကွာ၊ မြန်မြန်လေး ယှဉ်ပြိုင်ကြပါဗျာ၊ ကျုပ်ကြည့်ချင်လှပြီ"

ဝင်းယွီရီက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့၊ အခုပဲ ကျုပ်နဲ့ ယှဉ်ပြိုင်မယ့် ပုဂ္ဂိုလ်ကို စောင့်နေပါတယ်ဗျာ"

သူသည် ပြောပြီးသည်နှင့် ဂိုဏ်းချုပ် ထိစန်းတို့ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဂိုဏ်းချုပ်ကြီး ထိစန်းမှာ မျက်နှာလွှဲလိုက်သည်။

ဇွန်းချိကျွန်းကလည်း နောက်ဆုတ်သွားသည်။

ကျင်းရှောင်သည် ရှေ့သို့ ခြေလှမ်းလှမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုဝမ်းက မျက်မှောင်ကုပ်သွားသည်။

"သူငယ်၊ ဒီလူရဲ့ သိုင်းပညာက အတော့်ကို အဆင့်မြင့်တယ်နော်၊ မင်းနိုင်ပါ့မလား"

ကျင်းရှောင်က အသံတိုးတိုးဖြင့်...

"ကျွန်တော် မနိုင်မှန်း သိပါတယ်"

ဝမ်းအဘိုးအိုက...

"ဒါဖြင့် ဘာဖြစ်လို့ မင်းက သွားပြီး ယှဉ်ပြိုင်ချင်ရတာလဲ"

ကျင်းရှောင်က သက်ပြင်းချကာ...

"သိုင်းသမားတစ်ယောက်ဆိုတာ မနိုင်မှန်း သိပေမယ့် လိုအပ်ရင်တော့ ယှဉ်ပြိုင်ရမှာပဲ"

ဝမ်းအဘိုးအိုက...

"မင်းက သူ့ကို မနိုင်ပါဘူးလို့ စိတ်ထဲမှာ ထင်ထားတယ်ဟုတ်လား"

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ဝမ်းအဘိုးအိုက ဒေါသထွက်သွားသည်။

"မင်းကို ငါသိုင်းပညာသင်ပေးခဲ့တယ် မဟုတ်လား"

ကျင်းရှောင်က...

"ဟုတ်ပါတယ်"

ဝမ်းအဘိုးအိုက...

"ဒါဖြင့် မနိုင်ဘူးလို့ ဘာလို့ ပြောနေတာလဲ"

ကျင်းရှောင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။



ဝမ်းအဘိုးအိုက စကားဆက်လိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် မင်းဟာ ငါ့ရဲ့တပည့်တစ်ယောက်လို့ ပြောရတယ်၊ ငါ့ရဲ့တပည့်ဟာ သူများကို ရှုံးရတယ်လို့ မရှိဘူးကွ"

ကျင်းရှောင်က ကြောင်၍ ကြည့်နေမိသည်။

ဝမ်းအဘိုးအိုက...

"မင်းကို ကြည့်ရတာ သိုင်းပညာ အဆင့် ပိုပြီး မြင့်လာတယ်လို့ ထင်ရတယ်၊ အဲဒီတော့ မင်းရဲ့ အတွင်းအား ဘယ်လောက် ရှိတယ်ဆိုတာ သိရအောင် ငါ့ကို တစ်ချက်လောက် ထိုးကြည့်စမ်းပါ"

ကျင်းရှောင်မှာ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ဝမ်းအဘိုးအိုက သူ့အား အပြစ်တင်သော လေသံဖြင့်...

"ဟေ့ ငါပြောနေတာ မကြားဘူးလား။ ငါ့ကို ထိုးစမ်းပါ၊ ရှိသမျှ ခွန်အားကို သုံးပြီး ထိုးရမယ်"

ကျင်းရှောင်က မနေနိုင်တော့ဘဲ အတွင်းအားကို စုစည်းပြီး တအားထိုးသွင်းလိုက်သည်။

"ဝုန်း"

ဝမ်းအဘိုးအို၏ခန္ဓာကိုယ်သည် တစ်ချက်ယိမ်းယိုင်သွားလေသည်။ ဝမ်းအဘိုးအိုမှာ ဝမ်းသာသွားလေသည်။

"အောင်ပြီကွ အောင်ပြီ"

ကျင်းရှောင်သည် အဘိုးအိုက မည်သည့်အကြောင်းကို ရည်ရွယ်ပြီး ပြောဆိုနေမှန်း မသိပါချေ။

ဟာလွှေမှာ စိတ်မရှည်နိုင်တော့ဘဲ ဝင်းယို့ရှိအက်လှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီ ဒီအဘိုးကြီးက ဘာတွေ လုပ်နေတာလဲ"

သို့သော် ဝမ်းအဘိုးအိုမှာ သူတို့၏ဘာသာစကားကို နားလည်ထားသည်။ သူသည် ဒေါသကြီးစွာဖြင့်...

"မင်းက ငါ့ကို မရှိမသေ ပြောတဲ့အတွက် မင်းကို ငါဆုံးမရလိမ့်မယ်"

ဟု ပြောလိုက်ရလေသည်။

ဝင်းယို့ရီက ကမန်းကတန်း ဖြေရှင်းလိုက်ရလေသည်။

"စိတ်မရှိပါနဲ့ဗျာ၊ ကျုပ်အစ်ကိုဟာ စာမတတ်တဲ့အတွက် စကားပြောတာ နည်းနည်းရိုင်းသွားပါတယ်"

ဝမ်းအဘိုးအိုက နှုတ်ခမ်းမဲ့လိုက်သည်။

"သူက ကျုပ်တို့ လူတွေထဲမှာ မင်းတို့ ဘာသာစကားကို နားမလည်ဘူးလို့ ထင်နေသလား။ နောက်ပြီး မင်းတို့ပညာဟာ ပြိုင်ဘက်မရှိဘူးလို့ ဘဝင်မြင့်နေတာ အတော်များနေတယ်ကွ"

ဝင်းယို့ရီက ပြုံးလိုက်သည်။

"ဒီလို ရှိပါတယ် ခင်ဗျာ၊ စကားပြောနေလို့ မပြီးပါဘူး။ တကယ် ကျုပ်ကို နိုင်တဲ့ သိုင်းပညာရှင်ရှိရင် ယှဉ်ပြိုင်ဖို့ ကျုပ်က စိတ်ခေါ်ပါတယ်ဗျာ"

ဝမ်းအဘိုးအိုက ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"ဘြော် ဒီလိုလား ရပါတယ်၊ ကျုပ်ရဲ့တပည့်တစ်ယောက်ဖြစ်တဲ့ ကျင်းရှောင်နဲ့ မင်းကို ယှဉ်ပြိုင်ခိုင်းပါ့မယ်"

သူသည် ပြောပြီး ကျင်းရှောင်၏လက်ကို ဆွဲကာ တစ်ဘက်



သို့ လျှောက်သွားလေသည်။

ကျင်းရှောင်မှာ ဘုမသိ ဘမသိဖြင့် လိုက်ပါသွားရ၏။

ခြေလှမ်းငါးလှမ်းမျှ လျှောက်သွားပြီးနောက် ဝမ်းအဘိုးအိုက သူကိုယ်တိုင် နောက်ထပ် တီထွင်ထားသော သိုင်းကွက်အား ရှင်းပြလိုက်လေသည်။

ကျင်းရှောင်က နားထောင်ရင်း စိတ်ထဲ၌ တက်ကြွလာလေတော့သည်။

ထို့ကြောင့် သူသည် ခြေဟန်လက်ဟန်ဖြင့် ပြုလုပ်နေလေသည်။ ထိုစဉ် ဝမ်းအဘိုးအိုက ရုတ်တရက် ရပ်တန့်လိုက်ပြီး...

"ကြည့်စမ်း။ ငါသင်ပေးတဲ့ သိုင်းကွက်ကို မှီးပြီး နားထောင်နေတယ်၊ မထူးပါဘူး၊ ငါ အသံကျယ်ကျယ်နဲ့ပဲ သင်ပေးမယ်၊ ဘာတတ်နိုင်မှာလဲဆိုတာ ကြည့်ကြသေးတာပေါ့"

သူသည် ပြောပြီးသည်နှင့် အသံ ကျယ်လောင်စွာဖြင့် ကျန်ရှိနေသော သိုင်းကွက်တစ်ဝက်အား ပြောလိုက်လေတော့သည်။

အားလုံးသော လူများသည် ဝမ်းအဘိုးအို ရှင်းပြနေသည်ကို သေချာစွာ ကြားလိုက်ရသော်လည်း ဆိုလိုသော အဓိပ္ပါယ်ကို လုံးဝနားမလည်ကြချေ။

ကျင်းရှောင် မျက်နှာတစ်ခုလုံးမှာ ဝီတိဖြာနေလေတော့သည်။ ဝမ်းအဘိုးအိုသည် ယင်းသို့ သင်ကြားပေးပြီး...

"ကဲ သူငယ် သူ့ကို ကောင်းကောင်းဆုံးမလိုက်ပါ"

ဟု ပြောလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အနိုင်အရှုံး

ဝင်းယို့ရှိသည် အဘိုးအို၏သိုင်းပညာမှာ အလွန်အဆင့် မြင့်သည်ဟု ယုံကြည်လေသည်။

သို့သော်...

သူသည် ကျင်းရှောင်ကို လုံးဝအထင်မကြီးပါ။

သူသည် ဓါးထောက်လိုက်ပြီး ကျင်းရှောင်အား စိုက်ကြည့်လိုက်သည်။

"ကဲ ပြောစမ်းပါ၊ လက်နက်မဲ့ ယှဉ်ပြိုင်မလား၊ လက်နက်ချင်း ယှဉ်ပြိုင်မလား"

ကျင်းရှောင်သည် ခံပြင်းလာသဖြင့် စကားပင် မပြောတော့ဘဲ ဓါးမှ ဓားကို ဆွဲထုတ်လိုက်ပြီး ဝင်းယို့ရှိအား စတင်တိုက်ခိုက်လိုက်သည်။



ဝင်းယို့ရှိက ဒေါသထွက်သွားသည်။

သူသည် ခါးတွင် ချည်နှောင်ထားသော ကြိုးတစ်ချောင်းကို ဖြေလိုက်ပြီးလျှင် ကျင်းရှောင်အား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

♠ ♠ ♠

ကျင်းရှောင်က ဝင်းယို့ရှိနှင့် တိုက်ခိုက်လိုက်သောအခါ ပရိသတ်များမှာ စိတ်ဓာတ်တက်ကြွလာပြီး လက်ခုပ်လက်ဝါးတီးကာ အားပေးလိုက်ကြသည်။

ဂိုဏ်းချုပ်ကြီး ထိစန်းသည် ကျင်းရှောင် ဝင်ရောက်တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသဖြင့် သူသည် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သူ၏စိတ်ထဲ၌ ကျင်းရှောင်အား နိုင်စေလိုသည်။

သို့သော်...

ကျင်းရှောင် နိုင်မှာလည်း မလိုလားဘဲ ဖြစ်နေ၏။

ဝင်းယို့ရှိသည် သူ၏ကြိုးဖြင့် တိုက်ခိုက်နေသော်လည်း ကျင်းရှောင်၏ဓားကို လုံးဝမမှုချေ။

ကျင်းရှောင်သည် ဝမ်းအဘိုးအို၏ဓားကွက်ဆယ်ကွက်ကို တစ်ခုပြီးတစ်ခု အသုံးပြုကာ တိုက်ခိုက်နေသည် ဖြစ်သော်လည်း ဝင်းယို့ရှိ အသုံးပြုသော ကြိုးမှာမူ တစ်ချက်တစ်ချက် ပျော့ပျောင်းစွာ တွန့်လိမ်၍ တိုက်ခိုက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက် သံမဏိတုတ်ချောင်းကဲ့သို့ မာန်ဟုန်အပြည့်ဖြင့် တိုက်ခိုက်လိုက်ရာ ကျင်းရှောင်မှာ အခက်ကြုံနေရလေသည်။

သူ၏အတွင်းအားမှာ အလွန်အဆင့်မြင့်သော်လည်း ဝင်းယိုရီ၏ထူးဆန်းသော လက်နက်နဲ့ ယှဉ်ပြိုင်လိုက်သောအခါ သူ၏အတွင်းအားများသည် မည်သို့မျှ အစွမ်းမပြနိုင်ဘဲ ဖြစ်နေသည်။

ဧည့်ပရိသတ်များသည် ကျင်းရှောင်က အရေးနိမ့်နေသည်ကို တွေ့မြင်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သူတို့သည် (၁၅)ကြိမ်ထက် မနည်း ယှဉ်ပြိုင်ခဲ့ပြီးနောက် ဝမ်းအဘိုးအိုက ခေါင်းကို ခါယမ်းလိုက်သည်။

"ဒီသိုင်းအကျော်အမော်ဟာ တော်တော့်ကို အသုံးမကျဘူး။ သိုင်းကွက်(၁၅)ကွက်မြောက်မှာ သူက ကြိုးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲလိုက်ရင် စောစောစီးစီး နိုင်သွားပြီပေါ့"

ဧည့်ပရိသတ်များသည် ဝမ်းအဘိုးအို၏စကားကို အံ့သြနေလေသည်။

သို့သော်...

ကျင်းရှောင်သည် ချက်ချင်းပင် သဘောပေါက်လာလေတော့သည်။

"ဟုတ်သားပဲ၊ ငါက သိုင်းကွက်ကို အသေသုံးနေတာကိုး၊ ငါသိုင်းကွက်ကို ပြောင်းလိုက်မယ် ဟုတ်တယ်"

သူသည် ယင်းသို့ တွေးမိသည်နှင့် သူ၏ဓားကွက်များသည် ရုတ်တရက် ပြောင်းလဲသွားလေသည်။



သူ့လက်ထဲမှ ဓားရှည်သည် ဝဲဘက်မှ နေပြီး ယာဘက်သို့ တုန်ခါ၍ လှုပ်ရှားလိုက်လေသည်။

ယင်းသို့ လှုပ်ရှားလိုက်သောအခါ ဓားကွက်(၁၀)ကွက်မှ နေလနေရာပြောင်း ကိုယ့်ကိုယ်ကို ကာကွယ်သည့် တိုက်ကွက်တစ်ခု ဖြစ်လေသည်။

ကျင်းရှောင်သည် ယင်းသို့ စက်ဝိုင်းပုံသဏ္ဌာန်အဖြစ်သို့ တစ်ဝက်ခန့် ဝှေ့ယမ်းလိုက်သောအခါ ရုတ်တရက် သူ၏လက်ကို လှည့်လိုက်ရာ သူ၏ဓားသည် အောက်မှ အပေါ်သို့ ထိုးသွင်းလိုက်လေသည်။

ယခု သူက အသုံးပြုလိုက်သော သိုင်းကွက်မှာ ဝမ်းအဘိုးအို၏ဓားကွက်နှင့် ကျွေ့ဖန်း၏ရတနာဓားကွက်ကို ရောယှက် အသုံးပြုလိုက်သော သိုင်းကွက် ဖြစ်လေသည်။

သူသည် သိုင်းကွက်နှစ်မျိုးအား ရောယှက်ပေါင်းစည်း၍ အသုံးပြုလိုက်သောအခါ တိုက်ကွက်အားမာန်သည် တစ်ဆခန့် တိုးလာသည်ကို တွေ့လိုက်ရလေတော့သည်။

ဝင်းယို့ရီ အံ့သြသွားလေသည်။

နောက်သို့ ခြေလှမ်းဆုတ်သွားပြီးနောက် သူ၏ကြိုးဖြင့် သုံးကွက်တိုင်တိုင် ပြောင်းလဲတိုက်ခိုက်လိုက်တော့မှ ကျင်းရှောင်၏ တိုက်ခိုက်မှုကို ဟန့်တားနိုင်ခဲ့လေသည်။

ဝင်းယို့ရီက ကြိုးကို တစ်ချက်ယမ်းလိုက်ပြီး ကျင်းရှောင်၏ မျက်နှာဆီကို တိုးဝင်သွားလေသည်။

ကျင်းရှောင်သည် ခေါင်းကို ဝဲဘက်သို့ ရှောင်တိမ်းလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ်သည် ယာဘက်သို့ ရှောင်တိမ်းလိုက်လေသည်။

"ဝှီး"

ကြိုးသည် လွဲချော်သွားလေသည်။

"ဝါး..ဟား..ဟား"

ညှို့ပရိသတ်များထံမှ ဟိန်းထွက်လာသော အသံများ ဖြစ်လေသည်။

ဝင်းယို့ရီသည် စိတ်ပျက်သွားခြင်း မရှိပါ။

သူသည် ကြိုးကို တစ်ချက်လှုပ်ခါလိုက်ရာ ငှင်းကြိုးစသည် နောက်သို့ ပြန်လည်ကွေ့လာပြီးလျှင် ကျင်းရှောင်၏လည်ပင်းသို့ ရစ်ပတ်ရန် လျှပ်တပြက် ရောက်ရှိလာလေသည်။

သို့သော်...

သူ၏ကြိုးသည် ကျင်းရှောင်၏လည်ပင်းသို့ ရစ်ပတ်နိုင်ခြင်း မရှိဘဲ လွဲချော်သွားပြန်သည်။

ရှိရှိသမျှသော လူများသည် ကျင်းရှောင်က မည်သို့ ရှောင်တိမ်းသွားသည်ကိုပင် မသိလိုက်ရပါချေ။

ဝမ်းအဘိုးအိုပင် အံ့သြနေမိ၏။

အမှန်မှာ...

ကျင်းရှောင် အသုံးပြုလိုက်သော သိုင်းကွက်မှာ ခြေသိုင်းကွက်ပင် ဖြစ်လေသည်။

ကျင်းရှောင်သည် ဝင်းယို့ရီ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ပြီးနောက် သူ၏အတွင်းအားများကို ပို့ဆောင်လိုက်ပြီး တအား ဆွဲယမ်းလိုက်ရာ ဝင်းယို့ရီသည် ကြိုးဖြင့် စက်ဝိုင်းပမာ ဆွဲယမ်း



လိုက်ပြီး ကျင်းရှောင်အား လက်ကောက်ဝတ်ကို ရစ်ပတ်လိုက်လေသည်။

ကျင်းရှောင်လည်း ခြေသိုင်းဟန်ကို အသုံးပြုပြီး ရှောင်တိမ်းကာပေးလိုက်လေတော့သည်။

သူ၏ဓားသည် ဝင်းယို့ရီ၏ 'ကျန်မင်း'သွေးကြောကို ချိန်ရွယ်ထားလိုက်လေတော့သည်။

ဝင်းယို့ရီ ရင်ထိတ်သွားလေသည်။

သူ၏ကြိုးအား ပြန်လည်ရုပ်သိမ်းလိုက်ပြီး ကျင်းရှောင်၏လည်ပင်းသို့ ရစ်ပတ်လိုက်လေတော့သည်။

ကျင်းရှောင် တစ်ချက်ပြုံးကာ နေလိုက်လေတော့လေသည်။

ထို့နောက် သူ၏ဓားကွက်ဆယ်ကွက်ဖြင့် ထပ်မံအသုံးချကာ ဝင်းယို့ရီအား တိုက်ခိုက်လိုက်လေတော့သည်။

ဝင်းယို့ရီ မျက်မှောင်ကုပ်ကာ နေလေတော့သည်။

သူ၏စိတ်ထဲတွင် ကျင်းရှောင်၏သိုင်းကွက်များကို အံ့သြချီးကျူးနေမိလေတော့သည်မှာ အမှန်ပင် ဖြစ်သည်။

အကြောင်းမှာ...

ကျင်းရှောင်၏တိုက်ကွက်များသည် တစ်ခါတစ်ရံ ရိုးရိုးစင်းစင်း တိုက်ခိုက်နေတတ်လေသည်။

တစ်ခါတစ်ရံ ဆန်းဆန်းပြားပြား တိုက်ခိုက်နေခြင်းကြောင့် သူသည် မည်သို့ တိုက်ခိုက်ရမည်ကိုပင် မသိတော့ဘဲ စိတ်တွေရှုပ်ထွေးလာနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင်...

ကျင်းရှောင်၏ဓားကွက်များမှာ အလွန်ပင် လျင်မြန်၍ ဖျတ်လတ်လာလေသည်။

ဝင်းယို့ရီသည် မနည်းပင် ကြိုးစား၍ တိုက်ခိုက်နေရလေသည်။

ကျင်းရှောင်၏ဓားသည် ဝင်းယို့ရီ၏အောက်ပိုင်းကိုသာ ချိန်ရွယ်ပြီး တဆက်တည်း တိုက်ခိုက်လိုက်လေသည်။

ဤတိုက်ကွက်မှာ ယခုပင် ဝမ်းအဘိုးအိုက နောက်ဆုံး သင်ကြားပေးလိုက်သော သိုင်းကွက်များထဲမှ နောက်ဆုံး သိုင်းကွက်တစ်ကွက်ပင် ဖြစ်ပါလေတော့သည်။

ဝင်းယို့ရီသည် ကမန်းကတန်းပင် နောက်သို့ ဆုတ်၍ ရှောင်တိမ်းလိုက်သော်လည်း မှားသွားချေပြီ။

ဤသည်မှာ...

သူ၏မဟာအမှားပင် ဖြစ်နေပါလေတော့လေသည်။

ဝမ်းအဘိုးအို၏ နောက်ဆုံး တီထွင်လိုက်သော သိုင်းကွက်ကို နောက်ဆုတ်ရှောင်တိမ်း၍ မရပါ။

ရှေ့တိုးမှသာ ရှောင်တိမ်းနိုင်မည်ပင် ဖြစ်ပါလေသည်။

သို့သော် ထိုအကွက်မှာလည်း အလွန်ပင် ထူးခြားသောကြောင့်ပင် ဖြစ်သည်။

သူ၏တိုက်ကွက်သည် မည်သူမဆို ရင်ဆိုင်မိလိုက်သည်နှင့် နောက်ကိုသာ ခုန်ရှောင်ရမည်ပင် ဖြစ်သည်။

ယင်းသို့ နောက်သို့ ရှောင်တိမ်းနေခြင်းသည်ပင် ဝမ်းအဘိုးအို တီထွင်လိုက်သော သိုင်းကွက်၏ထောင်ချောက်ထဲသို့ ဆင်းသက်သွားခြင်းပင် ဖြစ်သည်။



ထိုသိုင်းကွက်သည် နောက်ဆုတ်ရှောင်တိမ်း၍ မရသော သိုင်းကွက် ဖြစ်သလို ရှေ့တိုးရခက်သော သိုင်းကွက်လည်း ဖြစ်ပေသည်။

ကျင်းရှောင်သည် ဝင်းယို့ရီက နောက်သို့ ရှောင်တိမ်းသည်နှင့် သူ၏ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ဝင်းယို့ရီ၏ကိုယ်အား လွှမ်းခြုံထားလိုက်လေတော့သည်။

"ယား"

ကျင်းရှောင်သည် လက်ထဲမှ ဓားကို ဝှေ့ယမ်းရာမှ ရုပ်တန့်လိုက်ပြီး ရှေ့သို့ ထိုးသွင်းလိုက်ရာ...

"အား"

ဝင်းယို့ရီ၏ပခုံးတွင် ကျင်းရှောင်၏ဓား ထိသွားပြီးလျှင် သွေးများ ခြင်းခြင်းနီရဲသွားသည်။

ကျင်းရှောင်သည် တိုက်ခိုက်ရာမှ ရုပ်တန့်လိုက်ပြီး စောင့်ကြည့်နေသည်။

ဝင်းယို့ရီသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ဟာလွှေလက်ကိုဆွဲကာ ထွက်သွားလေသည်။

ထိုအခါကျမှပင် ညှော်ပရိသတ်များ အားရဝမ်းသာစွာ အော်ဟစ်လိုက်သော အသံများသည် တောတောင်တစ်ခုလုံး ပဲ့တင်ထွက်သွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရောင်သည် ဝင်းယို့ရီအား အနိုင်ရရှိလိုက်သော်လည်း သူ၏ရင်ထဲ၌ ဝမ်းသာသည့် အရသာကို လုံးဝမခံစားရပါချေ။

သူသည် ငိုင်တိငိုင်တိုင်ဖြင့် ဓားကို ပြန်လည်သိမ်းဆည်းလိုက်လေတော့သည်။

အုမြူးစွာ အော်ဟစ်ခုန်ပေါက်နေကြသော လူအုပ်များကို ငေးကြည့်နေ၏။

ဝမ်းအဘိုးအိုက သူ့အား ပြုံးပြကာ ပြောလိုက်လေသည်။

“သူငယ်၊ ဒီတစ်ခါတော့ မင်းနာမည်က တော်တော်ကြီး သွားပြီကွ”

ဟု ပြောလိုက်သည်။

ထို့နောက် သူသည် တစ်စုံတစ်ခုကို သတိရလာလေတော့သည်။

“ဟိုက် ဒုက္ခပဲ၊ ကျုပ်တို့ အလုပ်တောင် မေ့သွားတယ်”

ဟု ပြောပြီး သူသည် ကျင်းရောင်၏လက်ကို ဆွဲလိုက်ပြီး…

“ကဲ မြန်မြန်သွားရအောင်”

ကျင်းရောင်သည် ငေးငိုင်စွာဖြင့် ဝမ်းအဘိုးအို ဆွဲခေါ်ရာသို့ လိုက်ပါသွားလေသည်။

ကျူးလင်ဖုန်းသည် ကျင်းရောင်က အဘိုးအိုနောက် လိုက်သွားသည်ကို တွေ့ရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကျင်းရောင်သည် ငေးငိုင်စွာ ရပ်နေသည်ကို သူတွေ့ပါသည်။

ကျင်းရောင်က အဘိုးအိုနောက် လိုက်သွားရသည်မှာ မည်သည့် အကြောင်းကြောင့်မှန်း သူသိထားပါလေတော့သည်။



သို့သော် သူက စိတ်မချပါချေ။

ထို့ကြောင့် သူသည် ကမန်းကတန်း နောက်မှ လိုက်သွားလေသည်။

သူသည် ကိုယ်ဖော့ပညာကို အသုံးပြုကာ အစွမ်းကုန် ပြေးလိုက်သော်လည်း အဘိုးအိုတို့အား လုံးဝမတွေ့ရတော့ချေ။

သူသည် စိတ်ပျက်နေစဉ်မှာပင် လူတစ်ယောက်က သူ့နောက်မှ ပြေးလာပြီး သူ့အား ကျော်ဖြတ်၍ ပြေးလွှားသွားသည်ကို တွေ့လိုက်ရလေသည်။

ကျူးလင်ဖုန်းက ထိုလူအား လှမ်းကြည့်လိုက်သောအခါ စွန်းချိုကျွန်း ဖြစ်နေသည်ကို တွေ့ရလေတော့သည်။

သူသည် ကျင်းရောင်အား လိုက်မမီ၍ စိတ်ထဲတွင် ခံပြင်းနေစဉ် စွန်းချိုကျွန်း လိုက်လာသည်ကို ဒေါသထွက်မိလေသည်။

“မင်းက ဘာလာလုပ်တာလဲကွ”

စွန်းချိုကျွန်းသည် ကျူးလင်ဖုန်းမှာ မိမိကိုအကြောင်းမဲ့ ရန်ရှာသည်ကို တွေ့ရသဖြင့် မခံမရပ်နိုင် ဖြစ်လာလေသည်။

“ကျုပ်ဘာသာကျုပ် လိုက်လာတာ မင်းနဲ့ ဘာဆိုင်လို့လဲ”

ကျူးလင်ဖုန်း မဲ့ပြုံးပြုံးလိုက်သည်။

“မသိပါဘူး၊ ကျုပ်ညီ ကျင်းရောင် နောက်ကို လိုက်သွားမယ် ထင်လို့ပါ”

ဟု ပြောလိုက်သည်။

စွန်းချိုကျွန်းက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ငါက လိုက်မမီလို့ သက်သက်လျှောင်နေတာလား"

ဟု မေးလိုက်သည်။

ကျူးလင်ဖုန်းက မထီတရီ ပြုံးလိုက်သည်။

"ဟုတ်တော့ကော မင်းက ဘာလုပ်ချင်လဲ"

စွန်းချိကျွန်းက ဒေါသထွက်လာသည်။

"ဒါဖြင့် မင်းနဲ့ ငါ ယှဉ်ကြည့်ကြသေးတာပေါ့"

ကျူးလင်ဖုန်းက ပြုံးလိုက်သည်။

"ကောင်းပြီ၊ ကျုပ်ကလဲ စောင့်မျှော်နေပါတယ်"

ဟု ပြောလိုက်သည်။

စွန်းချိကျွန်းသည် စကားမပြောတော့ဘဲ လက်နှစ်ဘက်ဖြင့် တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ကျူးလင်ဖုန်း၏ရင်ဝသို့ တိုက်ခိုက်လိုက်သည်။

ကျူးလင်ဖုန်းသည် ယင်းတိုက်ခိုက်မှုကို ပေါ့ပေါ့တန်တန် မထားဘဲ လက်သီးဖြင့် ခံပေးလိုက်လေတော့သည်။

"ဝုန်း"

သူတို့နှစ်ယောက်သည် နောက်သို့ ပြိုင်တူ ဆုတ်သွားလေသည်။

ကျူးလင်ဖုန်းက လက်မထောင်ပြလိုက်လေသည်။

"ဘယ်ဆိုးလို့တုန်း"

စွန်းချိကျွန်းသည် ကျူးလင်ဖုန်း၏သိုင်းပညာကို လေးစားလာလေသည်။

သူသည် လက်နှစ်ဘက် ဆုတ်လိုက်ပြီး...



"ကျုပ်က ခင်ဗျားနဲ့ယှဉ်ပြိုင်ဖို့ အချိန်မရတော့ဘူး၊ ဒါကြောင့် နောက်ကျမှပဲ ထပ်ပြီး ယှဉ်ကြတာပေါ့"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ကျူးလင်ဖုန်း၏အဖြေကိုပင် မစောင့်တော့ဘဲ လာလမ်းအတိုင်း ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ပျောက်ဆုံးနေတဲ့သူ

ကျူးလင်ဖုန်းသည် စင်မြင့်ရှိရာသို့ ရောက်ရှိလာသောအခါ လူတစ်ယောက်မျှ မရှိတော့ချေ။

ထို့ကြောင့် သူသည် မေလင်း နေထိုင်သော ရွာကလေးသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် ယင်းသို့ ဆုံးဖြတ်လိုက်သည်နှင့် စန်းတဲ့နယ်ကို ဦးတည်၍ လျှောက်သွားရာ စန်းတဲ့မြို့နယ် နယ်နိမိတ်ထဲသို့ ခြေချမိလိုက်သည်နှင့် လမ်းတစ်လျှောက်လုံးမှာ အိမ်ထောင်စုပေါင်း များစွာတို့သည် မိမိတို့ ပစ္စည်းများကို ထမ်းကာ ထွက်ပြေးနေကြသည်ကို တွေ့လိုက်ရလေသည်။

အချို့လူများမှာ ကြီးလေးသော အထုပ်အပိုးများကို ထမ်းလာကြသည်။

တချို့မှာ မြင်းလှည်းများကို အသုံးပြုကာ မိသားစု ပြောင်းရွှေ့လာသည်ကို တွေ့ရလေတော့သည်။



ကျူးလင်ဖုန်း မျက်မှောင်ကုပ်သွားလေသည်။

စစ်မက် ဖြစ်ပွားချိန် မဟုတ်သောကြောင့် ယင်းလူများသည် အဘယ်ကြောင့် ပြောင်းရွှေ့လာကြပါသနည်း။

သူသည် ထိုလူများအား ဝင်ရောက်စုံစမ်းကြည့်ရာ မြစ်ဝါမြစ်တွင် ရေကြီးနေသည့် အကြောင်းကို သိရှိရလေသည်။ သူသည် ယင်းသတင်း ကြားသည့်အခါ မေလင်းအတွက် စိုးရိမ်သွားလေ၏။

"အဘ လင်ချွမ်းကျေးရွာမှာကော ရေကြီးနေသလားဟင်"

အဘိုးအိုက အနည်းငယ် စဉ်းစားလိုက်ပြီး...

"နေပါအုံး မင်းမေးတဲ့ လင်ချွမ်းကျေးရွာဆိုတာက ကျားကျေးရွာနားကရွာ မဟုတ်လားကွ"

ဟု ပြန်မေးလိုက်သည်။

ကျူးလင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဘဘ"

အဘိုးအိုက ခေါင်းခါယမ်းပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ခုလောက်ဆို တစ်ရွာလုံးလဲ ရေမြုပ်သွားရောပေါ့"

သူသည် ယင်းစကား ကြားသည်နှင့် ကျေးဇူးတင်စကားပင် မပြောတော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် ရှေ့သို့သာ ပြေးလွှားသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျူးလင်ဖုန်းသည် အစွမ်းကုန် ပြေးလွှားသွားလေတော့သည်။

သူသည် နံနက်စောစောမှ ညနေအထိပင် မနားဘဲ တောက်လျှောက် ပြေးလွှားသွားလေတော့လေသည်။

လင်ချွမ်းကျေးရွာ ရောက်လုနီးလေလေ ရေဘေးဒုက္ခသည်က များလေလေပင် သူတွေ့နေရပါတော့သည်။

သူသည် ရေဘေးဒုက္ခသည်များအား ထပ်မံစုံစမ်းလိုက်ရာ လင်ချွမ်းကျေးရွာ အနီးတဝိုက် (၁၀)မိုင် ပတ်လည်တွင် ရှိသော ရွာများနှင့် လယ်ယာများသည် ရေလွှမ်းမိုးသွားပြီး ဖြစ်ကြောင်း သိလိုက်ရလေသည်။

ကျူးလင်ဖုန်းသည် ယင်းသတင်း ကြားလိုက်ရပြီးနောက် သူသည် ဆက်၍ အကြောင်းမဲ့ လျှောက်သွား၍ မဖြစ်မှန်း နားလည်လိုက်လေသည်။

ယခု သူသည် ခေါင်းအေးအေးထား၍ စီမံရမည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ကျောက်တုံးတစ်တုံးပေါ် ထိုင်ချပြီးလျှင် ရှေ့ဆက်လုပ်ရမည့် အလုပ်များကို စဉ်းစားနေသည်။

နောက်ဆုံး သူသည် ရွက်လှေကြီးတစ်စင်းငှားပြီး လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

♠ ♠ ♠



ကျူးလင်ဖုန်းသည် ခါတိုင်းထက် ဈေး(၆)ဆခန့် ပို၍ ပေးကာ ရွက်လှေတစ်စင်း ငှားလိုက်လေသည်။

ထို့နောက် ရေကို ဆန်၍ လင်ချွမ်းကျေးရွာ ရှိရာသို့ ဦးတည်သွားလေသည်။

♠ ♠ ♠

ကျူးလင်ဖုန်းသည် လှေထိုးသားနှင့်အတူ လှေကို ဆန်၍ လှော်ခတ်သွားရာ သူတို့သည် လင်ချွမ်းကျေးရွာနှင့် တဖြည်းဖြည်း နီးကပ်လာလေသည်။

သူရောက်ရာ လမ်းတစ်လျှောက်တွင် ကျေးရွာများသည် ရေနစ်မြုပ်နေပြီးလျှင် ရွာသူရွာသားများသည် ခေါင်မိုးပေါ်၌လည်းကောင်း၊ သစ်ပင်ထိပ်များ၌လည်းကောင်း တက်နေကြသည်ကို တွေ့ရှိကြရလေသည်။

သူတို့သည် ကျူးလင်ဖုန်း၏လှေကို တွေ့သောအခါ အော်ဟစ်၍ အကူအညီ တောင်းခံကြလေသည်။

သို့သော် ကျူးလင်ဖုန်းက မေလင်းတို့သားအမိကို စိုးရိမ်ပူပန်နေသဖြင့်...

မကူညီပါချေ။

ထိုလူများအား အကူအညီ မပေးနိုင်တော့ဘဲ လင်ချွမ်းကျေးရွာသို့သာ ဦးတည်၍ သွားနေလေသည်။

သူတို့၏လှေသည် လင်ချွမ်းကျေးရွာကိုသာ ဦးတည်၍

www.burmeseclassic.com

www.burmeseclassic.com



သွားနေလေသည်။

ကျူးလင်ဖုန်းသည် ရှေ့သို့ လှမ်းကြည့်လိုက်သောအခါ မြင်ကွင်းတစ်ခုလုံးမှာ အဆုံးအစမရှိသော ရေပြင်ကိုသာ တွေ့ရလေသည်။

သစ်ပင်တစ်ချို့မှာသာ ရေပြင်ပေါ်၌ ပေါ်နေသည်မှအပ သက်ရှိသတ္တဝါဟူ၍ မတွေ့ရပါချေ။

ကျူးလင်ဖုန်းသည် မျှော်လင့်ချက်ကြီးစွာဖြင့် လာခဲ့ရာမှ ယခု သူ၏မျှော်လင့်ချက်များ ကွယ်ပျောက်သွားပြီ ဖြစ်၍ သူသည် စိတ်လျှော့လိုက်လျှင် လှေပေါ်သို့ လဲကျသွားလေသည်။

♠ ♠ ♠



ကျူးလင်ဖုန်း သတိရလာသောအခါ သူသည် လှေပေါ်၌ မရှိတော့ဘဲ ကမ်းစပ်တစ်နေရာတွင် ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူသည် ကမန်းကတန်း ထလိုက်တော့မှ သူရောက်ရှိနေသောနေရာမှာ မြို့ပြတစ်ခု ဖြစ်နေသည်ကို တွေ့ရလေသည်။

သူသည် ထိုင်ရာမှ ထလိုက်သည်။

ဘေးဘီသို့ တစ်ချက်ကြည့်လိုက်လေသည်။

ရေဘေးဒုက္ခသည်များသည် မြို့ပြင်၌ တဲထိုးထားပြီးလျှင် နေရာချထားသည်ကို တွေ့ရလေတော့သည်။

မိမိ သတိလစ်သွားသော အချိန်၌ လှေထိုးသမားမှာ မိမိအား ဤဒုက္ခသည်စခန်းသို့ လာရောက်ပို့သွားခြင်း ဖြစ်ရမည်ဟုလည်း ဆင်ခြင်မိလေတော့သည်။

သူသည် မြို့ထဲသို့ပင် လှမ်းဝင်သွားလေတော့လေသည်။

ထို့နောက် မြို့တော်ဝန်ဂေဟာသို့ ရောက်သွားလေတော့သည်။

မြို့တော်ဝန်နေရာသည်လည်း အသစ်မွမ်းမံခြယ်ထား သဖြင့် အလွန်ခန့်ညားထည်ဝါပြီး သစ်လွင်နေလေတော့သည်။

မြို့ထဲ၌ ရေဘေးအန္တရာယ်များ၊ လက္ခဏာများကို လုံးဝမတွေ့ရပါချေ။

သူသည် သက်ပြင်းကို ရှည်လျားစွာပင် ချလိုက်လေသည်။

ပြည်သူများ အားကိုးရာ မြို့တော်ဝန်သည် မိမိ၏ဓနဥစ္စာနှင့် မိမိ၏စည်းစိမ်ကိုသာ ယစ်မူးနေကြသဖြင့် ယခုကဲ့သို့ ရေဘေးဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



သည်များ ဒုက္ခကြီးစွာဖြင့် ရင်ဆိုင်နေရသည်ကို မဆင်ခြင် မသုံးသပ်နိုင်ဘဲ ဖြစ်သည်။

ကျူးလင်ဖုန်းသည် မြို့တော်ဝန်ဂေဟာရှေ့သို့ ရောက်ရှိသောအခါ ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

တံခါးရှေ့၌ ရဲမက်နှစ်ယောက်သည် ခါးထောက်ကာ ရပ်နေပါသည်။

ထိုစဉ် ရဲမက်တစ်ယောက်သည် ကျူးလင်ဖုန်းအား ကြည့်ကာ...

"ဟိတ် ဘယ်သူလဲ၊ ဒီမှာ မြို့တော်ဝန်ဂေဟာဆိုတာ မသိဘူးလား"

ဟု ခက်ထန်သော အသံဖြင့် ငေါက်လိုက်လေတော့သည်။

ကျူးလင်ဖုန်းကလဲ ခါးထောက်လိုက်လေသည်။

"ကျုပ်နာမည်က ကျူးလင်ဖုန်းပါ၊ ခင်ဗျားတို့ရဲ့ မြို့တော်ဝန်သမီး ဖြစ်တဲ့ ဝိချင်းနဲ့ တွေ့ချင်လို့ပါ"

ရဲမက်နှစ်ယောက်သည် ယင်းစကား ကြားရသောအခါ သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ကျူးလင်ဖုန်းသည် ခရီးပမ်းလာသဖြင့် ညစ်ပတ်ပေကျံနေသော်လည်း ရုပ်ရည်သန့်ပြန့်နေသည်ကို တွေ့သော်လည်း သူက မယုံရဲသဖြင့် မေးလိုက်သည်။

"မင်းက ကျုပ်တို့ သခင်မလေးကို သိလို့လား"

ဟု မေးလိုက်သည်။

ကျူးလင်ဖုန်းက...



"သိတာပေါ့ဗျာ၊ သူက ကျုပ်နဲ့ ကျောင်းနေဘက်ပါ"

ဟု ပြောလေသည်။

ထိုအခါ ရဲမက်တစ်ယောက်က...

"ဒီမှာ ခဏနေဦး၊ ငါတို့ရဲ့ သခင်မလေးကို အကြောင်းသွားကြားလိုက်ဦးမယ်"

ဟု ပြောကာ အထဲသို့ ဝင်ရောက်သွားလေတော့လေသည်။

ကျန်သည့်တစ်ယောက်မှာ သူနှင့် ကျန်ခဲ့လေသည်။

သူနှင့် စကားဖောင်ဖွဲ့နေလေသည်။

ထိုရဲမက်က...

"အစ်ကိုလေး ဘယ်က လာတာလဲ၊ တစ်ကိုယ်လုံးလဲ ညစ်ပတ်နေတာပဲ"

ဟု မေးလိုက်သည်။

ထိုအခါ...

ကျူးလင်ဖုန်းက...

"လင်ချွမ်းကျေးရွာက လာတာပါ"

ထိုရဲမက်က...

"အင်း လင်ချွမ်းကျေးရွာက ရေလွှမ်းမိုးခံနေရတယ်ဆို ဟုတ်လား"

ကျူးလင်ဖုန်းက...

"အင်း ဟုတ်တယ်ကွ"

ထိုရဲမက်က...

"အင်း ဒီကိုတောင်.."

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးခင်မှာပင် ရဲမက်နှင့် အိမ်ထိန်းတစ်ယောက် ထွက်လာလေသည်။

ထိုလူက ကျူးလင်ဖုန်းအား ရိုရိုသေသေ အလေးပြုလိုက်ပြီး

"အထဲကို ကြွပါ ခင်ဗျာ၊ အထဲမှာ သခင်မလေး စောင့်နေပါတယ်"

ဟု ပြောကာ ကျူးလင်ဖုန်းသည် အိမ်တော်ထိန်း နောက်သို့ လိုက်ပါ၍ အိမ်ထဲသို့ ဝင်သွားလေသည်။

မြို့တော်ဝန်၏ဂေဟာသည် အလွန်ခံ့ညားထည်ဝါလှသည်။

ကျောက်ခဲများဖြင့် ညီညာစွာ ခင်းထားသော လမ်းတစ်ခုသည် ဧည့်ခန်းသို့ တည့်မတ်စွာ ရောက်သွားလေသည်။

လမ်း၏တစ်ဘက်တစ်ချက်တွင် ပန်းမာန်များ စိုက်ပျိုးထားသောကြောင့် အလွန်ပင် လှပတင့်တယ်သည်။

ကျူးလင်ဖုန်းသည် ဧည့်ခန်းရှေ့သို့ ရောက်ရှိသွားသည်နှင့် သခင်မလေးပီချင်းကို တွေ့ရလေသည်။

ထို့ကြောင့်...

သူသည် လက်နှစ်ဘက်မြှောက်ကာ အလေးပြုလေသည်။

ထို့နောက်...

"နေကောင်းလား"

ဟု နှုတ်ဆက်လိုက်လေသည်။

ပီချင်းကလည်း ဦးပြန်ညွှတ်ကာ...

"နေကောင်းပါတယ်၊ ရှင်ရော နေကောင်းတယ် မဟုတ်လား"



ကျူးလင်ဖုန်းက...

"ကျွန်တော်လဲ နေကောင်းပါတယ်"

ဟု အပြန်အလှန် နှုတ်ဆက်ပြီးလျှင် သခင်မလေးပီချင်းက

"ကဲ အထဲကို ကြွပါရှင်၊ ကျွန်မလဲ ရှင့်ကို တွေ့ချင်နေတာ"

သူမသည် ပြောပြီးမှ စကားလွန်သွားမှန်းသိ၍ ရှတ်တရက် ရပ်တန့်လိုက်သည်။

ကျူးလင်ဖုန်းသည် အခန်းထဲသို့ ဝင်ကာ ကုလားထိုင်တစ်လုံးပေါ်သို့ အားရပါးရ ထိုင်ချလိုက်လေသည်။

ပီချင်းက ရေနွေးကြမ်းထည့်ပေးရင်း...

"အစ်ကို ရှေ့ကြီးတဲ့နေရာက လာခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။

ကျူးလင်ဖုန်းက ခေါင်းညိတ်လိုက်ကာ...

"ဟုတ်ပါတယ်"

ဟု ပြောလိုက်သည်။

ပီချင်းက သက်ပြင်းကို ရှည်လျားစွာ တစ်ချက်ချလိုက်လေသည်။

"အင်း ဆင်းရဲသားတွေ အတော့်ကို ဒုက္ခရောက်နေမှာပဲနော်၊ ဖေဖေလဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး နန်းတွင်းကို သွားပြီး အကျိုးအကြောင်း တင်ပြနေတယ်"

ဟု ပြောလိုက်သည်။

ကျူးလင်ဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ အခုလို ပြည်သူပြည်သားတွေအတွက် စိတ်အား

www.burmeseclassic.com

www.burmeseclassic.com



ထက်သန်စွာနဲ့ ကူညီကယ်ဆယ်ဖို့ ကြိုးစားနေတာ ကြားရတော့ ညီမရဲ့အဖေကို လေးစားမိပါတယ် ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

ဝိချင်းက ပြုံးလိုက်သည်။

"ဒါကတော့ တာဝန်နဲ့ ဝတ္တရားက ရှိနေတယ် မဟုတ်လား၊ ဪ ဒါနဲ့ အစ်ကိုကြီးလဲ ခရီးပန်းလာမှာပဲ၊ ရေမိုးချိုးပြီး တစ်ရေးတမောလောက် အိပ်လိုက်ပါအုံး။ ညနေစာ ထမင်းစားရင်း ပြောကြတာပေါ့ မဟုတ်လား"

ဟု ပြောလေသည်။

ကျူးလင်ဖုန်း ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ညီမ"

ဟု ပြောလိုက်လေတော့သည်။

ဝိချင်းက...

"ဪ အစ်ကို့ကို ပြောစရာ ရှိသေးတယ်၊ အစ်ကို ဘယ်တော့ ပြန်မှာလဲဟင်၊ အဲဒါကို သိချင်လို့ပါ"

ဟု မေးလိုက်လေသည်။

ကျူးလင်ဖုန်းက...

"အင်း ရက်အတိအကျတော့ မသိပါဘူး၊ ဘာဖြစ်လို့လဲ ညီမရယ်"

ဝိချင်းက...

"ဘာမှတော့ မဖြစ်ပါဘူး၊ အစ်ကိုက တစ်ခါလာပြီးရင် အကြာကြီး ပျောက်သွားတတ်တယ်လေ၊ ဒါကြောင့်မို့ပါ"



ဟု ပြောလိုက်လေသည်။

ထိုအခါ...

ကျူးလင်ဖုန်းက...

"ဪ ညီမက ဒါကို စိုးရိမ်နေတာကိုး။ ညီမလာစေချင်ရင် အစ်ကိုလာခဲ့ပါ့မယ်၊ အဲဒီကျမှ ညီမ မရှောင်ရဘူးနော်"

ဟု ပြောလိုက်လေသည်။

ထိုအခါမှ...

ဝိချင်းက...

"ဪ အစ်ကိုကလဲ ညီမက အမြဲတမ်း စောင့်ကြိုနေပါတယ်ဆို"

ဟု ပြောရင်း စကားကို ရပ်တန့်လိုက်လေသည်။

သူမ စကားလွန်သွားပြီ ဖြစ်သောကြောင့်ပင်။

ထိုအခါ ကျူးလင်ဖုန်းက...

"ညီမ အစ်ကိုကြီး နားတော့မယ်"

ဟု ပြောလိုက်လေသည်။

ထိုအခါမှ ဝိချင်းက လက်ခုပ်တီးလိုက်ရာ အိမ်ဖော်တစ်ယောက် ရောက်ရှိလာသည်။

"ဟောဒီ အစ်ကိုကြီးကို အိပ်ခန်းလိုက်ပြလိုက်၊ နောက်ပြီး ရေချိုးဖို့လဲ အဆင်သင့်လုပ်ပေးလိုက်ပါ"

ဟု ပြောဆိုလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## တဘက်သတ်မေတ္တာ

လရောင်များသည် ဥယျာဉ်တစ်ခုလုံး ထိန်ထိန်လင်းနေစေသည်။

ညလေသည် ဖြည်းညင်းစွာ တိုက်ခိုက်လာသောအခါ ပန်းရနံ့များကို တပါတည်း သယ်ဆောင်လာသဖြင့် ရေမိုးချိုးထားသော ကျူးလင်ဖုန်းသည် စိတ်ကြည်လင်၍ သွားသည်။

သူသည် ညှိခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ပိချင်းက စားပွဲအနီး၌ထိုင်၍ စောင့်နေသည်ကို တွေ့ရလေသည်။

စားပွဲပေါ်၌ ဟင်းလျာများ စုံလင်နေ၏။

သူမသည် ကျူးလင်ဖုန်း ရောက်ရှိလာသည်ကို တွေ့မြင်လိုက်သည်နှင့် ထိုင်ရာမှထကာ ခရီးဦးကြို ပြုလေသည်။

ကျူးလင်ဖုန်းက...

"အားနာလိုက်တာဗျာ၊ ခုလို ကျုပ်ကို တကူးတက ကျွေးမွေးတာကို ဘယ်လို ကျေးဇူးဆပ်ရမလဲ မသိဘူး"



ပိချင်းက ပြုံးလိုက်သည်။

"ကျွန်မက အိမ်ရှင်ပါ၊ ညှိသည်တစ်ယောက်ကို ညှိဝတ်ကျေရမှာပေါ့"

ဟု ပြောလေသည်။

ကျူးလင်ဖုန်းသည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

"ဟုတ်ပါတယ်၊ ခုလိုအချိန်မျိုးမှာ ညီမလိုရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကို တွေ့ရတာ ကျုပ်ဖြင့် အားရှိသွားမှာပဲ"

ဟု ပြောလိုက်သည်။

ပိချင်းက ပြုံးလိုက်သည်။

"ကျွန်မလဲ ဒီအတိုင်းပါပဲ၊ အစ်ကိုကြီး ရောက်လာတာကို တွေ့ရတာ ကျွန်မလဲ အားတက်သွားတာပဲ"

ဟု ပြောပြီး စကားဆက်လိုက်သည်။

"အစ်ကိုကြီး လာပါ့မလားလို့တောင် စောင့်မျှော်နေသေးတယ်"

ဟု ပြောလေသည်။

ကျူးလင်ဖုန်းသည် အရက်သောက်လိုက်ရင်း ရယ်မောလိုက်လေသည်။

"အို မလာဘဲ နေပါ့မလား။ အစ်ကိုက ခရီးလွန်နေလို့ပါ"

ဟု ပြောလေသည်။

ပိချင်းက ဟင်းလျာများ ထည့်ပေးရင်း...

"ကျွန်မဖြင့် အစ်ကိုကြီးလို အစ်ကိုတစ်ယောက်ရှိရင် ဘယ်

www.burmeseclassic.com



လောက် ဝမ်းသာလိုက်မလဲဆိုတာ”

ဟု ပြောလေသည်။

ကျူးလင်ဖုန်းက...

“ကျူဝ်ကလဲ ဒီအတိုင်းပါပဲ”

ဟု ပြောလေသည်။

သူတို့နှစ်ယောက်သည် သဘောကျစွာဖြင့် ပြိုင်တူ ရယ်မောကြလေသည်။

♠ ♠ ♠



ထမင်းစားကြပြီးနောက်...

ကျူးလင်ဖုန်းနှင့် ပိချင်းတို့သည် ပို၍ရင်းနှီးလာကြလေသည်။

ကျူးလင်ဖုန်းသည် အရက်ကိုသာ အားရပါးရ သောက်ထားသဖြင့် သူ၏မျက်လုံးများသည် ရီဝေလာသည်။

“ဩော် ဒါနဲ့ ညီမကြည့်ရတာ အတော့်ကို လှတယ်နော်”

ဟု ပြောလိုက်သည်။

ပိချင်းက ထိုစကား ကြားလိုက်ရသည်နှင့် တခစ်ခစ် ရယ်မောလေသည်။

“ကျွန်မ မလှပါဘူး။ အစ်ကိုက မြှောက်နေတာပါ”

ဟု ပြောလေသည်။

ထိုအခါ ကျူးလင်ဖုန်း၏မျက်နှာတစ်ခုလုံးသည် တည်ကြည်၍ လာလေသည်။

“အစ်ကိုက ရယ်စရာပြောနေတာ မဟုတ်ဘူး။ မြှောက်ပြောနေတာလဲ မဟုတ်ဘူး။ ညီမကို လှလို့လှတယ် ပြောတာ”

ပိချင်းက ခေါင်းငုံ့ထားလိုက်လေသည်။

သူမ၏ရင်ထဲ၌ ဖော်မပြနိုင်သော ဝမ်းသာပီတိများ ခံစားလိုက်ရလေသည်။

ကျူးလင်ဖုန်းသည် သူမအား ငေး၍ ကြည့်နေမိလေသည်။

သူ၏မျက်လုံးအစုံသည် မျက်မမြင်မေလင်းအား မြင်ယောင်လာလေသည်။

ထိုစဉ် ပြတင်းပေါက် အပြင်ဘက်မှ လေးတဲ့သော သက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းချက်တစ်ခု ကြားလိုက်ရလေသည်။

♠ ♠ ♠

လောကပေါ်၌ ဖြစ်ပေါ်တတ်သော ဖြစ်ရပ်များသည် တစ်ခါတစ်ရံ အနည်းငယ် လွဲချော်သွားသည်နှင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတတ်သည်။

အကယ်၍သာ ကျူးလင်ဖုန်းသည် ထိုသက်ပြင်းချသံကို ကြားလိုက်ရသည်နှင့် အပြင်သို့ ပြေးထွက်ကြည့်မည်ဆိုလျှင်…

သူ့ဘဝတစ်လျှောက်လုံးတွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမည် ဖြစ်လေသည်။

ယခုမှာမူ သူသည် ယင်းသက်ပြင်းချသံကို လုံးဝမကြားလိုက်ရသဖြင့် သူ၏ဘဝ တစ်သက်တာတွင် ယင်းကဲ့သို့ ဝမ်းနည်းဖွယ်ရာ အဖြစ်မျိုးအား ကြုံတွေ့လိမ့်မည် မဟုတ်ပါချေ။

♠ ♠ ♠



ဥယျာဉ်ထဲ၌ မိန်းကလေးတစ်ယောက် ထိုင်နေလေသည်။

သူမသည် အဆက်မပြတ် ငိုကြွေးနေ၏။

သံယောဇဉ်မဲ့သော လေများသည် သူမ၏ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျနေသော မျက်ရည်များကို ခြောက်သွေ့သွားစေသည်။

ယင်းမိန်းကလေးမှာ မေလင်းပင် ဖြစ်သည်။

“သြော် သူများက မြို့တော်ဝန်ရဲ့ သမီးတော်၊ ငါက ဘာလဲ၊ ငါက မျက်မမြင် တောသူမတစ်ယောက် မဟုတ်လား။ ဘယ်သူများနဲ့ယှဉ်လို့ ရမှာလဲ”

မေလင်းသည် အသံတိုးတိုးဖြင့် ဝမ်းနည်းပက်လက် ငိုကြွေးနေ၏။

သူမသည် ထိုင်ရာမှ ထကာ ရှေ့သို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

“အစ်ကိုကြီးကို ကျွန်မ အပြစ်မတင်ပါဘူး၊ အစ်ကိုကြီးမှာ ဘာမှ အပြစ်မရှိပါဘူး။ အစ်ကိုကြီးဟာ မြို့တော်ဝန်သမီးနဲ့ပဲ ထိုက်တန်ပါတယ်၊ ကျွန်မဆုတောင်းလိုက်ပါတယ်”

သူမသည် ယင်းသို့ ငိုကြွေးရင်း ခေါင်းငုံ့ကာ လျှောက်သွားလေသည်။

“ငါ ဒီမှာ နေလို့ မဖြစ်ဘူး။ တော်ကြာ သူတို့ ငါ့ကို တွေ့သွားရင် အနှောက်အယှက် ဖြစ်တော့မယ် ထင်တယ်”

သူမသည် မျက်မမြင်တစ်ယောက် ဖြစ်ပေမယ့် ကျူးလင်ဖုန်း၏အသံကိုကား မည်သည့်အခါမျှ မမေ့ချေ။

သူမသည် ငယ်ရွယ်စဉ်ကတည်းက ကျူးလင်ဖုန်းအပေါ်

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရှိခဲ့လေသည်။

ထို့နောက် သူတို့သည် ကြီးပြင်းလာသည်အထိ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ခဲ့ကြလေသည်။

သို့သော်...

ယခုမူ ကျူးလင်ဖုန်း ကောင်းစားရေးအတွက် သူမသည် ရှောင်ဖယ်ပေးရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်လေသည်။

သူမသည် တဖြည်းဖြည်း လမ်းလျှောက်ရင်း အမှောင်ထုထဲသို့ တိုးဝင်သွားကာ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠



နောက်တစ်နေ့နံနက်...။

ကျူးလင်ဖုန်းသည် မြို့စားဂေဟာမှ ထွက်ခွာရန် ဟန်ပြင်နေစဉ် ဝိချင်းက သူ့အား တံခါးဝအထိ လိုက်ပို့ပေးလေသည်။

သူသည် အပြင်ဘက်သို့ လျှောက်လာရင်း တစ်စုံတစ်ခုကို သတိရမိလိုက်သည်နှင့် ခြေလှမ်းရပ်တန့်လိုက်လေသည်။

ဝိချင်းက...

"ဘာများ မေ့ကျန်ခဲ့လဲ အစ်ကို"

ကျူးလင်ဖုန်းက ပြုံးလိုက်သည်။

"ဘာမှ မကျန်ပါဘူး။ ဒါပေမယ့် အကူအညီတစ်ခု တောင်းချင်လို့ပါ"

ဝိချင်းက...

"ဒါဖြင့် ပြောပါ၊ ဘာကူညီပေးရမလဲ"

ကျူးလင်ဖုန်းက...

"ခင်ဗျားအဖေဟာ မြို့တော်ဝန်တစ်ယောက် ဖြစ်တယ်ဆိုတော့ မေလင်းတို့သားအမိ အကြောင်းကို စုံစမ်းပေးဖို့ အကူအညီတောင်းမလို့ပါ"

ဝိချင်းသည် ယင်းစကားကို ကြားလိုက်ရသောအခါ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူမသည် အကြိမ်ကြိမ် ထုတ်ဖော်ပြောရန် စိတ်ကူးထားမိသည်။

သို့သော် တစ်ကိုယ်ကောင်းဆန်သော စိတ်က လွှမ်းမိုးထားသဖြင့် သူမသည် စကားမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လောကပေါ်၌ အလွန်ရိုးသားပြီး စိတ်ကောင်း၊ စေတနာထားသောသူပင် အချစ်နှင့် ပတ်သက်လာလျှင် စိတ်ထားယုတ်မာကြသည်။

ယခု ဝိချင်းသည် ကျူးလင်ဖုန်းအပေါ် တဖက်သတ် ချစ်မိသည့်အတွက် ကျူးလင်ဖုန်း၊ မေလင်းအကြောင်း ပြောလျှင် သူမသည် ဖုံးကွယ်ရန် စိတ်ကူးမိထားလိုက်လေသည်။

သူမသည် ဟန်ဆောင်၍ ပြုံးလိုက်ပြီး...

"ဟုတ်...ဟုတ်ကဲ့ရှင့်"

ကျူးလင်ဖုန်းသည် သူမ ဣန္ဒြေပျက်နေသည်ကို မသိပါချေ။

သူသည် သူမအား နှုတ်ဆက်ပြီး ရှေ့သို့သာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

♠ ♠ ♠



ဝိချင်းသည် ငေးငိုင်၍ ရပ်နေလေသည်။

သူမ၏စိတ်ထဲတွင် ဝေခွဲမရနိုင်အောင် ဖြစ်နေလေသည်။

သူမသည် ဟုတ်မှန်ကြောင်းကို ထုတ်ဖော်ပြောပြလိုက်ချင်သည်။ သို့သော်...

ယင်းသို့ အမှန်အတိုင်း ပြောလျှင် မိမိမှာ ကျူးလင်ဖုန်းကိုလည်း စွန့်လွှတ်ရမည် ဖြစ်သည်ကိုလည်း စိုးရိမ်နေသည်။

ထို့ကြောင့်...

သူမ၏ရင်ထဲ၌ ရှုပ်ထွေးနေလေသည်။

သူမ၏ဦးနှောက်ထဲမှာလည်း အတွေးနှစ်ခုက လွန်ဆွဲနေသည်။

နောက်ဆုံး သူမ၏မြင့်မြတ်သော စိတ်ထားက ယုတ်ညံ့သော စိတ်ထားအား အနိုင်ယူလိုက်၏။

"အစ်ကိုကြီး ခဏနေဦး"

ဟု ပြောလိုက်သည်။

"အစ်ကိုကြီး တွေ့ချင်တဲ့ မေလင်းဆိုတာ မျက်စိမမြင်တဲ့ မိန်းကလေးလား"

"ဟုတ်တယ်"

"သူက အိမ်တော်ထိန်းနဲ့ တစ်ရွာတည်းသားမို့ ကျွန်မတို့ ခေါ်ထားပါတယ်"

ဟု ပြောလျှင် ကျူးလင်ဖုန်း ဝမ်းသာသွားသည်။

ထို့ကြောင့် ဝိချင်းက အိမ်ဖော်တစ်ယောက်အား

"မေလင်းကို သွားခေါ်ပေးလိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး အိမ်ဖော် အထဲဝင်သွားပြီး မကြာမီတွင်…

"သူ…သူ မရှိတော့ဘူး"

ဝိချင်းက…

"သူ ဘာဖြစ်လို့ မရှိရမှာလဲ"

သို့သော် အိမ်ဖော်က…

"ကျွန်မလဲ မသိဘူး။ စာတစ်စောင်ရေးထားပါတယ်"

ဟု ပြောကာ စာအိတ်အား ပေးလိုက်သည်။

စာအိတ်ပေါ်၌ အစ်ကိုကြီးကျူးလင်ဖုန်းဟု ရေးထားပါသည်။

ထို့ကြောင့် စာအားပေးကာ အထဲသို့ ဝင်သွားလေသည်။

♠ ♠ ♠



## သိုင်းပညာ

လှိုင်းတံပိုးသည် ပြင်းထန်စွာ တိုက်ခိုက်နေ၏။

ထိုလှိုင်းတံပိုးများကြားတွင် လှေကလေးတစ်စင်း ရှိနေပါသည်။

ထိုလှေပေါ်တွင် လူနှစ်ယောက် ထိုင်နေပါ၏။

လှေဦးပိုင်းတွင် အဘိုးအိုတစ်ယောက် ထိုင်နေပြီး ပဲ့ပိုင်းတွင် အလွန်နုံညံ့သော လူတစ်ယောက်က လိုက်ပါလာပါသည်။

ယင်းလူနှစ်ယောက်မှာ ဝမ်းအဘိုးအိုနှင့် ကျင်းရှောင်တို့ပင် ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်သည် ပေကျန်းတောင်ပေါ်၌ သိုင်းလောကအား စိန်ခေါ်လာသော ဝင်းယို့ရီကို အနိုင်ရရှိလိုက်သဖြင့် သူ၏အမည်သည် သိုင်းလောကသို့ တမုဟုတ်ချင်း ပျံ့နှံ့သွားကာ ကျော်ကြားသွားလေသည်။

ကျင်းရှောင်ဟူသော အမည်သည် မသိသူ မရှိသလောက် လျှမ်းလျှမ်းတောက် ကျော်ကြားနေ၏။

သို့သော် ဤအကြောင်းကို ကျင်းရှောင်က လုံးဝမသိပါချေ။

သူသည် ဝင်းယို့ရီအား အနိုင်ရရှိပြီးသည်နှင့် ဝမ်းအဘိုးအို နောက်သို့ လိုက်သွားရာ ယခု တာကျိုကျွန်းပေါ်သို့ ရောက်ရှိလာလေသည်။

လမ်းခရီးတွင် ကျင်းရှောင်က ဝမ်းအဘိုးအိုအား အဘယ်ကြောင့် သူ့အား ခေါ်ဆောင်လာသည်ကို အကြိမ်ကြိမ်မေးမိသည်။

ဝမ်းအဘိုးအိုက မပြောဘဲ လျှို့ဝှက်ထားသည်။

"မင်းစိတ်ချလက်ချသာ လိုက်ခဲ့ပါ။ မင်းအတွက် အကျိုးရှိရမယ်"

ဟု ပြောလေသည်။

"ကဲ ရောက်ပြီ၊ အပေါ်တက်ရအောင်"

ဟု ပြောကာ လှေပေါ်မှ ခုန်ဆင်းလိုက်သည်။

ကျင်းရှောင်ကလည်း လိုက်၍ ဆင်းသွားသည်။

ထို့နောက် သူတို့သည် ရှေ့သို့ တူရှုလျှောက်သွားရာ မကြာမီ သူတို့သည် တောအုပ်တစ်ခုထဲသို့ ရောက်ရှိသွားလေသည်။

တောအုပ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် သစ်သားအိမ်ကလေးတစ်လုံးကို တွေ့ရှိရလေသည်။



အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဝမ်းအဘိုးအိုက ထူးဆန်းသော ကုလားထိုင်တစ်လုံးအား ညွှန်ပြသည်။

"ဒီကုလားထိုင်ကို ကျုပ်ကိုယ်တိုင် လုပ်ထားတာကွ၊ ဘယ်နှယ်လဲ"

ကျင်းရှောင်က...

"ကောင်းသားပဲ၊ ဒါပေမယ့်"

ဝမ်းအဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ကျင်းရှောင်က...

"ဒါပေမယ့် ညစ်ပတ်လွန်းတယ်ဗျ"

ဝမ်းအဘိုးအိုက ရယ်မောလိုက်သည်။

"မင်းပြောတာလဲ ဟုတ်တာပဲ"

ကျင်းရှောင်က ငြိမ်မနေတော့ပါ။

"ဒါနဲ့ ဘဘ ကျွန်တော့်ကို ဒီခေါ်လာတာ ဘာလုပ်မလို့လဲ"

ဝမ်းအဘိုးအိုက...

"မလောပါနဲ့ကွ၊ တော်ကြာ ပြောမှာပေါ့"

ကျင်းရှောင်က ပါးစပ်ပိတ်ထားလိုက်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရောင်သည် စကားတစ်ခွန်းမျှ မမေးတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။ ဝမ်းအဘိုးအိုက ကုလားထိုင်ပေါ်မှ ဖုန်များကို ရှင်းလင်းနေ၏။

"ဪ ဒါနဲ့ လောကပေါ်မှာ ရင်ဆိုင်ဖို့ အခက်ခဲဆုံးက ဘာလဲ မင်းသိလား"

ကျင်းရောင် ခေါင်းခါလိုက်သည်။

ဝမ်းအဘိုးအိုက မျက်နှာတည်တည်ဖြင့်...

"ဒါဖြင့် ကျုပ်ပြောမယ် မိန်းမပါပဲ"

ဟု ပြောလေသည်။

♠ ♠ ♠

အတန်ကြာမှ ဝမ်းအဘိုးအိုက စကားဆက်ပြန်၏။

"ဟေ့ သူငယ်၊ ကျုပ်ရဲ့ သိုင်းပညာ ဘယ်လိုအခြေအနေ ရှိလဲဆိုတာ မင်းအကဲခတ်မိလား"

ကျင်းရောင်က...

"ပြောစရာလိုသေးလားဗျာ၊ ဘဘရဲ့ သိုင်းပညာကော၊ ဓားပညာကော လောကမှာ ပြိုင်ဘက်ကင်းတာပဲဗျ"

ဝမ်းအဘိုးအိုက...

"ဟုတ်လား။ ဒါဖြင့် ကျုပ် အခု သိုင်းကွက်တစ်ကွက် ပြလိုက်မယ်"

သူသည် ပြောပြီးသည်နှင့် သူ၏လက်နှစ်ဘက်ကို ဝှေ့ယမ်း



လိုက်ရာ...

သူ၏ပတ်ဝန်းကျင်မှ လေများသည် လှုပ်ရှားတုန်ခါသွားလေသည်။

အဘိုးအိုသည် လက်ဝါးသုံးချက် ဆက်တိုက်ရိုက်ဟန်ပြလိုက်လေသည်။

ကျင်းရောင်သည် ဝမ်းအဘိုးအို၏သိုင်းကွက်သုံးကွက်အား တွေ့မြင်ရပြီး မျက်မှောင်ကုပ်၍ စဉ်းစားနေသည်။

သူသည် ဝမ်းသာအားရစွာဖြင့်...

"ကျွန်တော်နားလည်ပြီဗျ"

ဝမ်းအဘိုးအိုက ရယ်မောလိုက်သည်။

"မင်း ဒီသိုင်းကွက်ကို သဘောကျတယ် မဟုတ်လား"

ကျင်းရောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သဘောကျပါတယ်"

ဝမ်းအဘိုးအိုက ကျေနပ်သွားသည်။

"ကောင်းပြီ၊ မင်းကို ငါသိုင်းကွက်ကို သင်ပေးပါ့မယ်"

ကျင်းရောင်သည် ဝမ်းသာအားရစွာဖြင့် ဒူးထောက်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ဘဘ"

ဟု ပြောလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအဘိုးအိုသည် အသက်ကြီးပင်ကြီးသော်လည်း အလွန် စိတ်မြန်သောလူ ဖြစ်သည်။

သူသည် အချိန်မဆိုင်းတော့ဘဲ သူ၏သိုင်းကွက်များကို စတင်၍ သဘောတရားနှင့် လက်တွေ့ကိုပါ တစ်ကွက်ချင်း ရှင်းပြနေသည်။

ကျင်းရှောင်သည် သိုင်းပညာ အလွန်အခြေခံကောင်းသော လူတစ်ယောက် ဖြစ်နေသည်။

ထို့ပြင် သိုင်းပညာအပေါ် အလွန်စိတ်ဝင်စားသော လူတစ်ယောက် ဖြစ်ရကား ဝမ်းအဘိုးအို သင်ပြသော သိုင်းကွက်များကို အာရုံစူးစိုက်စွာဖြင့် သင်ယူလေသည်။

သူသည် တစ်နေ့ကုန် လေ့ကျင့်ပြီးတော့မှ သိုင်းကွက်ဆယ်ကွက်မျှသာ မှတ်ယူနိုင်ခဲ့လေသည်။

♠ ♠ ♠



တာကျိုကျွန်းသည် အလွန်သာယာသော ကျွန်းတစ်ကျွန်း ဖြစ်သည်။

လေကောင်းလေသန့် ရှိပြီး ရှုမျှော်ခင်းမှာလည်း ကြည်နူးဖွယ်ရာကောင်းလှသည်။

ဝန်းကျင်တစ်ခုလုံးမှာ လှိုင်းပုတ်သံမှ လွဲ၍ အသံဗလံလုံးဝ မရှိဘဲ တိတ်ဆိတ်နေ၏။

ကျင်းရှောင်သည် နံနက် နေထွက်သည်နှင့် သိုင်းပညာရပ်များကို လေ့ကျင့်လာရာ ညနေ နေဝင်သည်အထိပင် ဖြစ်၏။

ဤသို့ဖြင့် ငါးရက်မြောက်သောနေ့တွင် ကျင်းရှောင် သိုင်းကွက်(၆၀)မျှ သင်ကြားမှတ်ယူနိုင်ခဲ့လေသည်။

သူသည် လေ့ကျင့်ရင်း ရုတ်တရက် တစ်စုံတစ်ခု သတိရလာလေသည်။

"အင်း ဝမ်းအဘိုးအိုဟာ ငါ့ကို ဒီခေါ်ပြီး သိုင်းပညာသင်ပေးဖို့ သက်သက်ပဲလား၊ တခြားလျှို့ဝှက်တဲ့ အရာများ ရှိနေမလား"

ဟု ကြိတ်၍ တွေးမိလေသည်။

သူသည် ဝမ်းအဘိုးအိုအား မေးမြန်းရန်လည်း အားနာနေ၏။ ထို့ကြောင့် သူသည် မမေးဘဲ ဆက်၍လေ့ကျင့်နေ၏။

ထိုစဉ် ဝမ်းအဘိုးအိုက ရောက်ရှိလာလေသည်။

"ဟေ့ မင်းလေ့ကျင့်တာ ဘယ်နှယ်လဲ"

ကျင်းရှောင်က ပန်းတစ်ချက် တွန့်လိုက်သည်။

"ကျွန်တော် အစွမ်းကုန် ကြိုးစားပါတယ်၊ ဒါပေမယ့် တစ်ဒုက်တစ်ချက် မေ့သွားတာ ခက်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအဘိုးအိုက...

"ဟား...ဟား...ဟား။ အေး မင်းမေ့ချင်လဲ မေ့စရာပါပဲ၊ ကျုပ်အဲဒီ သိုင်းပညာကို 'နတ္ထိလက်ဝါးသိုင်း'လို့ ခေါ်တယ်ကွဲ့"

ကျင်းရှောင် ခစ်ခနဲ ရယ်မောလိုက်လေသည်။

"ဘဘက နာမည်ပေးစရာရှားလို့ 'နတ္ထိလက်ဝါးသိုင်း'လို့ မှည့်ရသလားဗျ"

ဝမ်းအဘိုးအိုကလည်း ရယ်မောလိုက်သည်။

"နတ္ထိလက်ဝါးသိုင်းဆိုပြီး အထင်မသေးလိုက်ပါနဲ့၊ ဒီသိုင်းကွက်ကို ကျုပ်က အချိန်ကုန်ခံပြီး တီထွင်ထားတာကွ"

ဟု ပြောလိုက်လေသည်။

ကျင်းရှောင်က မျက်မှောင်ကုပ်သွားသည်။

"နေပါအုံး၊ ဘဘရဲ့ နတ္ထိသိုင်းကွက်ဟာ အားလုံး သိုင်းကွက်ပေါင်း ဘယ်နှစ်ကွက်လောက် ရှိသလဲဗျ"

ဝမ်းအဘိုးအိုက လက်ချောင်းခုနစ်ချောင်း ထောင်ပြလိုက်သည်။

"သိုင်းကွက်ခုနစ်ဆယ့်နှစ်ကွက်ပဲ ရှိသေးတယ်၊ ဒါပေမယ့် လောကပေါ်မှာ ကျုပ်ရဲ့သိုင်းကွက်(၇၂)ကွက်ကို ခံနိုင်တဲ့လူ တစ်ယောက်မှ မရှိဘူး"

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ကျွန်တော်လဲ (၇၂)ကွက်ရအောင် သင်ပါ့မယ်"

ဝမ်းအဘိုးအိုက...

"ကောင်းတယ်၊ ဒီသိုင်းကွက်ကို ကျုပ်က တစ်လလုံးလုံး



မအိပ်မနေဘဲ တီထွင်လိုက်တာ၊ မင်းတတ်မြောက်သွားရင် ငါ့ကို ဘယ်လို ကျေးဇူးဆပ်မှာလဲ"

ကျင်းရှောင်က...

"ဘဘ ခိုင်းစရာရှိရင် ကျွန်တော်က တသဝေမတိမ်း လိုက်နာပါ့မယ်"

ဝမ်းအဘိုးအိုက သဘောကျသွားသည်။

"ကောင်းပြီ၊ မင်း ငါ့ကို အကူအညီတစ်ခု ပေးနိုင်ပါ့မလား၊ ဒါပေမယ့် ကျုပ်တောင်းခံတဲ့ အကူအညီဟာ လွယ်တဲ့ဟာ မဟုတ်ဘူးဆိုတာ ကြိုပြောထားမယ်"

ကျင်းရှောင်က...

"စိတ်ချပါ၊ ဘယ်လောက်ပဲ ခက်ခဲပါစေ၊ ကျွန်တော်ကူညီပါ့မယ်"

ဝမ်းအဘိုးအိုက...

"ကောင်းပြီလေ၊ မင်း ပြီးဆုံးတိုင်အောင် လေ့ကျင့်လိုက်ပါ"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



နတ္တိလက်ဝါးသိုင်းကွက်မှာ ခုနစ်ဆယ့်နှစ်ကွက်ဟုသာ ဆိုရသည်။

သို့သော် သိုင်းကွက်တစ်ကွက်နှင့်တစ်ကွက်ကြားတွင် နောက်ထပ် ပြောင်းလဲတိုက်ကွက် အမြောက်အမြား ရှိနေသဖြင့် ကျင်းရှောင်သည် အလွန်ကြိုးစား၍ သင်ပါမှ သိုင်းကွက်(၆၅)ကွက်ကနေ မတက်တော့ပါချေ။

သို့သော် ကျင်းရှောင်သည် ဖွဲလုံ့လရှိသော လူငယ်တစ်ယောက် ဖြစ်သည်။

သူသည် စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ဆက်၍ ကြိုးစားလေ့ကျင့်လာရာ နောက်ထပ် (၇)ရက်ခန့် ကြာသောအခါ သူသည် ထိုနတ္တိလက်ဝါးသိုင်းကွက်ကို ပြီးမြောက်အောင်မြင်စွာ တတ်မြောက်ခဲ့လေသည်။

ဝမ်းအဘိုးအိုသည် ကျင်းရှောင် ဤမျှတိုတောင်းသော အချိန်အတွင်းတွင် ဤမျှခက်ခဲနက်နဲသော သိုင်းကွက်များကို အောင်မြင်စွာ လေ့ကျင့်နိုင်ခဲ့သည်ကို တွေ့ရသောအခါ သူသည် ဝမ်းသာ၍ မဆုံးနိုင်ဘဲ ထိုညတွင်ပင် ညစာ ထမင်းဖြင့် ဂုဏ်ပြုပွဲတစ်ခု ပြုလိုက်လေသည်။

♠ ♠ ♠



လရောင်များ ထိန်ထိန်သာနေ၏။

လရောင်အလင်းရောင်များသည် ပြတင်းပေါက်မှတဆင့် အခန်းထဲသို့ ထိုးကျနေသောကြောင့် မီးမထွန်းဘဲ တစ်ခန်းလုံး ထိန်လင်းနေ၏။

ဝမ်းအဘိုးအိုနှင့် ကျင်းရှောင်တို့သည် မျက်နှာချင်းဆိုင် ညစာစားနေကြသည်။

ထမင်းစားပြီးသောအခါ ဝမ်းအဘိုးအိုက...

"သူငယ် လောကပေါ်မှာ ရင်ဆိုင်ရတာ အခက်အခဲဆုံး လူမျိုးဟာ ဘယ်လိုလူမျိုးလဲဆိုတာ မင်းပြောစမ်း"

ကျင်းရှောင်က...

"ကျွန်တော် သိပါတယ်"

ဝမ်းအဘိုးအို၏ဖြူဖွေးသော မျက်ခုံးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

"ဒါဖြင့် ပြောစမ်း။ ဘယ်လို လူတွေလဲ"

ကျင်းရှောင်က ဖြေးလိုက်သည်။

"မိန်းမပေါ့ဗျာ"

ဝမ်းအဘိုးအိုက သူ၏ပေါင်အား တစ်ချက်ပုတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့။ လောကပေါ်မှာ မိန်းမနဲ့ ရင်ဆိုင်ရမှာ အတော့်ကို ဒုက္ခရောက်ခဲ့ရတယ်ကွ"

ကျင်းရှောင် အံ့ဩသွားသည်။

"နေပါဦး၊ ဘဘက မိန်းမရဲ့ဒုက္ခကို ခံရဖူးလို့လား"

ဝမ်းအဘိုးအို ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့တော့၊ ငါဟာ မိန်းမတစ်ယောက်နဲ့ ရင်ဆိုင်မိလို့ ဒုက္ခအကြီးအကျယ် ရောက်ခဲ့ရတယ်ကွ"

ကျင်းရှောင်က...

"ဟုတ်လား၊ ဘယ်သူများပါလိမ့်"

ဝမ်းအဘိုးအိုက...

"ပြောရရင် မင်းလဲ မှတ်မိမှာပါ၊ သီလရှင်ဝေဆိုတာ မင်းလဲ တွေ့ဖူးတယ် မဟုတ်လား"

ကျင်းရှောင်က...

"ဟုတ်ကဲ့ တွေ့ဖူးပါတယ်"

ဝမ်းအဘိုးအိုက...

"ကျုပ်က သူနဲ့ ခဏခဏ ရင်ဆိုင်ခဲ့ရတယ်၊ ဒါပေမယ့် ငါက အမြဲတမ်း အရှုံးပေးလိုက်ရတယ်"

ကျင်းရှောင် နားစွင့်နေ၏။

ဝမ်းအဘိုးအိုက...

"ဟိုတစ်ချိန်က ငါက သူနဲ့ ယှဉ်ပြိုင်ခဲ့ရတယ်၊ သူဟာ ဝက်ပါ တစ်ခုလုပ်ပြီး ငါ့ကို နှစ်ပေါင်းအတော်ကြာကြာ ပိတ်လှောင်ထားခဲ့တယ်လေ"

ကျင်းရှောင်က ခေါင်းညိတ်လိုက်သည်။

ဝမ်းအဘိုးအိုက...

"အဲဒီအချိန်ကစပြီး ကျုပ်က လေးလေးနက်နက် ကျမ်းကျိန်ခဲ့တယ်"

ကျင်းရှောင် အံ့သြသွားသည်။



"ဘယ်လို ကျမ်းကျိန်ခဲ့တာလဲ"

ဝမ်းအဘိုးအိုက...

"ကျုပ်အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်တော့မှ မိန်းမနဲ့ ရန်မဖြစ်တော့ပါဘူးလို့"

ကျင်းရှောင်က ရယ်မောလိုက်သည်။

"ဒါဆို ဘယ်ကောင်းပါ့မလဲဗျ"

ဝမ်းအဘိုးအိုက...

"ဘာဖြစ်လို့လဲ"

ကျင်းရှောင်က...

"တကယ်လို့များ သီလရှင်ဝေက ဘဘကို ရန်စရင် ဘဘက အရှုံးပေးရအုံးမှာပေါ့"

ဝမ်းအဘိုးအို ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာ မှန်တယ်၊ အဲဒီ သီလရှင်ဝေအဘွားကြီးက ကျုပ်ကို စိန်ခေါ်တဲ့စာ လာပို့သွားသေးတယ်"

ကျင်းရှောင်က...

"သူက ဘယ်လို စိန်ခေါ်တာလဲ"

ဝမ်းအဘိုးအိုက...

"သူ့စာထဲမှာ သူတီထွင်ထားတဲ့ သိုင်းကွက် ရှိတယ်၊ အဲဒီ သိုင်းကွက်က စွမ်းတယ်၊ ဒါကြောင့် ကျုပ်နဲ့ ယှဉ်ပြိုင်မယ်တဲ့"

ကျင်းရှောင်က ပြုံးလိုက်သည်။

"ဘဘက စာပြန်သလား"

ဝမ်းအဘိုးအိုက...

www.burmeseclassic.com

www.burmeseclassic.com



"ပြန်တာပေါ့ကွာ"

"ဘယ်လို ပြန်လိုက်လဲ"

"ကျုပ်က သူနဲ့ ရင်မဆိုင်ဘူးလို့ ပြန်လိုက်တာပေါ့"

"အဲဒီတော့.."

ဝမ်းအဘိုးအိုက...

"တော်တော်ဆိုးတဲ့ အဘွားကြီး၊ ကျုပ်ကို သူနဲ့ မပြိုင်ဝံ့ဘူးလို့ လှောက်ကြွေးကြော်တယ်လေ"

"ဟာ ဒါဖြင့် ဘဘက ကျမ်းကျိန်တာကို ပြန်ရုပ်သိမ်းရတော့မှာပေါ့"

ဝမ်းအဘိုးအိုက...

"ကျုပ်က ပြန်မရုပ်သိမ်းဘူး၊ ဒါကြောင့် မင်းကို လိုက်ရှာတာ"

"ကျွန်တော့်ကို ရှာပြီး ဘာလုပ်မလို့လဲ"

အဘိုးအိုက...

"မင်းကို သီလရှင်အဘွားကြီးနဲ့ သွားပြိုင်ခိုင်းမလို့ဘဲ"

ကျင်းရှောင် မျက်လုံးပြူးသွားသည်။

"ဟာ မဖြစ်ဘူး ထင်တယ်"

ဝမ်းအဘိုးအိုက...

"မကြောက်ပါနဲ့ကွာ၊ ကျုပ်တီထွင်ထားတဲ့ ဒီလက်ဝါးသိုင်းဟာ သီလရှင်အဘွားကြီးကို သက်သက်ရည်ရွယ်ပြီး တီထွင်ထားတာပါကွ၊ မင်း မရှုံးစေရပါဘူး"

ကျင်းရှောင်က...



"ကျွန်တော် ဒါကို ပြောတာ မဟုတ်ဘူး"

ဝမ်းအဘိုးအိုက...

"ဘာလဲ ဒီအဘွားကြီးက အတွင်းအား မင်းထက် သာတယ်ထင်ပြီး မင်းက ကြောက်နေတာလား၊ မပူပါနဲ့ မင်းသာ သိုင်းကွက်နှစ်ရာထိ တောင့်ခံနိုင်ရင် သူအရှုံးပေးရမှာပဲ"

ကျင်းရှောင်က...

"ကျွန်တော် ဒါကို ပြောနေတာ မဟုတ်ဘူးဗျ"

ဝမ်းအဘိုးအိုက...

"ဒါဖြင့် ဘာဖြစ်လို့လဲ"

ကျင်းရှောင်က...

"ကျွန်တော် သူ့ကို ယှဉ်ပြိုင်လို့ ဘယ်ကောင်းပါ့မလဲ"

ဝမ်းအဘိုးအိုက...

"ဒါများ စိုးရိမ်ရန်ကော၊ မင်းက သူ့ကို တကယ် တိုက်ခိုက်ချင်တာမှ မဟုတ်ဘဲ၊ သိုင်းကွက်ချင်း ယှဉ်ပြိုင်ရုံ ပြိုင်တာပါကွ"

ကျင်းရှောင် အခက်ကြုံနေသည်။

သူသည် မည်သို့ ရှင်းပြရမှန်းမသိ ဖြစ်နေစဉ် ဝမ်းအဘိုးအိုက...

"ကဲ စကားမရှည်နဲ့ မနက်ဖြန် မင်းသွားကို သွားရမယ်"

ဟု ပြောလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



# သိုင်းပညာဖလှယ်ရန်

တာကျိုကျွန်းနှင့် မနီးမဝေးတွင် ရှောင်ကျိုကျွန်းတစ်ကျွန်း ရှိသည်။

ယင်းရှောင်ကျိုကျွန်းပေါ်၌ ချွန်ထက်နေသော ကျောက်ဆောင်များသည် မိုးထိလုနီးပါး ထောင်တက်နေလေသည်။

အဝေးမှ ကြည့်လျှင် လူသန်ကြီးတစ်ယောက်က ပြာလဲ့လဲ့ကောင်းကင်အောက်တွင် မားမားမတ်မတ် ရပ်နေသည်ဟု ထင်ရလေသည်။

ကျင်းရှောင်သည် လှေပေါ်မှ လှမ်းကြည့်လိုက်ရာ ကျွန်းပေါ်မှ ကျောက်ဆောင်များကို ကောင်းစွာ တွေ့မြင်ရလေသည်။

ဝမ်းအဘိုးအိုသည် လှေယာဉ်အား ရွက်လွှင့်၍ ရှောင်ကျိုကျွန်းသို့ ဦးတည်သွားလေသည်။



"ဒီမှာ သီလရှင်ဘွားဘွား မင်းစိန်ခေါ်လို့ ငါရောက်လာပြီကွ"

သူသည် ယင်းသို့ အော်ပြောလိုက်ရာ...

မကြာပါချေ။

လူရိပ်တစ်ခုသည် သူတို့ထံသို့ ရွေ့လျားလာလေသည်။

အနီးသို့ ရောက်ရှိလာသောအခါ ရှောင်ကျိုကျွန်းပိုင်ရှင် သီလရှင်ဝေ ဖြစ်နေသည်ကို တွေ့ရှိရလေသည်။

ကျင်းရှောင်က ရှေ့သို့ ခြေလှမ်းတိုးပြီး အရိုအသေ ပြုလိုက်လေသည်။

သီလရှင်ဝေက လက်တစ်ချက်ဝှေ့ယမ်းကာ...

"မလိုပါဘူး"

သူမသည် ဝမ်းအဘိုးအိုကြီးဘက်လှည့်ကာ...

"ရှင်က စိန်ခေါ်တုန်းက မလာဘဲ အခုမှ ဘာလို့ လာရတာလဲ"

ဝမ်းအဘိုးအိုက...

"ဒီမှာ ကျုပ် အခုလာပေမယ့် ယှဉ်ပြိုင်မယ့်ပုံစံက တစ်မျိုးဖြစ်နေလို့ပါ"

"ကဲ ပြော ဘယ်လိုလဲ"

ဝမ်းအဘိုးအိုက...

"ကျုပ်က မိန်းမနဲ့ မယှဉ်တော့ဘူးလို့ ကျမ်းကျိန်ထားလို့ ဒါကြောင့် ကျုပ်ရဲ့သိုင်းပညာကို ဒီသူငယ်ကို သင်ပေးထားတယ်၊ ဒါကြောင့် သူနဲ့ ယှဉ်ပြိုင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလျှင် သီလရှင်ဝေ တဟားဟား ရယ်မောနေလေသည်။

ဝမ်းအဘိုးအိုက...

"မင်း ဘာတွေ ရယ်နေတာလဲ"

"ရှင်က ကျွန်မကို ကြောက်ရင် ကြောက်တယ်ပြော"

ထိုစကားကြားလျှင် ဝမ်းအဘိုးအိုမှာ ရယ်မောပြန်သည်။

သီလရှင်ဝေက...

"ရှင်က ဘာရယ်တာလဲ"

"သတ္တိရှိရင် ဘယ်သူနဲ့မဆို ယှဉ်လို့ရပါတယ်၊ မင်းသာ သတ္တိမရှိဘူးဆိုရင် သူနဲ့ မယှဉ်နဲ့ပေါ့"

♠ ♠ ♠



ယခု သီလရှင်ဝေသည် ကျင်းရှောင်နှင့် တိုက်ခိုက်ရန် ဆန္ဒမရှိပါ။

ဝမ်းအဘိုးအိုကလည်း သီလရှင်ဝေနှင့် တိုက်ခိုက်မည်မဟုတ်ပါ။

ကျင်းရှောင်ကလည်း သီလရှင်ဝေအား တိုက်ခိုက်ရန် ဆန္ဒမရှိပါ။

အတန်ကြာမှ ဝမ်းအဘိုးအိုက...

"ဟုတ်ပြီ၊ ကျုပ်အကြံရပါပြီ"

သီလရှင်ဝေက...

"ဘယ်လိုအကြံများလဲ"

ဝမ်းအဘိုးအိုက...

"ဒီလိုပါ ကျုပ်နဲ့ ခင်ဗျားသိုင်းကွက်အားလုံးကို သူ့ကို သင်ပေးပြီး သူနဲ့ ကျုပ်တို့ နှစ်ယောက်လုံး ယှဉ်မယ်"

သီလရှင်ဝေက...

"ရှင့်အကြံက ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မဆီက သူ့သိုင်းပညာတွေကို သင်ယူရတဲ့ အချိန်မှာ ရှင်က လာပြီးတော့ လုံးဝမချောင်းကြည့်ရဘူးနော်၊ ချောင်းကြည့်လို့ကတော့ ကျွန်မ အဆိုးလာမဆိုနဲ့ ဒါပဲ"

ဝမ်းအဘိုးအိုက...

"အောင်မယ် ကြီးကြီးကျယ်ကျယ်၊ ခင်ဗျား သိုင်းပညာကို ကျုပ်က ခိုးရမှာလား၊ ဒါပေမယ့် ခင်ဗျား စိတ်ချရအောင်တော့ ကျုပ်ရှောင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်သည် ကျင်းရှောင်အား ကျွန်း၏တစ်ဘက်သို့ ခေါ်ဆောင်သွားလေသည်။

ထို့နောက် သူမသည် စိတ်ရှည်လက်ရှည်ဖြင့် သူတီထွင်ထားသော သိုင်းကွက်များ သင်ကြားပေးလေသည်။

♠ ♠ ♠

ကျင်းရှောင်သည် ကံကောင်းစွာဖြင့် သိုင်းပညာရှင်နှစ်ယောက် သိုင်းပညာများကို သင်ကြားရသဖြင့် အာရုံစူးစိုက်စွာဖြင့် သီလရှင်ဝေ၏သိုင်းပညာများကို သင်ကြားလေသည်။

သို့သော် သီလရှင်ဝေ၏သိုင်းပညာရပ်များမှာ အလွန်လျို့ဝှက်ဆန်းကြယ်လွန်းသဖြင့် သူသည် ငါးရက်တိုင်တိုင် ကြိုးစားပမ်းစား သင်ကြားမှ သိုင်းပညာရပ်၏တစ်ဝက်ခန့်သာ သင်ကြားနိုင်သည်။

သူသည် သင်ကြားရင်း ကြာလေလေ ထိုသိုင်းပညာရပ်များကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်လာလေသည်။

"အင်း ဝမ်းအဘိုးအိုရဲ့ နတ္တိသိုင်းကွက်နဲ့ ခြေသိုင်းကွက်ကို ပေါင်းလိုက်ပြီး ယှဉ်တာတောင် အခု သီလရှင်ဝေရဲ့ သိုင်းကွက်ကို နိုင်ချင်မှ နိုင်လိမ့်မယ်"

သူသည် ယင်းသို့ စဉ်းစားနေစဉ်ပင် လူရိပ်တစ်ခုသည် လျှင်မြန်စွာ ပြေးလာသည်ကို တွေ့မြင်လိုက်ရသည်။

အနီးသို့ ရောက်သောအခါ ထိုလူမှာ ဝမ်းအဘိုးအို ဖြစ်နေသည်ကို တွေ့ရလေသည်။



သီလရှင်ဝေ မျက်မှောင်ကုပ်သွားသည်။

"အဘိုးကြီး ဘာလို့ ပြေးလာရတာလဲ"

ဝမ်းအဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မင်းနဲ့ မယှဉ်ပြိုင်နိုင်တော့ဘူးကွ"

သီလရှင်ဝေက...

"ဘာဖြစ်လို့လဲ ရှင်က အရှုံးပေးတော့ မလို့လား"

ဝမ်းအဘိုးအိုက ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

"ဘယ်က ဟုတ်ရမှာလဲ၊ ကျုပ်ရဲ့ ကျွန်းပေါ်မှာ လူတစ်စု ရောက်နေလို့ ကျုပ်ပြန်မှဖြစ်မယ်"

သူသည်ပြောပြီး လက်ထဲမှာ ဆွဲထားသော အရာအား မြှောက်ပြလိုက်သည်။

သူ့လက်ထဲတွင် သေဆုံးနေသော သိမ်းငှက်တစ်ကောင် ပါလာသည်။

သိမ်းငှက်၏လည်ပင်းတွင် မြှားကလေး ထိုးဖောက်စိုက်ဝင်နေသည်ကို တွေ့ရကာ ယင်းသိမ်းငှက်မှာ ဝမ်းအဘိုးအို၏သိမ်းငှက် ဖြစ်သည်ကို ကျင်းရှောင် မှတ်မိလေသည်။

ယင်းသိမ်းငှက်သည် မြှားမှန်ပြီး ဤကျွန်းပေါ်သို့ အတင်းရုန်းကန်၍ ပျံသန်းလာပြီးမှ သေဆုံးခြင်း ဖြစ်သည်ဟု ခန့်မှန်းရလေသည်။

ဝမ်းအဘိုးအိုက ယင်းမြှားငယ်အား ထောင်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ မြှားပေါ်မှာ ပိုင်ရှင်ရဲ့နာမည် ရေးထားတယ်"

ကျင်းရှောင် ကြည့်လိုက်သောအခါ မြှားပေါ်တွင် ရေးသားထားသော စာလုံးများမှာ ဝင်းယို့ရီ ဖြစ်လေသည်။

ကျင်းရှောင် မျက်မှောင်ကုပ်သွားလေသည်။

"ဝင်းယို့ရီဆိုတဲ့လူဟာ ကျွန်တော့်ကို သက်သက်လိုက်ရှာတာနဲ့တူတယ်၊ ဒါကြောင့် ကျွန်တော်လိုက်သွားမှ ဖြစ်မယ်"

ဝမ်းအဘိုးအိုက စကားမပြောဘဲ သူ၏လှေ ဆိုက်ကပ်ထားသောနေရာကို ပြေးသွားသည်။

ကျင်းရှောင်လည်း နောက်မှ လိုက်သွားသည်။

ထို့နောက် သူတို့သည် လှေငယ်လေး လှော်ခတ်ရင်း တာကျိုကျွန်းဆီသို့ ဦးတည်သွားလေသည်။

♠ ♠ ♠



ဝမ်းအဘိုးအိုနှင့် ကျင်းရှောင်တို့ ရောက်လာကြသောအခါ လူတစ်စု ရောက်ရှိနေကြသည်ကို တွေ့ရလေသည်။

ထိုလူစုကား ဝင်းယို့ရီ ဦးဆောင်သော လူစု ဖြစ်သည်။

ဝင်းယို့ရီတို့နှင့်အတူ ကြေးဝါရောင်အဝတ်အစားများ ဝတ်ဆင်ကာ မုတ်ဆိတ်ရှည်လျားစွာ ရှိသည့် အဘိုးအိုတစ်ဦးလည်း လိုက်ပါလာသည်ကို တွေ့ရလေသည်။

ထိုအဘိုးအိုအား ဝင်းယို့ရီတို့က အလွန်ရိုသေလေးစားနေမည်ကို တွေ့ရသဖြင့် ဝင်းယို့ရီ၏ဆရာ ဖြစ်ကြောင်း ထင်ရှားလေသည်။

ဝမ်းအဘိုးအိုနှင့် ကျင်းရှောင်တို့ ရောက်ရှိလာသည်ကို မြင်လျှင် ဝင်းယို့ရီ ပြုံးလိုက်သည်။

"ဆရာ သူတို့ ရောက်လာပါပြီ"

ဟု အဘိုးအိုအား ပြောလိုက်သည်။

အဘိုးအိုက ဝမ်းအဘိုးအိုနှင့် ရင်ဆိုင်လိုက်သည်။

"ကျုပ်တပည့်တွေကို အနိုင်ယူလိုက်တယ်ဆိုလို့ ကျုပ်ကကိုယ်တိုင် လေ့လာချင်လို့ လာခဲ့တာ၊ ကျုပ်က တိဘက်က 'ကျောက်လော'ပါ"

လာရင်း ကိစ္စကို ပြောကာ ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်လေသည်။

ဝမ်းအဘိုးအို ပြုံးလိုက်သည်။

"တပည့်တွေက မနိုင်လို့ ဆရာကိုယ်တိုင် လိုက်လာတာကိုး၊ ခင်း တိဘက်မှာတော့ ဆရာကြီးကျောက်လောရဲ့ ပိုင်းပညာက

www.burmeseclassic.com



ထိပ်ဆုံးဆိုတာ ကြားဖူးပါတယ်ဗျာ"

ကျောက်လောက...

"ကျုပ်က ပြည်မက ပညာကို လေ့လာချင်လို့ သည်နေရာအထိ အပင်ပန်းခံပြီး လာခဲ့ရတာ၊ ဒါကြောင့် ကျုပ်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးစေချင်ပါတယ်ဗျာ"

ဟု တောင်းဆိုလိုက်လေသည်။

ဝမ်းအဘိုးအိုက...

"စိတ်ချပါဗျာ၊ ခင်ဗျားရဲ့ဆန္ဒကို ကျင်းရှောင်က ဖြည့်ဆည်းပေးမှာပါဗျာ"

"ဗျာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ကျင်းရှောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဝမ်းအဘိုးအိုကို မျက်လုံးပြူးကာ ကြည့်လိုက်၏။

ဝမ်းအဘိုးအိုက...

"မင်း ယှဉ်ပြိုင်ရမယ်လေ"

"ကျွန်တော်..."

"မင်းက ပညာစုံနေပြီ ဖြစ်တဲ့အပြင် သီလရှင်ဝေဆီက ပညာကို ထပ်ရလိုက်သေးတယ်၊ မင်း ဘာကြောင့် မတတ်နိုင်ရမှာလဲကွ"

ကျင်းရှောင်က...

"ကျွန်တော်က သိုင်းပညာတွေ သင်ကြားခဲ့ရတယ်ဆိုပေမယ့် တကယ်တမ်း"



"ဘာလဲ မင်းက ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှု မရှိတာလား"

ဝမ်းအဘိုးအိုက ကြားဖြတ်ပြောလိုက်သဖြင့် ကျင်းရှောင် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ဝမ်းအဘိုးအိုက...

"ကျင်းရှောင် ကိုယ့်ကိုကိုယ် ယုံကြည်မှုထားစမ်းပါ။ မင်း ကောင်းကောင်း ယှဉ်နိုင်မှာပါ"

ကျောက်လောသည် တီတက်တွင် ပြူးစ်ထက်ကင်း သိုင်းသမားကြီး ဖြစ်လေသည်။

သူ၏တပည့် ဖြစ်သော ဝင်းယို့ရှီကိုပင် ကျင်းရှောင် ဂရုစိုက်ပြီး ယှဉ်ခဲ့ရခြင်း ဖြစ်သည်။

ဝင်းယို့ရှီသည် ဝါရင့်ထိပ်တန်း သိုင်းသမားကြီးများကို အနိုင်ယူခဲ့သူ မဟုတ်ပါလား။

ကျင်းရှောင်သည် ကျောက်လောနှင့် ရင်ဆိုင်ဖို့ မဝံ့မရဲ ဖြစ်နေတော့သည်။

ကျောက်လောက ကျင်းရှောင်အား စိုက်ကြည့်လိုက်သည်။

"ကျင်းရှောင်ဆိုတာ သည်ကောင်လေးလား"

ဟု မေးလေသည်။

ဝမ်းအဘိုးအိုက...

"ဟုတ်ပါတယ်၊ ခင်ဗျားရဲ့တပည့်တွေကို အနိုင်ယူလိုက်တာ သူပေါ့"

"မဆိုးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လောက ချီးကျူးလိုက်သည်။

"လှူငယ်ပေမယ့် ပညာကမဆိုးပါလား၊ ကျုပ်က မင်းကို အထင်မသေးပါဘူး၊ မင်းနဲ့ ယှဉ်ကြည့်ချင်ပါသေးတယ်"

ကျင်းရှောင်က...

"သိုင်းပညာဆိုတာ အများအကျိုး ဆောင်ရွက်ဖို့ပါ၊ သူသာတယ်၊ ကိုယ်သာတယ်၊ ယှဉ်ပြိုင်ရမယ့် ပညာမျိုး မဟုတ်ပါဘူး ခင်ဗျာ"

သိုင်းပညာနှင့် ပတ်သက်ပြီး သူ၏ခံယူချက်သဘောထားကို ပြောပြလိုက်လေသည်။

ကျောက်လောက ရယ်မောလိုက်သည်။

"မင်းရဲ့စိတ်သဘောထား ခံယူချက်ကို ချီးကျူးပါတယ်ကွာ၊ ဒါပေမယ့် ကျုပ်က အဝေးကြီးက လာခဲ့ရတာ ဖြစ်လို့ ကျုပ်ကို အခွင့်အရေးပေးတဲ့ အနေနဲ့ ယှဉ်ပြိုင်စေချင်ပါတယ်"

ထိုစကားကြောင့် ကျင်းရှောင်သည် ကျောက်လောကို လေးစားသွားလေတော့သည်။

ကျောက်လောနှင့် ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ရှောင်လွှဲ၍ မရတော့ကြောင်း ထင်ရှားနေ၏။

ကျင်းရှောင် စိတ်ပျက်သွားလေတော့သည်။

ဝမ်းအဘိုးအိုကမှ သီလရှင်ဝေ၏ပညာကိုလည်း ရရှိထားပြီ ဖြစ်ရာ ကျင်းရှောင်သည် ကျောက်လောကို ကောင်းစွာ ယှဉ်နိုင်သည် ဟု ယုံကြည်နေ၏။

ထိုစဉ်...



"ခင်ဗျားတို့ ယှဉ်ကြမယ်ဆိုရင်တော့ နည်းနည်းလောက် အချိန်ပေးမှ ဖြစ်လိမ့်မယ်"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကို မြင်လျှင် ကျင်းရှောင် အံ့သြသွား၏။

"ဆရာကြီး"

ဟုလည်း လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

ထိုလူကား ပေကျန်းတောင်မှ သိုင်းဝိဇ္ဇာကြီး ကျွေ့ဖန်း ဖြစ်နေပါတော့သည်။ ကျွေ့ဖန်း ပြုံးလိုက်သည်။

"ကျင်းရှောင်၊ ငါသင်ပေးလိုက်တဲ့ ဓားသိုင်းကို မင်းကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့ပြီ မဟုတ်လား"

ကျင်းရှောင်က...

"ဟုတ်ကဲ့၊ ကျွန်တော် တတ်မြောက်ထားပါပြီ"

ကျွေ့ဖန်း သက်ပြင်းချလိုက်သည်။

"အင်း ငါက မင်းကို သိုင်းပညာသင်ပေးမယ်၊ ကူညီပံ့ပိုးပေးမယ်လို့ မင်းအဖေကို ကတိပေးခဲ့တယ်၊ ဒါပေမယ့် ဖုန်းရှင်ကို သိုင်းကျမ်းကိစ္စနဲ့ မင်းအဖေက အကောက်ကြံခဲ့တယ်လို့ အထင်မှားခဲ့မိတာကြောင့် ငါ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာ စိုးရိမ်ပြီး သိုင်းတစ်ကွက်ပဲ သင်ပေးပြီး မင်းကို ပြန်လွှတ်လိုက်တာ"

အဖြစ်မှန်ကို ပြောပြလေသည်။

ထိုကိစ္စကို ကျင်းရှောင်လည်း နားလည်ထားပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာသင်ပေးခဲ့တဲ့ သိုင်းကွက်ဟာ တကယ့်ကို အစွမ်းထက်တဲ့ သိုင်းကွက်ပါပဲ"

ဟု ပြောလိုက်လေသည်။

ကျွဲဖန်းက...

"အမှန်တော့ ဂိုဏ်းချုပ်လေးဦးဟာ အများနောက်ကွယ်မှာ မကောင်းမှုတွေ ကျူးလွန်နေကြပြီး ဖုန်းရှင်ကို သူတို့ပဲ ဒုက္ခပေးခဲ့ကြတာ၊ မင်းအဖေကိုလဲ သူတို့ပဲ လုပ်ကြံလိုက်တယ်ဆိုတာ ခုတော့ ကျုပ်သိပြီးပါပြီ"

ကျင်းရှောင်က...

"ဂိုဏ်းချုပ်လေးဦးကို စိန်ခေါ်ပြီး ရင်ဆိုင်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ၊ ကျွန်တော့်မိတ်ဆွေ ကျူးလင်ဖုန်းကိုလဲ သူတို့ပဲ ဒုက္ခပေးခဲ့ကြတာပါ"

ကျွဲဖန်းက...

"ထားပါတော့လေ၊ ငါဟာ မင်းအပေါ်မှာ တာဝန်မကျေခဲ့တာကြောင့် မင်းကို သိုင်းပညာသင်ပေးဖို့ လိုက်လာခဲ့တာပါ"

"ကျွန်တော်..."

"မင်းကို ငါ့ရဲ့ အကောင်းဆုံး သိုင်းသုံးကွက် သင်ပေးလိုက်မယ်၊ လာ ငါနဲ့လိုက်ခဲ့"

ကျွဲဖန်းက ကျင်းရှောင်၏လက်ကို ဆွဲခေါ်သွားလေတော့သည်။

♠ ♠ ♠



ကျောက်လော မျက်မှောင်ကုပ်နေ၏။

ဝမ်းအဘိုးအိုကို ကြည့်ကာ...

"ဒါက ဘာသဘောလဲဗျ"

ဟု မေးလိုက်လေသည်။

ဝမ်းအဘိုးအိုက...

"ပြည်မမှာရှိတဲ့ ဖြိုင်ဘက်ကင်း သိုင်းသမားကြီးနှစ်ယောက်ထဲက ပေ့ကျန်းတောင် သိုင်းဆရာ ကျွဲဖန်းဆိုတာ ကြားဖူးတယ် မဟုတ်လားဗျာ"

ကျောက်လောက...

"သူက နာမည်ကြီးပဲ ကြားဖူးတာပေါ့၊ ကျုပ်က သူ့ကို လေးစားမိတာ အမှန်ပဲ"

ဝမ်းအဘိုးအိုက...

"ကျွဲဖန်းက ခင်ဗျားကို ဘယ်လို အနိုင်ယူရမယ်ဆိုတာ သင်ပေးဖို့ ကျင်းရှောင်ကို ခေါ်သွားတာ မကြာပါဘူး သူပြန်ရောက်လာပါလိမ့်မယ်၊ သူနဲ့ယှဉ်ရတာ ခင်ဗျားစိတ်ကျေနပ်စေရပါ့မယ်ဗျာ"

ကျောက်လောက...

"ခင်ဗျား တကယ် ပြောတာလား"

"တကယ်ပါဗျာ"

"ကျုပ် ဘယ်လောက် စောင့်ရမှာလဲ"

"သိပ် မကြာနိုင်ပါဘူးဗျာ"

"ကောင်းပြီ၊ ကျုပ်စောင့်မယ်"

နှစ်ယောက်သား ပြောဆိုနေကြစဉ်မှာပင် ကျင်းရှောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွေ့ဖန်းတို့ ပြန်လည်ရောက်ရှိလာကြလေတော့သည်။

♠ ♠ ♠

ကျင်းရှောင်သည် ကိုယ့်ကိုကိုယ် ယုံကြည်မှု ရှိသူတစ်ယောက်အသွင် ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ကျွေ့ဖန်းက သိုင်းသုံးကွက် သင်ပေးလိုက်၏။

ကျင်းရှောင်မှာ ကျောက်လောနှင့် ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်သွားပြီဟု ဆိုနိုင်ပါတော့သည်။

ကျောက်လောက...

"ဘယ်လိုလဲ၊ မင်း အသင့်ဖြစ်ပြီလား"

ဟု မေးလေသည်။

ကျင်းရှောင်က...

"ဟုတ်ကဲ့၊ အဆင်သင့် ဖြစ်ပါပြီ"

"ဒါဖြင့် တို့နှစ်ယောက် ယှဉ်ပြိုင်လိုက်ကြတာပေါ့"

"ကောင်းပါပြီဗျာ"

ထို့နောက် ကျင်းရှောင်နှင့် ကျောက်လောတို့ ယှဉ်ပြိုင်လိုက်ကြလေတော့သည်။

♠ ♠ ♠



ကျောက်လောမှာ တိဘက် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ကျင်းရှောင်ကား ယခုမှ သိုင်းလောက၌ နာမည်ရလာသည့် လူငယ်လူရွယ်တစ်ဦး ဖြစ်လေသည်။

သို့သော်...

ကျင်းရှောင်သည် ထိပ်သီးသိုင်းသမားကြီးများ၊ လူထူးဆန်းများနှင့် ဆုံတွေ့ခဲ့ရပြီး သိုင်းပညာများ သင်ယူခဲ့ရသည်။

ထို့ကြောင့် ဝင်းယို့ရီကိုပင် လှုပ်အလယ်တွင် အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ယခု...

သီလရှင်ဝေနှင့် ကျွေ့ဖန်းတို့၏ သိုင်းပညာများကို ထပ်မံရရှိခဲ့သည်။

သို့ဖြစ်၍ ကျောက်လောနှင့် ရင်ဆိုင်လိုက်ရသောအခါ သိုင်းကွက်သုံးဆယ် မပြည့်မီ အနိုင်ရရှိလိုက်လေတော့သည်။

"ဟား..ဟား..ဟား"

ကျောက်လောက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ပြည်မမှာ လူငယ်လူရွယ်တစ်ယောက်ကတောင် သည်လောက် သိုင်းပညာတော်နေရင် ကျုပ်က ပြည်မသိုင်းသမားတွေရဲ့ ပညာကို မရိုးကျူးဘဲ မနေနိုင်တော့ပါဘူးဗျာ၊ နောက်နောင် သိုင်းပညာယှဉ်ပြိုင်ဖို့ ပြည်မကို မလာတော့ဘူးလို့ ကတိပေးပါတယ်၊ ကဲ ကျုပ်တို့ကို ခွင့်ပြုပါဦး"

အားလုံးကို နှုတ်ဆက်ပြီး ဝင်းယို့ရီတို့အား ခေါ်ကာ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လည်ထွက်ခွာသွားကြလေတော့သည်။

ဝမ်းအဘိုးအိုနှင့် ကျွေ့ဖန်းတို့ ဝမ်းသာနေကြ၏။

"ကျင်းရှောင်၊ သူ့ကို အနိုင်ရလိမ့်မယ်လို့ ငါပြောခဲ့တာပဲ မဟုတ်လား။ ဆရာကြီးကျွေ့ဖန်းက ကူညီပံ့ပိုးပေးလို့ မင်းရဲ့အခြေအနေက စိတ်ချရနေပြီ၊ ဒါကြောင့် မင်းရဲ့ မဟာရန်သူတော်တွေဖြစ်တဲ့ ဂိုဏ်းချုပ်လေးဦးကို စိန်ခေါ်လိုက်ပေတော့"

ဟု ပြောလိုက်လေသည်။

ကျင်းရှောင်လည်း အားရကျေနပ်နေ၏။

ကျူးလင်ဖုန်းနှင့် ဆက်သွယ်ကာ ဂိုဏ်းချုပ်လေးဦးကို စိန်ခေါ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠

ဂိုဏ်းချုပ်လေးဦး...။

ဂိုဏ်းချုပ်လေးဦး၌ ပါဝင်သော မိုးမြေဂိုဏ်းချုပ် ဝေချီသည် အတွင်းအားလေ့ကျင့်ရင်း အမှားတစ်ခု ပြုလုပ်မိခြင်းကြောင့် သွေးကြောများ ဖောက်ပြန်ကာ ဒုက္ခိတ ဖြစ်သွားလေသည်။

ဝေချီက ဒေါသကြီးသူပီပီ ဒုက္ခိတဘဝဖြင့် တစ်သက်လုံးနေမသွားတော့ဟု ဆုံးဖြတ်ကာ အဆိပ်သောက်ပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားလေသည်။

ထို့ကြောင့်...

ဝေချီ၏သားဖြစ်သူ ဝေကျောင်းက ဂိုဏ်းချုပ် ဖြစ်လာ



သည်။ ဝေကျောင်းသည် လူငယ်လူရွယ်တစ်ဦးဖြစ်ပြီး မကောင်းမှုများကို ရွံ့မုန်းသူဖြစ်သည်။

ဖခင်ကြီး၏လုပ်ရပ်များ မှားယွင်းခဲ့သည်ကို သူ၏လက်ထက်၌ ပြုပြင်သွားရန် ဆုံးဖြတ်ခဲ့လေသည်။

သို့တိုင်...

ဝေချီ၏လုပ်ရပ်များက အရိပ်ဆိုးများအဖြစ် လွှမ်းမိုးကျရောက်လာလေသောအခါ...

ဝေကျောင်းသည် ဖခင်ကြီး၏လုပ်ရပ်များအတွက် တာဝန်ယူရန် ဆုံးဖြတ်ခဲ့ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## စိန်ခေါ်သံ

ဆောင်းရာသီဖြစ်၍ မြောက်လေများသည် ပြင်းထန်စွာ တိုက်ခတ်နေ၏။

ခုံတုံဂိုဏ်းတည်ရာ ဌာနဖြစ်သော ချိန်ဝမ်အဆောက်အအုံသည် တဖွဲဖွဲကျနေသော နှင်းများအကြားမှ မားမားမတ်မတ် တည်ရှိနေ၏။

ယင်းနှင်းများသည် အဆက်မပြတ် ကျနေရာမှ မြေပေါ်သို့ တစ်ပေခန့် ထူထပ်လာတော့မှ ရပ်တန့်သွားလေသည်။

နှင်းမှုန်များ ရပ်တန့်သွားသောအခါ ချိန်ဝမ်ဘုံကျောင်း၏ တံခါးမှာ ပွင့်လာသည်။

ရုပ်ရည်သန့်ပြန့်သော လူငယ်နှစ်ယောက်သည် တံမြက်စည်း ကိုယ်စီဖြင့် ထွက်လာကြသည်။



သူတို့သည် အဆောက်အအုံရှေ့ရှိ လှေကားထစ်များပေါ်တွင် ဖုံးလွှမ်းနေသော နှင်းခဲများအား ရှင်းလင်းဖယ်ရှားနေကြသည်။

ရုတ်တရက်...

သူတို့သည် အနီရောင်ဖိတ်စာကတ်ပြားတစ်ခုကို တွေ့ရှိကြလေသည်။

"ဟေ့ ကြည့်စမ်း ဘာများလဲ"

လူငယ်တစ်ယောက်က ယင်းဖိတ်စာကို ကောက်ယူလိုက်ပြီး သူ့အဖော်အား ပြလိုက်လေသည်။

ထိုလူငယ်သည် အနည်းငယ် အတွေ့အကြုံရှိသော လူငယ်တစ်ယောက် ဖြစ်သည်။

ထိုအနီရောင်ကတ်ပြားအား တွေ့လိုက်သည်နှင့် မျက်နှာ ကွက်ကနဲ ပျက်သွားလေသည်။

သူသည် အတွင်းဘက်သို့ လှည့်၍...

"ဦးလေး...ဦးလေးရေ မြန်မြန်လာကြည့်ပါဦး"

ဟု အသံကျယ်လောင်စွာဖြင့် အော်ခေါ်လိုက်လေ၏။

"ဟေ့ ဘာများလဲကွ၊ ဆူဆူဆူညံညံနဲ့"

အဆောက်အဦးထဲမှ အသံတစ်သံ ထွက်ပေါ်လာပြီးနောက် အသက်နှစ်ဆယ့်ရှစ်နှစ်ခန့် ရှိသော လူတစ်ယောက် လှမ်းထွက်လာလေသည်။

ယင်းလူကား ဝူးယိဝေးပင် ဖြစ်သည်။

လူငယ်သည် လက်ထဲမှ အနီရောင်ကတ်ပြားအား ဝူးယိဝေးကို ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝူးယိဝေးမှာ ထိုစာရွက်အား တွေ့မြင်လိုက်သည်နှင့် မျက်နှာကွက်ခနဲ ပျက်သွား၏။

"ပြောစမ်း၊ သည်ဟာ ဘယ်က ရတာလဲ"

လူငယ်က လေ့ကားထစ်ကို ညွှန်ပြလိုက်သည်။

"ဟောသည် လေ့ကားထစ်က တွေ့ရတာပဲ"

ဝူးယိဝေးသည် စကားမပြောတော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် အဆောက်အဦးအတွင်းသို့ လှမ်းဝင်သွားလေသည်။

♠ ♠ ♠

"ခေါက်...ခေါက်...ခေါက်"

သူသည် အခန်းတံခါးကို အရေးတကြီး ခေါက်လိုက်လေသည်။

အခြားသော သူများသည် ဝူးယိဝေးတစ်ယောက် ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်ကို မြင်ရသဖြင့် ဝိုင်းအုံလာကြလေသည်။

အခန်းတံခါး ပွင့်သွားသည်။

ကျူးကန့်မင်သည် ဝူးယိဝေးအား ကြည့်လိုက်၏။

"ဘာတွေများ အရေးကြီးလာတာလဲ"

ဝူးယိဝေးက လက်ထဲမှ ဖိတ်စာအား လှမ်းပေးလိုက်လေသည်။

"ဟောသည်မှာ ကျင်းရှောင်ရဲ့ စိန်ခေါ်တဲ့ ဖိတ်စာ ရောက်လာပြီဗျ"



ကျူးကန့်မင်က ယင်းဖိတ်စာအား ယူ၍ ကြည့်လိုက်လေသည်။

ထိုဖိတ်စာပေါ်၌...

"ခင်တို့ဂိုဏ်းချုပ်နဲ့ ဂိုဏ်းချုပ်ယန်ကိုးခင်ဗျား၊ ကျုပ်တို့ဟာ ခေါင်းဆောင်ကြီးနဲ့ ရင်ဆိုင်တွေ့ဆုံ ဖြေရှင်းချင်ပါတယ်၊ ဒါကြောင့် အခု လပြည့်နေ့ညမှာ စူးဝါးတောင်ထိပ်မှာ ခေါင်းဆောင်ကြီးကို စောင့်နေပါ့မယ်၊ ခေါင်းဆောင်ကြီးဟာ သတ္တိရှိတဲ့ လူတစ်ယောက် ပီပီ ရောက်ရှိလာလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်"

ပို

ကျင်းရှောင်နှင့် ကျူးလင်ဖုန်း

♠ ♠ ♠

ကျူးကန့်မင်သည် ယင်းဖိတ်စာအား ဖတ်ပြီးသည့်နောက်

"သည်ကိစ္စကို ဆရာကိုယ်တိုင် ဆုံးဖြတ်ဖို့ သွားပြီး တင်ပြမှ ဖြစ်မယ် ထင်တယ်"

ဝူးယိဝေးက မျက်မှောင်ကုတ်သွားသည်။

"ဆရာ အခုတံခါးပိတ် လေ့ကျင့်နေတာ ဆယ့်ငါးရက်တောင် ရှိသွားပြီ၊ သွားတွေ့လို့ ဖြစ်ပါ့မလား"

ကျူးကန့်မင်က အနည်းငယ် စဉ်းစားလိုက်သည်။

"သည်ကိစ္စဟာ အတော့်ကို အရေးကြီးတော့ သွားပြောမှ ဖြစ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့သည် ဝိုဏ်းချုပ်ယန်ကိုးထံသို့ သွားကြလေတော့သည်။

♠ ♠ ♠

တစ်ချိန်တည်းမှာပင် ဓားဂိုဏ်းချုပ် ထိစန်းထံသို့လည်း ဖိတ်စာ ရောက်ရှိသွားသည်။

ဖိတ်ကြားသူမှာ ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့ပင် ဖြစ်လေသည်။

ဂိုဏ်းချုပ်ကြီးထိစန်းသည် ယခု အခြေအနေမှာ ကျင်းရှောင်အားနိုင်လိမ့်မည် မဟုတ်ဟု ကိုယ့်ကိုကိုယ် သိသည်။

သို့သော်...

သူသည် ဂိုဏ်းချုပ်တစ်ယောက် ဖြစ်သည့်အတွက် ယခုကဲ့သို့ စိန်ခေါ်သည်ကို လက်ခံရမည်သာ ဖြစ်၏။

ကျင်းရှောင်သည် မိုးမြေဂိုဏ်းသို့ သွားရန် လုံးဝဆန္ဒ မရှိပါချေ။

အကြောင်းမှာ လမ်းခရီးကလည်း အလှမ်းဝေးသည်။

မိုးမြေဂိုဏ်း၏ လက်ရှိ အမွေခံသူမှာ ဝေကျော်ပင်း ဖြစ်သည်။

ဝေကျော်ပင်းသည် တရားမျှတပြီး ဖြောင့်မတ်သော လူတစ်ယောက် ဖြစ်သည်ကို သူနားလည်ထား၏။

ထို့အပြင်...



ခုတုံဂိုဏ်းချုပ် ယန်ကိုးကလည်း သူ့အား မဟာမိတ်ပြုမည် မဟုတ်ဟု သူယူဆထားသည်။

ထို့ကြောင့် သူသည် ကြီးမားသော မြင်းလှည်းတစ်စီး ငှား၍ ကျွဲဖန်းအား တင်ဆောင်ကာ ရှူးဝါးတောင်သို့ ဦးတည်သွားသည်။

♠ ♠ ♠

မိုးမြေတောင်၏ တောင်ထိပ်ပေါ်တွင် အသက်သုံးဆယ်ကျော်ခန့် ရှိသော စာပေသမားတစ်ယောက်သည် တောင်ထိပ်တွင် လက်နှစ်ဘက် နောက်ပစ်ကာ ရပ်လျက်နေ၏။

ထိုလူသည် တစ်စုံတစ်ခုအား တွေးတောရင်း သက်ပြင်းရှည်တစ်ချက် ချနေ၏။

သူ၏လက်ထဲတွင် အဝါရောင်ပဝါတစ်ထည် ကိုင်ဆောင်ထားသည်။

သူကား မိုးမြေဂိုဏ်းချုပ် ဝေကျော်ပင်းပင် ဖြစ်လေသည်။

ဝေကျော်ပင်းသည် သူ၏မိဘ လက်ထက်မှ ဖြစ်ပေါ်ခဲ့သော အရှုပ်အရှင်းများကို လပြည့်နေ့တွင် သူက တာဝန်ယူ ရှင်းလင်းရမည်ဟု နားလည်လိုက်လေသည်။

သူသည် တောင်ထိပ်ပေါ်မှ ယင်းသို့ စိတ်ထဲ ခံစားနေစဉ် မြင်းလှည်းတစ်စီးသည် တောင်အောက်မှ ဖြတ်ကျော်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းပေါ်တွင် ကျောင်းရှောင်တို့လူစု ပါသွားသည်ကို မသိလိုက်ပါသော်လည်း မြင်းလှည်းနောက်တွင် တထောင်းထောင်း ထနေသော ဖုန်များကို ကြည့်လိုက်ခြင်းဖြင့် သူ၏ရှေ့ရေး၊ သူ၏လုပ်ငန်းများ လွင့်ပျံပျောက်ကွယ်သွားနိုင်သည်ဟု မဆီမဆိုင် တွေးနေမိလေသည်။

♠ ♠ ♠

ညှိနေရာသည် စွန်မိန်းမြို့ ဖြစ်သည်။

ဆောင်းရာသီသည် စောစွာ ရောက်ရှိလာသည်လား မသိ။

မြင်ကွင်းတစ်ခုလုံးမှာ နှင်းများ ဖြူဖွေးစွာ ဖုံးအုပ်နေသည်ကို မြင်တွေ့ရလေသည်။

အချိန်ကား...

ညနေဆည်းဆာချိန် ဖြစ်သည်။

နှင်းများသည် ကျဆင်းနေရာမှ ရပ်တန့်သွားပြီ ဖြစ်လေသည်။ လဝန်းသည် ကောင်းကင်ထက်သို့ ရွေ့လျားလာပြီ ဖြစ်လေသည်။

ကြီးမားသော သစ်ပင်တစ်ပင်အောက်တွင် လူသုံးယောက် ရပ်နေ၏။ အလယ်မှ ရပ်လျက်ရှိသောလူမှာ အသက်ခုနစ်ဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

ငွေရောင်သမ်းသော ဆံပင်များနှင့် ဝတ်ဆင်ထားသော အဖြူရောင်အင်္ကျီရှည်မှာ ဟပ်မိသည်။



သူ၏ဝဲယာ တစ်ဘက်တစ်ချက်တွင် အသက်နှစ်ဆယ်ကျော်ခန့်ရှိသော လူငယ်နှစ်ယောက် ရပ်လျက်ရှိသည်။

သူတို့သုံးယောက်သည် ဘိတ်ဆိတ်စွာဖြင့် ရပ်နေကြသည်။

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားသည်။

လဝန်းသည် ဝိုင်းဝိုင်းစက်စက် ထိန်လင်းနေ၏။

ယနေ့ညသည် လပြည့်ညပင်ဖြစ်သည် မဟုတ်ပါလော။

♠ ♠ ♠

သစ်ပင်အောက်၌ ရပ်နေသော လူသုံးယောက်သည် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသဖြင့် ဘယ်ဘက်၌ ရှိသော လူငယ်က စိတ်မရှည် ဖြစ်လာသည်။

"သူတို့ အခုထိတောင် မလာသေးပါလား"

ညာဘက်တွင်ရှိသော လူငယ်က ဖြူးလိုက်သည်။

"စိတ်မပူပါနဲ့ ငါညီ၊ သူတို့ မလာလို့ ဘယ်ရမလဲ"

ထိုလူသုံးယောက်မှာ ကျွေ့ဖန်း၊ ကျောင်းရှောင်နှင့် ကျူးလင်ဖုန်းတို့ ဖြစ်ကြသည်။

ထိုစဉ်မှာပင် ခြေသံများကို ကြားလိုက်ရလေသည်။

သူတို့သည် ခြေသံလာရာသို့ လှည့်ကြည့်လိုက်ရာ လူလေးယောက်မှာ ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများမှာ ခုံတုံဂိုဏ်း၏ဂိုဏ်းချုပ် ယန်ကိုး၊ ဘေးဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ထိစန်း၊ ကြယ်ဂိုဏ်းချုပ် စုဟန်နှင့် မိုးမြေဂိုဏ်းချုပ် ဝေကျောင်းတို့ပင် ဖြစ်ကြလေသည်။

သူတို့သည် ကျင်းရှောင်တို့နှင့် ရင်ဆိုင်လိုက်မိသောအခါ ရပ်တန့်သွားလေသည်။

"ခင်ဗျားတို့ တော်တော်နောက်ကျတာကိုး"

ထိစန်းက မြေကွက်လပ်တစ်ခု ရှိရာသို့ ညွှန်ပြလိုက်သည်။

"ကဲ စကားမရှည်နဲ့၊ တို့တတွေဟာ တတ်ထားတဲ့ပညာနဲ့ ယှဉ်ပြိုင်အနိုင်ယူမှ သည်ကိစ္စပြတ်သားလိမ့်မယ်၊ ဒါကြောင့် ဟိုဘက် ကွက်လပ်ကို သွားကြမယ်"

သူသည် ယင်းသို့ပြောလိုက်ပြီး မြေကွက်လပ် ရှိရာသို့ လျှောက်သွားကြလေသည်။

ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့ကလည်း မဆိုင်းမတွဘဲ လိုက်သွားကြလေသည်။

သစ်ပင်အောက်တွင် ကျွဲဖန်းတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။

♠ ♠ ♠



ဤနေရာသည် အလွန်ကျယ်ဝန်းသော မြေကွက်လပ်တစ်ခု ဖြစ်သည်။

ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့သည် ပခုံးချင်း ယှဉ်၍ ရပ်လိုက်ကြသည်။

တစ်ဘက်တွင် ယန်ကိုး၊ ထိစန်း၊ စုဟန်နှင့် ဝေကျောင်းတို့ တန်းစီ၍ ရပ်နေကြသည်။

ကျင်းရှောင်သည် သူတို့လေးယောက်အား တစ်ချက်ကြည့်လိုက်သောအခါ သူသည် ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

အကြောင်းမှာ...

ဝေကျောင်းမှာ စိတ်ဓာတ်ကျ၍ ရပ်လျက် ရှိသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်သည်။

သူသည် ဝေကျောင်းအပေါ် မည်သို့မျှ မုန်းတီးခဲ့ခြင်း မရှိပါ။

သူတို့၏အရှုပ်အရှင်းထဲတွင်လည်း ဝေကျောင်းတစ်ယောက် မပါဝင်သည်ကို သိထားသည်။

သို့သော်...

ဝေကျောင်းသည် မိုးမြေဂိုဏ်း၏ဂိုဏ်းချုပ်နေရာကို ဆက်ခံထားမိသဖြင့် တာဝန်ဝတ္တရားအရ ကောင်းမွေဆိုးမွေတို့ကို သူကပင် တာဝန်ယူရမည် မဟုတ်ပါလော။

ယန်ကိုးသည် ဓားကို ဆွဲထုတ်လိုက်လေသည်။

"ရွမ်း"

ဓားကို ဆွဲထုတ်လိုက်သော အသံသည် ကြည်လင်၍အ

www.burmeseclassic.com

www.burmeseclassic.com



ရောင်များပင် ဝင်းလက်သွားသည်။

သူ့ဓား ဆွဲထုတ်သည့် ဟန်မူရာကို ကြည့်လိုက်သည်နှင့် ဂိုဏ်းချုပ်တစ်ယောက်၏မာန် ပါလာလေသည်။

စုဟာန်နှင့် ထိစန်းတို့ကလည်း ဓားကို ဆွဲထုတ်လိုက်ကြသည်။ သူတို့၏ဓား ဆွဲထုတ်ပုံမှာလည်း အတွေ့အကြုံ ရင့်ကျက်သော ဓားသမားတစ်ယောက်ဟု ဆိုနိုင်လေသည်။

သို့သော် ဝေကျောင်းမှာမူ ဓားဆွဲထုတ်ခြင်း မပြုသေးပါ။

ယန်ကိုးက အသံတိုးတိုးဖြင့်...

"ဂိုဏ်းချုပ် ခင်ဗျား ဓားထုတ်လိုက်လေ"

ဝေကျောင်းက မတတ်နိုင်တော့ပါ။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ဓားကို ဆွဲထုတ်လိုက်၏။

ကျင်းရှောင်သည် ယန်ကိုး လက်ထဲမှ ဓားကို မြင်တွေ့လိုက်ရသည်နှင့် ဒေါသအမျက်ချောင်းချောင်း ထွက်လာလေသည်။

"ခင်ဗျားက ဂိုဏ်းချုပ်တစ်ယောက်လုံး ဖြစ်ပြီး ကျုပ်ရဲ့ဓားကို ခိုးရသလားဗျ"

ယန်ကိုးက စကားမပြောဘဲ သူ၏ဓားဖြင့် တစ်ချက်ဝှေ့ယမ်းလိုက်သည်။

သူတို့လေးယောက်သည် နှုပေါင်း၍ ဓားဝက်ပါတစ်ခု ဖန်တီးလိုက်သည်။

ကျူးလင်ဖုန်းက ဓားကို ဆွဲထုတ်လိုက်ပြီး ရှေ့ဆုံးမှ ဝင်ရောက်တိုက်ခိုက်လိုက်သည်။



ကျင်းရှောင်ကလည်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ကျင်းရှောင်သည် ထိစန်းအား ဦးတည်၍ တိုက်ခိုက်လိုက်သည်။

ထိစန်းသည် တိုက်ကွက်သုံးကွက်မျှ ယှဉ်ပြိုင်တိုက်ခိုက်ပြီးနောက် ကိုယ်ခန္ဓာတစ်ချက် ယိမ်း၍ ဆုတ်လိုက်ရာ ဝေကျောင်း၏ ဓားသည် ကျင်းရှောင်ထံသို့ ရောက်ရှိသွားလေသည်။

ဝေကျောင်း၏ဓားပညာမှာ အလွန့်အလွန် ကောင်းလေ၏။

ထို့ကြောင့်...

သူ၏ဓားသည် ကျင်းရှောင်၏ဓားနှင့် တွေ့ထိလိုက်သောအခါ တခြိမ်းခြိမ်း မြည်ဟည်းသွားလေသည်။

ကျင်းရှောင်သည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး သူ၏ဓားဖြင့် ဝှေ့ယမ်းကာ ဝေကျောင်းအား ဖိ၍ တိုက်ခိုက်လိုက်သည်။

ဝေကျောင်းသည် ကျင်းရှောင်တို့နှင့် ရင်မဆိုင်ချင်သော်လည်း ကျင်းရှောင်က ဖိ၍ တိုက်လာသည်ကို တွေ့ရသောအခါ မခံချင်စိတ်များ ရုတ်တရက် ပေါ်ပေါက်လာပြီး သူသည် အံကိုတင်းတင်းကြိတ်ကာ...

"ယား"

ဟု ညာသံပေးပြီး ကျင်းရှောင်အား ဖိ၍တိုက်ခိုက်လိုက်လေသည်။

ကျူးလင်ဖုန်းမှာလည်း ယန်ကိုးနှင့် စုဟာန်တို့ နှစ်ယောက်အား သူတပြန် ကိုယ်တပြန် တိုက်ခိုက်နေ၏။

ဤသို့ဖြင့် သူတို့သည် သိုင်းကွက်တစ်ရာကျော်မျှ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လာလေပြီ။

အချိန်ကြာလာသောအခါ ယန်ကိုးတို့လေးယောက်သည် တဖြည်းဖြည်း နောက်သို့ ဆုတ်သွားရလေသည်။

ကျင်းရှောင် ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား၊ ခင်ဗျားတို့က အလွန်ကျော်ကြားတဲ့ ဂိုဏ်းချုပ်ကြီးတွေပါပဲ၊ လေးယောက်နဲ့ နှစ်ယောက်တောင် မနိုင်ဘူးလား"

ဝေကျောင်းသည် ယင်းစကားကို ကြားလိုက်ရသောအခါ အလွန်ခံပြင်းလာလေသည်။

"ခင်ဗျားက တော်တော့်ကို စော်ကားပါလားဗျ"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ထိစန်းတို့ကလည်း ခံပြင်းနေသည်။ ဝေကျောင်းက ဖိ၍ တိုက်ခိုက်နေသည်ကို တွေ့ရသောအခါ သူသည် အစွမ်းကုန် ဖိ၍ တိုက်ခိုက်လိုက်လေသည်။

သူတို့လေးယောက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သောအခါ ကျူးလင်ဖုန်းနှင့် ကျင်းရှောင်တို့သည် နောက်သို့ ဆုတ်သွားရလေသည်။

အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ကျင်းရှောင်သည် သူ၏ဓားကွက်ဆယ်ကွက်အား အသုံးပြုလိုက်လေသည်။

ကျူးလင်ဖုန်းကလည်း ကိုယ်ဖော့ပညာအား အသုံးပြု၍ ပြန်လည်တိုက်ခိုက်လိုက်သည်။



မကြာပါချေ။

ထိစန်းတို့လေးယောက် နောက်ဆုတ်သွားပြန်၏။

"ဟား..ဟား..ဟား"

ကျူးလင်ဖုန်းက အားရပါးရ ရယ်မောလိုက်သည်။

"ကဲ သတ္တိရှိရင် ဝင်ခဲ့ပါ"

ယန်ကိုးသည် ဓားကိုင်လျက် ရှေ့ဆုံးမှ ဝင်လာလေသည်။

ထိစန်း၊ စုဟန်နှင့် ဝေကျောင်းတို့ကလည်း နောက်မှ ရောက်ရှိလာလေသည်။

ကျင်းရှောင်သည် ယန့်ကိုးလက်ထဲမှ ဓားကို ပထမဆုံး လုယူရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်...

သူသည် ယန်ကိုးအား ဆီး၍ တိုက်ခိုက်လိုက်လေသည်။

ယန်ကိုးသည် ဓားအား ဝှေ့ယမ်းကာ တိုက်ခိုက်ရာ ကျင်းရှောင်က တစ်ချက်မျှပြုံးပြုံးလိုက်ပြီး သူသည် မြေကွက်သိုင်းကို အသုံးပြုလိုက်ရာ ယန်ကိုးသည် ဖိ၍တိုက်ခိုက်ရာမှ ကျင်းရှောင် ပျောက်ကွယ်သွားသည်ကို တွေ့ရသဖြင့် အံ့သြသွားလေသည်။

"ဟေ့ ကျုပ် ခင်ဗျားနောက်မှာရှိတယ်"

ကျင်းရှောင်က ယင်းသို့ အော်လိုက်ရာ ယန်ကိုး ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် ကမန်းကတန်း ဓားဖြင့် နောက်သို့ ဝှေ့ယမ်းလိုက်ရာတွင်...

ကျင်းရှောင်၏လက်ဝါးသည် ယန်ကိုး၏ဓားကိုင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



တတောင်ဆစ်ကို အောက်မှ အပေါ်သို့ ပင့်ခုတ်လိုက်လေသည်။

ယန်ကိုး၏လက်ထဲမှ ဓားသည် အပေါ်သို့ မြောက်တက်သွားသည်။

"ဟား..ဟား..ဟား။ ဓားက ဓားပိုင်ရှင်ဆီ ပြန်လာပြီဗျ"

ကျင်းရှောင်သည် ယင်းသို့ ပြောရင်း အပေါ်သို့ ခုန်လိုက်ပြီး ဓားအား ဖမ်းယူထားလိုက်၏။

သူသည် မြေပေါ် ပြန်လည်ကျရောက်လာသောအခါ ယန်ကိုးက သူ၏ကျောပေါ်မှ ဓားကို ဆွဲထုတ်လိုက်ပြီး ဝိုက်၍ ခုတ်ချလိုက်လေသည်။

ကျင်းရှောင် ရင်ထိတ်သွားသည်။

ကမန်းကတန်း ငုံ့၍ ရှောင်လိုက်ရာ သူ့ခေါင်းပေါ်မှ စည်းထားသော ပဝါသည် တိကနဲ ပြတ်သွားပေသည်။

ကျင်းရှောင်သည် ဒေါသချောင်းချောင်း ထွက်လာသည်။

သူသည် လက်ဝါးဖြင့် တွန်းထုတ်လိုက်၏။

ယန်ကိုးကလည်း သူ၏လက်ဝါးတစ်ဘက်ဖြင့် ခံပေးလိုက်ရာ...

"ဝုန်း"

သူသည် နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်သွားရလေသည်။

ယန်ကိုးသည် ကျင်းရှောင်၏အတွင်းအားမှာ မိမိထက် များစွာ သာလွန်နေသည်ကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

ထိုစဉ်မှာပင် ထိစန်းနှင့် စုဟန်တို့ကလည်း အရေးနိမ့်နေ



လေသည်။

ကျူးလင်ဖုန်းသည် ဝေကျောင်းနှင့် သဲသဲမဲမဲ တိုက်ခိုက်နေသည်။

ကျင်းရှောင်သည် တစ်ယောက်နှင့် သုံးယောက် ရင်ဆိုင်တိုက်ခိုက်နေလေသည်။

တိုက်ပွဲ ပြင်းထန်နေပါတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အနိုင်အရှုံး

တိုက်ပွဲ...။

ထိပ်သီးသိုင်းသမားများ၏ တိုက်ပွဲဖြစ်ရကား ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေ၏။

ကျူးလင်ဖုန်းနှင့် ကျင်းရှောင်တို့က ဂိုဏ်းချုပ်လေးဦးအား မကျေမနပ် ဖြစ်နေကြသည့်အလျောက် သင်ယူတတ်မြောက်ထားသော ပညာရပ်များကို အသုံးပြုကာ အပြင်းအထန် တိုက်ခိုက်လိုက်ကြလျှင် နောက်ဆုံး အနိုင်ရရှိသွားကြလေတော့သည်။

"ဝုန်း"

"ခြွမ်း"

"အွန့်"

ဂိုဏ်းချုပ်လေးဦးစလုံး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြရလေသည်။

ဂိုဏ်းချုပ်လေးဦးသည် ရှုံးနိမ့်သွားကြခြင်းကြောင့် ထိတ်လန့်သွားကြလေသည်။

ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့အား မျက်လုံးပြူးကာ ကြည့်လိုက်ကြလေသည်။



"ဟား...ဟား...ဟား"

ကျူးလင်ဖုန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကဲ ခင်ဗျားတို့ ရှုံးသွားပြီ၊ ဘာပြောချင်ကြသေးသလဲ"

မိုးမြေဂိုဏ်းချုပ် ဝေကျောင်းက...

"ကျုပ်ပြောစရာ ရှိပါတယ်"

ကျူးလင်ဖုန်းက...

"ပြောပါဗျာ"

ဝေကျောင်းက...

"ကျုပ်ရဲ့ဖခင်ဟာ တစ်ချိန်က အမှားအယွင်းတွေ ပြုလုပ်ခဲ့ပါတယ်ဗျာ၊ ဒါကြောင့် ဖေဖေ့ရဲ့သွေးကြွေးကို ကျုပ်က တာဝန်ယူပြီး ပြန်ဆပ်ပါ့မယ်၊ ခုချိန်ကစပြီး အကြွေးကြေပြီလို့ သဘောထားစေချင်ပါတယ်"

ကျင်းရှောင်က...

"ခင်ဗျား ဘယ်လို ပြန်ပြီး ပေးဆပ်မှာလဲ ပြောပါဦး"

ဝေကျောင်းက...

"ကျုပ်က.."

ဓားဖြင့် သူ၏လည်ပင်းကို လှီးဖြတ်ရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

ကျူးလင်ဖုန်းက ကျယ်လောင်စွာ အော်ဟစ်ဟန့်တားလိုက်လေသည်။

ကျင်းရှောင်ကလည်း ဓားဖြင့် ဝေကျောင်း၏ဓားကို ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်လေသည်။

ဝေကျော်း မကျေမနပ် ဖြစ်သွားသည်။

“ဘယ်လိုလဲ ကျုပ်က ကိုယ့်ကိုကိုယ် သတ်သေမယ်ဆိုတာတောင် မင်းတို့က မကျေနပ်ကြသေးဘူးလား”

ကျင်းရှောင်က…

“ခင်ဗျားအဖေ မှားခဲ့တာပဲ၊ ခင်ဗျားမှားခဲ့တာမှ မဟုတ်တာဗျာ”

ထိုစဉ် အဘိုးအိုတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ကျွေ့ဖန်း ဖြစ်သည်။

ကျွေ့ဖန်းက ဝေကျော်းအား တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

“လူဆိုတာ မှားတတ်ကြတာချည်းပါပဲ၊ မှားမှန်းသိပြီး ပြင်လိုက်လို့ ရပါတယ်၊ မင်းအဖေက မှားယွင်းခဲ့တာ၊ မင်းနဲ့ မဆိုင်ပါဘူး၊ သူလဲ သေဆုံးသွားပါပြီ၊ မင်းက မိုးမြေဂိုဏ်းကို ကောင်းတဲ့ လမ်းညွှန်မှုပေးပြီး အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်သွားမယ်ဆိုရင် မင်းအဖေရဲ့ အမှားတွေကို ပေးဆပ်ပြီးသား ဖြစ်သွားမှာပါ၊ အားလုံးကလဲ ကျေနပ်သွားကြပါလိမ့်မယ်”

ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့မှာ ဝေကျော်းက သူ၏ဖခင်နှင့် မတူဘဲ စိတ်ကောင်းနှလုံးကောင်း ရှိကာ ယောကျ်ားပီသသူ၊ အမှန်တရားကို မြတ်နိုးသူ ဖြစ်ကြောင်း နားလည်မိကြလေသည်။

အပြစ်ကျူးလွန်ခဲ့သည့် ဝေချီလည်း သေဆုံးသွားပြီ ဖြစ်



ရာ အပြစ်ခံယူပြီးပြီဟု သဘောထားလိုက်ကြသည်။

ဝေကျော်းအား ဆက်လက်တိုက်ခိုက် ရန်ပြုလိုခြင်း မရှိကြပါ။ ဝေကျော်းကို ခွင့်လွှတ်လိုက်ကြလေသည်။

ဝေကျော်းသည် ကျင်းရှောင်၊ ကျူးလင်ဖုန်းနှင့် ကျွေ့ဖန်းတို့၏ သဘောထားကို သိရလျှင် ဝမ်းသာသွားလေသည်။

“ကျုပ်ကို အပြစ်မယူတော့ဘူးဆိုလို့ ကျေးဇူးတင်ပါတယ်ဗျာ၊ သည်ကနေ့ကစပြီး ကျုပ်တို့ မိုးမြေဂိုဏ်းဟာ သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်တဲ့ တရားမျှတတဲ့ ဂိုဏ်းတစ်ခုဖြစ်စေရမယ်လို့ ကတိပြုပါတယ်ဗျာ”

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

ကျွေ့ဖန်းက ယန်ကိုးတို့ဘက်သို့ လှည့်လိုက်၏။

ယန်ကိုး၊ ထိစန်းနှင့် စုဟန်တို့ မျက်နှာပျက်နေကြပါသည်။

နောက်ကို မသိမသာ ဆုတ်သွားကြပြီး ခပ်လှမ်းလှမ်းသို့ရောက်လျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွားကြလေတော့သည်။

“မပြေးနဲ့”

ကျူးလင်ဖုန်းက အော်ငေါက်လိုက်သည်။

မားဆွဲကာ ထိစန်းတို့ နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေသည်။ ကျွေ့ဖန်းက ဟန့်တားလိုက်သည်။

“သူတို့ သွားပါစေ”

ကျူးလင်ဖုန်း အံ့ဩသွားလေသည်။

“ဆရာကြီး သူတို့ကို လွှတ်ပေးလိုက်လို့ မဖြစ်ဘူး ထင်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်ကလည်း...

“သူတို့ဟာ ကျွန်တော့်အဖေကို အကောက်ကြံပြီး သတ်ပစ်ခဲ့ကြတာ၊ သူတို့ကို ဆုံးမရမှ ကျွန်တော်ကျေနပ်နိုင်ပါမယ် ခင်ဗျာ”

သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ကျွေ့ဖန်း သက်ပြင်းချလိုက်သည်။

“သူတို့ဟာ နောက်ကွယ်မှာ မကောင်းမှုတွေ ကျူးလွန်နေတယ်ဆိုတာ အားလုံးသိထားပြီးပါပြီ၊ မကောင်းတဲ့ လုပ်ရပ်တွေက သူတို့ကို ပြန်ပြီး ဒဏ်ခတ်သွားပါလိမ့်မယ်”

ကျင်းရှောင် အားမလို အားမရ ဖြစ်သွား၏။

“သူတို့ကို မဆုံးမရဘဲ သည်အတိုင်း လက်ပိုက်ကြည့်နေရမှာလား ဆရာကြီး”

ကျွေ့ဖန်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

“သူတို့က...”

“မင်းက သူတို့ကို ဆုံးမလိုက်ရင် မင်းဟာ ခွင့်မလွှတ်တဲ့လူ၊ သဘောထားမကြီးဘဲ ရန်ငြိုးထားတတ်တဲ့လူလို့ ပြောစရာ ဖြစ်လာလိမ့်မယ်၊ တကယ့် ထိပ်တန်းရောက်နေတဲ့ သိုင်းထိပ်သီးတွေဟာ မိမိရဲ့ခံစားချက်ကို လျစ်လျူရှုပြီး တကယ့်ကိုပြည့်ဝတဲ့ လူတစ်ယောက်လို နေနိုင်ကြပါတယ်၊ ဒါမှလဲ ထိပ်တန်းရောက်မယ် မဟုတ်လား”

ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လာဖို့ စိတ်နေသ



ဘောထား၊ အကျင့်စရိုက်၊ ခွင့်လွှတ်သည်းခံမှု စသည်စသည်ဖြင့် လိုအပ်ချက်ပေါင်းများစွာ ရှိသည်ကို ရှင်းပြလေသည်။

ကျွေ့ဖန်း၏ဆုံးမစကားကို နားထောင်ရင်း ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့၏ ခံပြင်းဒေါသစိတ်များ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

ကျွေ့ဖန်းက...

“မကောင်းမှု ကျူးလွန်သူဟာ မကောင်းတဲ့ဘေး ဒဏ်သင့်ပါလိမ့်မယ်၊ မင်းတို့ စောင့်ကြည့်ကြပါ၊ ခုတော့ တို့တတွေ..”

သူ၏စကားမဆုံးမီ ဆေကျောင်းက ဦးညွှတ်လိုက်သည်။

“ဆရာကြီးတို့ကို ကျွန်တော်ညှော်ဝတ်ပြုပါရစေဗျာ”

ကျွေ့ဖန်း ပြုံးလိုက်သည်။

“ကောင်းသားပဲ၊ ကျုပ်လက်ခံပါတယ်”

သူက လက်ခံလိုက်သဖြင့် ကျင်းရှောင်တို့ ဘာမှမပြောသာကြတော့ချေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## နောက်ကွယ်ကလူ

မိုးမြေဂိုဏ်း...။

မိုးမြေဂိုဏ်းသည် ဂိုဏ်းချုပ် ဝေချီ၏လက်ထက်နှင့် မတူတော့ဘဲ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ဂိုဏ်းချုပ်နေရာ ဆက်ခံလိုက်သော ဝေကျောင်းက တစ်ဂိုဏ်းလုံး သန့်ရှင်းစင်ကြယ်အောင် ပြုပြင်လိုက်ခြင်းကြောင့် ဖြစ်သည်။

အကျင့်ပျက်သူများ၊ စရိုက်ဆိုးသူများကို ဂိုဏ်းမှ ထုတ်ပယ်လိုက်သည်။

မကောင်းမှု ကျူးလွန်ရာ၌ ပါဝင်ခဲ့ကြသူများကိုလည်း ထိုက်သင့်သလို အပြစ်ပေး အရေးယူခဲ့သည်။

သို့ဖြင့်...

မိုးမြေဂိုဏ်း၏ ကျဆင်းနေသော ဂုဏ်သိက္ခာကို ပြန်ဆည်နိုင်ခဲ့လေသည်။

ဝေကျောင်းက မိုးမြေဂိုဏ်းကို ကယ်တင်နိုင်ခဲ့သော်လည်း ဓားဂိုဏ်း၊ ကြယ်ဂိုဏ်းနှင့် ခုံတုံဂိုဏ်းတို့ကား ဖရိုဖရဲ ပြိုကွဲပျက်စီးသွားခဲ့လေတော့သည်။



ဂိုဏ်းချုပ်များ ဖြစ်သော ထိစန်း၊ စုဟာန်နှင့် ယန်ကိုးတို့ သုံးယောက်လည်း သူတို့၏အပြစ်များကြောင့် သိုင်းလောက၌ မနေဝံ့ကြတော့ဘဲ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြလေတော့သည်။

ဝေကျောင်းသည် ကျွေ့ဖန်း၊ ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့အား မိုးမြေဂိုဏ်း၌ လိုလေသေးမရှိ ညှော်ခံပြုစုခဲ့လေသည်။

ကျင်းရှောင်နှင့် ကျူးလင်ဖုန်းတို့လည်း ဝေကျောင်းအပေါ် မည်သို့မျှ သဘောမထားကြတော့ပါ။

သုံးယောက်သား ရင်းရင်းနှီးနှီး ဖြစ်သွားကြလေသည်။

ကျင်းရှောင်က...

"ဂိုဏ်းချုပ်လေးဦးကို နောက်ကွယ်က ကြိုးကိုင်နေတဲ့ လူတစ်ယောက် ရှိတယ်လို့ ကျုပ်သတင်းကြားမိတယ်၊ သည်ကိစ္စကို ခင်ဗျား ဘယ်လောက် သိထားသလဲ၊ သိထားတာများ ရှိခဲ့ရင် ကူညီတဲ့အနေနဲ့ ကျုပ်ကို ပြောပြပါလားဗျာ"

ဟု မေးလိုက်လေသည်။

ဝေကျောင်း၏မျက်နှာ တည်ကြည်လေးနက်သွားလေတော့သည်။

"ဟုတ်ပါတယ်၊ ဖေဖေ့ဆီကို လူတစ်ယောက် ရောက်လာတတ်ပါတယ်၊ ဖေဖေဟာ အဲသည်လူရဲ့ စကားကို တသွေမတိမ်း နားထောင်ပြီး အဲသည်လူ ခိုင်းသမျှ လုပ်ကိုင်ဆောင်ရွက်ပေးရပါတယ်"

ကျင်းရှောင်က...

"အဲသည်လူက ဘယ်သူများလဲဗျာ"

www.burmeseclassic.com



ဝေကျောင်းက...

"ဖေဖေကထော့ ဆရာချောင်ကျွမ်းလို့ ခေါ်သံကြားမိပါတယ်ဗျာ"

ချောင်ကျွမ်းဆိုသော အမည်ကြောင့် ကျင်းရှောင် ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ချောင်ကျွမ်း...။

ချောင်ကျွမ်းသည် ယန်မျိုးနွယ်များကို ဒုက္ခပေးခဲ့သူ ဖြစ်လေသည်။

သစ္စာဖောက်တစ်ယောက်လည်း ဖြစ်လေသည်။

ချောင်ကျွမ်းသည် ယန်သခင်ကြီး၏ လက်ရုံးတစ်ဆူ ဖြစ်သည်။

ယန်သခင်ကြီးက မကောင်းမှုကို စွန့်လွှတ်လိုက်သောအခါ ချောင်ကျွမ်း မကျေမနပ် ဖြစ်ကာ သစ္စာဖောက်ခဲ့ခြင်း ဖြစ်လေသည်။

ချောင်ကျွမ်းက ယန်သခင်ကြီး ပိုင်ဆိုင်သော ဝိဇ္ဇာည်းများကို လိုချင်မက်မော နေသူလည်း ဖြစ်လေသည်။

ချောင်ကျွမ်းကား ပရိယာယ်ကောင်းလှသဖြင့် အများက သူ့အား ခွင့်လွှတ်ခဲ့ပြီး ချမ်းသာပေးခဲ့ခြင်း ဖြစ်လေသည်။

သို့သော်...

ချောင်ကျွမ်းကား နောက်ကွယ်မှ ဆက်ပြီး ဆိုးသွမ်းမိုက်မဲနေဆဲ ဖြစ်ပေတော့သည်။

ဝေကျောင်းက...

"ချောင်ကျွမ်းဟာ ဖေဖေတို့ ဂိုဏ်းချုပ်လေးဦးကို နောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်နေတဲ့ လူပါပဲ"

သူလည်း ချောင်ကျွမ်းအား မကျေမနပ် ဖြစ်နေကြောင်း ထင်ရှားနေပါတော့သည်။

ကျွေ့ဖန်းက...

"ဂိုဏ်းချုပ်လေးယောက်က သိုင်းလောကမှာ အဖြူရောင် သိုင်းသမားကြီးတွေအဖြစ် ထင်ရှားလာခဲ့ကြပေမယ့် တစ်ချိန်က သူတို့ဟာ လူဆိုးဓားပြတွေ ဖြစ်ခဲ့ကြတယ်၊ ချောင်ကျွမ်းနဲ့ ပတ်သက်နေခဲ့ကြတယ်ဆိုတာ ပေါ်ပေါက်သွားပါပြီ"

ဟု ဝင်ပြောလေသည်။

ကျင်းရှောင်က...

"ချောင်ကျွမ်းကို ကျွန်တော် ဆုံးမမှာပါ"

ထိုသို့ ပြောနေရင်း ကျင်းရှောင်၏မျက်နှာတွင် အံ့ဩသည့် အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

အကြောင်းမှာ...

"အစ်ကို"

ဟူသော ချိုလွင်သည့် ခေါ်သံလေးကို ကြားယောင်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

ထိုခေါ်သံကား ယန်သခင်မလေး၏ခေါ်သံ ဖြစ်လေသည်။

ယန်သခင်မလေးကား ဤနေရာသို့ ရောက်လာနိုင်မည် မဟုတ်ပါ။

ကျင်းရှောင် သက်ပြင်းရှိုက်လိုက်လေသည်။

သူက ယန်သခင်မလေး၏အသံကို မကြားသော ကြား



www.burmeseclassic.com

www.burmeseclassic.com



ယောင်မိနေသည် မဟုတ်ပါလား။

ယခု…

ယန်သခင်မလေး၏အသံ ကြားယောင်မိလိုက်သည်မှာ အဘယ်ကြောင့်ပါနည်း။

ချောင်ကျွမ်းအား ဆုံးမည်ဆိုခြင်းကြောင့် သူမ ကျေနပ်သွားခြင်းပေလော။

ဖခင်ကြီး၏ကိစ္စကို ဖြေရှင်းနေရခြင်းကြောင့် ယန်သခင်မလေးနှင့် ချောင်ကျွမ်းကိစ္စကို သူက မေ့ထားမိခဲ့သည်မှာ အမှန်ဖြစ်လေသည်။

ဝေကျောင်းက…

“ဂိုဏ်းချုပ် စုဟန်တို့က ရှောင်တိမ်းသွားကြတယ် ဆိုပေမယ့် ချောင်ကျွမ်းက သူတို့ကို ချမ်းသာပေးမှာ မဟုတ်ပါဘူး”

ကျင်းရှောင်က…

“ချောင်ကျွမ်းကို ဘယ်မှာ ရှာတွေ့နိုင်မလဲဗျာ”

ဝေကျောင်းက…

“ဖြစ်နိုင်တာက”

သူက နေရာတစ်ခုကို ပြောပြလေသည်။

ကျင်းရှောင်က ထိုနေရာသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠



ချုံကျင်းမြို့ တောင်ဘက်ရှိ တောင်ကုန်းလေးတစ်ခုပေါ်၌ ဘုံကျောင်းတစ်ခု ရှိသည်။

ထိုဘုံကျောင်းသည် မိစ္ဆာနတ်များကို ကိုးကွယ်သူများ တည်ထောင်ထားသော ဘုံကျောင်း ဖြစ်သည်။

ထိုဘုံကျောင်း၌ ညဘက်ဆိုလျှင် ဘုံကျောင်းစောင့်ကြီးတစ်ဦးသာ ရှိလေသည်။

ညဘက်ရောက်လျှင် ဘုံကျောင်းတစ်ခုလုံး မီးရောင်ထိန်ထိန်ငြီးအောင် ထွန်းညှိထားလေ့ ရှိလေသည်။

ကျင်းရှောင်က ဘုံကျောင်းရှေ့သို့ ရောက်ရှိလာသောအခါ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့ရလေသည်။

ကျင်းရှောင်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

“ဘယ်သူမှ မရောက်သေးဘူး ထင်တယ်”

ဟု တွေးကာ မြေပေါ်ခြေဆောင့်ပြီး အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေသည်။

သစ်ပင်ပေါ် ရောက်သွားလျှင် သစ်ကိုင်းသစ်ရွက်များကြား၌ ပုန်းအောင်းနေလိုက်လေသည်။

ကျင်းရှောင် ပုန်းအောင်းနေလိုက်ပြီး စိတ်ရှည်လက်ရှည်ဖြင့် ဘုံကျောင်းလေးကို အကဲခတ်နေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ထမင်းတစ်အိုးချက်ခန့် ကြာလျှင်…

“ဂစ်”

ညင်ငှက်အော်မြည်သံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညလေအေးများ တိုက်ခတ်လာပြီး လူတစ်ယောက်က လေနှင့်အတူ မျှောပါလာသည့်အလား ဘုံကျောင်းရှေ့သို့ ရောက်ရှိလာလေသည်။

ထိုလူကား မားဂိုဏ်းချုပ် ထိစန်း ဖြစ်သည်။

ထိစန်းက ဟိုဟိုသည်သည် ကြည့်ပြီး…

"ဘယ်သူမှ မရောက်သေးပါလား"

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ်…

"ကျုပ်ရောက်နေပါပြီဗျာ"

ကြယ်ဂိုဏ်းချုပ် စုဟန် ရောက်ရှိလာလေသည်။

"ကျုပ်လဲ ရောက်နေပါပြီဗျို့"

ခုံတုံဂိုဏ်းချုပ် ယန်ကိုးလည်း ရောက်ရှိလာ၏။

သူတို့နှစ်ယောက်သည် မကောင်းဆိုးဝါးများအလား အမှောင်ထုထဲမှ ထွက်ပေါ်လာကြခြင်း ဖြစ်လေသည်။

သစ်ပင်ပေါ်မှ ကျင်းရှောင်သည် ထွက်ပြေးသွားသော ဂိုဏ်းချုပ်သုံးယောက်ကို တွေ့လိုက်ရလျှင် ဝမ်းသာသွားလေသည်။

"သူတို့သုံးယောက် ရောက်လာပြီဆိုတော့ ချောင်ကျွမ်းလဲ ရောက်လာမှာ သေချာတယ်"

ဂိုဏ်းချုပ်သုံးယောက်သည် မီးရောင်ထိန်ထိန်လင်းနေသော ဘုံကျောင်းရှေ့၌ စုဝေးမိလိုက်ကြလေသည်။

ထိစန်းက…

"ကျုပ်တို့တော့ ကောင်းကောင်းကြီး ဒုက္ခရောက်ပြီဗျ။ သိုင်းလောကထဲမှာ ဘယ်နည်းနဲ့မှ ဆက်ပြီး နေလို့ မဖြစ်တော့ဘူး"



ယန်ကိုးက…

"ဒါပေါ့ ကျုပ်တို့အကြောင်း ပေါ်ပေါက်သွားပြီဆိုတော့ သိုင်းလောကတစ်ခုလုံးက ဝိုင်းပြီး ဆန့်ကျင်ကြတော့မှာ သေချာတယ်"

စုဟန်က…

"ဒါဟာ ကျင်းရှောင်နဲ့ ကျူးလင်ဖုန်းတို့နှစ်ယောက်ကြောင့်ပဲ၊ တစ်နေ့ကျရင် သူတို့နှစ်ယောက်ကို ကျုပ်သတ်ပစ်မယ်"

ဟူ၍ ဒေါသတကြီး ပြောလေသည်။

ထိုစဉ်…

"ဟား…ဟား…ဟား"

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာလေသည်။

စုဟန်တို့က ရယ်မောသံ ထွက်ပေါ်လာရာသို့ ကြည့်လိုက်ကြသောအခါ အနက်ရောင်ဝတ်ထားသူတစ်ယောက် လှမ်းလာနေသည်ကို တွေ့ရလေသည်။

ထိုလူကား ချောင်ကျွမ်း ဖြစ်လေသည်။

ချောင်ကျွမ်းက…

"ခင်ဗျားတို့သုံးယောက်က ကိုယ်လုပ်ကိုင်ဆောင်ရွက်ရမယ့်ကိစ္စတွေကို ဖီဖီစီးစီး ဆောင်ရွက်ခဲ့ကြတာ မဟုတ်တော့ မသေချာရေရာဘဲ၊ နောက်ဆုံး ကိုယ့်ရှူးကိုယ်ပတ်သလို ဖြစ်ပြီး ဒုက္ခရောက်ကြရတာပဲလေ"

စုဟန်တို့အား အပြစ်တင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟာန်က…

"ကျုပ်တို့က ခင်ဗျားနိုင်းတဲ့အတိုင်း ဆောင်ရွက်ခဲ့ကြတာပဲဗျ"

ဟု ချေပလိုက်သည်။

ချောင်ကျွမ်းက…

"ကျုပ်နိုင်းသလို ဖြစ်မြောက်အောင် မလုပ်နိုင်ဘဲ အများများ အယှင်းယှင်း ဖြစ်ခဲ့ကြတာပါလေ"

ယန်ကိုးက…

"ဒါတွေ ထားလိုက်ပါတော့ဗျာ၊ အခြေအနေက ဆိုးဝါးနေပြီ၊ ကျုပ်တို့ ဘာဆက်လုပ်ရမလဲဆိုတာ ပြောပါဦးဗျာ"

ဟု ကြားဝင်မေးလိုက်သည်။

ချောင်ကျွမ်း ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ လုပ်စရာ မလိုတော့ပါဘူး"

"ဟင် ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ"

"ဘာမှ လုပ်စရာမလိုတော့ဘူးလေ၊ ပြောစမ်းပါဦး။ ခင်ဗျားတို့ ဘာများ ဆက်လုပ်နိုင်ကြဦးမှာမို့လဲ"

ချောင်ကျွမ်းက ပြန်မေးလိုက်သောအခါ ယန်ကိုး ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ချောင်ကျွမ်းက…

"ဘာမှ ဆက်လုပ်စရာ မလိုတော့ဘူး။ သိုင်းလောကထဲမှာ လဲနေလို့ မဖြစ်တော့ဘူး။ ခင်ဗျားတို့ မပြောနဲ့ ကျုပ်လဲ မသေချာတော့ဘူး၊ မီးခိုးကြွက်လျှောက်လိုက်ရင် အားလုံးပေါ်သွားမှာပဲ"



စုဟာန်၊ ယန်ကိုးနှင့် ထိစန်းတို့ ငေးငိုင်သွားကြတော့သည်။

ချောင်ကျွမ်းက…

"ကျုပ်တို့အတွက် နောက်ဆုံး ထွက်ပေါက်တစ်ခုပဲ ရှိတော့တယ်၊ အဲဒါက ယန်သခင်ကြီး ဝှက်ထားခဲ့တဲ့ ရတနာတွေကို ရအောင်ရှာပြီး ဓာတ်မြှုပ်လိုက်ကြဖို့ပဲ"

စုဟာန်က…

"ယန်သခင်ကြီးရဲ့ ဇာတိဟာ ထိုက်ယင်မြို့ ဖြစ်တယ်လို့ ကျုပ်စုံစမ်းသိရှိထားတယ်ဗျ"

ချောင်ကျွမ်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်လဲ သိပြီးပါပြီ၊ ကျုပ်တို့ ရပ်ဖျက်ပြီး ထိုက်ယင်မြို့ကို သွားကြမယ်၊ ယန်သခင်ကြီးရဲ့ အဆက်အနွယ်တွေကို တွေ့အောင်ရှာကြတာပေါ့"

"ကောင်းပါပြီဗျာ"

စုဟာန်တို့ သဘောတူလိုက်လေသည်။

ချောင်ကျွမ်းက…

"သွားကြစို့"

ဟု ပြောကာ ထွက်သွားလေသည်။

စုဟာန်တို့လည်း လိုက်သွားကြ၏။

သူတို့လူစု လျင်မြန်စွာ ထွက်သွားကြရင်း တခဏအတွင်းမှာပင် ကျင်းရှောင်၏မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင်သည် သစ်ပင်ကြီးပေါ်၌ ရှိနေဆဲ…

ချောင်ကျွမ်းတို့ကား ထွက်သွားကြပြီ ဖြစ်သည်။

ကျောင်းရှောင်က အဘယ်ကြောင့် သူတို့အား လွှတ်ပေးလိုက်ရပါသနည်း။

ဆရာကြီးကျွေ့ဖန်းက မိုးမြေဂိုဏ်းချုပ် ဝေကျောင်းကို ချောင်ကျွမ်းတို့လူစု လာပြီး ဒုက္ခပေးမည်ကို စိုးရိမ်ကာ မိုးမြေဂိုဏ်း၌ နေခဲ့လေသည်။

ကျူးလင်ဖုန်းက မေလင်း၏မျက်စိဝေဒနာကို ကုသပေးရန် ပြန်သွားသည်။

ကျောင်းရှောင်သည် သိုင်းပညာပြည့်စုံနေပြီဖြစ်၍ ချောင်ကျွမ်းတို့လူစုအား ဖော်ထုတ်ဆုံးမရန် တစ်ယောက်ထဲ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ကျောင်းရှောင်သည် ချောင်ကျွမ်းတို့လူစုအား လွှတ်ပေးလိုက်သည်မှာ ယန်သခင်ကြီးအပေါ်၌လည်းကောင်း၊ ဂိုဏ်းချုပ်လေးဦးအား ကြိုးကိုင်၍လည်းကောင်း မကောင်းမှုများ ဆက်လက်လုပ်ကိုင်နေသည်ကို သက်သေအထောက်အထားဖြင့် ဖော်ထုတ်လိုခြင်းကြောင့် ဖြစ်လေသည်။

ကျောင်းရှောင်က ခေတ္တခဏ စောင့်ဆိုင်းနေပြီးမှ သစ်ပင်အောက်သို့ ခုန်ဆင်းကာ ချောင်ကျွမ်းတို့ နောက်သို့ တိတ်တဆိတ် လိုက်သွားလေတော့သည်။

♠ ♠ ♠



## အတုနှင့်အလှည့်

ထိုက်ယင်မြို့…။

ထိုက်ယင်မြို့သည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်၍ နေလေသည်။

ကျောင်းရှောင်က ထိုက်ယင်မြို့သို့သွားသော လမ်းခရီး အကြောင်းကို ကောင်းစွာ နားလည်နေပြီ ဖြစ်ရကား ဖြတ်လမ်းများကို အသုံးပြုကာသွားလိုက်လျှင် ချောင်ကျွမ်းတို့ထက်အရင် ရောက်ရှိသွားလေသည်။

ထိုက်ယင်မြို့၌ စာဆိုတော်ကြီး ဝမ်းလွှေခုံးလည်း ပြန်လည်ရောက်ရှိနေပြီ ဖြစ်လေသည်။

ကျောင်းရှောင်က ဆရာကြီးထံသို့ဝင်ရောက်ဂါရဝပြုလိုက်လေသည်။

ဝမ်းလွှေခုံးမှာ ကျောင်းရှောင်ကို တွေ့ရသဖြင့် အံ့အားသင့်တကြီး ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းရှောင်၊ မင်းကို ခုလိုတွေ့ရလိမ့်မယ်လို့တောင် မမျှော်လင့်တော့ဘူး၊ မင်းအဖေရဲ့ သတင်းကြားရတာ စိတ်မကောင်းပါဘူးကွာ"

ကျင်းရှောင်က...

"ဟုတ်ပါတယ် ဆရာကြီး၊ ဖေဖေဟာ သူတပါးရဲ့ အကောက်ကြံတာကို ခံခဲ့ရတာပါ"

ဝမ်းလျှွန်းက...

"မင်း အခုရောက်လာတာ ငါ့ဆီမှာ စာပေပညာ ဆက်လက်သင်ကြားဖို့ ဟုတ်လား"

ကျင်းရှောင်က...

"ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စလေးတစ်ခု ရှိလို့ ဖြေရှင်းဖို့ လာခဲ့တာပါ။ ဆရာကြီးကို ဝင်ပြီး ဂါရဝပြုရင်း ကျွန်တော်သိချင်တာလေးတွေ မေးမြန်းစုံစမ်းချင်လို့ပါ"

ဝမ်းလျှွန်းက...

"မင်းက ဘာတွေများ သိချင်နေတာလဲ ပြောပါဦး"

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"ကျွန်တော်က ယန်မိသားစု အကြောင်းကို သိချင်နေတာပါ ဆရာကြီး"

ဝမ်းလျှွန်းက...

"ခုချိန်ထိ ယန်မိသားစု အကြောင်းကို မင်းစိတ်ဝင်စားနေတုန်းပဲကိုး"

"ကျွန်တော့်အဖေ လုပ်ကြံခံရတဲ့ကိစ္စမှာ ယန်မိသားစု



အပေါ် အကောက်ကြံခဲ့တဲ့ လူတစ်ယောက်ဟာ အဓိက ပါဝင်ပတ်သက်နေလို့ပါ ခင်ဗျာ"

ကျင်းရှောင်က ကြုံတွေ့ခဲ့ရသော ကိစ္စများကို ပြောပြလိုက်လေသည်။ ဝမ်းလျှွန်း အံ့ဩသွားပြန်လေသည်။

"အတော်ထူးဆန်းပါလား၊ ကျင်းရှောင်၊ မင်းရဲ့ အဖြစ်က မယုံနိုင်စရာပါလား"

ဟု ရေရွတ်ပြီးမှ တည်ကြည်သော မျက်နှာထားဖြင့် စကားဆက်လိုက်လေသည်။

"ယွန်သခင်က ဓားပြကြီး ဖြစ်ခဲ့ပေမယ့် နောင်တရပြီး မကောင်းမှုတွေကို စွန့်လွှတ်လိုက်တယ်၊ ဒါကို သူ့ရဲ့လက်ရုံး ချောင်ကျွမ်းက မကျေနပ်လို့ ဒုက္ခပေးခဲ့တာ၊ ယန်သခင် သေဆုံးသွားရတယ်၊ ကိုယ်ဝန်အရင့်အမာ ရှိနေတဲ့ ယန်ကတော်ကို အိမ်ထိန်း ဖြစ်တဲ့ ခါးကုန်းကြီးကခေါ်ပြီး ထိုက်ယင်ကို ထွက်ပြေးလာတာ၊ သည်အကြောင်းတွေ မင်းကို ငါပြောပြပြီးပြီနော်"

ကျင်းရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ပြောပြီးပါပြီ သခင်ကြီး"

ဝမ်းလျှွန်းက...

"သူတို့ဟာ နောက်ကြောင်းမအေးလို့ မြို့ပေါ်မှာ မနေဝံ့ကြဘဲ တောထဲတောင်ထဲမှာ သွားနေကြတယ်၊ အချိန်တန်တော့ ယန်ကတော်ဟာ သမီးလေး မွေးပြီး မီးတွင်းထဲမှာပဲ သေဆုံးသွားခဲ့တယ်၊ သမီးလေးကို ခါးကုန်းကြီးက ဆက်ပြီး စောင့်ရှောက်ထားခဲ့ရတာ၊ သည်လို့နဲ့ ယန်သခင်မလေး အရွယ်ရောက် ကြီးပြင်းလာပြီး ချောင်ကျွမ်း

www.burmeseclassic.com



ကို ရင်ဆိုင်ဖို့ ပြင်ဆင်ခဲ့တယ်၊ ဒါပေမယ့် ကံဆိုးချင်တော့ တောထဲမှာ ရာသီဥတု ဆိုးဝါးတော့ အပြင်းဖျားပြီး ကွယ်လွန်သွားခဲ့တာ၊ ခါးကုန်းကြီးလည်း ယူကျုံးမရ ဖြစ်ပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်တယ်လေ"

ကျင်းရှောင်က...

"ယန်သခင်မလေးကော ခါးကုန်းကြီးပါ သေဆုံးသွားခဲ့ကြပြီးပြီ ဟုတ်လား ဆရာကြီး"

ဝမ်းလွှေခုံးက...

"ဟုတ်ပါတယ်ကွယ်"

"ဒါဆို ကျွန်တော်ကြုံခဲ့ရတာတွေဟာ"

ဝမ်းလွှေခုံးက...

"ကျုပ်ကတော့ သိပ်ပြီး အယုံအကြည် မရှိပါဘူး၊ ဒါပေမယ့် မင်းကြုံခဲ့ရတဲ့ ကိစ္စတွေဟာ တစ္ဆေခြောက်ခံရတယ်လို့ ပြောရမလို ဖြစ်နေပြီ"

ကျင်းရှောင် စိတ်ပျက်သွားပြီး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

♠ ♠ ♠



မြို့ပြင်ဘုံကျောင်း...။

ကျင်းရှောင်သည် ဝမ်းလွှေခုံးကို နှုတ်ဆက်ကာ မြို့ပြင်ဘုံကျောင်းလေးသို့ ထွက်လာခဲ့လေသည်။

မြို့ပြင်၌ လူရှင်းနေသကဲ့သို့ ဘုံကျောင်းလေး၌လည်း လူရှင်းနေပါသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြောက်သွေ့နေ၏။

ကျင်းရှောင် ရောက်ရှိသွားသောအခါ ဘုန်းတော်ကြီးတစ်ပါးက တံမြက်စည်း လှဲနေသည်ကို တွေ့ရလေသည်။

ကျင်းရှောင်က...

"တပည့်တော် ချီယန်းကိုယ်တော်ကို တွေ့ချင်လို့ပါ အရှင်ဘုရား"

ဟု လျှောက်ထားလိုက်လေသည်။ ဘုန်းတော်ကြီးက...

"ကျုပ်က ချီယန်းကိုယ်တော်ပါပဲ"

"ဗျာ"

ကျင်းရှောင် နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

သူတွေ့ခဲ့ရသော ချီယန်ကိုယ်တော်က အခြားတစ်ယောက်ဖြစ်ပေသည်။

"တပည့်တော်က တခြားချီယန်းကိုယ်တော်ကို တွေ့ချင်တာပါ"

ဘုန်းတော်ကြီးက...

"သည်နေရာမှာ ချီယန်းကိုယ်တော်ဆိုတာ ကျုပ်တစ်ယောက်ပဲ ရှိပါတယ်ကွယ်၊ ကျုပ် သည်မှာနေခဲ့တာ နှစ်ပေါင်းအ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြာပါပြီ၊ တကာလေး မယုံရင် မြို့ထဲမှာ စုံစမ်းကြည့်နိုင်ပါတယ်ကွယ်"

"ကျွန်တော်..."

ကျင်းရှောင် ဘာပြောရမှန်းမသိ ဖြစ်နေ၏။

ချီယန်းကိုယ်တော်က...

"တကာလေးကို ကျုပ် ဘာကူညီရမလဲ ပြောပါဦး"

ကျင်းရှောင် ခေါင်းခါယမ်းလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

ကျင်းရှောင်သည် နားမလည်နိုင်ခြင်းများဖြင့် ချီယန်းကိုယ်တော်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠



ကျင်းရှောင်သည် ယန်မျိုးနွယ်ကိစ္စကို နားမလည်နိုင်အောင် ဖြစ်ရလေသည်။

ထို့ကြောင့် ခါးကုန်းကြီးနှင့် သွားတွေ့ပြီး မေးမြန်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ချောင်ကျွမ်းတို့ကလည်း ခါးကုန်းကြီးတို့ ပုန်းအောင်းနေသည့်နေရာကို သိရှိသွားလောက်ပြီ မဟုတ်ပါလား။

ကျင်းရှောင်လည်း ယန်မျိုးနွယ် သင်္ချိုင်းမြေဘက်သို့ ထွက်လာခဲ့လေသည်။

ဝန်းကျင်တစ်ခုလုံး သာသာယာယာ ရှိနေ၏။

တောလမ်းပေါ်၌ လူသွားလူလာမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျင်းရှောင်က ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကာ လာခဲ့ရာ ယန်မျိုးနွယ် သင်္ချိုင်းမြေသို့ ရောက်ရှိသွားတော့သည်။

ယခုတိုင် ချောင်ကျွမ်းတို့၏ အရိပ်အရောင်ကို မတွေ့ရသေးသဖြင့် ကျင်းရှောင် ဝမ်းသာသွားလေသည်။

"ခါးကုန်းကြီးနဲ့ သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြမှပဲ"

ကျင်းရှောင်က ခါးကုန်းကြီးတို့ နေထိုင်သည့် ရှေးဟောင်းအဆောက်အဦးကြီးဆီသို့ သွားလိုက်လေသည်။

သင်္ချိုင်းမြေ အနောက်ဘက်သို့ ရောက်လျှင်...

"ဟာ"

တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကျင်းရှောင် လွှတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်မိသည်။

အကြောင်းမှာ…

ရှေးဟောင်းအဆောက်အဦးကြီး နေရာ၌ ပြိုပျက်နေသော အုတ်ခဲများ၊ နံရံများနှင့် သစ်ငုတ်တိုများကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် ပြုပြင်ထိန်းသိမ်းမည့်သူ မရှိဘဲ ပျက်စီးယိုယွင်းသွားခဲ့ခြင်းဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နေရလေသည်။

ကျင်းရှောင် မယုံနိုင်အောင် ဖြစ်နေသည်။

သူက ခန့်ထည်လှသော ရှေးဟောင်းအဆောက်အဦးကြီးကို တွေ့မြင်ခဲ့ရသည် မဟုတ်ပါလား။

ခါးကုန်းကြီးကိုလည်းကောင်း၊ ထင်းစန်းနှင့်အတူ တစ်ညအိပ်ရင်း မိုးလင်းလာသောအခါ သချိုင်းမြေ၌ ရောက်နေသည်ကိုလည်းကောင်း၊ ချိုယန်းကိုယ်တော်နှင့် နောက်တစ်ကြိမ်လာခဲ့သည့် ဖြစ်ရပ်များကိုလည်းကောင်း ပြန်လည်တွေးတောမြင်ယောင်နေချိန်မှာပင်…

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♠ ♠ ♠



စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။

ကျင်းရှောင် ရင်ထိတ်သွားလေသည်။

အော်ဟစ်သံများသည် အဆောက်အဦးပျက်ကြီးထဲမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ကျင်းရှောင် ကြည့်နေစဉ်မှာပင် လူသုံးယောက် သွေးရူးသွေးတန်းဖြင့် ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်မှာ စုဟာန်၊ ယန့်ကိုးနှင့်ထိစန်းတို့ ဖြစ်နေပါတော့သည်။ ကျင်းရှောင်ကိုယ်တိုင် မကျေမနပ်ဖြစ်သွား၏။

သူက ဝမ်းလွေခုံး၊ ချိုယန်းကိုယ်တော်တို့နှင့် သွားရောက်တွေ့ဆုံနေချိန်၌ ချောင်ကျွမ်းတို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ရမည် မဟုတ်ပါလား။

စုဟာန်တို့ ဒဏ်ရာဒဏ်ချက်များ ရရှိကာ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေ၏။

အဆောက်အဦးပျက်အပြင်ဘက်သို့ ရောက်ရှိလာကြလျှင်…

"ဝုန်း…ဝုန်း"

သုံးယောက်သား မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်သွားကြလေတော့သည်။

စုဟာန်တို့သုံးယောက် သေဆုံးသွားကြပြီ ဖြစ်သည်။

သူတို့အား မည်သူက တိုက်ခိုက်လိုက်ပါသနည်း။

"ဟား…ဟား…ဟား"

ကျယ်လောင်သော ရယ်မောသံကြီးကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးပျက်ထဲမှ လှမ်းထွက်လာသူ တစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ ထိုလူမှာ ချောင်ကျွမ်းဖြစ်လေသည်။

♠ ♠ ♠

ချောင်ကျွမ်းက တဟားဟား ရယ်မောနေ၏။

သူ၏ယာဘက်လက်၌ သွေးစွန်းနေသော ဓားရှည်တစ်ချောင်းကိုင်ထားသည်။

ဝဲဘက်လက်၌မူ ရှည်မျော မျော သေတ္တာတစ်လုံး ပိုက်ထားလေသည်။

ချောင်ကျွမ်းကား ယန်မိသားစု၏ပစ္စည်းများကို ရှာဖွေတွေ့ရှိသွားသည်နှင့် စုဟန်တို့သုံးယောက်အား သုတ်သင်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

ကျင်းရှောင် ဒေါသထွက်သွားလေသည်။

"လူယုတ်မာကြီး"

အော်ငေါက်ရင်း တဟုန်ထိုးပြေးသွားကာ တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠



ကျင်းရှောင်ကို ချောင်ကျွမ်း ကောင်းစွာသိထားလေသည်။

ယခု...

ကျင်းရှောင် ရုတ်တရက် ရောက်ရှိလာသောအခါ အံ့ဩသွားလေသည်။

သို့တိုင်...

"မင်းအဖေတောင် သေသွားရတာပဲ၊ မင်းကကော ဘာများတတ်နိုင်မှာမို့လဲ"

ဟုအော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သို့သော်...

ကျင်းရှောင်သည် ထိပ်တန်းသိုင်းဆရာကြီးများထံမှ သိုင်းပညာများ သင်ကြားခဲ့ရသည်ဖြစ်ရကား သိုင်းကွက်သုံးဆယ် အတွင်းမှာပင် ချောင်ကျွမ်းအား အနိုင်ရလိုက်လေတော့သည်။

နှစ်ယောက်သား အပြင်းအထန် ရင်ဆိုင်လိုက်ကြပြီးနောက် ကျင်းရှောင်က ချောင်ကျွမ်း၏လက်ထဲမှဓားကို လုယူကာ ချောင်ကျွမ်း၏ရင်ဝ၌ ပြန်လည်ထိုးစိုက်ချလိုက်လျှင်...

"အား"

ချောင်ကျွမ်းမှာ အသံနက်ကြီးဖြင့် အော်ဟစ်ကာ လဲကျသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်ဒင်...ဒေါင်ဒင်"

ဘုံကျောင်းလေးမှ ခေါင်းလောင်းထိုးသံများ လွင့်ပျံ့လာ၏။

ကျင်းရောင်သည် ယန်မျိုးနွယ်များ ပိုင်ဆိုင်သော ရွှေငွေရတနာများကို ချီယန်းကိုယ်တော်အား ပေးအပ်လှူဒါန်းလိုက်ပြီး ယန်မိသားစုအတွက် အမျှဝေကာ ပြန်လာခဲ့လေသည်။

ယန်ကတော် ကွယ်လွန်သွားခဲ့သလို ကျန်ရစ်ခဲ့သော ယန်သခင်မလေးသည်လည်း အရွယ်ရောက်ကာ ချောင်ကျွမ်းကို သွေးကြွေးဆပ်ရန် စိုင်းပြင်းနေချိန်မှာပင် ရောဂါဝေဒနာခံစားရကာ သေဆုံးသွားခဲ့လေသည်။

ခါးကုန်းကြီးကလည်း စိတ်ထိခိုက်ကာ ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားလေတော့သည်။

ယန်မိသားစုသည် တစ်ယောက်မကျန် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

ကျင်းရောင် ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်များမှာ...

ကျင်းရောင်က ဘုံကျောင်းလေးကို ကျောခိုင်းကာ ထွက်လာရင်း တဖြည်းဖြည်း ဝေး၍ဝေး၍ သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC

www.burmeseclassic.com